www.burmeseclassic.com

# ဆုမြတ်မွန်မွန်




ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတု

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

*ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု*


စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၇၀၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၂၁၁၀၀၇

၂၀၀၈ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


စေတနာစာပေ
၏

အမှတ်တရအပ်နှင်း

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမရဲ့စာသားလေးတွေ အရေးအသားအရမ်းကောင်း တာပဲ။ 'ရင်ခွင်ဆီသို့လှေကားထစ်များ' စာအုပ်ကို ပထမဆုံးဖတ် ဖူးတာပါ။ စာအုပ်က အရမ်းကောင်းလို့ လက်ကမချချင်အောင် ဖြစ်ခဲ့မိတယ်။ နောက်ထပ် 'နှလုံးသားစာစီခုအရှင်းပြချက်' စာအုပ် ထပ်ဖြစ်ခဲ့တယ်။ အရင်ထွက်တဲ့စာအုပ်တွေကိုလည်း ရှာပြီးဖတ် ပါမယ်။ လရောင်ချိုစာအုပ်တွေ တော်တော်များများဖတ်ခဲ့ရ တယ်။ အားလုံးထဲမှာ ဆရာမကို အကြိုက်ဆုံးပဲ။

ထာဝရဆရာမရဲ့ပရိသတ်

လရောင်ချို
မြမဥ္ဇူစာပေ
အနော်ရထာလမ်း

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအမှာစာ

မမဆုမြတ်မွန်မွန်

အားပေးမှုနှင့် ခင်မင်လျက် မိတ်ဆက်စာတစ်စောင်ရေးလိုက်ပါတယ်။ မီးမီးက ဘယ်သူ့ဆီကိုမှ မိတ်ဆက်စာမရေးဘူးသေးတော့ အမှားပါရင်ခွင့်လွှတ်ပါ။ မီးမီးက မမရဲ့ပရိသတ်တစ်ဦးပါ။ မီးမီးအကြိုက်ဆုံးစာအုပ်ကတော့ 'ချစ်ခြင်းရဲ့ဟာနဲ့အဆင်ခြင်းအဓာတ်ပညာ' ကို အကြိုက်ဆုံးပါ မမ။ မမဆုမြတ် ဒီထက်မက အောင်မြင်ပြီးရင်း အောင်မြင်ပါစေ ... ။

မမရဲ့ပြန်စာနှင့်အတူ ဓာတ်ပုံကိုစောင့်မျှော်နေမဲ့ ...

ညီမလေး မီးမီး

မီးမီး
အမှတ်(၆၅) ဂတ်စေ့နာက်လမ်း
ဥတ္တရာရပ်ကွက်၊ တောင်ကုတ်မြို့၊

စေတနာစာပေ
၏

## အမှတ်တရအမှာစာ

မဆုမြတ်မွန်မွန်

ကျွန်တော် ရေးစားဖွဲ့ဖို့ စာရေးလိုက်ပါတယ်။ မမဆုလို့ ပဲခေါ်ခွင့်ပြုပါနော် ... ။ ကျွန်တော်က တောင်ကြီးကပါ။ အခု ကျွန်တော် ရန်ကုန်မှာ ၁၀တန်းတက်နေတယ်။ ဒါ ပထမဦးဆုံး ကျွန်တော့်ရဲ့မိတ်ဆက်စာပါ။ ကျွန်တော်က မမဆု စာဖတ်ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် ပထမဦးဆုံးဖတ်တဲ့ မမဆုရဲ့ စာအုပ်ကတော့ 'အချစ်ဦးနှင့်လျှို့ဝှက်သည့်နောက်(ဖူးစာ)' စာအုပ်ပါ။ စာသားဇာတ်လမ်း ဇာတ်ကွက်တွေကိုလည်း ကျွန်တော် သဘောကျတယ်။ ကျွန်တော်ဖတ်ခဲ့သမျှသော မမဆုရဲ့စာအုပ်က တော့ ပြောစရာမရှိအောင်ကောင်းတယ်။ ကျွန်တော် အမြဲတမ်း အားပေးနေမယ် မမဆု ... ။ ဒီထက်မကအောင်မြင်ပါစေနော်။ ဒီကမ္ဘာမြေကြီးရှိနေသရွေ့ မမဆုရဲ့ရည်မှန်းချက်ကို အမြဲနိုင်ဆုံးနဲ့ အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်နော် မမဆု။ စိတ္တသုခ ကာယသုခနှင့် ပြည့်စုံပါစေ ... ။

မဆုမြတ်မွန်မွန်ရဲ့စာဖတ်ပရိသတ်တစ်ဦး ...

မောင်မိုးထွန်း (တောင်ကြီး)
အောင်သာယာကော်ကျောင်း
C/ ရပ်ကွက် သုခ(၁၇)လမ်း
မြောက်ဥက္ကလာပမြို့နယ်

www.burmeseclassic.com

## စေတနာစာပေ
၏

[illegible]

ဆုလေး

ဆုမြတ်မွန်မွန်ဆိုတဲ့ ကလောင်သစ်လေး လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတာ မသိလိုက်ဘူး။ ဒီဇင်ဘာကျောင်းပိတ်လို့ မြို့ကိုပြန်မှပဲ ဆုလေးရေးတဲ့ 'အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်' ရယ်၊ 'အညှို့ခြစ်' ကို နှစ်ရက်ဆက်တိုက်ဖတ်ဖြစ်သွားတယ်။ ဆုလေးရဲ့ စာတ်အိမ်တည်ဆောက်ပုံ နာမည်လှလှလေးတွေပေးထားတာဆိုတော့ လူငယ်တွေကို ညို့ယူဖမ်းစားနိုင်တာပေါ့။

ထာဝရအောင်မြင်မှုနဲ့ ပျော်ရွှင်နိုင်ပါစေလို့ ...

မသန္တာလှဲလှဲကြည်
အိမ်အမှတ်(၉၄၄)၊
ရုံးစန်းအနောက်၊
ကျောင်းဆောင်...

## စေတနာစာပေ
၏

[illegible]

မမွန်

ညီမ စာရေးလိုက်ပါတယ်။ အလုပ်မအားလို့ အခုမှပဲရေးဖြစ်တော့တယ်။ မမွန်က စာအုပ်ကောင်နာမည်လေးတွေပေးတာ ဆန်းဆန်းလေးတွေနော်။ ညီမက နာမည်ဆန်းဆန်းလေးတွေကို ကြိုက်တယ်။ မမွန်ရဲ့ စာတ်လမ်း idea လေးတွေကကောင်းတယ်။ မမွန်ရဲ့ စာအုပ်တွေက quality လည်းရှိတယ်။ attraction လည်း အပြည့်ပဲ။ ဘာပဲဖြစ်ဖြစ် မမွန်ကို ထာဝရအားပေးနေမယ်ဆိုတာ ကိုတော့ အကြွင်းမဲ့ယုံထားပေးပါ။

မိုးသူဇာ
ဓါတ်တော်မှူဘုရားရှေ့၊

www.burmeseclassic.com

www.burmeseclassic.com

# စေတနာ့စာပေ ၏

## အမှတ်တရ [illegible]

ဆုမွန်

ဆုမွန်လို့ခေါ်ပါရစေ။ ကျွန်တော်ဟာ ဆုမွန်ရဲ့ စာဖတ်ပရိသတ်များစွာထဲက တစ်ဦးအပါအဝင်ပါ ... ။ ဆုမွန်ရဲ့ဝတ္ထုကို ကျွန်တော် ယခင်က မဖတ်ဖြစ်ခဲ့ပါဘူး။ ယခု ကျွန်တော် သူငယ်ချင်းက ပေးဖတ်လို့ ဆုမွန်ရဲ့စာအုပ်တွေကို စွဲနေပါပြီ။ ဆုမွန် နောက်ထွက်မဲ့စာအုပ်တွေကိုလည်း ကျွန်တော် မျှော်နေမိပါတယ်။ ကျွန်တော်တို့လူငယ်တွေအတွက် သင်ခန်းစာရမဲ့ ဝတ္ထုလေးတစ်ပုဒ်လောက်တော့ ထည့်ရေးပေးပါလို့ ပြောချင်ပါတယ်။ ဒီထက်မက ဆုမွန်တစ်ယောက် ထာဝရအောင်မြင်ပါစေ။

ထာဝရအားပေးနေမဲ့ ...

ကိုကိုလေး

ကျောင်းအုပ်ဆရာ ဦးသက်ဦး
တဆင့်/သွင်ဦး
ရှမ်းပွဲအရှေ့ပိုင်း။
ပုဂံကျွန်းရပ်ကွက်

# စေတနာ့စာပေ ၏

## အမှတ်တရ [illegible]

မမဆု

ခင်မင်လေးစားမှုများစွာနဲ့ မိတ်ဆက်စာလေး ပို့သလိုက်ပါတယ်။ မမဆုရဲ့ 'လသုံးစင်းနှင့်ကမ္ဘာမြေ' ဆိုတဲ့ စာအုပ်ကို ပထမဦးဆုံး စ,ဖတ်လိုက်ရတာပါ။ အဲ့ဒီကတည်းက မမဆုရဲ့ စာအုပ်ကို ကြိုက်ခဲ့တာပါ။ မမဆုရဲ့စာအုပ်တွေက စွဲဆောင်မှုကောင်းတယ်။ မမဆုက ပြည့်ဖူးအိုင်နဲ့ တကယ်တူတယ်နော်။ မမဆု ထာဝရအောင်မြင်ပါစေလို့ ...

သန်းဇော်
ဗိုလ်ချုပ်အောင်ဆန်းလမ်း။
မျဉ်းမြိုင်ရပ်ကွက်။
ရွှေအလည်းကျောင်း။

www.burmeseclassic.com

www.burmeseclassic.com



မမဆုမြတ်မွန်မွန်

မမနာမည်ကိုခေါ်ရတာ နည်းနည်းရှည်နေလို့ မမမွန်လို့ပဲ ခေါ်မယ်နော်။ မမမွန်ရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ အချစ်ဇာတ်လမ်းတွေအပြင် ဘဝဇာတ်ကြောင်းတွေလည်းပါတော့ မိန်းကလေးတွေအတွက် အဆင်ပြေတာပေါ့။ ဘဝအကြောင်းပါတဲ့ ဇာတ်လမ်းလေးတွေရေးပေးဦးနော် ...။ မမမွန်ရဲ့စာအုပ်တွေလေ ဆိုင်တွေမှာ လုံးဝလက်မလည်ဘူး။ ညီမလေးဆို မမမွန်ရဲ့စာအုပ်သွားငှားရင် ချက်ချင်းကိုမရတတ်ဘူး။ သူများတွေက အရင်ငှားသွားတတ်တယ်။

မမမွန်ရဲ့ညီမလေး

မေနန္ဒာဖြိုးခွန်းအောင်
လယ်တွင်းမြေပိုက်ကွက် (၁၀၅၆)

စေတနာစာပေ
၏

မဆု

ခင်မင်ရှိသေစွာဖြင့် မိတ်ဆက်စာကို ပထမဆုံးအကြိမ်ရေးသားလိုက်ပါတယ်။ မမဆုရဲ့စာအုပ်တိုင်းကို အရမ်းကြိုက်တယ်။ စာအုပ်ထဲက စာသားတွေက Heart ထိတယ်။ စွဲဆောင်မှုလည်း ရှိတယ်။ မမဆုရဲ့ဓာတ်ပုံလေး ထည့်ထားတော့ သူများတွေနဲ့ မတူဘဲ ဖတ်ရတာ အရမ်းအရသာရှိတယ်လေ။ သမီးက မမဆုရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမဆုရဲ့ပြန်စာနှင့် ဓာတ်ပုံ(၁) ပုံလောက် အမှတ်တရပေးခဲ့ပါနော်။ မမဆု ဒီထက်မက အောင်မြင်ပြီး လောကကြီးကိုအလှဆင်တဲ့ ကြယ်တစ်ပွင့်ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ရှမ်းရှမ်း (ခ) ရှမ်းမ
ဦးမြင့်အောင် + ဒေါ်ခင်လှ
မွန်ပြည်နယ်၊ ဘီလူးကျွန်း။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လို ... မင်္ဂလာပါ။

မမဆုမွန် စန္ဒာဟာ မမရဲ့စာဖတ်ပရိသတ်တစ်ဦးဖြစ်ပါတယ်။ မမရဲ့စာအုပ်တွေကို စန္ဒာ အရမ်းလေးစားတယ်။ အရမ်းလည်းချီးကျူးမိတယ်။ မမက အသက်ငယ်ငယ်လေးနဲ့ အရမ်းတော်တာပဲ။

နောင်လည်း ဆက်လက်အားပေးမယ်နော် .... ။

ဆုဆုအောင်

စေတနာစာပေ
၏
အမှတ်တရ အမြဲအစဉ်

မဆုမြတ်မွန်မွန်

ညီမ ရိုးသေစွာစာရေးလိုက်ပါတယ်။ မမရဲ့စာအုပ်တွေကို ဖတ်ရတာ တော်တော်လေးကိုကောင်းပါတယ်။ ညီမက 'နှလုံးသားတစ်ခုအရင်းပြု၍' ကို ပိုကြိုက်တယ်။ မမရဲ့အတွေးတွေက အရမ်းကိုမိုက်တယ်။ ညီမလေးလည်း စာရေးဆရာမသိပ်ဖြစ်ချင်တာ။ မမတို့လို ကျော်ကြားတဲ့စာရေးဆရာမတွေကိုလည်း ချီးကျူးတယ်။ မမ ဒီ့ထက်မကအောင်မြင်ပြီး စာပေလောကမှာ 'ကြယ်ပွင့်တစ်ပွင့်' အဖြစ် ဆက်လက်ထွန်းတောက်ပါစေလို့ ညီမ ဆုတောင်းပေးပါတယ်။

မကြည်ပြာဖြိုးဝေ
အိမ်အမှတ် ၂/၆၀ (၂)ရပ်ကွက်၊
နေပူကုန်းလမ်း၊ ရှိုင်ရာ၊
တောင်ငူမြို့။

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်လေးစားရပါသော မမမွန်

မမမွန်လို့ 'ဆောင်း' ကို ခေါ်ခွင့်ပေးပါနော်။ ထွက်ပြီးသား ဝတ္ထုတွေတော့ ဆောင်း မဖတ်ဖူးဘူး။ 'မှော်ကဗျာရှေ့ရုပ်' စာအုပ်ကို ဆောင်း ပထမဆုံး ဖတ်ဖြစ်တယ်။ အဲဒီဝတ္ထုထဲက ရှေ့ရုပ်ရဲ့ဇာတ်ကောင်စရိုက်ကို အကြိုက်ဆုံးပါပဲ။ မမွန်ရဲ့စာအုပ်ကို ဖတ်လိုက်တာနဲ့ လက်ကကို မချချင်လောက်အောင် မမွန်ရဲ့ အရေးအသားတွေဟာ အရမ်းကိုဆွဲဆောင်မှုရှိတယ်။ မမွန်ရဲ့ နောင်ထွက်မဲ့ဝတ္ထုတွေဟာလည်းပရိသတ်ရဲ့ရင်ထဲကိုရသမြောက်စွာ ပေးစွမ်းနိုင်သော ဝတ္ထုကောင်းတွေဖြစ်ပါစေလို့ ဆုတောင်းလျက် ...

မမွန်ကို ထာဝရအားပေးနေမဲ့ ...

ဆောင်းနှင်းမြူ (စ) ဒီဇင်ဘာ
'မြတ်ဝန်းဝေ' (အဆောင်) အခါ
ဈေးနေ့တော်၊ ဘာချို့လိပ်တန်မြို့၊



မမဆုမြတ်

မဂ်လာပါနော် ... ။

ညီမလေးက မမဆုမြတ်ဆီကို ပထမဦးဆုံးမိတ်ဆက်စာရေးတာပါ။ မမဆုမြတ်ကိုလည်း အမြဲအားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ မဆုမြတ်ရဲ့ အတ္ထုပ္ပတ္တိစင်မှာပါတဲ့ 'ရာဇဝင်ထဲကမြို့သူ' ဆိုတဲ့ ဝတ္ထုတိုလေးကစပြီး မဆုမြတ်ကို အရမ်းလေးစားခဲ့တာပါ။ နောင်လည်း အမြဲအားပေးနေဦးမှာပါ။ မဆုမြတ်ရဲ့ထွက်ပြီးတဲ့စာအုပ်တိုင်းလည်း ဖတ်ဖြစ်ပါတယ်။

မမဆုမြတ် ဒီထက်မကအောင်မြင်ပါစေလို့

ဆန္ဒပြုရင်း ...

မသူဇာလင်း
C/O ဒေါ်အိအိရှိန်
ဆေးရုံသားပင်ရေး (ဓာတ်ပုံ)

www.burmeseclassic.com

www.burmeseclassic.com



သို့

မဆုမြတ်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ သမီးအားကျ အတုယူရတဲ့ အောင်မြင်ကျော်ကြားတဲ့သူတွေထဲမှာ 'မ'လည်းပါတယ်။ မရဲ့စာအုပ်ကိုဖတ်ပြီးတဲ့အချိန်တိုင်း သမီးရဲ့စိတ်ထဲမှာ ပြောမပြနိုင်တဲ့ အားတစ်ခုဖြစ်ပေါ်စေတယ်။ တခြားလူတွေနဲ့ မတူဘဲ အရည်အချင်းတစ်ခုတော့ရှိတယ်။ သမီးဖတ်တဲ့စာအုပ်မှာ အရည်အချင်းကောင်းတစ်ခုရှိရမယ်။ သမီးဝတ္ထုတစ်အုပ်ဖတ်ပြီးသွားရင် သမီးရဲ့စိတ်မှာ အကျင့်ကောင်းတစ်ခု အသိတစ်ခုတိုးမှ သမီးကျေနပ်တယ်။ အဲဒီလိုမျိုးပေးစွမ်းနိုင်တယ်ဆိုတဲ့ စာအုပ်ဆိုလို့ မဆုမြတ်နဲ့ မလွန်းထားထားစာအုပ်တွေပါပဲ။ မဆုမြတ် အနာဂတ်မှာ အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်ပါစေနော်။

နွယ်ဝေဖြိုး (စ) နွယ်ယီမီးဝေ
အမှတ်(၄)ရပ်ကွက်။
ကျွန်းတော်လမ်း။



မဂ်လာပါမ,

Happy New Year ဝါ မပေးဖူးတဲ့ Sweet Name ပိုင်ရှင် Light day လေး။ မမှတ်မိရင်လည်းရပါတယ်။ နေကောင်းလားမ။ 'ကိုယ်ယောင်ဖျောက်ပွင့်တဲ့' လုံးချင်းကို ဖတ်ပြီးပြီးချင်းပဲ စာအရမ်းရေးချင်တာ။ အရမ်းကောင်းတယ်။ စာအုပ်ဖွင့်လိုက်ဆို စိတ်ခံစားမှုအားလုံးက စာအုပ်ထဲရောက်သွားတာ။ စာအုပ်နဲ့ တသားထဲကျသွားတယ်။ ကျေးဇူးပြု၍ စာပြန်ပါနော်။ မ,စကားအဆန်းတွေ အရမ်းသုံးတာယ်နော်။ ဘယ်သူမှမမီတဲ့ idea ပါ။ အရမ်းလန်းတယ်။

နှစ်သစ်မှာ အတွေးသစ်တွေများစွာရယူနိုင်ပါစေ ... ။

သိမ့်အိမ်
အမှတ် ၂၂၉ မှတ်ကြီး(ဝ)သမီး
ဝေဘရဲ့ စရာဝတီကိုင်း

www.burmeseclassic.com

စေတနာ့စာပေ

၏

[illegible]

မဆုမြတ်မွန်မွန်

ခင်မင်ရင်းနှီးစွာဖြင့် မမွန်လို့ခေါ်ပါရစေ။ ကျွန်တော် 'မမွန်' ရဲ့ စာအုပ်တော်တော်များကို ဖတ်ဖူးပြီး အမြဲအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ 'မမွန်' ရေးတဲ့အကြောင်းအရာလေးတွေက အရမ်းကိုဖတ်လို့ကောင်းဝါတယ်။ 'အတ္တ' တွေ 'မာန' တွေကို အရမ်းကြီးနေတာမျိုးမဟုတ်ဘဲ ခံစားမှု 'ရသ' တစ်မျိုးမျိုးကို ပေးစွမ်းနိုင်ပါတယ်။ ဖတ်မိပြီဆိုရင်လည်း လက်ထဲကကို မချချင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိပါတယ်။ မမွန်ရဲ့ စာပေခရီးတစ်လျှောက် အောင်မြင်မှုတွေရရှိပြီး ပရိသတ်ရဲ့ချစ်ခြင်းမေတ္တာကို ခံယူရရှိနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ညည်သူ

Final part II

စေတနာ့စာပေ

၏

[illegible]

မဆုမြတ်မွန်မွန်

ခင်မင်စွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေအားလုံးကိုမဲ ဆိုင်မှာရှာဖတ်ပါတယ်။ ဖတ်လို့ကောင်းတာမို့ သူငယ်ချင်းတွေကိုလည်း အမြဲပြန်ပြောဖြစ်တယ်။ ဝတ္ထုထဲက ဇာတ်ပို့တွေက လှတယ်နော်။ ခင်မင်ဖို့ကောင်းတယ်ဗျာ။ မင်းသားနဲ့ မင်းသမီးဇာတ်သိမ်းပိုင်းမှာ ပေါင်းဆုံတာမျိုး များများရေးပေးပါဦး။ မေတ္တာဖြင့် မဆုမြတ်ရဲ့ စာ၊ ဇာတ်ပို့လည်း တောင်းဆိုချင်ပါတယ်။ ထာဝရအောင်မြင်တဲ့စာရေးဆရာမဖြစ်ပါစေလို့ ဆုတောင်းလျက် ...

မောင်ရွှေဝင်းအောင် (ယော)

အဆောင်(၁) အမျိုးသားဆောင်

အခန်း(၁၄) [illegible]

ကြေးနန်းဆက်သွယ်ရေးစာတိုက်သင်တန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်-

ညီမလေးက မဆုမြတ်မွန်မွန်ရဲ့ ပရိသတ်တစ်ဦးပါ။ မဆုမြတ်မွန်ရဲ့ စာအုပ်တွေက အရမ်းဖတ်လို့ကောင်းပါတယ်။ ဇာတ်အိမ်ဖွဲ့တာ အရမ်းစွဲဆောင်မှုရှိပါတယ်။ မဆုမြတ်မွန်က တခြားစာရေးဆရာတွေနဲ့ မတူဘူး။ အလွန်ထူးခြားပြီး စိတ်ဝင်စားစရာကောင်းတယ်နော်။ 'လသုံးစင်းနှင့်ကခုန်ခြင်း' နဲ့ 'အနမ်းဆက်တိုင်း' ပဲ ညီမလေးက ဖတ်ရတယ်။ ညီမလေးတို့ရွာကခေါင်တော့ မဆုမြတ်မွန်ရဲ့ စာအုပ်တိုင်း ဖတ်ခွင့်မရဘူး။ နောက်ထွက်မဲ့ မဆုမြတ်မွန်ရဲ့ စာအုပ်တွေကိုဖတ်ရဖို့ မျှော်လင့်ပါတယ် ... ။

ဆုမြတ်မွန်ကို

ထာဝရ

အားပေးနေမဲ့

ရွှေလေးတန်မြေမှ

ညီမလေး

ဆွေဆွေ

စမ်းတိုင်းကိုင်း၊ အင်းတော်မြို့နယ်၊

ဖော်လွှားစာတိုက်၊ နန့်ရုံ။

မင်္ဂလာပါ မဆု

ကျွန်တော် သတိတရစာရေးလိုက်တယ်နော်။ မဆုရဲ့ ထွက်သမျှစာအုပ်တိုင်းကို ဖတ်ပြီးသွားပြီ။ အားလုံးဖတ်လို့ကောင်းပါတယ်။ မဆုစာအုပ်ကို ဖတ်ဖြစ်တာမကြာသေးဘူး။ စပြီးဖတ်တဲ့စာအုပ်က 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနှန်းတော်' ဆိုတဲ့စာအုပ်ပါ။ အဲဒီစာအုပ်ကိုဖတ်လိုက်တာ တကယ်ပဲကောင်းပါတယ်။ အဲဒီစာအုပ်ကစပြီး 'မဆု' စာအုပ်တွေကို ဖတ်ခဲ့တာပါ။ အကြိုက်ဆုံးက 'မော်ကရှာရွှေရုပ်' မှာ ရွှေရုပ်ရဲ့ စိတ်ခံစားကိုရေးတာ သိပ်ပြီး ပီပြင်လွန်းပါတယ်။ တကယ်ကို စွဲဆောင်မှုရှိလွန်းလို့ပါ ... ။ ကျွန်တော်က 'မဆု' ရဲ့ ထာဝရပရိသတ်ပါ။ ထွက်သမျှစာအုပ်တိုင်းကို အားပေးမယ်နော်။

ဒီထက်မကအောင်မြင်ပါစေလို့ ဆန္ဒပြုလျက် ...

ရဲထွဋ် (မန်း)

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ [illegible]

မဆုမြတ်

ခင်မင်လေးစားစွာဖြင့် မဆုမြတ်လို့ခေါ်မယ်နော်။ မဆုမြတ်ရဲ့စာတွေ အရမ်းဖတ်လို့ကောင်းတာပဲ။ စာအုပ်တိုင်းမှာ ခံစားမှုတွေ ရှိုးမသွားအောင် စိတ်ဝင်တစားရေးသားနိုင်တဲ့ မဆုမြတ်ကို အရမ်းလေးစားမိတာပဲ။ ဒီမိတ်ဆက်စာကို ပထမဆုံးရေးတဲ့အတွက် အမှားပါရင်ခွင့်လွှတ်ပါ။ နောင်လည်း မဆုမြတ်ရဲ့ စာအုပ်တွေကို အားပေးနေပါမယ်။ အမြဲတမ်းဓာတ်လမ်းကောင်းတွေရေးနိုင်ပါစေလို့ ဆုတောင်းပေးလျက် ...

မခင်ရွှီးယု
ပိုင်ကာခါး (ရှမ်းရွှာ)
ချောင်းဆုံမြို့နယ်၊



## အမှတ်တရ [illegible]

မဆုမွန်

ခင်မင်မှုများစွာနဲ့ စာရေးလိုက်ပါတယ်။ မဆုမွန်ရဲ့စာအုပ်တွေအားလုံးကို ကြိုက်ပါတယ်။ အထူးသဖြင့် 'မှော်ကဗျာရှေ့ရုပ်' ကိုပေါ့။ မဆုမွန်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ ဝေဖန်တာတွေ လက်ခံပေးတဲ့အတွက် မဆုမွန်ရဲ့စိတ်ဓာတ်ကိုလည်း လေးစားပါတယ်။ မဆုမွန် ဒီ့ထက်ပိုပြီး အောင်မြင်တဲ့သူတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

ခင်မင်တဲ့

ညီမလေး

ဦးစိန်သန်း + ဒေါ်သီသီ

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

ဆု

သက်က ဆုရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ဆုရဲ့ ဝတ္ထုတော်တော်များများ သက် ဖတ်ပြီးပါပြီ။ အားလုံးကိုကြိုက်ပါတယ်။ သက်တို့သူငယ်ချင်းတွေအားလုံး ဆုကိုခင်ချင်နေကြတာ။ ဆုကို ခင်မင်ခွင့်ရချင်ပါတယ်။ ဆု ဆက်လက်ပြီး ပရိသတ်ရင်ထဲကို ထိတဲ့စာတွေ အများကြီးရေးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ အောင်မြင်မှုတွေလည်း အမြဲတမ်းပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ဆုရဲ့ပြန်စာနဲ့ ဆုဓာတ်ပုံလေးတွေကိုလည်း အမြဲတမ်းပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ဆုရဲ့ပြန်စာနဲ့ ဆုဓာတ်ပုံလေးကို သက် မျှော်နေပါမယ်နော်။ 'ပနုတ္တု' ကိုလည်း လာလည်ပါဆို့ သက် ဖိတ်လိုက်ပါတယ်။

ဆုရဲ့ တာဝရပရိသတ်

သက်လုံးပို
C/O ဦးခင်မောင်ထွေး

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

မဆုမြတ်

ဆုမြတ်လို့ပဲခေါ်မယ်နော်။ မလတ်ဆုမြတ်ရဲ့စာအုပ်တွေကို အကုန်ဖတ်ဖူးတယ်။ အရေးအသားက တခြားစာရေးဆရာတွေနဲ့ မတူဘူး။ ဆုမြတ်ရဲ့စာရေးနည်းက style တစ်မျိုးပဲ။ ဆုမြတ်ရဲ့ idea ကို မလတ် အရမ်းသဘောကျတယ်။ ဆုမြတ်ရဲ့စာအုပ်တွေက စာဖတ်သူရဲ့ရင်ထဲမှာ စွဲကျန်ရစ်တယ်။ 'နှုတ်ခမ်းပြင်ပွဲ' စာအုပ်ကို ပိုပြီးသဘောကျတယ်။ ဆုမြတ်နဲ့ ခင်ချင်တယ်။ ဒါပေမဲ့ ဆုမြတ်ရဲ့အရေးအသားကို ပိုသဘောကျတယ်။ ဆုမြတ်ရဲ့နောက်ထွက်မည့်စာအုပ်တွေကို မျှော်နေမယ် ... ။

မလတ်
Second Year (Bot) ကျောင်းသူ
တောင်ပေါ်လမ်း ရွှေစရံပုံရုပ်ကွက်

www.burmeseclassic.com

## စေတနာစာပေ ၏

မမဆုမြတ်

ဖြိုး ခင်မင်ရင်းနှီးစွာနဲ့ စာရေးလိုက်ပါတယ်။ မမရဲ့ ဝတ္ထုတွေ အကုန်လုံးဖတ်ပြီးပါပြီ။ အရမ်းကြိုက်ပါတယ်။ အားလုံးကို သဘောကျနေတော့ ဘယ်ဝတ္ထုကို ပိုသဘောကျလဲဆိုတာတောင် မသိတော့ဘူး။ မမရဲ့ စာအုပ်တိုင်းမှာ မမရဲ့ လိပ်စာနဲ့ ဓာတ်ပုံပါ ထည့်ထားတယ်နော် ... ။ ဖြိုး အရင်က မမပုံကို မော်ဒယ်တစ်ယောက်ရဲ့ပုံလို့ ထင်နေတာ။ မမလိုသိပ်လှတဲ့သူက စာရေးလည်း သိပ်တော်တာပဲနော်။ ကြောက်တယ်လို့မထင်နဲ့နော်။ တကယ် ပြောတာပါ။ မမရဲ့ စာကို မျှော်နေမယ်နော်။

ညီမလေး

ဖြိုး

အိမ်ရှင်

အမှတ်(၄၈) [illegible]

## စေတနာစာပေ ၏

အမှတ်တရအစီအစဉ်

မမ နေကောင်းလား ... ?

မမကို ဟိုးအရင်ထဲက ချစ်ခင်နေတာပါ။ မမဆီကို စာအရမ်းရေးချင်တာ။ ဒါပေမဲ့ မရေးဖြစ်ခဲ့ဘူး။ မမရေးတဲ့ဝတ္ထုတွေကို အမြဲတမ်းဖတ်ရှုအားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ ညီမလေးကို မမရဲ့ ပရိသတ်တစ်ယောက်အနေနဲ့ လက်ခံစေချင်ပါတယ်။ မမရဲ့ ဝတ္ထုတွေက လူတိုင်းရဲ့ ရင်ထဲကို စွဲနေတာပဲ။ လူတိုင်းရဲ့ ပါးစပ်ဖျားမှာလည်း မမဝတ္ထုအကြောင်းတွေချည်းပဲ။ မရေးတဲ့ဝတ္ထုတွေမှာ ညီမလေးကြိုက်တဲ့အချက် အများကြီးပါတယ်။ မင်းသမီးတွေဆိုရင် သူတို့ရဲ့ စိတ်ဓာတ်တွေ အမြဲတမ်းပဲ မာကြောတယ်။ ဘယ်လောက်ဒုက္ခရောက်ရောက် ဘယ်တော့မှ ဘဝကို အရှုံးမပေးဘူး။ ရဲရဲဝံ့ဝံ့သတ္တိရှိရှိ ရင်ဆိုင်ရဲတယ်။ စာအုပ်မှာပါတဲ့ ပုံတွေက မမပုံတွေလားဟင်။ မမ အရမ်းချောတာပဲ တကယ်။ မမကို ညီမလေး အစ်မရင်းတစ်ယောက်လို သိပ်ချစ်တာပဲ။ အမြဲတမ်းလည်း သတိရအားပေးနေမယ်နော်။

မမကိုသိပ်ချစ်တဲ့

ညီမလေး

သိန်းကိုကို

ဦးသန်းဆွေ

၈/၁၀၄၃ အမှတ်(၁၃)

[illegible]

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

မမချစ်ဆုမြတ်

ညီမကို ခင်မင်ရင်းနှီးစွာဖြင့် စာရေးခွင့်ပြုပါ။ မဆုဆီရေးတာ ပထမဆုံးအကြိမ်ပဲ။ 'ရင်ခွင်ဆီသို့လေကားတစ်များ' ဆိုတဲ့ စာအုပ်ကို ဖတ်လိုက်ရတော့ အရမ်းသဘောကျတယ်။ မမဆုရဲ့ ဝတ္ထုက ကောင်းလွန်းလို့ ညီမငိုခဲ့နေပြီ။ မမဆုက (idea) ကောင်းတယ်။ မမဆုတစ်ယောက် ဝတ္ထုစာရေးဆရာမကောင်းတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ မမချစ်ဆုမြတ်ရဲ့ စာအုပ်ကို အမြဲအားပေးနေတဲ့ ညီမ ...

မမရဲ့ပြန်စာကို စောင့်မျှော်နေတဲ့ ...

ဝေးတာမြေမှ ...

မာလှိုင် (စ) မချော
အမှတ်(၁) [illegible]

---

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ပထမဆုံးအကြိမ် စာရေးလိုက်ပါတယ်။ အစ်မရေးတဲ့ စာအုပ်တွေဖတ်ရတာ အရမ်းကောင်းတယ်။ 'အနမ်းဆက်တိုင်း' လည်း ကောင်းတယ်။ 'မော်ကမျှာရွေ့ရုပ်' မှာ ဖတ်ရင်းနှင့် စာတ်သိမ်းပိုင်းမှာ မော်နှင့် ရွေ့ရုပ် ရမယ်လို့ထင်နေတယ်။ အစ်မရေးတဲ့စာအုပ်တွေကို သဘောကျတယ်။ အစ်မပုံကြည့်ရတာ သိပ်လှတာပဲ။ အစ်မစာပြန်ပေးပါနော်။

အစ်မရဲ့ပြန်စာကို စောင့်မျှော်လျက် ...

မော်မော်
ဒေါ်သီတာရှိ၊

www.burmeseclassic.com

www.burmeseclassic.com



မဆုမြတ်

ညီမလေးနာမည်က 'စုထက်မွန်' လို့ ခေါ်ပါတယ် ... ။ ညီမလေး မရဲ့စာအုပ်တွေကိုဖတ်တာ (၁၁)အုပ်ရှိပါပြီ။ မရဲ့စာအုပ်တွေက ညီမတို့ဇီးကုန်းမြို့လေးမှာ အငှားရှားဆုံးပဲ။ မရဲ့စာအုပ်ကလွဲလို့ ညီမ ဘယ်စာအုပ်ကိုမှ မဖတ်ဘူး။ 'မ'ရဲ့စာအုပ်တွေကို အကြိုက်ဆုံးပဲ 'မ' ရယ်။ မရဲ့စာအုပ်တွေက လက်ကမချနိုင်အောင် စိတ်ကိုဖွဲ့ဆောင်မှုရှိတယ်။ မဆုမြတ်တစ်ယောက် အောင်မြင်သထက်အောင်မြင်ပြီး ကမ္ဘာကျော်ဆရာမဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

စုထက်မွန် (ခ) မီးမီး
ဇီးကုန်းမြို့နယ်၊



မွန်မွန်

ဖြူးခက် ခင်မင်စွာနဲ့ စာရေးလိုက်ပါတယ်။ မွန်မွန်လို့ခေါ်မယ်နော်။ မွန်မွန်ရဲ့စာအုပ်တိုင်း 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကလွဲလို့ ကျန်တာအကုန်ဖတ်ရပါတယ်။ အရေးအသားက အရမ်း Heart ထိတယ်။ စာအုပ်ဆုံးတိုင်း ရင်ထဲမှာ တစ်ခုခုကျန်ခဲ့တယ်။ အဲလောက်ထိ မွန်မွန်ရဲ့စာအုပ်တွေက ဖွဲ့ဆောင်နိုင်တာ။ ပထမဆုံးစာဖြစ်လို့ အမှားပါရင်ခွင့်လွှတ်ပါ။

အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်ပါစေလို့

ဆုတောင်းလျက် ...

မွန်မွန်ရဲ့
ပရိသတ်

ဖြူးခက်နွေး
အမှတ်(၁၂)
အောင်သပြေ(၅)လမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆရာဆော့မြတ်မွန်

ပထမဆုံးအကြိမ်နဲ့ ကျွန်တော် စာရေးလိုက်ပါတယ်။ မဆော့မြတ်ရဲ့ အောင်မြင်မှုကိုလေးစားပါတယ် ... ။ မာနမျဉ်းပြိုင်ကြတဲ့ စာတ်လမ်းလေးတစ်ပုဒ် ဖန်တီးပေးပါဦးလို့ စာပေလောကမှာ အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ ... ။

တင်ဦး (ခေါ်) တင်ထက်အောင်
အမှတ်(၁)ရပ်ကွက်၊
ဘုရားလေးသစ်။
[illegible]

စေတနာ့စာပေ
၏
အမှတ်တရအစီအစဉ်

မဂ်လာဝါဆုမြတ်မွန်မွန်

စာပေလောကမှာ တောက်ပလာတဲ့ ကြယ်လေးတစ်ပွင့်မို့ ဘယ်လိုမှ နေလို့မရတဲ့ ခင်မင်ချင်တဲ့စိတ်ကလေးတစ်ခုကြောင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မင်းရဲ့ထွက်ပြီးသားစာအုပ်တိုင်း မဖတ်ရပါတယ်။ ပီပြင်တယ်။ ရသမြောက်တယ်။ တစ်မိုစိမ့် စွဲဆောင်နိုင်အောင်ရေးတဲ့ မင်းရဲ့ စိတ်ကူးဟာ စာဖတ်သူတိုင်းရဲ့ ရင်ကို တုန်လှုပ်စေရာပါ။ မြန်မာပြည်မှာ မင်းရဲ့စာဖတ်ပရိသတ် သန်းချီပြီးရှိနေတယ်နော်။ ဒါကြောင့် စာအုပ် တစ်အုပ်နဲ့တစ်အုပ် မထပ်စေနဲ့။ မကျစေနဲ့နော်။ မင်းလေး နွေလယ်မွန်တည့်အရိပ်မဲ့ တဲ့လမ်းတွေမှာ လျှောက်လှမ်းရပါစေလို့ အမြဲဆုတောင်းနေမဲ့

မမလေးရိပ်လေး
အမှတ်(၂)တန်းစု၀၀
ဘီလပ်မြေစက်ရုံဝန်ထမ်းအိမ်ရာ၊
လှိုင်းစခန်း (သစ္စာမန်းစာပေသို့)
မြိုင်လေး။

www.burmeseclassic.com

စာတနာ စာပေ ၏

အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

'ညီမ' က 'မ' စာအုပ်တွေကို အခုမှတ်ဖတ်ရလို့ အစကနေ ပြန်ရှာဖတ်နေရတာပါ။ 'မော်ကဗျာရွှေရုပ်' ကို စ,ပြီးဖတ်ရပါတယ်။ 'မ' စာရေးတာ ရှင်းလင်းလို့ 'ရွှေရုပ်' ရဲ့ စတိုင်လေးကို အခုထိ မျက်စိထဲကမထွက်ပါဘူး။ 'မ' အရမ်းတော်တာပဲ။ စာအုပ်တစ်အုပ်ဖတ်ပြီးရင် ရင်ထဲမှာ တစ်ခုခုကျန်ခဲ့ရင် အဲဒီစာအုပ်က ကောင်းလို့တဲ့။ ဒါဆို 'မ' စာအုပ်တွေ ပြောစရာမရှိအောင် ကောင်းပါတယ်။ 'မ' စာတ်သိမ်းခန်းလေးတွေမှာ မထိတထိလေးတွေသိမ်းသွားတာ တော်တော်လေးချစ်ဖို့ကောင်းတယ်။ လေးစားရသော 'မ' တစ်ယောက် အသစ်အသစ်သောစိတ်ကူးတွေနှင့် အကောင်းတကာ့အကောင်းဆုံးစာအုပ်တွေကို ချစ်သောပရိသတ်အတွက် ရေးပေးနိုင်ပါစေလို့ ... ။

မရဲ့

ပရိသတ်

ယဉ်မင်းတွေး

No(35)၊ ဝဲခုံးလမ်းတောင်ဗိုင်း။

မမဆု

ခင်မင်ရင်းနှီးစွာဖြင့် မဆုလို့ခေါ်ပါရစေ ခင်ဗျာ။ ကျွန်တော်က မမဆုရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမဆုရဲ့ ထွက်ပြီးသမျှစာအုပ်တွေကို ဖတ်ပြီးပါပြီ။ တော်တော်ဖတ်လို့ကောင်းတယ်။ မမဆုရဲ့ စာပေအရေးအသားနဲ့ ပတ်သက်ပြီး ဉာဏ်အမြော်အမြင်အင်မတန်ကောင်းလွန်းလို့ ချီးကျူးပါတယ် ခင်ဗျာ။ ပညာဗဟုသုတတွေရလို့ မမဆုကို ကျေးဇူးတင်တယ်နော်။ မမဆုရဲ့ စာဖတ်ပရိသတ် တစ်နေ့တခြားတိုးပွားလာနေသည်ကို ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပါးလိုက်ပါသည် ခင်ဗျာ ... ။

ငြိမ်းမိုးအောင်

အာဝမဲ့နာရီပြုပြင်ရောင်းဝယ်ရေး

ဈေးတိုက်ခန်း အမှတ်(၃၅၃၆)

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ဧကန္တာစာပေ
၏
အမှတ်တရဆိုအစဉ်

မဆုမြတ်မွန်မွန်

မောင်လေး ခင်မင်ရင်းနှီးစွာဖြင့် စာရေးလိုက်ပါတယ်။ မမ လို့ပဲခေါ်မယ်နော်။ မောင်လေးက မိတ်ဆက်စာ တစ်ခါမှမရေး ဖူးဘူး။ အမှားပါရင်ခွင့်လွှတ်ပါနော်။ မမရဲ့အရေးအသားတွေက အရမ်းကောင်းတယ်နော်။ မမရဲ့ စာအုပ်ကို မောင်လေး တော် တော်များများဖတ်ပြီးသွားပြီ။ မောင်လေးတို့ရွာမှာ မမရဲ့ ပရိသတ် တွေ အများကြီးပဲ။ မမက အရမ်းလှတယ်နော်။

မမကို

ခင်တဲ့

မောင်လေး

ဝင်းခင်နိုး
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊
ရှင်ငြိမ်းမြောက်ကျေးရွာ၊
အမှတ်(၁၃)ရပ်ကွက်၊
အမှတ် ၁၁၃၅၊

ဧကန္တာစာပေ
၏
အမှတ်တရဆိုအစဉ်

မမမြတ်မွန်

မမမြတ်မွန်လို့ခေါ်ပါရစေနော်။ ညီမလေး မမမြတ်မွန်ရဲ့ စာအုပ်တွေကို အများကြီးဖတ်ဖြစ်တယ်။ မမရဲ့စာအုပ်တွေက အားလုံးလိုလိုပဲကောင်းတယ်။ မမကိုလည်း ခင်မင်ချင်လို့ ပထမ ဆုံး မိတ်ဆက်စာအနေနဲ့ စာရေးလိုက်တယ်။ မမမြတ်မွန်တစ် ယောက် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ...

ဆက်သွယ်ရန်
မကွေးတိုင်း ပွင့်ဖြူမြို့
သန့်စင်လမ်း
ဦးတင် + ဒေါ်မြသန်းမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



[illegible]

အစ်မမွန်

ပထမဦးစွာ 'မင်္ဂလာပါ'လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အစ်မမွန်ရဲ့ စာအုပ်တွေက ဘာဖြစ်လို့ အဲ့ဒီလောက်ထိ ပြောင်မြောက်ကောင်းမွန်နေရတာလဲ။ အစ်မမွန်ကို တကယ်ပါပဲ လေးစားချီးကျူးမိပါတယ်။ ယယ်ယယ်ရွယ်ရွယ်နဲ့ အခုလိုတိုးဖောက်အောင်မြင်လာတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ မနက်ဖြန်တိုင်းမှာ ဒီ့ထက်မကအောင်မြင်မှုတွေနဲ့ ပျော်ရွှင်နိုင်ပါစေလို့ ...။

စာနည် (B.Ecom)
ဦးညွှန့်အောင်(သစ်တော) + ဒေါ်မိုးမိုးမိုင်
မပေဟာဝန်(6)လမ်း။
ရွှေမနာမြို့ ရှမ်းပြည်။



[illegible]

ကျွန်တော့်နာမည်က 'စိုးမိုးခန့်' ပါ။

ကျွန်တော်က ဆရာမရဲ့ ဝရိသတ်တစ်ဦးပါ။ ဆရာမလို့ခေါ်လို့ စိတ်ထဲမှာ မျက်သွားလား။ ကျွန်တော်က လေးစားသမှုနဲ့ ဂုဏ်တင်လိုက်တာပါ။ ကျွန်တော့်ကို ဆရာမရဲ့ ပရိသတ်တစ်ဦးလို့ သတ်မှတ်ပေးပါ။ ကျွန်တော် ဝတ္ထုတော်တော်များများကို ဖတ်ဖူးပါတယ်။ တချို့ဝတ္ထုတွေက ဖတ်နေရင်းနဲ့ကို ဘာကြီးမှန်းမသိဘူးတွေ ဖြစ်လာတာ တော်တော်များပါတယ်။ ဆရာမစာအုပ်ကို ဖတ်မိတော့ စကားလုံးအထားအသို ဇာတ်လမ်းအသွားအလာ တစ်ခန်းနဲ့တစ်ခန်း ချိတ်ဆက်မှုအတော်ကိုပီပြင်ပါတယ်။ ဒါကျွန်တော့်ရဲ့ အမြင်ကိုပြောတာပါ။ ဆရာမ စာအုပ်တွေ ဆက်လက်ပြီးအောင်မြင်ပါစေလို့ ဆုတောင်းရင်း ...

အစဉ်အားပေးလျက်

ခန့်

စိုးမိုးခန့်
အမှတ်(၅၈) မြဝတ်ရည်လမ်း

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ ၏

[illegible]

မဆုမြတ်မွန်မွန်

ညီမလေးက မမရဲ့ ထာဝရပရိသတ်တစ်ဦးပါ။ ညီမလေးက 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' ဆိုတဲ့ စာအုပ်ကနေ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ' ထိ ဖတ်ပြီးပြီ။ ရုပ်ပြစာအုပ်ရော ထုတ်ပေးပါဦးလို့ တောင်းဆိုချင်တယ်။ အစ်မ လူကုံထံ အသိုင်းအဝိုင်းမှာ အချစ်ရှိတာ မဟုတ်ပါဘူး။ ရိုးသားအေးချမ်းတဲ့ သာမန်လူတန်းစားနဲ့ တိုင်းရင်းသားတွေဆီမှာရော အချစ်ရှိတယ်ဆိုတာ ရေးပေးပါဦး။ ၂၀၀၈ခုနှစ်မှာ ဆက်လက်ထွက်မဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' ကို စောင့်မျှော်နေပါတယ်။ အစ်မ စာပေလောကမှာ ဆထက်တပိုး အောင်မြင်ကျော်ကြားပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ...

ယောမင်း မြို့မြို့မွေး မြမွန်
အမှတ်(၅)ရပ်ကွက်၊ကျောက်မြောင်း

စေတနာစာပေ ၏

[illegible]

မဆုမြတ်မွန်မွန်

အရမ်းခင်လို့ မမမွန်လို့ခေါ်မယ်နော်။ မမမွန်ကို ဖြိုးလေး အရမ်းကြိုက်တယ်။ အရမ်းလည်းဖတ်လို့ကောင်းပါတယ်။ 'အချစ်ဦးနှင့်လွှဲပြီးသည့်နောက်(မှူးစာ)' ဆိုတဲ့ စာအုပ်လေးကို ဖတ်ပြီး ရင်ထဲမှာ ပြောမပြတတ်လောက်အောင် ခံစားရပါတယ်။ ထွက်ပြီးသမျှစာအုပ်အားလုံး ကြိုက်ပါတယ်။ ဘာမှအပြစ်ပြောစရာ မရှိဘူး။ မမမွန်စာအုပ်တွေ တစ်လကို ၂အုပ်၊ ၃အုပ်ထွက်နိုင်ပါစေ။ စာပေနယ်မှာ ထာဝရအောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ ... ။

ဖြိုးလေး
၁၀စ်တောင်၊ ၁၃ရပ်ကွက်၊
ဓမ္မာဝတီ(၃)လမ်း။
အမှတ် ၂၈၀/ခ

www.burmeseclassic.com

www.burmeseclassic.com



မဆု

မမရဲ့စာအုပ်တွေကို အရမ်းသဘောကျတယ်။ မမရဲ့စာအုပ်တွေက အရမ်းကောင်းပါတယ်။ စာသားတွေရေးသားပုံကလည်း ဝေဖန်စရာမရှိအောင်ကောင်းပါတယ်။ 'ကြယ်ကလေးရဲ့နှင်းဆီ' စာအုပ်ကလည်း အရမ်းကောင်းတယ်။ ညီမလေး မမရဲ့ရေးဖွဲ့မှုတွေအပေါ် အရမ်းသဘောကျပါတယ်။ မမ ဒီထက် စာအုပ်တွေအများကြီးရေးနိုင်ပါစေလို့ ဆုတောင်းလျက် ...

ညီမ

အိအိချော
အမှတ်(၁၃)လမ်း
တိုးချဲ့လမ်းသစ်ထိပ်၊
မြဝတီရပ်ကွက်



မဆုမြတ်မွန်မွန်

မရဲ့ပရိသတ်တစ်ယောက်အနေနဲ့ စာရေးလိုက်ပါတယ်။ စာအုပ်တွေ အားလုံးကောင်းတယ်ဆိုတာထက် ရင်ထဲမှာစွဲမြဲစေတဲ့ attraction တွေရှိတယ်။ အဲဒါ မရဲ့စွမ်းအားထက်တဲ့ idea တွေကြောင့်လို့ထင်တယ်။ ဝတ္ထုတစ်ပုဒ်ဆုံးသွားရင် ရင်ထဲမှာကျန်ခဲ့စေတဲ့ style အမျိုးမျိုးကိုကြိုက်တယ်။ မရဲ့စာအုပ်တွေက ဆွဲအားပြင်းတယ် ... ။ တချို့က စာတ်သိမ်းမှာ ကွဲသွားတာကို မကြိုက်ပေမဲ့ ဘာကြောင့်ရယ်မသိဘဲ ကိုယ်က ကြိုက်မိတယ်။ မရဲ့ ပြန်လည်အသိမှတ်ပြုတာကို မျှော်လင့်လျက် ...

မီးမီး
C/Oဦးဖေခင်ခေတ်တာ + ဒေါ်ဇူဇူ
သီတာလမ်း၊ မြောက်ဒဂုံ။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

မမွန်

ခင်မင်လေးစားမှုနဲ့ မမွန်လို့ပဲခေါ်မယ်နော်။ မမွန်ရဲ့ စာအုပ်တွေကို ဖတ်နေရတဲ့အချိန်ဆိုရင် ဘာမှကိုမလုပ်ချင်တော့အောင် စွဲဆောင်နိုင်တယ်။ မမွန်ရဲ့စာအုပ်ဒီဇိုင်းက ဘယ်စာအုပ်တွေနဲ့မှမတူဘူးနော်။ စာအုပ်ထဲက မမွန်ရဲ့ ဓာတ်ပုံလား။ အရမ်းချစ်ဖို့ကောင်းတယ်။ အခုဆိုရင် မမွန်ရဲ့ စာအုပ်ထွက်သမျှ အကုန်ရှာပြီးဖတ်နေပြီ။ မမွန်ရဲ့ စာအုပ်တွေကို ဖတ်ပြီးတိုင်း ရင်ထဲမှာ တစ်စုံတစ်ခု ကျန်ခဲ့တယ်။ စာအုပ်ရဲ့ ဓာတ်သိမ်းပိုင်းရောက်မှာတောင် ကြောက်နေမိတယ်။ ဓာတ်လမ်းလေးတွေမဆုံးပြီးရင်း ဖတ်ချင်လေပဲ။ မမွန်ရဲ့ စိတ်ကူးဉာဏ်လေးတွေ ဒီထက်မကတာဝရှည်ခန်းသစ်ပြီး ဝတ္ထုကောင်းလေးတွေ များများရေးနိုင်ပါစေလို့ ဆုတောင်းလျက် ...

သုဇာလွင်
အေးငြိမ်းအောင်(ကွမ်း)ဆိုင်၊
ရွှေဒိုး(၁) မီးလင်းမြင့်လမ်း၊



[illegible]

မဆုမြတ်မွန်မွန်

ညီမလေးတို့က အစ်မကို အမြဲတမ်းအားပေးနေတဲ့ ပရိသတ်တွေပါ။ အစ်မရဲ့ စာအုပ်တွေကို ညီမလေးတို့ကျောင်းမအားတဲ့ကြားကနေ အချိန်ရရင်ရသလို အမြဲတမ်းဖတ်ဖြစ်ပါတယ်။ အစ်မရဲ့ စာအုပ်တွေက အရေးအသားကော နာမည်ပေးတာလေးတွေပါလှတယ်။ အစ်မရဲ့ စာအုပ်တွေကို လတိုင်းဖတ်ဖြစ်ပါတယ်။ ညီမလေးတို့က အစ်မကို အမြဲတမ်းအားပေးနေတဲ့ ပရိသတ်တွေပါ။ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာတစ်ဦးဖြစ်ပါစေလို့ ဆုတောင်းလျက် ...

မိုးဇာမွန်၊ ဝတ်ရည်ကျော်၊
ကောဇင်ဇင်အောင်
[illegible]

www.burmeseclassic.com

www.burmeseclassic.com



## [illegible]

မမဆုမြတ်

သမီး ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မမဆုမြတ်ရဲ့ စာအုပ်တွေကို (၁၁)အုပ်မြောက်အထိ ဖတ်ပြီးပါပြီ။ အရမ်းဖတ်လို့ကောင်းပါတယ်။ ကလောင်ရှင်အသစ်ဆိုပေမဲ့ အရေးအသားတွေဟာ ရွဲဆောင်မှုရှိတယ်။ မမဆုမြတ်ရဲ့ စာအုပ်တွေက ဇာတ်လမ်းတစ်ခုနှင့်တစ်ခု မတူဘဲဆန်းသစ်နေတယ်။ မမဆုမြတ်ရဲ့ နောင်ထွက်မဲ့စာအုပ်တွေကိုလည်း အမြဲတမ်းအားပေးနေမယ်။

မယမုံနာရွှေ
ခရို့တိုက်နယ်(တန်းကုန်)

စေတနာစာပေ
၏

## [illegible]

ဆရာမဆုမြတ်မွန်မွန်'

မမလို့ပဲခေါ်မယ်နော်။ ဓိဓာ်ဆက်စာရေးတာ မေသူအတွက် ဒီစာဟာ ပထမဆုံးမို့ အဆင်မပြေတာလေးများပါသွားခဲ့ရင် ခွင့်လွှတ်ပါလို့ အရင်ဆုံးတောင်းပန်ပါရစေ မမ။ ဇွဲစပ်သေချာလှတဲ့ ရေးသားမှုနဲ့ ကျစ်လျစ်ပြီး ရသပေါ်လွင်တဲ့ ဇာတ်အိမ်ဖွဲ့ရက်တွေကို နှစ်သက်လို့ မမရဲ့ထွက်လာသမျှစာအုပ်တွေကို မလွှတ်တမ်းဖတ်ခဲ့ပါတယ်။ ကောင်းမှန်းသိလို့ မဖတ်ရသေးတဲ့စာအုပ်တွေကို ရှာဖွေဖတ်ရတာလည်း အမောပါပဲ။ မမရဲ့ ဆက်လက်ထုတ်ဝေလာမဲ့ ရသချိုချိုနဲ့ တစ်မူထူးခြားလာမဲ့ လက်အစွမ်းတွေကို စောင့်မျှော်နေမယ်နော်။ မမ ဆက်လက်ပြီး ရသမြောက်သော ဇာတ်အိမ်တွေ များများဖန်တီးနိုင်ပြီး စာရေးဆရာမဆိုတဲ့ ဂုဏ်ထူး ထာဝရတည်တံ့နိုင်ပါစေ။

မေသူဝင်း
ရန်မျိုးအောင်ရပ်ကွက်(၆)
တွင်းကျောင်းလမ်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာ့စာစေပ
## ၏
## အမှတ်တရအပ်စာစဉ်

သို့

မမဆု

လင်းလင်း ခင်မင်စွာနဲ့ မမဆုလို့ပဲခေါ်မယ်နော်။ လင်းလင်းက မမဆုဆီကို ပထမဦးဆုံးအကြိမ်စာရေးတာပါ။ လင်းလင်းက စာဖတ်တာလည်း ဝါသနာပါတယ်။ မမဆုရဲ့ တော်ကီကြိုက်တာတချို့ မှတ်စုထဲရေးပြီးသိမ်းထားတယ်။ လိုအပ်ရင်သုံးဖို့။ မမဆု ကျေနပ်ပါတယ်နော်။ မမဆုရဲ့စာအုပ်လေးဖတ်နေရှိန်မှာဆို ဘာကိုမှသတိမရတော့လောက်အောင် စာထဲမှာနစ်မျောနေမိတယ် မရယ်။ သူများတွေခင်သလို လင်းလင်းကိုလည်းခင်ပါနော်။ မမဆု ဒီထက်မကအောင်မြင်ပါစေလို့ လင်းလင်းဆုတောင်းပေးလိုက်ပါတယ်။ မမဆု ထာဝရပျော်ရွှင်နိုင်ပါစေ။

မမဆုရဲ့ ထာဝရအားပေးနေမဲ့ ...

နေလင်း(ခ)လမင်းချစ်သူ

လင်းလင်း (ရမည်းသင်း)
(ကြခတ် – သုခေသီ)
သျှမ်းဘုရားရပ်ကွက်၊

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မဆုရဲ့စာအုပ်ကို 'ကြွင်းကျန်ရစ်သောသစ္စာ' ကနေ စ,ဖတ်ဖြစ်တာပါ။ အရမ်းကြိုက်သွားလို့ အကုန်လုံးဖတ်ပါတယ်။ သမီး မဆုကိုအရမ်းအားကျတာပဲ။ သမီးတို့ ပြင်ဦးလွင်ကိုရောက်ရင် အိမ်လာလည်ပါနော်။ မဆုရဲ့စာအုပ်အားလုံးကို ကြိုက်ပါတယ်။ စာအုပ်တိုင်းရဲ့ မိန်းကလေးတွေကိုလည်း ကြိုက်တယ်။ သမီးကိုခင်ရင် စာပြန်နော်။ မဆု ဒီထက်မကအောင်မြင်ပါစေ။

မဆုရဲ့ပရိသတ်

မသဲသဲ
ပ–၂၂ ရတနာလမ်း၊
ရပ်ကွက်ကြီး(စ)၊ မြို့သစ်

စေတနာ့စာပေ
၏

[illegible]

မမြတ်

အများပါရင်ခွင့်လွှတ်ပါနော်။ Pက ခင်လို့ မကို မမြတ်လို့ ပဲခေါ်ပါရစေနော်။ မက အရမ်းလှတာပဲ။ တော်လည်းတော်တယ်။ Pက မစာအုပ်တွေဆိုရင် အမြဲတမ်းဖတ်ဖြစ်တယ်။ 'မှော်ကဗျာ ရွှေရုပ်' နဲ့ 'ကြယ်တလေးရဲ့နှင့်ဖာ' စာအုပ်ကို အရမ်းကြိုက်တယ်။ မမြတ် ဒီထက်မကအောင်မြင်နိုင်ပါစေ။

မရဲ့ ထာဝရပရိသတ်

ခင်မိမိကျော် (စ)P
၈၀/၁၆၉ ရွှေဖြာရပ်ကွက်
ခေါင်းလောင်းကျောင်းလမ်း၊

## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com





# ဆုမြတ်မွှန်မွှန်

## ပန်းတစ်ပွင့်၏ မူပိုင်ရာသီဥတု



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## "နှလုံးသွေးစက်(၁)"

❧ မမေ့နိုင်စရာတွေကို
မသိချင်ယောင်ဆောင်နေဖို့
ချစ်သူ
သက်သေမရှိတဲ့ ခံစားမှုတွေကို
ဖျောက်ဖျက်မေ့ပျောက်နေရင်း
အချစ်ကို ရိုးသားစွာ ခင်တွယ်ခွင့်ပေးပါ ။

❧ လူတစ်ယောက်ရဲ့ တန်ဖိုးကို
ဘယ်လိုပေတံတွေနဲ့ တိုင်းဖြတ်တာလဲ
ကျွဲနွားကောင်ကြားက မြေစာပင်ရဲ့ ခံစားချက်ကိုရော
ဘာစိတ်ကူးနှင့် လျစ်လျူရှုကြတာလဲ
တကယ်တော့ ဘဝဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်နဲ့ သွန်းထုတဲ့

တိမ်ရိပ်ထု တစ်ခုပါ။ ။

❧ နံနက်ခင်းတွေက ပန်းတွေကို မွှေးဖွားရင်

ကိုယ့်နှလုံးသွေးနဲ့ ချစ်သူကို ရှင်သန်ခွင့်ပေးပါ

ချစ်သူ ငေးကြည့်နေမယ့် လမင်းလေးရေ

ဒီတစ်ညတော့ ညတာရှည်ပါစေလား

ခမ်းနားတဲ့ ကောင်းကင်ထက်ကို

အမြဲမော်ဖူးခွင့် ရှိချင်လို့ပါ။ ။

❧ ငှက်ကောင်မလေးဟာ

ငှက်ဘဝရဲ့ အလင်းရောင်

ငှက်ဘဝရဲ့ အိပ်မက်

ငှက်ဘဝရဲ့ ကြယ်စင်

ငှက်ဘဝရဲ့ ကောင်းကင်

ငှက်အိပ်စက်ရာရဲ့ အရှင်သခင်

ဒါပေမဲ့လည်း

အခန့်သင့်တိုင်း ထိုးကျွေးခံရတဲ့

ငှက်မာနနဲ့ သိက္ခာတွေအတွက်

မင်းကို မစတေးချင်တော့ဘူး။ ။





❧ ထားရစ်ခဲ့ပါတော့ကွယ်

ကံကောင်းခြင်းနဲ့ မျက်ခြည်ပြတ်နေသူအတွက်

လွမ်းခွင့်ဆိုတာတောင်

လေးနက်ကြီးမြတ်လှပါပြီ။ ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ရွေးသည် ကားကို လမ်းသွယ်လေးထဲသို့ ချိုးကွေ့ဝင်လိုက်စဉ်မှာပဲ ထင်မှတ်မထားသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရတာ ဖြစ်ပါသည်။ ရွေးရဲ့ကားနှင့် ကိုက်(၁၀၀)ခန့်သာ ဝေးကွာသောနေရာမှာ ကားနှစ်စီး ကားခေါင်းချင်းဆိုင်ရပ်လျက် လူနှစ်စုဟာ အော်ကြီးဟစ်ကျယ် စကားများ ရန်ဖြစ်လို့ နေကြသည်။

အဖွဲ့နှစ်ဖွဲ့သည် လမ်းဘေးက အုတ်နီခဲကောက်သူကကောက်၊ သစ်ကိုင်းကောက်သူကကောက်နှင့် သွေးဆာ၊ သွေးတကြွကြွ ဖြစ်နေသော ပုံစံတွေဟာ နှလုံးမခိုင်တတ်သော ရွေးကို ချက်ချင်းပင် အထိတ်တလန့် ဖြစ်လာစေလေသည်။ ဘုရား ... ဘုရား ... ကြားဖူးနားဝသာရှိသော ဒီလို အုပ်စုဖွဲ့ ရန်ဖြစ်ခြင်းများကို နဖူးတွေ့ ဒူးတွေ့ ကြုံရတော့မယ် တူပါရဲ့။



ဒုက္ခပဲ ... ငါ ဘယ်လိုများ လုပ်ရပါ့။

သူတို့တစ်တွေရဲ့ ကားနှစ်စီးဟာ လမ်းကိုလည်း တစ်ဝက်တစ်ပျက် ပိတ်သလို ဖြစ်သေးပြန်ရာ အခုမှ ကားမောင်း တတ်ခါစ သိပ်မကျွမ်းကျင်သေးသော ရွေးကို ဘာလုပ်ရမှန်းလဲ မသိ ဖြစ်စေပြန်သည်။ ရွေးသည် နှလုံးတုန်တုန်ဖြင့် ကြောက်ရဲ ကြောက်ရဲ မောင်းလာခဲ့ကာ အဲဒီအနားသို့ ရောက်လာလျှင် ထင်မှတ်မထားတာနှင့် သွား၍ကြုံသည်။

ဘယ်သူပစ်လိုက်မှန်း မသိသော ခဲလုံးကြီးကြီးတစ်လုံးသည် ပစ်မှတ်ကို ချော်ထွက်ကာ ရွေး ကားရဲ့ ဘေးကြည့်မှန်ကို တည့်တည့်ပင် ပိတ်မှန်သွားတာဖြစ်သည်။ ရုတ်တရက်မို့ ရွေးဟာ ကြောက်သွားတာရော လန့်သွားတာရောကြောင့် အားမနဲ အော်ကာ မျက်စိစုံမှိတ်လျက် ရွေးရဲ့ကားဟာ ရပ်ထားသော ကားတစ်စီးရဲ့ဖင်ကို ဒုန်းခနဲ ဝင်ဆောင့်သည်။ ခပ်ဖြည်းဖြည်းပဲ မောင်းလာတာမို့ အရှိန်သိပ်မပြင်းသော်လည်း ကားတိုက်ပြီဟူသော အသံကြီးဟာ ရွေးကို အကြီးအကျယ်ပဲ ချောက်ချားစေသည်။

ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်မတတ် တုန်လှုပ်လို့ နေလေသည်။ စင်တီရာတိုင်ပေါ် ခေါင်းမှောက်ကာ တဒိုင်းဒိုင်း ခုန်နေသော ရင်ဘတ်ကိုဖိလျက် အသက်ကိုမနည်းဝအောင် ရှူနေရသည်။ နားထဲမှာ အသံတွေကြားသော်လည်း မျက်လုံးဖွင့်မကြည့်ရဲချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တိုက်ပြီကွ။ ကျွတ် ... မြေပဲကွာ"

"ကြည့်စမ်း ... ကြည့်စမ်း ... ဘာဖြစ်သွားလဲ၊ သူက လာတိုက်တာ"

"ဟော့ကောင်တွေ ... အဲဒါ မင်းတိုင်ငြိတဲ့ကြိုး၊ မင်းတို့ပဲ ဖြေ၊ တောက် ... အရေးမပါတဲ့ကောင်တွေ"

"ဟော့လောင် လဒ။ မင်း ပါးစပ်အစုတ်အပြတ်ကို ပိတ်ထားစမ်း။ ခွေးကောင်တွေ ကားရပ်ထားတာကိုက အချိုးမကျတာ"

စကားသံတွေ ကြားရတာနဲ့ကို မှုးပြီးသေချင်လောက်အောင် ဒေါသသံစွက်နေသည့် လူတွေကြားမှာ ခွေးသည် အော်ငိုပစ်ချင်လောက်အောင်ပင် အကြီးအကျယ် စိတ်မောတ်ကျရလေသည်။ ဒီနေရာဟာ လူသွားလူလာ သိပ်မရှိသော သူ့ခွေးရပ်ကွက်လမ်းသွယ်ထဲပေမို့ ဤလူတစ်စုဟာ စိတ်ထင်တိုင်း သောင်းကျန်းနေကြတာဖြစ်သည်။

"ကျွတ် ... မိန်းကလေး ဖြစ်နေတာကွ။ ပြဿနာပဲ ဇော်စိုင်း၊ မင်း၊ လမ်းရှင်းထားစမ်းကွာ၊ နောက်မှ တွေ့မယ်၊ ဒီမှာ ဘာဖြစ်နေလဲ မသိဘူး၊ ကြာရင် အားလုံးရှုပ်ကုန်မယ်"

"အေး ... မင်း ကြည့်လုပ်ထားလိုက်ဦး"





ခွေးရဲ့နားထဲမှာ ထိုအသံတွေကို ကြားနေရသော်လည်း မျက်လုံးဖွင့်မကြည့်ရဲသေး၊ တုတ်တုတ်မှ မလှုပ်ရဲသေးချေ။ တစ်ဖက်နှင့် တစ်ဖက် ပြောသံဆိုသံ အော်ဟစ်သံတွေ ကြားရပြီးနောက် ကားတစ်စီးက ဖူးခနဲ မောင်းထွက်သွားသံလည်း ကြားရသည်။

"ဟိတ် ... ဒီမှာ၊ ဟိတ် ... သတိရလား၊ ထပါဦး၊ ဘာမှ မဖြစ်ဘူး မဟုတ်လား"

မချိုသာသော်လည်း အန္တရာယ်ပေးမည့်ပုံ မရသောအသံကြောင့် ခွေးသည် တုန်တုန်လှုပ်လှုပ် ကြားမှပင် ခေါင်းဖော်ကာ ကြည့်ရလေသည်။ အဲဒီအခါမှာ ခွေးကို စိတ်ဝင်တစား (စိုးရိမ်တကြီးဟု ပြောလျှင်လည်း မမှားပါ) ငုံ့မိုးကြည့်နေသော မျက်ဝန်းတစ်စုံနှင့် သွားရှု်ဆုံသည်။

ပုံစံမြင်လိုက်တာနှင့်ကို ထိမထင်ဒီဇိုင်း ထွက်နေသော လူတစ်ယောက်သည် ခွေးကို ကုတ်ချိုးထားသော မျက်ခုံးတွန့်တွန့်များအား တစ်ချက်ပင့်ပြလျက် ...

"အဆင်ပြေလား၊ ဘာဖြစ်သွားသေးလဲ"

ခွေးသည် တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းများဖြင့် ...

"ဘာ ... ဘာမှ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတာ ကြောက်ရွံ့တုန်လှုပ်ဟန် ရှိနေသော ခွေးရဲ့ ပုံစံကို တစ်ချက် အကဲခတ်ကာ မျက်နှာကြောကို လျှော့လိုက်လေသည်။ ခွေး ဝင်တိုက်ထားသောကားဟာ သူတို့ကား ဖြစ်ဟန်တူသည်။ သူက ခါးထောက်ကာ ကားနှစ်စင်းကို တစ်ချက်လှမ်းကြည့်ရင်းမှ …

"ကားတွေကတော့ ဘာမှမဖြစ်ဘူး၊ မင်း ဘောမှန်ကတော့ နည်းနည်းဆောင်းသွားတယ်၊ ဟို ခွေးသူတောင်းစားတွေကွာ၊ လက်လည်း မဖြောင့်ဘဲနဲ့၊ ဆောရီး … တော်တော်လန့်သွားလား"

သူ့အမေးကို ခွေးက တုန်တုန်ယင်ယင်နှင့် ခေါင်းညိတ်ပြမိသည်။ တကယ်တမ်း ပြောရလျှင် ခွေးဟာ ခုချိန်ထိ ကြောက်စိတ်မပြယ်သေးပေ။ ခွေးမောင်းလာသောကားထဲသို့ အုတ်နီခဲတစ်လုံး ပျံဝဲပြေးဝင်လာပုံ၊ ကြောက်လန့်တကြားနှင့် ရှေ့ကားကို တည့်တည့်ဝင်ဆောင့်ပစ်ပုံ၊ စတာတွေဟာ ပူပူနွေးနွေးကြီး ဖြစ်ထားသဖြင့် ကြောက်လန့်တုန်လှုပ်တုန်းပင်ဖြစ်၏။

အခုထိလည်း ရှေ့ကားကို ဝင်ဆောင့်ထားသည့်အတိုင်း နေရာမှ နည်းနည်းလေးတောင် မရွေ့ရသေးချေ။ သူက ရန်တွေ့စကားလည်းမဆို၊ ဘာစကားမှလဲ မပြောဘဲ ကြောက်နေသည့် သဏ္ဌာန်ပဲ ရှိနေသော ခွေးကို ခပ်နက်နက်တစ်ချက်စိုက်ကြည့်ကာ ဟင်းခနဲ သက်ပြင်းချလိုက်ရင်း …



"ဆောရီးကွာ၊ မင်း ကြည့်ရတာ တော်တော်လန့်သွားပုံရတယ်၊ ကားရော မောင်းနိုင်ရဲ့လား"

"ဟုတ် … ဟုတ်"

အဲဒီ ဟုတ် … ဟုတ် ဆိုတာကိုက မေးရိုက်နေသော အသံဖြင့် ဟုတ်နေရတာကို သူက ရိပ်မိသွားဟန် တူပါသည်။ အခြေအနေကို စောင့်နေကြဟန်တူသော သူ့အပေါင်းအသင်းများထံ ခေါင်းလှည့်ကာ …

"ဇော်နိုင်၊ ကားကို ရှေ့တိုးလိုက်စမ်းကွာ၊ ဘေးကပ်ထားလိုက်"

သူက ခွေး မောင်းထွက်လို့ရအောင် လုပ်ပေးတာ ဖြစ်သည်။ ပြီးလျှင် ခွေးကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုကာနေလျှင် ခွေးမှာ ပို၍ရင်တုန်မပြေ ဖြစ်ရသည်။ ဒီနေရာမှ ထွက်သွားသင့်ပြီဟု ဦးနှောက်က အချက်ပေးသဖြင့် စက်နှိုးလိုက်သော်လည်း စက်က နိုးမလာ။ မျက်မှောင်တွန့်ချိုးလျက် နှုတ်ခမ်းတွေတုန်၊ လက်တွေတုန်နေသော ခွေးကို သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သော လေသံဖြင့် …

"ဒီပုံစံအတိုင်းဆို မင်း ကားမောင်းလို့ မဖြစ်ဘူးနဲ့တူတယ်။ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ ကိုယ်တို့ ရန်ဖြစ်နေကြပေမယ့် လူယုတ်မာတွေတော့ မဟုတ်ကြဘူး …

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်သွားမှာလဲ၊ မင်းကားကို ကိုယ်လိုက်

မောင်းပေးမယ်"

"တို ... ရ ... ရပါတယ်"

သူက အဲဒီစကားကြောင့် ရွှေး မျက်လုံးတွေထဲသို့ စိုက်စိုက်ကြည့်လာလျက် နှုတ်ခမ်းများက မဲ့ပြုံးဆန်ဆန် ပြုံးသွားကြသည်။

"လမ်းမကြီးပေါ်မှာ ပြေးနေတဲ့ကားကို နောက်က ဝင်ဆောင့်ရင်တော့ ဒီတစ်ခါ အခြေအနေက ပိုဆိုးသွားမယ်နော်"

သူ ပြောမှပင် ရွှေးသည် ဦးကျော်သူမောင်းသည့် ကားကြီးကို ပြေးမြင်လျက် ကြက်သီးတွေ တဖြန်းဖြန်းထသွားရလေသည်။

သူကတော့ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လျက် ...

"အိုခေ ... အိုခေ ... မင်း သဘောပါပဲ။ ကိုယ်လိုလူတစ်ယောက် မောင်းမယ့်ကားကို လိုက်မစီးရဲတာ သဘာဝကျပါတယ် ...

ကိုယ်က ကိုယ့်ကြောင့် ဒုက္ခရောက်သွားရတဲ့ မိန်းကလေးတစ်ယောက်ကို စာနာလို့ ကူညီချင်ရုံ သက်သက်ပါ ...

ကဲ ... နှုတ်ဆက်ပြီး"





သူက ချာခနဲ လှည့်ထွက်သွားစဉ်မှာပင် ရွှေးသည် အထင်မှတ်ဘဲ အံ့ဩကာ ကျန်ရစ်ခဲ့ရသည်။ ကြည့်စမ်း ... နည်းနည်းလေးမှတောင် စိတ်မရှည်တတ်သည့် လူပါလား။ တွေဝေကာ စဉ်းစားချိန်တောင် မပေးသည့် သူသည် ခပ်တည်တည်ပင် ကားပေါ်သို့တက်ကာ မောင်းထွက်သွားတော့လျှင် ရွှေး တစ်ယောက်တည်း မျက်လုံးကလယ်ကလယ်ဖြင့် ကျန်ရစ်တော့သည်။

ဒီတော့မှ ရွှေးသည် ဒက်ရှ်ဘုတ်ပေါ်မှ လက်ကိုင်ဖုန်းကိုယူကာ နန္ဒာရဲ့ ဖုန်းနံပါတ်တွေကို အတုန်တုန် အလှုပ်လှုပ်ဖြင့် နှိပ်ခေါ်ရသည်။ တစ်ဖက်မှ နန္ဒာသည် ချက်ချင်းဝင် ဖုန်းကို ဖွင့်ထူးလျက် ...

"ဟဲ့ ... မိန်းမ ပြော။ ဘာမေ့ကျန်ခဲ့လို့လဲ၊ ကားမောင်းရင်း ပြောနေတာလား"

"မဟုတ်ဘူး နန္ဒာ၊ ငါ ... ငါ နင်တို့အိမ်နားမှာပဲ။ ငါ့ကို ကားလာမောင်းပေးစမ်းပါ"

"ဟဲ့ ... ဗုဒ္ဓေါ၊ ရှင် ဘာဖြစ်တာလဲ"

"ရောက်မှ ပြောမယ်ဟာ။ အခု ... အခု ထွက်လာခဲ့၊ မြေနံပါတ် (A-30) နားမှာ။ လမ်းချိုးပြီးရင် ရောက်တဲ့နေရာ ...

ဒါပဲနော်၊ ငါ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာရဲ့ တဟဲ့ဟဲ့ အော်သံမဆုံးခင် ရွှေးက ဖုန်းကို ပိတ်ပစ်လိုက်ကာ ကားကူရှင်ကို နောက်သို့လှန်ချလျက် မျက်လုံး မှိတ်ပြီး အသက်ကို ဝဝရှူရလေသည်။ မျက်လုံးမှိတ်ထားသော်လည်း ဖြစ်ပျက်ခဲ့သည့် ပုံရိပ်တွေဟာ မျက်လုံးထဲမှ ထွက်မသွားသေးပေ။

လောလောလတ်လတ် ဖြစ်သွားသော အဖြစ်အပျက်သည် ရွှေးကို ရင်ပွင့်မတတ် တုန်လှုပ်လန့်ထိတ်သွားစေတာမျိုး ဖြစ်သည်။ မြို့ပေါ်မှာ ဖြစ်ပွားနေကြသော အက်ဆီးဒင့်သတင်းတွေကို ကြားရတိုင်း ဘာမဆိုင် ညာမဆိုင် ရင်တုန်ပန်းတုန် ထိတ်လန့်ရသော ရွှေးအတွက်တော့ ကိုယ်ကိုယ်တိုင်က တခြားကားတစ်စီးကို ဝင်ဆောင့်ပစ်သည့် ဖြစ်ရပ်ဟာ တော်တော်နဲ့မေ့နိုင်စရာကောင်းမှာ မဟုတ်တော့ပေ။

ဒါ့အပြင် သတ်မလိုဖြတ်မလိုဖြစ်နေသောယောက်ျားသားအုပ်စုရဲ့ သွေးဆာနေသောပုံစံကလည်း ရွှေးကို ထိတ်လန့်ချောက်ချားစေသည်။ သို့သော် မာထန်သလောက် ကရုဏာရိပ်ဌေ့ငွေ့လွှမ်းနေသည့် မျက်ဝန်းတစ်စုံကြောင့် နည်းနည်းတော့အကြောက်ပြေသွားသည်ဟု ဝန်ခံခဲ့ရပါမည်။

❋ ❦ ❋





"တောက် ... ဟိုခွေးသားတွေကို အပီနှံဖို့ နည်းနည်းပဲ လိုတော့တာကွာ၊ ဟိုကောင်မလေးက ဝင်ရှုပ်လို့"

သော်တာ့ စကားကြောင့် သူက မှိန်းနေရာမှ ခဏခနဲ ခေါင်းထောင်သွားကာ ...

"ဟေ့ကောင် ... မင်းအခု ပစ်လိုက်တဲ့ အုတ်နီခဲက သူ့ကားမှန်ကို သွားထိတာလည်း ပြောဦးလေ။ မင်းတို့ကောင်တွေ ဘာမှပြောမနေနဲ့၊ သူများရပ်ကွက်ထဲသွားပြီး ချဲလင့်ခေါ်နေ၊ ဖိုက်နေကြတာ ဒီလို မိမွေးတိုင်း ဖမွေးတိုင်း အကောင်းပြန်လာနိုင်တာပဲ ကျေးဇူးတင်ဦး ...

သေတော့မလို့"

ကောင်းညီကလည်း သူ့စကားကို ထောက်ခံဟန်ဖြင့် ရှိစုမဲ့စု မွေးထားရသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး လေးငါးပင်ကို ဖွတ်ဆွဲချနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွာ၊ နောက် မင်းတို့တွေ စိတ်လိုက်မာန်ပါ သိဝ်မလုပ်ကြနဲ့၊ ဖြစ်ချင်ရင်လည်း သက်သက်ချိန်းကြ ...

မနေ့က ကောင်မလေးကတော့ တော်တော်လန့်သွားပုံရတယ်။ ဆတ်ဆတ်ကြဲ မဟုတ်တာ တော်သေးတာပေါ့။ နို့မို့ဆို ကွိုင်တွေအားလုံး ရှုပ်ကုန်မှာ ...

သူ့ခများ ကားရော မောင်းနိုင်ရဲ့လား မသိပါဘူး"

သူက အဲဒီစကားကြောင့် ကောင်းညိုကို ဆတ်ခနဲ ကြည့်လိုက်လျှင် ဒီကောင်က သူ့ကိုကြည့်မနေပါ။ သူ့မှတ်ဆိတ်မွေးသူ အသာသပ်ရျက် သူ့ကိုယ်သူ သိုင်းလောက၏ဥသျှောင် လိုလို ဘာလိုလို ဒီရှိုင်းဖမ်းကာနေသည်။

တကယ်တော့ သူ့ရဲ့အတွေးထဲမှာလည်း အဲဒီကောင်မလေးကား ဘယ်လိုမောင်းပြန်သွားသလဲ ဆိုတာသာ မကြာခဏ တွေးနေမိတာ ဖြစ်ပါသည်။

အင်မတန် ထိတ်လန့်တုန်လှုပ်နေသော မျက်လုံးဝိုင်းဝိုင်းလေးများနှင့် သူ့ကို ပြန်ကြည့်နေပုံသည် ဘာကြောင့်မှန်း မသိ၊ သူ့အာရုံထဲမှ ထွက်ခွာမသွားသေးချေ။

"မင်းကလည်း ဟုတ်ပြီ ဟုတ်ရဲ့နဲ့ အနားကပ်ပြီး ဖောရှော သွားရိုက်သေးတယ်။ ပြီးတော့လည်း ဟုတ်တာလည်း မဟုတ်ဘူး"





သော်တာက သူ ကောင်မလေးကို စကားသွားပြောတာကို ဆိုလိုတာဖြစ်သည်။ သူသည် မိန်းကလေးတွေကို စကားပြောဖို့ဝေးစွ စေ့စေ့တောင် မကြည့်တတ်သည့်သူ ဖြစ်လေရာ အဲဒီကောင်မလေးကို ဘာကြောင့် စကားသွားပြောမိပါလိမ့် ဆိုတာကိုလည်း သူ့ကိုယ်သူ မစဉ်းစားတတ်ချေ။

သေချာတာတော့ သူတို့အုပ်စုဟာ ကြွပ်ဆတ်ဆတ်မာကျောကျောတွေ ဖြစ်ကြသော်လည်း ရိုင်းစိုင်းယုတ်မာ မစာမနာ လုပ်တတ်သောသူတွေ မဟုတ်ကြချေ။

"ငါ သူ့ကို ကားမောင်းပေးရမလားလို့ မေးတယ်လေကွာ။ သူမှ လက်မခံဘဲ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

ကောင်းညိုက သူ့စကားကို စိတ်ဝင်စားဟန်ဖြင့် ဆက်မေးလေသည်။

"ဩော် ... ငါတို့ ရှိနေတာ သူ့အတွက် ပိုအနှောင့်အယှက် ဖြစ်မလားလို့လည်း ထင်လို့ပါ။ တော်ပြီပေါ့ကွာ၊ ကိုယ်က ဖွတ်ပြောနေရင်လည်း တစ်မျိုးထင်နေဦးမှာ၊ အဆင်ပြေမှာပါ၊ ဘာပြဿနာမှ မရှိလောက်ပါဘူး ...

မသကာ သူ့အိမ်သူ ဖုန်းဆက်ခေါ်ချင် ခေါ်မှာပေါ့ကွာ၊ အဲဒီလောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူငယ်ချင်းတွေက ခဏတိတ်ဆိတ်သွားပြီး သော်တာက တစ်စခန်း ထ,လာပြန်သည်။

"ဟိုလဒ မျုးဇင် ကတော့ ဗန်ကောက်မှာ အငြိမ်နှပ်နေမှာပေါ့ကွာ၊ ငါတို့ကသာ ဒီမှာ သူ့အရှုပ်ထုပ်ကို ရှင်းပေးနေရတာ ...

ဖွီ ... ဒီကောင် ပြန်လာလို့ကတော့ တစ်ဝိုင်းကျွေးခိုင်းရမှာပဲ၊ မင်းတို့ သဘောတူတယ် မဟုတ်လား"

သူက ဘာမှမပြောပေမယ့် ကောင်းညိုကတော့ ခေါင်းညိတ်ကာ သွက်သွက်ကြီး ထောက်ခံရှာသည်။ သူ(မိုးသက်ထန်)၊ ကောင်းညိုစင်၊ မျုးဇင်မင်း၊ ရဲသော်တာ ဟူသော သူငယ်ချင်းလေးယောက်သည် စိတ်တူကိုယ်တူ မိုက်ရဲ၊ ဆိုးရဲကြသည့် နေရာမှာ တူကြသလောက် မျုးဇင်ကတော့ အားလုံးထက်ပိုစွာ မိန်းကလေးကိစ္စမှာပါ နာမည်ကြီး၍ ဖွံ့သူတစ်ယောက် ဖြစ်သည်။ ခပ်ဆိုးဆိုးကောင်တစ်ယောက်ဟု ထင်စရာမရှိအောင် နုဖပ်ချောနေသလောက် အလှကြိုက်သလောက်၊ လေဒီကြည်သောသူတစ်ယောက်ပင်။

ဘယ်သူပဲဖြစ်ဖြစ် ဒီကောင်ကတော့ လာထား။

တစ်နေ့ကဖြစ်သော ရန်ပွဲဟာလည်း တကယ်တော့ မျုးဇင်ရဲ့ပြဿနာဖြစ်သည်။ သူနဲ့ ငြိနေသော ကောင်မလေးက တခြားကောင်တစ်ကောင်ကိုလည်း အီစီကာလီလုပ်ထားသေးလေ





ရာ အဲဒီအတွက်နှင့် စကားများ ရန်ဖြစ်ကြရတာပင်။ သို့သော် တကယ် သက်ဆိုင်သူက ရှိမနေပေ။ မျုးဇင်ရဲ့အမေက ဗန်ကောက်မှာ ဆေးသွားစစ်သဖြင့် ဒီကောင်ပါ လိုက်ပါသွားလေရာ ဒီမှာကျန်နေခဲ့သော သူတို့က မျုးဇင် ပြဿနာကို ကြားဝင်ဖြေရှင်းပေးရတာ ဖြစ်သည်။

"မိန်းကလေးကိစ္စနဲ့ ရန်ဖြစ်ရတာလောက် အောက်တာမရှိတော့ဘူးကွာ၊ တော်ပြီ ... နောက်တစ်ခါကျရင်တော့ ရှောင်တော့မယ်"

"ဟာ ... ငါတို့လည်း ဘယ်ဖြစ်ချင်ပါ့မလဲ။ ဒီကောင်တွေက တည့်တည့်ကြီး လာထိနေတာတော့ ရှောင်နေရင် ကြောက်ရာကျတယ်လေကွာ"

"အဲဒီတော့လည်း ဖြောင်ဖြောင့်ပြောပြီး ရှောင်ရုံပေါ့"

"အလကားပါကွာ၊ ဒီကောင်တွေကိုက ငါတို့အုပ်စုကို နာမည်ကြီးလို့ အကဲစမ်းချင်နေတာပါ၊ ပြီးတော့လည်း ဟုတ်တာ မဟုတ်ဘူး ...

ငကြောင်တွေ အကြောက်တွေ၊ မျက်လုံးမှိတ်ပြီး ရမ်းချနေတာ။ တော်သေးတာပေါ့ကွာ၊ ဟိုကောင်မလေး ကားရှေ့မှန်ကို သွားမမှန်လို့၊ အင်း ... သူ့ခမျာ တော်တော် လန့်သွားတဲ့ပုံပဲ"

www.burmeseclassic.com



ကောင်းညိုကတောင် ဒါကို သတိတရနှင့် ထပ်ပြောပြန်လျှင် သူသည် ဆံပင်ပျော့ပျော့ ရှည်ရှည်လေးတွေနှင့် ချစ်စဖွယ်ရုပ်ရည်ရှိသော ကောင်မလေးကို ဖျတ်ခနဲ ပြန်မြင်ယောင်လာမိခြွန်သည်။ အခုခေတ် ကောင်မလေး တော်တော်များများ ထားနေကြသော ရှေ့မိကေ (အမှန်တော့ မျက်ခုံးနှင့် တစ်တန်းတည်း ဆံရစ်ချထားသည့်ပုံစံ)နှင့် ကောင်မလေးသည် သိပ်ထူးခြားလှပတာမျိုးလည်း မဟုတ်ပါဘဲနှင့် သူ့စိတ်ထဲ ဘာကြောင့် မှတ်မှတ်ရရ ရှိနေပါလိမ့်။

သေချာတာတော့ မိန်းကလေးတစ်ယောက် ထံမှာ သူ တစ်ခါမှ မမြင်ဖူးသည့် ကြောက်လန့်တုန်လှုပ်နေသည့် မျက်နှာရယ်၊ ခဏမြင်တွေ့ရတာနဲ့ကို သိသာစေနိုင်သည့် ရိုးသားဖြူစင်သည့် ပုံစံလေးကြောင့်သာပဲ ဖြစ်ပါမည်။

* * *





၂

ရွှေးသည် ကော်ဖီသောက်ကာ မုန့်စားနေရင်းမှ နာရီကို တကြည့်ကြည့်နှင့် ရှိနေသည်။ နန္ဒာကား ခုချိန်ထိ ရောက်မလာသေးပေ။ မေမေက ရွှေးရဲ့ပုံစံကို တစ်ချက်အကဲခတ်ကာ ...

"ဟဲ့ ... သမီး၊ အေးအေးဆေး လုပ်မနေနဲ့လေ၊ ကျောင်းချိန် နီးနေပြီ မဟုတ်လား ...

အိမ်ရှေ့မှာ ကားလည်း မထုတ်ရသေးဘူးနဲ့တူတယ်၊ အဖုရေ ... ကိုစိုးအောင်ကို ရွှေးရွှေးရဲ့ကားကို ထုတ်ပေးထားဦးလို့ ပြောလိုက်ဦး"

မေမေက ပါးစပ်ကလည်းပြော၊ လက်ကလည်း ရွှေးရဲ့ကျောင်းထမင်းချိုင့်ခြင်းကို စနစ်တကျ ထည့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးသည် ကော်ဖီဖျော်နေရင်းမှ မေမေ့ကို ကမန်းကတန်း လက်တာဖြလိုက်ရသည်။

"ရတယ် မေမေ၊ ရတယ်၊ မပြောနဲ့ အပု။ ဟို ... ချွေးကို နန္ဒာ လာခေါ်မှာ မေမေ"

"ဟဲ့ ... ဘာလို့လဲ"

"အဟဲ ... ဘာမှ မဖြစ်ပါဘူး မေမေ"

ချွေးသည် အဖြစ်မှန်ကိုလည်း ပြောမပြရဲသဖြင့် တစ်ချက်ရယ်သွမ်းသွေးကာ ခေါင်းထုတ်နေရလေသည်။ အဖြစ်မှန်ကို ပြောပြလိုက်ရင်လည်း စိုးရိမ်ကြီးတတ်သည့် မေမေတို့ စိတ်ပူမှာစိုး၍ဖြစ်သည်။ နန္ဒာကို လာခေါ်ခိုင်းရတာတော့ ချွေးကိုယ်တိုင်က ကားမမောင်းရဲသေး၍ပဲ ဖြစ်ပါသည်။

ကားမောင်းသင်တာတောင် မနည်းရဲဆေးတင်ပြီး သင်ထားရခြင်း ဖြစ်လေရာ ဒီလို လန့်စရာကိစ္စကြီး ဖြစ်ထားတော့ ချွေး ကားမမောင်းရဲတော့။

"ဘာမှမဖြစ်ရင် မောင်းပေါ့ သမီးရဲ့။ ဖြည်းဖြည်းနဲ့မှန်မှန် သတိထားမောင်းရင် ဘာမှမဖြစ်ပါဘူး။ အဲဒီလို ကြောက်ရဲ ကြောက်ရဲ လုပ်နေတာ သဘောမကျပါဘူး ...

မေမေက ချွေးကို ထက်ထက်မြက်မြက်လေး ဖြစ်စေချင်တာနော်_သမီး"





ချွေးက မေမေ့ရဲ့စကားကို နှုတ်ခမ်းလေးတွန့်၊ မျက်လုံးလေးပြူးကာ ပခုံးနှစ်ဖက် အသာကြွတ်ရင်း တုံ့ပြန်တာကို မေမေက အလိုမကျသလို မျက်စောင်းကဲကြည့်နေလေသည်။

မေမေ ဖြစ်စေချင်တာက ချွေးကို သွက်သွက်လက်လက် ထက်ထက်မြက်မြက် ပုံစံမျိုးဖြစ်သည်။ အခုဖြစ်နေသော ချွေးရဲ့ပုံစံဟာ ထုံထုံထိုင်းထိုင်း ခပ်အအလေးတော့ မဟုတ်ရပါ။ သို့သော် တစ်ချက်ကြည့်မိတာနှင့်ကို ရိုးသားဖြူစင်လွန်းကြီးမှန်း သိသာနေသော ပုံစံမျိုးဖြစ်သည်။

တစ်ခုခုဆိုလျှင် အင်မတန် နှလုံးမခိုင်တတ်၊ စိုးထိတ်ကြောက်ရွံ့တတ်၊ သူတစ်ပါးပေါ်မှာ အားနာကြင်နာ သနားတတ်သော ချွေးရဲ့ အပျော့ခံစိတ်ထားလေးကို မေမေက သိပ်မနှစ်သက်ချေ။ ဒါကြောင့် နန္ဒာနှင့်တွဲတာကို အင်မတန် သဘောကျလျက် နန္ဒာလို ပုံစံမျိုးဖြစ်အောင် အမြဲတိုက်တွန်းနေတာ ဖြစ်လေသည်။

"ဝေး ... လေဒီချွေး၊ ပြီးပလားဟော့"

နန္ဒာ အကြောင်း တွေးနေတာမှ မပြီးသေး။ နန္ဒာက ပေါက်ချလို့ လာခဲ့ပြီ။ သို့သော် အသံကိုသာ ကြားရသည်။ လူကို မမြင်ရသေး။ ဒါပေမဲ့ အဲဒီအသံဟာ လူ့ရဲ့နောက်မှာပဲ ကျန်ခဲ့သည့်အသံ ဖြစ်သည်။ ဂျက်လေယာဉ်တွေလို အသံက နောက်မှာကျန်ခဲ့ကာ လူက အရှေ့မှာရောက်နေမြဲဖြစ်သော နန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



သည် ဝုန်းဒိုင်း ဝုန်းဒိုင်းနှင့်ပင် ထမင်းစားခန်းထဲသို့ ရောက်လာခဲ့သည်။

မြင်လိုက်တာနဲ့ကို ခေတ်ကို နှစ်ပြန်လောက်ကျော်တက်ထားပုံရသည့် နန္ဒာသည် ပြင်ပုံဆင်ပုံကအစ ချွေးနဲ့တခြားဆီဖြစ်သည်။

ချွေးက ဂျူးလီယက်ပုံစံ ရှေ့အဝတီ ဆံပင်ညိုညိုဖြောင့်ဖြောင့်လေးတွေနှင့် ဖြစ်သော်လည်း နန္ဒာက ရေစိုအကောက်ဆံပင် ပြောင်ပြောင်လက်လက်။ ဝတ်ပုံစားပုံကျတော့လည်း ချွေးဟာ ခေတ်မီမီ စကတ်အတို၊ ဂါဝန်အတိုလောက်တော့ ဝတ်တတ်သော်လည်း နန္ဒာကတော့ မြင်တဲ့လူ မူးထွက်သွားအောင် ရှုပ်ယှက်ခတ်ဝတ်တတ်သူတည်း။

ခါးပတ်တွေ၊ ခေါင်းစည်းတွေ၊ ရှည်လျားထွေပြားသည့် နားကွင်းတွေနှင့် နန္ဒာသည် ဝတ်စားဆင်ယင်မှု စတိုင်လ်မှာတော့ အတော်နာမည်ကြီးပါသည်။

"ဟိုင်း ... အန်တီ၊ မောနင်းနော် ... မောနင်း"

ဝတ်ပုံစားပုံတင် ထူးခြားတာ မဟုတ်ဘဲ စကားပြောပုံ ဆိုပုံလည်း စတိုင်လ်တစ်မျိုး ထွက်နေအောင် လက်ဟန်ခြေဟန်နှင့် ပြောတတ်သူမို့ နန္ဒာ လာလျှင် မေမေက အလွန်ကျေနပ်ပျော်ရွှင်လေ့ရှိသည်။



"နန္ဒာတို့ကတော့ ဘယ်တော့ကြည့်လိုက် ကြည့်လိုက်၊ တက်ကြွနေတာပဲဟော့"

"ဒါပေါ့ အန်တီ၊ ရိုက်ထ် ... ရိုက်ထ်။ ငှက်အသွင်ပျံကြွမတတ် ဆိုတာမျိုးပေါ့၊ ဟား ဟား ...

ကဲ ... ရယ်ဒီ့ မဟုတ်လား၊ လစ်စို့လေ ချွေး"

"အင်း ... သွားတာပေါ့၊ ကော်ဖီ မသောက်တော့ဘူးလား"

"တော်ပြီ၊ အိမ်က အဝဆွဲလာခဲ့ပြီးပြီ"

ထိုင်ခုံမှာတောင် ဝင်မထိုင်ဘဲ သွားဖို့သာ ခြေလှမ်းပြင်နေသော နန္ဒာ့ကြောင့် ချွေးကလည်း ခုံမှ ထလိုက်ရသည်။ ဒါကို မေမေက စကားဆက်ချင်သေးပုံနှင့် ...

"နန္ဒာရေ ... သမီး သူငယ်ချင်းက ဘာဖြစ်လို့မှန်း မသိဘူး။ ကားမောင်းရတာကို ကြောက်နေပြန်ပြီ"

"ဩော် ... ကြောက်တာ မဟုတ်ဘူး အန်တီ၊ သူ ပျင်းနေတာပါ။ သူက နန္ဒာ မောင်းတာကိုပဲ ဘေးက အခန့်သားထိုင်စီးချင်တာ အန်တီရဲ့"

"အင်း ... အဲဒီ ပျင်းစိတ်ဓာတ်ကြီးကိုလည်း အန်တီက မကြိုက်တာ"

"ဩော် ... သေရေးရှင်ရေးကျ မောင်းတတ်ရင် တော်ပြီပေါ့ အန်တီရယ်၊ ပျင်း စိတ်ဓာတ် ဆိုတာကလည်း

www.burmeseclassic.com

www.burmeseclassic.com



နာစည်သာဆိုးတာ ၊ ဒီမ်တော့ အတော်ရှိတာပဲ မဟုတ်လား ...

ကဲ ... သွားရအောင်။ အန်တီ ... သမီးတို့ သွားပြီနော်"

"ဟုတ်ပါပြီ"

"မေမေ ... ဘိုင့်ဘိုင်"

ချွေးရဲ့ မပွင့်တပွင့် နှုတ်ဆက်သံကိုတော့ မေမေက နှုတ်ခမ်းစေ့ကာ တုံ့ပြန်ရင်း လက်ပြကျန်ရစ်ခဲ့သည်။ တကယ်တော့ နန္ဒာ ပြောသလို ပျော်စိတ်ဓာတ်ဟာ ခိမ်ရှိတာတော့ မှန်လှပေသည်။ နန္ဒာ မောင်းသော ဘေးမှာ စိတ်လွတ်ကိုယ်လွတ်ထိုင်လိုက်ရတာလောက် အေးချမ်းတာ မရှိတော့ပြီ။

ကားထဲက စီဒီကို လှမ်းဖွင့်ကာ သီချင်းနှင့်ငြိမ့်နေသော ချွေးကို နန္ဒာက တံတောင်နှင့် လှမ်းတွက်လျက် ...

"ဘာလဲ ... အခုထိကို ရင်တုန်မပြေနိုင်သေးဘူးလား"

နန္ဒာရဲ့အမေးကို ချွေးက ပြုံးစိစိနှင့် ခေါင်းညိတ်ပြလိုက်သည်။ အဲဒီလို အပြစ်မယူတတ်သော အသည်းယားစဖွယ် မျက်နှာပေးလေးကို နန္ဒာကလည်း ကြည့်မရနိုင်ဆုံးဖြစ်သည်။ လှပ ဒေါသရှိစရာရှိရင် ဒေါသထွက်ရမှာပေါ့၊ ဒီကလေးမလေးဟာ သူများနဲ့ မတူအောင်ကို ပြုံစင်ရိုးသားလွန်းအားကြီးလှသည်။





"နင်ကိုက ကြောက်လွန်းပါတယ် ချွေးရာ။ ဒီလောက်မိုက်ရိုင်းရမ်းကားနေတဲ့ကောင်တွေ ရဲစခန်းကို ဖုန်းဆက်ပြီးတိုင်ပစ်ပေါ့ ...

နေဦး ... ငါတို့အပိုင်းထဲမှာ ဖြစ်တာဆိုတော့ သက်သက်တော့ ဒီနေရာမှာ ချိန်းပွဲလာလုပ်တာ မဖြစ်နိုင်ဘူး။ တစ်ဖွဲ့ဖွဲ့က တစ်ယောက်က ဒီရပ်ကွက်ထဲမှာ နေတဲ့သူဖြစ်ရမယ် ...

ဘယ်သူတွေလဲ"

"ဟယ် ... ငါ ဘယ်သိမလဲ။ အမလေး ... ငါကကြောက်လွန်းတာ မဟုတ်ဘူးနော်၊ သူတို့ပုံစံတွေမြင်ရင် နင်လည်းရှော့ခ်ရသွားမှာပဲ၊ အုတ်နီခဲကြီး ပျံလာတာများ အသက်ထွက်ချင်စရာ ကောင်းတယ်"

"အေးလေ ... အဲဒါပြောတာပေါ့၊ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ ဘာလို့ ဒီလိုရမ်းကားရတာလဲ၊ အရေးမပါတာ ...

ဒီလောက်ဖြစ်ချင်ရင် လူသူမရှိတဲ့ မြို့ပြင်မှာ သွားသတ်ကြပါလား၊ တော်တော် ... ငါနဲ့ မတွေ့လိုက်ရတာနာတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က နန္ဒာ ရောက်လာသည့်တိုင် ရွှေးကား ထိုင်ရာမှ မထဖြစ်သေးချေ။ ကြောက်လန့်တုန်လှုပ်နေသဖြင့် အိမ်ကိုတောင် ချက်ချင်းတန်းမပြန်ဖြစ်ဘဲ အအေးဆိုင်တစ်ဆိုင်မှာ အအေးသောက်ပြီးမှ ပြန်ရတာ ဖြစ်လေသည်။

"နင့်ကို ဘာမှ လုပ်မသွားတာပဲ တော်သေးတာပေါ့"

"အင်း ... ငါလည်း ကြောက်ကြောက်နဲ့ ရှေ့ကရပ်ထားတဲ့ကားကို ဝုန်းဆို ဝင်ဆောင့်လိုက်တာပဲ။ အဲဒီမှာ ပွဲပျက်သွားတာ ...

ကျန်ခဲ့တဲ့အဖွဲ့က တစ်ယောက်က ငါ့ကို ဘာဖြစ်သွားလဲ ဘာညာတော့ လာမေးပါတယ်၊ ငါက မလိုဘူးဆိုမှ မောင်းထွက်သွားကြတာ"

"ဟင် ... ခက်တယ်၊ ခက်တယ်၊ ရွှေးတို့ကတော့ တစ်ခါဆို ဆိုသလောက် ကြုံတတ်တယ်"

နန္ဒာက ခေါင်းတခါခါ လည်တခါခါနှင့် ပြောဆိုကာ မောင်းနေသော်လည်း ရွှေးကတော့ ခပ်အေးအေးပင်။ ခပ်ငြိမ့်ငြိမ့် စီးဆင်းနေသော သီချင်းသံကို နားဆင်ကာ ဘာမှဆက်မပြောတော့ချေ။

လက်မကို အသာကိုက်ကာ တစ်နေ့က တစ်ယောက်ရဲ့ ပုံရိပ်ကပဲ မျက်လုံးထဲကို ပြန်ဝင်လာသည်။ ကိုရီးယားမင်းသား





တွေလို လန်ပျံနေသော ဆံပင်စတိုင်လ် ခပ်မိုက်မိုက်နှင့် လတ်ဆတ်ကြည်လင်သော အသားအရေရှိသည့်သူဟာ ကြည့်ကောင်းချောမောပါလျက်နှင့် ဘာကြောင့်များ လူဆိုးဖြစ်ချင်နေရတာပါလိမ့်။

သန့်ပြန့်သားနားသော ဝတ်စားဆင်ယင်ပုံနှင့် တောလေဂျပိုးပုံစံလည်း မပေါက်သော သူ့ရဲ့ဂျစ်တိဂျစ်ကန်ပုံစံ၊ ရန်ဖြစ်ရဲသော သတ္တိကို ရွှေးက ထူးဆန်းအံ့သြနေရှ၏။

"ဟဲ့ ... ရွှေး၊ ဟိုတစ်နေ့ကကောင်တွေကို ပြန်တွေ့ရင် နင် မှတ်မိလား"

"တစ်ဖွဲ့ကိုတော့ မမှတ်မိဘူး၊ ငါ့ကို စကားလာပြောတဲ့သူကိုတော့ မှတ်မိတယ်"

"အေး ... လမ်းတွေ့ရင် ငါ့ကိုပြ"

"ဟယ် ... ဘာလုပ်မလို့လဲ၊ ပြဿနာတော့ မရှာနဲ့နော်"

"မရှာပါဘူး၊ နင်က ဘာကြောက်နေတာလဲ။ ကြောက်ရမှာက နင် မဟုတ်ဘူးနော်။ သူတို့က ကြောက်ရမှာ ...

တကယ်လို့များ ပြန်တွေ့ခဲ့သည်ရှိသော် ကြောက်ချင်ယောင် ဒုဗ္ဗာယောင် ဆောင်မနေနဲ့ဦး"

"အင်းပါဟာ၊ နင်ကလည်း"

"သူကပဲ စိတ်မရှည်နိုင် ရှိရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချွေးနှင့် နန္ဒာသည် သူတစ်ပြန် ကိုယ်တစ်ပြန်ပြောရင်း ကျောင်းသို့ ရောက်လာခဲ့ကြသည်။ ဒုတိယနှစ်ကျောင်းတွေ ဖြန့်ဖွင့်တာ တစ်ပတ်လောက်ပဲ ရှိသေးသည်မို့ ကျောင်းထဲမှာက အောင်သူတွေ ကျသူတွေနှင့် တရုန်းရုန်း ဖြစ်လို့နေလေသည်။

စာသင်ခန်းထဲသို့ရောက်လျှင် ဆရာ မဝင်သေးသဖြင့် ချွေးနှင့် နန္ဒာသည် ရောက်တတ်ရာရာ စကားတွေကို ဟိုဟိုဒီဒီ ပြောဆိုနေကြတုန်းမှာပဲ အနောက်တန်းမှ ကောင်မလေးတစ်သိုက်ရဲ့ အသံတွေကြောင့် အသာ နားစွင့်မိကြသည်။

"သေချာလို့လားဟဲ့၊ သူတို့က ဒီအတန်းမှာတက်မှာ၊ သေချာလို့လား"

"သြော် ... သေချာပါတယ်ဆို၊ ရုံးလ်နံပါတ်ကောက်တုန်းက ငါ သေချာကြည့်ထားတာ၊ တစ်ဖွဲ့လုံးပဲ။ အားလုံးပါတယ်"

"မှူးလေးရော ... မှူး ... မှူးလေး၊ အဟိဟိ ... ခစ် ခစ်"

ဘယ်လိုရယ်သံမှန်း မသိဘဲ တစ်မျိုးကြီး အမြင်ကတ်စရာကောင်းအောင် ရယ်နေသော အကဲပိုပို အသံကြောင့် နန္ဒက ချွေးကို မျက်စပစ်ပြလေသည်။

"ပါ,ပါတယ် ဆိုနေမှပဲ၊ မှူးဇင်က သိပ်မချောပါဘူးဟာ၊ သူ့ကိုယ်သူ ရှင်ဒေါင်ဟန့်လိုလို ဘာလိုလိုနဲ့"

"အေးလေ၊ ရှစ်မိုင်ရှင်ဒေါင်ဟန့် ... ဟား ဟား ဟား"





"ဟွန်း ... မိန်းမ၊ ညည်းရဲ့လူ တွတ်ပီထက်တော့ သာတယ်နော်၊ သဘောပေါက်""

"ကဲပါ ... ဘယ်သူတွေ ဘာပြောပြော တို့ မိုးသက်ထန်လေးကိုတော့ ဘယ်သူမှ မမီပါဘူး။ ငါ့မှာ ဂျွန်ဟိုလောက်ချောတဲ့ယောက်ျား ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူး ထင်နေတာ သူ့ကိုတွေ့တော့မှပဲ ... ဟဲ ဟဲ ဟဲ"

"အောင်မာ ... ဘာ ဟဲ ဟဲ ဟဲ လဲ။ အသံကြီးကိုက"

"ဟုတ်တယ်လေ၊ မိုးသက်ထန်က ဂျွန်ဟိုနဲ့ မတူဘူးလား၊ ဘယ်နေရာမှ မတူဘူး ဆိုရင်တောင်"

"ဟဲ့ ... ဘယ်နေရာက တူတာလဲ၊ ပြောစမ်း ... ပြောစမ်း"

အဲဒီ ကဲကဲဆတ် အသံတွေကြောင့် ချွေးက ပြုံးစိစိ ဖြစ်နေသော်လည်း နန္ဒာကတော့ နှာခေါင်းကို ပွစိ ပွစိ လှုပ်ကာ စိတ်တိုဟန် ဖြစ်နေချေပြီ။

"သြော် ... ရှင်တို့ကလည်း၊ ဘယ်လိုဖြစ်နေကြတာလဲ။ ပြောမှာပေါ့။ မျက်ခုံးလေ ... မျက်ခုံး၊ သိပြီလား။ မိုးသက်ထန်ရဲ့ မျက်ခုံးက ဘယ်လောက်မိုက်လဲ။ ထူပြီးမည်းနက်ညို့နေတာ၊ အရမ်းလှတယ်၊ အဲဒါကို ပြောတာ"

"သြော် ... တော်သေးပါရဲ့၊ တော်သေးပါရဲ့၊ မျက်ခုံးကယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဘာမျက်ခုံးကယ်လို့တွေ ဘာတွေ လျှောက်ပြောမနေနဲ့၊ အစတည်းက မျက်ခုံးကိုပဲ ဆိုလိုနေတာ။ ရှင်တို့တွေသာ စာတွေးမတွေးဘဲ နှာတွေး တွေးနေတာ"

"ဟယ် ... အဲဒီလိုစိတ်တွေ မရှိရပါဘူးနော် ... ဟီး ဟီး ဟီး"

ဘာရယ်ကြောင့်မှန်း မသိ။ စကားပြောလည်း ရယ်ပြီးမှ ပြောတတ်ကြဟန်တူသော ကောင်မလေးတွေရဲ့ ဘယ်သူတွေကို ဆိုလိုနေမှန်းမသိ ဆိုလိုနေကြကာ ရှုံ့သွပ်နေကြသည့် အကြောင်းရင်းကို ရွှေးက နန္ဒာ့ထံ စပ်စုလိုက်သည်။

သူတို့ကြားမှာလည်း စိုးလှသဖြင့် အသံကို ခပ်နှိမ့်နှိမ့်လုပ်ကာ ...

"နန္ဒာ ... သူတို့ ဘယ်သူတွေကို ပြောနေကြတာလဲ"

ကလေးမများ ရှုံ့သွပ်နေကြသည့် မိုးသက်ထန်၊ မှူးဇင် ဆိုသည့် နာမည်များက မော်ဒယ်ဘွိုင်း၊ အဆိုတော်များလည်း ဟုတ်ဟန်မတူကြပါ။ နန္ဒာက နှုတ်ခမ်းတွေကို အရုပ်ဆိုးအောင် မဲ့ရွဲ့ပစ်လျက် ...

"အလကားပါ၊ မိုက်ကန်းကန်းကောင်တွေကို သူတို့မို့ သည်းနေ၊ ကဲနေကြတာ"

"ဘာလဲ ... ဗိုက်တင်မင်းသား အသစ်တွေလား"





"ထွတ် ... ရွှေးရယ်။ နင်ဟာလေ မဟုတ်တာဆို ရှေ့ဆုံးက တွေးတတ်တယ်၊ ဒီကျောင်းတော်ကြီးရဲ့ ဂုဏ်ထူးဆောင်လူမိုက်တွေကို ပြောနေတာဟဲ့၊ သိလား"

"ဟယ် ... လူဆိုးတွေကို သူတို့က ကြိုက်တယ်၊ ဟုတ်စ"

"ဟုတ်သပါ ... ဟုတ်ရှပါ။ မသိရင်တော့ မိုဒယ်ရှိုးလျှောက်မယ့် တပ်ဖွဲ့ကြီးလို ချီတက်လာကြတာ။ ပုံစံတွေကတော့ လန်ထွက်နေတာပဲ ..."

အမှန်တော့ သူတို့က ငါတို့ထက် တစ်တန်းကြီးတယ်လေ၊ ဒုတိယနှစ်ကျလို့ အခု ငါတို့နဲ့ အတူတူတက်ရမှာ"

ရွှေးသည် နန္ဒာရဲ့ချက်တျလက်ကျ အပြောကို မျက်ခုံးတပင့်ပင့် ခေါင်းတညိတ်ညိတ်ဖြင့် တအံ့တသြ ရှိုးနေလေသည်။

"ဟင် ... နင်က ဒါတွေကို ဘယ်လိုလုပ် သိနေတာလဲ"

"နင်ကတော့ ဘယ်သိမလဲဟဲ့၊ အားရင် ခေါင်းငုံ့ပြီး လက်သည်းကိုက်ဖို့လောက် ချောင်းနေတဲ့ဟာပဲ"

ရွှေးသည် နန္ဒာရဲ့ အပြောကို သဘောတကျနှင့် ခစ်ခနဲရယ်ကာ ထိုမိန်းမလက်မောင်းကိုပင် ဖတ်ခနဲ လှမ်းရိုက်မိသည်။ အဟုတ်ကိုပင် ရွှေးရဲ့အကျင့်တစ်ခုက ဘေးဘီဝဲယာကိုလည်း သိပ်မကြည့်တတ်ပါ။ အားပြီဆိုလျှင် ခေါင်းကို ခပ်ငုံ့ငုံ့ထားလျက် လက်သည်းကိုက်နေရသော အလုပ်ကိုသာ အနှစ်သက်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ချွေး ခေါင်းမော့သောအချိန်သည် တစ်ခုခုကို သဘော သူ၏ အားပါးတရ ရယ်မောတတ်သော အချိန်သာဖြစ်သည်။ အခုလည်း ခေါင်းမော့၍ ရယ်လိုက်စဉ်တွင် မရည်ရွယ်ထားသော မျက်ဝန်းတစ်စုံသည် အခန်းဝမှ ဝင်လာသော ကျောင်းသားတစ်စုကို ဘာရယ်မဟုတ် ဖျတ်ခနဲ လှမ်းကြည့်မိတာဖြစ်သည်။ အဲဒီမှာပဲ ချွေးဟာ မှတ်မှတ်ထင်ထင် ဖြစ်နေဆဲရှိသည့် လူတစ်ယောက်ကို သွားမြင်တွေ့ခဲ့တာ ဖြစ်ပါသည်။

အဲဒီတစ်ယောက်ကို မြင်တွေ့နေစဉ်မှာ မျက်ခုံးပင့် နှုတ်ခမ်းဖွင့်၍ အံ့အားသင့်နေသလို တစ်တန်းလုံးကလည်း မသိမသာတော့ ငြိမ်သက်သွားသည်ဟု ထင်မိလေသည်။ နန္ဒာသည် အပြောင်းအလဲကြောင့် အပေါက်ဝဘက်သို့ လှည့်ကြည့်ပြီးလျှင် ချွေးရဲ့လက်ကို အသာကုတ်လျက် ...

"ချွေး ... ဟိုမိန်းမတွေ ကဲနေတဲ့ မိုးသက်ထန် ဆိုတဲ့သူဟာ အဲဒီတစ်ယောက်ပေါ့၊ ပိုလိုစပို့ရှပ် ဇေဒါအစင်းနဲ့ဟာ"

ချွေးသည် အဲဒီတစ်ယောက်ကို မှင်သက်ကာ ငေးမောနေမိသည်။ တစ်နေ့ကတော့ ကြောက်လန့်တုန်လှုပ်နေတာနှင့် ပေါင်း၍ သူ့ရုပ်သွင်ကို အဲလောက်ကြီး သတိမထားမိခဲ့ချေ။ ဒါတောင် ကြည့်ကောင်းတဲ့ရုပ်သွင် ရှိမှန်းတော့ ထိတ်ထိတ်လန့်လန့် ဂရုပြုမိခဲ့သေးသည်။





သူဟာ ချောတာ မချောတာ အပထား၊ သူ ဝတ်သော ပိုလိုစပို့ရှပ်လက်တို ဇေဒါအစင်းကကိုပင် မျက်စိမခွာချင်စရာ တောက်ပြောင်သားနားလို့နေသည်။ အဲဒါကို အောက်က အနက်ရောင် ဘက်ဂီဘောင်းဘီနှင့် တွဲဖက်ဝတ်စားထားပုံမှာ တက္ကသိုလ်ကျောင်းသားတစ်ယောက် အသွင်ထက် မော်ဒယ်တစ်ယောက်နှင့် ပို၍တူနေစေလေသည်။

နားတစ်ဖက်မှာ ဝတ်ထားသော စိန်နားကပ်၊ လည်ပင်းမှာ ဆွဲထားသော ဖန်စီကြိုးတိုတိုတုတ်တုတ်၊ ဒိုင်ခွက်ကြီးကြီးနှင့် ခပ်မိုက်မိုက်နာရီ၊ လက်ပတ်ကွင်း စသဖြင့် သူ့ကိုယ်သူ အပြတ်သ, ဆင်ယင်ထားပုံမှာ ဖိုက်တင်ပလေးတတ်သောသူမှန်း (မသိလျှင်) လုံးဝမထင်ရချေ။

ဒီလိုပဲ ကျန်တဲ့နှစ်ယောက်ကလည်း တစ်မျိုးတစ်ဘာသာ ကွဲထွက်နေသည့် သန့်ပြန့်သားနားသော ရုပ်ရည်ပိုင်ရှင်များသာတည်း။

"ဟဲ့ ... ချွေး၊ အမလေး ... ငါက သူများကိုသာ ကဲ့ရဲ့နေတာ၊ ငါ့သူငယ်ချင်းကမှ ငုတ်တုတ်ကြီး အသက်ထွက်နေပြီနဲ့တူတယ်"

နန္ဒာက ချွေးကို တံတောင်နှင့် တွက်တော့မှပင် ချွေးက လှုပ်ရှားဖို့ သတိရတော့တာဖြစ်၏။ ချွေးသည် လက်တရမ်းရမ်း၊ ခေါင်းတခါခါနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ဘူး နန္ဒာ၊ အဲ ... အဲဒါ ..."

"အဲဒါ ဘာဖြစ်လဲ"

နန္ဒာက ရွှေး အဲဒီလောက်ကြီး မင်သက်နေပုံကို မကျေနပ်ဟန်ဖြင့် မေးသည်။

"သူ ... သူပဲ ... သူတို့ပဲ"

"ဘာသူတို့ပဲလဲ"

"ဟိုတစ်နေ့က ရန်ဖြစ်ခဲ့တာ သူတို့ပဲ၊ ငါ နောက်ကနေ ဝင်ဆောင့်မိတာလဲ သူတို့ကားပဲ ...

အမလေး ... ဒုက္ခပါပဲ။ ကြောက်လိုက်တာ၊ သူတို့က ဒီအခန်းထဲမှာ စာသင်ကြမှာလား"

နန္ဒာသည် ရွှေးရဲ့ အထိတ်တလန့်ပုံစံကို ကြည့်ကာ သူပါ မျက်လုံးပြူးသွားလေသည်။ ရွှေးကတော့ ခေါင်းငုံ့ကာ ပန်းလျှိုးကွယ်လျှိုးဖြင့် မမြင်အောင် ကွယ်နေပြီဖြစ်သည်။ ရွှေးပုံစံသည် လူသတ်သမား တစ်ယောက် နောက်က လိုက်လာခံရသူလို ကြောက်နေသဖြင့် နန္ဒာက ဟက်ခနဲ ရယ်ချင်သွားသော်လည်း နောက်ချင်စိတ်ကြောင့် ...

"Repeater (ရဲပီတာ)တွေလေ၊ နှစ်ကျတွေပဲ၊ ဒီမှာပဲ တက်မှာပေါ့ ...

နင့်ကို မြင်ရင်တော့ သူတို့ မှတ်မိလောက်မှာပဲ ... ဘယ့်လိုလုပ်မလဲ"





"အား ... ဘာလုပ်ရမှာလဲ၊ စိတ်ညစ်လိုက်တာ"

"စိတ်ညစ်ရင် ပုန်းနေ၊ သူတို့နဲ့ အတွေ့မခံနဲ့၊ အထူးသဖြင့် မိုးသက်ထန်နဲ့ မတွေ့အောင်ရှောင်၊ အဲဒီကောင်က သိပ်အဆိပ်ပြင်းတာ၊ သူတို့လောကမှာ သူ့ကို cobra (မြွေဟောက်)လို့ ခေါ်ကြတယ် ...

အငြိုးကြီးတယ်၊ လက်တုံ့ပြန်တတ်တယ်၊ လက်စားချေတတ်တယ်"

"အမယ်လေး ..., လူရမ်းကားကြီးပဲ၊ ညစ်ပါ့စိတ်"

ရွှေးသည် ကုပ်ကိုပုကာ ပုန်းနေသည့်ကြားမှ သူ့ကို တစ်ချက်တော့ ချောင်းကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။ သူ့သူငယ်ချင်း တစ်ယောက်ကို စကားပြောနေပုံသည် မေးစေ့ကို လက်နှင့်ပွတ်လျှက် မျက်လုံးများကို မှေးစင်းကာ ပြောနေခြင်းဖြစ်သည်မှာ သူ့ကိုယ်သူ ဂိုဏ်းချုပ်ကြီးလိုလိုပင်။

ဟား ... ရွှေးဟာ ကံဆိုးစွာနှင့်မှ ဘာကြောင့် သူတို့နဲ့ သွားဆုံဖြစ်ခဲ့ရတာပါလိမ့်။ သူ့ကို ကြောက်သည့်ကြားထဲမှ ချောင်းချောင်းကြည့်ချင်စိတ် ရှိသေးသည်မှာလည်း ထူးတော့ထူးဆန်းလှသေးသည်။

ကွယ် ... ဆိုကြပါစို့။ သရဲအားကို ကြည့်လည်း ကြည့်ချင် ကြောက်လည်းကြောက် ဆိုတာမျိုးလိုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသွေးစက်(၂)

ဘယ်လိုဘဝနဲ့ အသက်ရှင်ရမယ်လို့
ဘယ်သူက ကြိုသိခဲ့မှာလဲ။
တကယ်တော့ ဘဝဆိုတာ
စာမေးပွဲ [illegible] မေးခွန်းထက် ခက်တယ်။

မေမေရေ ...
ဘဝကပဲ လွဲမှားနေလား
သားကပဲ မှိန်းကားနေလား
သိအိုရီမရှိတဲ့ ရှင်သန်ခြင်းထဲမှာ
သားကို ဘာကြောင့် ထားခဲ့ရတာလဲ။



လမိုက်တဲ့ ညတွေဟာ
သားရဲ့ဘဝနဲ့ ဆင်တူဆိုရင်
လပြည့်နေ့တွေကို ပိုင်ဆိုင်ဖို့
မေမေ့မေတ္တာနဲ့ ရှေ့ရှုပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ၃

သူက ကွန်ဒိုခြံဝင်းတံခါးမကြီးရှေ့ကို ကားကိုထိုး ရပ်ကာ ဟွန်းသုံးလေးဆင့် တီးလိုက်လျှင် ဂိတ်တံခါးက လျှော ခနဲ ပွင့်သွားသည်။ ဂိတ်ခြံဝင်းလေးထဲသို့ အသာငဲ့ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီဆိုလျှင် ဂိတ်စောင့်က သူ့ကိုလက် ပြန်ပြမည်။ ဒါက မရိုးနိုင်သော သူ့ရဲ့အိမ်အပြန် တွေ့ဆုံပုံပဲ ဖြစ်သည်။

ကားပါကင်မှာ ကားရပ်ထားခဲ့ပြီးလျှင် ပထမထပ် သို့ တက်လာခဲ့သည်။ အဲဒီကမှတစ်ဆင့် သူ့ရဲ့အခန်းရှိရာ ခုနစ် လွှာသို့ ဓာတ်လှေကားဖြင့် တက်မည်။ အခန်းတံခါး ဖွင့်လိုက် လျှင် မှောင်မည်းနေသော အခန်းက သူ့ကိုဆီး၍ကြိုဆိုမည်။ ကျင့်သားရနေသော မျက်လုံးများနှင့် လက်တွေက မီးခလုတ်တွေ





ကို ဖွင့်လိုက်လျှင် လင်းသွားရုံမှအပ မထူးခြားသွားသော တိတ် ဆိတ်ခြောက်ကပ်နေသည့် အခန်းက သူ့ကို ထိမထင်ရွာပဲ ကြိုဆို နေလိမ့်မည်။

ဒါဟာ သူ့အခန်းသို့ သူ ပြန်ရောက်စဉ်တိုင်း ကြုံ ရလေ့ရှိသည့် ခံစားချက်ပဲ ဖြစ်ပါသည်။ ဒီနေ့တော့ ခါတိုင်းနဲ့ မတူဘဲ သူ့ရဲ့ခံစားချက်က နက်လို့နေလေသည်။ သူသည်အခန်း ထဲသို့ ဝင်လိုက်စဉ်မှာပဲ နံရံမှာချိတ်ဆွဲထားသော ဖေဖေ့ဓာတ်ပုံ ရှေ့သို့ ရောက်သွားမိကာ ဖေဖေ့ကို အားကိုးတကြီး မော့ကြည့်မိ သည်။

ဓာတ်ပုံထဲမှာ ဖေဖေသည် သူ့ကို နူးညံ့သောအပြုံး နှင့် နှစ်သိမ့်သည့်အလား အေးချမ်းစွာ ပြုံးပြလို့နေသည်။ အဲဒီ အပြုံးကိုမြင်တိုင်း သူ့နှလုံးသား တစ်ခုလုံး မွှန်းရှုနာကျင်ရလေ သည်။ သူသည် ဖေဖေ့ကို ရင်ဖွင့်နေကြ ဖြစ်သည့်အတိုင်း စကား တွေ ပြောမိသည်။

"ဖေဖေရယ် … သားတို့ကို ဘာကြောင့် ထားခဲ့ရတာလဲ။ ဒီလိုကိစ္စမျိုးတွေဖြစ်မှာ ကြိုသိရင် ဖေဖေ ထားခဲ့မှာတောင် မဟုတ်ဘူး …

ဖေဖေ အသေဖြောင့်မှာတောင် မဟုတ်ဘူးနော် … အခုတော့ …"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆို့နင့်ကြေကွဲစွာဖြင့် စကားကို ဆက်တောင် မပြောနိုင်တော့ချေ။ နံရံကိုမှီလျက် လှော်တိုက်ထိုင်ချလိုက်ကာ အဲဒီအတိုင်း ငြိမ်သက်နေမိသည်မှာ အကြာကြီးပင်။ ဒီနေ့တွေ့ခဲ့ရသော မြင်ကွင်းသည် သူ့ရင်ကို ပွန်းပဲ့စွာ နာကျင်ခံစားစေလေသည်။

သူတို့သူငယ်ချင်းတစ်စု ညစာစားနေသောဆိုင်မှာ မေမေတို့မိသားစုက ပျော်ရွှင်စွာဖြင့် ညစာလာစားသော အဖြစ်သည် သူ့ရင်ကို အတိုင်းအဆမရှိ ပေါက်ကွဲစေသည်။ နာကျင်စေလေသည်။ မေမေသည် အပျော်ပီတိတို့ လျှံကျနေသော မျက်နှာဖြင့် သူ့ကိုတောင် မမြင်နိုင်ပေ။ ယောကျ်ားဘက်ကပါလာသော ဝမ်းနင့်လွယ်မမွေးရသည့်သားကို တယုတယနှင့် ဟင်းခပ်ထည့်ပေးနေသော မြင်ကွင်းသည် သူ့အတွက်တော့ ကမ္ဘာပေါ်တွင် အကျည်းတန်ဆုံးပဲ ဖြစ်သည်။

မေမေသည် သူ့အပေါ်တွင် ထင်မှတ်မထားသော ရက်စက်မှုတွေကို ပေးခဲ့သူ ဖြစ်ပါသည်။ အတိတ်ကို ပြန်တွေးကြည့်လျှင် ပုံရိပ်တို့က ချက်ချင်းပင် ခါးသီးသွားရသည်။ ဖေဖေက သူ ဆယ့်ငါးနှစ်သားအရွယ်တွင် ဆုံးပါးသွားခြင်းဖြစ်လျက် တစ်နှစ်ခန့်အကြာမှာ မေမေက ငယ်ချစ်ဟောင်းဖြစ်သူနှင့် ပြန်လက်တွဲခဲ့ခြင်း ဖြစ်သည်။ အဲဒီအတွက် သူဟာ ခါးခါးသီးသီး တိုက်ဖျက်ခဲ့သော်သည်း ဘယ်လိုမှ ဖျက်၍ မရနိုင်တော့ချေ။





ယောက်ျမဖြစ်သူ ဘွားဘွားကို ကန်တော့လျက် ခင်ပွန်းသည်နောက်ကို လိုက်ပါသွားခဲ့ခြင်း ဖြစ်လေရာ သူ့ကိုလည်း လိုက်ခဲ့ဖို့ အတန်တန်ခေါ်သော်လည်း သူက စိတ်နာစွာဖြင့် မလိုက်ခဲ့ချေ။ ဘွားဘွားနှင့်သာ အတူကျန်ရစ်ခဲ့ရသည်။

အဲဒီကစလို့ သူ့ရဲ့စိတ်တွေဟာ ခက်ထန်ကြမ်းတမ်းလျက် လောကကြီးကို အကောင်းမမြင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဘွားဘွားဟာလည်း ဖတဆိုးမြေးဖြစ်သူ သူ့ကို အစွမ်းကုန်အလိုလိုက်ခဲ့သဖြင့် သူဟာ ထူးခြားလိမ္မာခြင်းလည်း မရှိခဲ့။ လောကကြီးကို ဂျစ်တိုက် အရွဲ့တိုက်ဖို့သာ စိတ်ဈေးရှိခဲ့သူ ဖြစ်ပါသည်။

ပြီးခဲ့တဲ့နှစ်က ဘွားဘွား ဆုံးသွားလျှင် မေမေက သူ့ကို သူတို့နှင့်အတူတူ လိုက်နေဖို့ လာခေါ်ခဲ့တာကို မှတ်မိသေးသည်။

"အရင်တုန်းက သားကို ဒီမှာထားခဲ့တယ် ဆိုတာက သားကို အုပ်ထိန်းမယ့် အဘွားရှိလို့ ထားခဲ့တာ ...

အခုတော့ သား တစ်ယောက်တည်းနေဖို့ အဆင်ပြေမှာ မဟုတ်ဘူးလေ၊ ဒီတော့ သား မေမေတို့နဲ့လိုက်နေပါ"

"မနေနိုင်ဘူး မေမေ။ ကျွန်တော် ဒီမှာပဲ နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး သား။ လူကြီးမိဘ အုပ်ထိန်းမှု မရှိဘဲနဲ့ မင်းတစ်ယောက်တည်း ဖြစ်ချင်တိုင်း ဖြစ်နေမှာကို မေမေ မလိုလားဘူး ...

ဒီမှာ သား။ မေမေဟာ မင်းရဲ့အမေဆိုတာကိုရော သိသေးရဲ့လား"

မေမေက ဥပေက္ခာပြုခံရတာကို မခံစားရက်နိုင်ပုံဖြင့် ခပ်ဆတ်ဆတ်အော်လျှင် သူက မချိစွာ ပြုံးမိသည်။

"သိပါတယ် မေမေ၊ သိလို့လည်း ဒီလောက် ထိခိုက်ခံစားနေရတာပေါ့။ ကျွန်တော့် စိတ်ဆင်းရဲမှုတွေနဲ့လဲပြီး ရခဲ့တဲ့ မေမေရဲ့ ပျော်ရွှင်မှုတွေကို မေမေ တစ်ယောက်တည်းပဲ သီးသန့်ခံစားပါ ...

ကျွန်တော်တို့ ဝေးနေတာပဲကောင်းပါတယ်။ အတူတူနေရင် ဒီ့ထက် စိတ်ဆင်းရဲစရာတွေ ကြုံလာမှာ အာမခံတယ်၊ ဒီတော့ အတူတူ လာနေဖို့ ဘယ်တော့မှ ထပ်မခေါ်ပါနဲ့တော့"

မေမေက သူ့ကို အံ့ကြိတ်ကြည့်လျက် မျက်ရည်တွေ တွေတွေကျနေတာကို သူက မခံစားချင်တော့သဖြင့် ကျောခိုင်း ဥပေက္ခာပြုလိုက်ရလေသည်။





အဲဒီလိုနှင့် သူ့ကို ထပ်ခေါ်ဖို့ မေမေ မကြိုးစားတော့။ သူဟာလည်း ဘွားဘွားရဲ့ အမွေအနှစ်ဖြစ်သော သိရိရိပ်သာခြံမှာ မနေဖြစ်တော့ချေ။

ကြီးမားကျယ်ဝန်းသော ခြံကြီးသည် ခမ်းနားလှပသော်လည်း ပျော်စရာ အတိတ်တွေက ကျန်ရစ်ခဲ့ပြီ ဖြစ်သဖြင့် သူဟာ ဒီခြံမှာလည်း ဆက်မနေလိုတော့ပေ။ ချစ်သော ဘွားဘွား၊ ချစ်သော ဖေဖေတို့ရဲ့ အရိပ်အငွေ့တွေ တစ်ချိန်က ဖေဖေ မေမေနှင့်သူ မိသားစုသုံးဦး ပျော်ရွှင်ခဲ့ဖူးသော ခြံကြီးကို ရောင်းဖို့ရာလည်း နှမြောသဖြင့် လေးလေးနှင့် တိုင်ပင်လိုက်သည်။

လေးလေးက ဖေဖေ့ရဲ့ညီဖြစ်ကာ သူ့ရဲ့တစ်ဦးတည်းသော ဦးလေးလည်း ဖြစ်သည်။ ဘွားဘွားဟာ သူ့အတွက်အမွေအနှစ်များစွာ ထားပေးခဲ့သလို နှောင်ရေးအတွက် စိတ်အေးရအောင် လေးလေးရဲ့ လုပ်ငန်းတချို့ထဲမှာလည်း ရှယ်ယာတွေ ဝယ်ထည့်ထားခဲ့သဖြင့် ငွေရေးကြေးရေးက ပူစရာမလိုခဲ့။

"သားက ဒီခြံကြီးကို ဘာလုပ်ချင်လို့လဲ၊ ဒီမှာဆက်နေလည်း ဖြစ်တာပဲ၊ ဒါမှမဟုတ် လေးလေးတို့နဲ့ လာနေလည်းဖြစ်တာပဲ"

အဲဒီလိုလည်း သူကမနေချင်ပြန်ပေ။ သူက သူ့ဟာသူ လွတ်လွတ်လပ်လပ်ပဲ နေလိုလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခြံကြီးက ကျွန်တော့်အတွက် အရမ်းကျယ်လွန်းနေတယ် လေးလေး။ ပြီးတော့ ဘွားဘွားနဲ့ မေမေ့ကိုလည်း ပိုသတိရစရာ ဖြစ်တယ် ...

ကျွန်တော် ကွန်ဒိုတစ်ခန်းလောက်ဝယ်ပြီး အဲဒီမှာပဲ နေမယ်၊ ဒါကိုတော့ စိတ်ချရတဲ့လူကို ငှားခဲ့ချင်တယ်"

"အင်းလေ ... အဲဒီလိုပဲ လုပ်တာပေါ့။ ငှားချင်တဲ့ ကုမ္ပဏီတွေ၊ သံရုံးတွေ ရှိပါတယ်။ လေးလေးပဲ စီစဉ်လိုက်မယ် ...

သားလိုချင်တဲ့ ကွန်ဒိုလည်း လေးလေးပဲ ရှာပေးမယ်"

"ကျေးဇူးပဲ လေးလေး"

အဲဒီလိုနှင့် သူက တစ်သက်လုံး နေထိုင်ခဲ့ရာ သိရိရိပ်သာကို စွန့်လွှတ်လျက် သူ့တစ်ကိုယ်ရေစာ အဆင်ပြေသော ကွန်ဒိုမှာ ပြောင်းနေလိုက်တာဖြစ်သည်။ ဟိုခြံကြီးထက်စာလျှင် ဒီကွန်ဒိုဟာ သူ့အတွက် အတော်အဆင်ပြေသည်။

စကားတွေ အပိုပြောနေစရာ၊ စိမ်ကွပ်ကဲနေစရာ ဘယ်လူမှလဲ မရှိတော့။ အိမ်ခန်းသန့်ရှင်းရေးကို ကုလားလေးတစ်ယောက်က တစ်ပတ်တစ်ခါ လာလုပ်ပေးသည်။ ဗိုက်ဆာလျှင် အနားမှာရှိသော ရက်စတောရင့်သို့ ဖုန်းဆက်မှာလိုက်လေသည်။

သူ ဒီမှာပြောင်းနေမှန်း သိသွားလျှင် မေမေက အူယားဖားယားဖြင့် အပြေးလာခေါ်သေးသည်။





"သား ... မင်း ဘာတွေ အဓိပ္ပာယ်မရှိ လုပ်နေတာလဲ။ မေမေ့ကို ဒီလောက် နှိပ်စက်ရ တော်ရောပေါ့ သားရယ်။ မေမေနဲ့ ပြန်လိုက်ခဲ့ပါ ...

မင်း တစ်ယောက်တည်း ဒီမှာ ဘယ်လိုလုပ် ဖြစ်မှာလဲ"

"ကျွန်တော် အားလုံး အဆင်ပြေပါတယ်"

"ဘာအဆင်ပြေတာလဲ၊ မင်းတစ်ယောက်တည်း ဖြစ်ချင်တိုင်းဖြစ်ပြီး အဆင်ပြေနေတာကို ပြောတာလား"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့။ ပင်ပန်းပါတယ်"

သူ့မျက်နှာပေးနှင့် အပြောကို မေမေသည် အံကြိတ်ကြည့်နေလျက် မခံနိုင်သည့် အဆုံးတွင် ပေါက်ကွဲဟန်ဖြင့် သူ့ပခုံးကို ဆောင့်တွန်းလေသည်။ ပြီးလျှင် မျက်နှာကို လက်ဝါးနှင့် အုပ်လျက် ရှိုက်ကြီးတငင် ငိုတော့လျှင် သူသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် အံကို တင်းတင်းကြိတ်ထားရလေသည်။

တကယ်တော့ မေမေဟာ သူ့ကို သိပ်ချစ်မှန်း သူလည်းသိသည်။ အဲဒီလိုပင် သူကလည်း မေမေ့ကို အသက်တမျှ ချစ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေမရှိတော့သည့် နောက်ပိုင်းမှာ ပို၍အားကိုးယုံကြည်စွာ ချစ်ခဲ့သေးသည်။ သို့သော် အဲဒီယုံကြည်ချက်တွေအားလုံးကို မေမေက တစ်စစီ စုတ်ဖြဲပစ်တာ ဖြစ်လေသည်။

အဲဒီအတွက် သူဟာ ဘာကိုရှက်ရွံ့မှန်းမသိ ရှက်ရွံ့သလို၊ နာကြည်းတုန်လှုပ်ခဲ့ရသည်။ သူနှင့် နှစ်ယောက်တည်းဘဝကို မေမေ ဘာကြောင့် မရပ်ထားချင်ခဲ့ရတာလဲ။ ဒီလောက်ပြည့်စုံနေသော အနေအထားမှာ ...

ယောကျ်ားတစ်ယောက်ကို ဘာ့ကြောင့် အားကိုးအားထားအဖြစ် လက်ထပ်ခဲ့ရတာလဲ။ ဒီမေးခွန်းတွေရဲ့ အဖြေကို လိုက်မမီချေ။

ဒီလိုနှင့် သူဟာ ချို့တဲ့နေသော မေတ္တာတရားတွေရဲ့အောက်မှာ ဆက်လက်ရှင်သန်ရင်း ခပ်ဆိုးဆိုးလူငယ်တစ်ယောက်အဖြစ် ကျော်ကြားခဲ့ရတာ ဖြစ်တော့သည်။





၄

ကျောင်းကပြန်လာပြီး ရေမိုးချိုးပြီးသော ရွှေးကို မေမေက တာဝန်တစ်ခု ပေးလာခဲ့သည်မှာ မနက်ဖြန်တွင် ကျင်းပမည့် ဘုရားကိုးဆူပွဲအတွက် အနီးအနားက ခြံတွေကို ဖိတ်စာဝေခိုင်းခြင်းပဲ ဖြစ်ပါသည်။ ဒါကို ရွှေးက ချက်ချင်း လက်မခံချင်။ အင်တင်တင် လုပ်နေသဖြင့် မေမေက ...

"ရွှေးနော် ... အဲဒီလို လူတောမတိုးချင်တာတွေ မကြိုက်ပါဘူး၊ သွား ... သေချာဖိတ်ခဲ့။ သြော် ... ဒါနဲ့ ဘေးခြံက လူသစ်တွေ ပြောင်းလာပြီလို့ ပြောတယ် ...

နာမည်တွေလည်း မသိရဘူး၊ အဲဒါ သေချာမေးပြီး သေချာဖိတ်ခဲ့၊ သမီး အရည်အချင်းကို မေမေ ကြည့်မယ်"

"အပု လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချွေးက နှုတ်ခမ်းဆူဆူနှင့်ပြောလျှင် မေမေက လက်ညှိုးတစ်ချောင်း ခါယမ်းလျက် ...

"ဘာအပုမှ မခေါ်နဲ့၊ အပု ခေါ်သွားရင် အပုကပဲ ရှေ့က ပြောသွားမှာ၊ နင်က နှုတ်ပိတ်ကြီး လုပ်နေမှာ မသိဘူး မထင်နဲ့၊ ကဲ ... ကဲ ... သွား ...

အဲဒီ ချွေးဟာလေ ပြောရင် ပေကတ်ကတ်နဲ့"

မေမေက ကျောကိုပါ တွန်းလွှတ်နေသဖြင့် ချွေးက မကျေမနပ် ရှုပွပွနှင့် ထွက်လာခဲ့ရ၏။

လမ်းထဲတွင်ပဲ ဖိတ်ရမှာမို့ ဖိတ်စာက သိပ်မများချေ။ ဆောခြံကို အရင်ဖိတ်ခဲ့ဖို့ ကြံသော်လည်း လှုရိပ်လှုယောင် မမြင်ရသဖြင့် ချွေးက တခြားခြံတွေ အရင်လိုက်ဖိတ်လိုက်သည်။ ပြီးတော့မှ တစ်စောင်တည်း ကျန်တော့သော ဖိတ်စာကိုကိုင်ကာ ဆောခြံကို လှုရိပ်လှုယောင် ကြည့်ရလေသည်။

သံတိုင်ခန့်ခန့်ကြီးတွေ ကာရံထားသော ခြံတံခါးဟာ လုံလွန်းအားကြီးသဖြင့် အထဲကို သိပ်မမြင်ရချေ။ နောက်တော့မှ ချွေးသည် ဘဲလ်နှိပ်ဖို့ သတိရလျက် လက်အလှမ်းမှာပင် ...

"ဝေါင်း ... ဝုတ် ... ဝုတ် ... ဝုတ်"

"အမယ်လေး ... လုပ်ပါဦး"

"ဟော့ကောင့် ဆော်ဘီ၊ ငြိမ်ငြိမ်နေစမ်း"



အဲဒီအသံသုံးခုဟာ တစ်ပြိုင်နက်လိုလို ဖြစ်တာဖြစ်လျက် ချွေးဟာ ထိတ်လန့်စရာကောင်းသော ခွေးကြီးရဲ့ ခုန်အအုပ်ကို မြင်အတွေ့မှာ ကြောက်လန့်တကြား ခုန်ရှောင်ရင်း နောက်သို့ ပက်လက်လန် လဲကျသွားတော့တာ ဖြစ်သည်။ ကိုယ့်ကံကြမ္မာကိုယ် မတွေးရဲသော ချွေးဟာ မျက်လုံးကို မဖွင့်နိုင်တော့ဘဲ ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့တုန်လှုပ်၍ ရှိသည်။

မျက်လုံးကိုလည်း မဖွင့်ရဲသေး။ ခွေးဟောင်သံ မကြားရတော့သော်လည်း ချွေးရဲ့အနားသို့ လူတစ်ယောက်က ချက်ချင်းရောက်လာပြီးတော့လျှင် စိုးရိမ်တကြီးဖြင့် ...

"ကိုက်မိသွားလားဟင်၊ ဘယ်နား ထိသွားလဲ"

ချွေးသည် လှုသံကြားမှပင် မျက်လုံးဖွင့်ကြည့်မိတော့ကာ ချွေး အနီးတွင် မှဆိုးရှူးထောက်ထိုင်လျက် ချွေးကို စိုးရိမ်တကြီး ငုံ့ကြည့်နေသော ချွေးတို့နှင့် ရွယ်တူလောက်ရှိမည့် လူတစ်ယောက်ကို တွေ့လိုက်ရတာဖြစ်သည်။

သူ့ရဲ့ စိုးရိမ်တကြီး မျက်လုံးများက စကတ်အတိုဝတ်ထားသော ချွေးရဲ့ခြေသလုံးများထံ ဒဏ်ရာရှာသလို စေ့စေ့ကြည့်နေသဖြင့် ချွေးမှာ အမြန်ထရသည်။ ရုတ်တရက်မို့ တော်တော်နှင့် မထနိုင်လေရာ သူကပါ ကမန်းကတန်း ဝင်တွဲပေးသေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှ ... ရပါတယ်"

ချွေးက သူ့လက်တွေကို မသိမသာ ဖယ်ထုတ်ရင်း မတ်တတ်ရပ်လိုက်လျှင် သူက ချွေးကိုပဲ စိုးရိမ်တကြီး ကြည့်နေကာ ...

"ကိုက်မိသွားလားဟင်၊ သေချာကြည့်ရှုဦး"

ကာယကံရှင်ထက်ပင် စိုးရိမ်ပူပင်နေသော သူ့ကို ဘာအခုမှ ကြောက်ပါပြီလဲ ဟူသော ပုံစံဖြင့် မျက်စောင်းထိုးပစ်ချင်သော်လည်း အောင့်အည်းထားရလေသည်။

ကံကောင်းထောက်မစွာဖြင့် ချွေးဟာ ထိမိခိုက်မိတာ မရှိပါ။ သို့သော်လည်း အစွယ်တဖွေးဖွေးနှင့် ဒိုဘာမင်ခွေးကြီးရဲ့ပုံစံကို မျက်လုံးထဲမှကို မထွက်သေးချေ။ နှလုံးသားတစ်ခုလုံးဟာ ဖုတ်လှိုက် ဖုတ်လှိုက်ခုန်နေလျက် အဆော်ဆိုးသော ဝေဒနာပဲ ဖြစ်ပါသည်။

သူက ရင်တုန်ပန်းတုန် ဖြစ်နေသော ချွေးရဲ့ပုံစံကို အကဲခတ် ရိပ်မိရုံဖြင့် ...

"တော်တော်လန့်သွားတယ်နဲ့တူတယ်။ ဆောရီးဗျာ၊ ခင်ဗျားက ခြံထဲကို ကြည့်နေသလို ဖြစ်နေတာဆိုတော့ ဘော်ဘီက ဟောင်လိုက်တာပါ"





"ကျွန်မက ဟိုအက်ခြံကပါ၊ မနက်ဖြန် ဘုရားကိုးဆူလှုပ်မှာမို့ လာဖိတ်တာ"

"ဪ ... ဟုတ်လား၊ ဆောရီးဗျာ တောင်းပန်ပါတယ်၊ အိမ်ထဲဝင်ပါဦးလားခင်ဗျာ၊ ကျွန်တော်တို့က ပြီးခဲ့တဲ့နှစ်ရက်လောက်ကမှ ပြောင်းလာကြတာပါ"

"ဟုတ်ကဲ့၊ အဲဒါကြောင့် နာမည်တွေ မသိရသေးတော့လေ ဖိတ်စာကို ဒီအတိုင်းပဲ ယူလာတာပါ၊ စိတ်တော့ မရှိပါနဲ့နော်"

သူက ချွေး အပြောကို ဟက်ခနဲ ရယ်လေသည်။ ချွေးသည် သူရယ်တာကို မခံစားနိုင်အောင်ဘဲ မလှမ်းမကမ်းရှိ ခွေးကြီးကိုသာ မျက်လုံးထောင့်ကပ်လျက် အာရုံစိုက်နေရသည်။ အခုတော့လည်း ထိုခွေးကြီးဟာ သူ မဟုတ်ခဲ့သည့်အတိုင်း ခပ်တည်တည်နှင့် ကူနေ့ရရုပင်။

"ရပါတယ်၊ အခုလို ခင်ခင်မင်မင်နဲ့ လာဖိတ်တာကိုပဲ ကျေးဇူးတင်နေပါပြီ။ ကျွန်တော့်နာမည် မျိုးလေပြေ ပါ"

"ဟုတ် ... ကျွန်မက မြချွေးမုံပါ၊ ဖေဖေက ဦးကျော်သောင်း၊ မေမေက ဒေါ်နုယဉ် ပါ ...

မနက်ဖြန်ကျရင် ကိုမျိုးလေပြေတို့ တစ်မိသားစုလုံး ဆက်ဆက်ကြွရောက်ပေးပါနော်၊ အန်ကယ်နဲ့ အန်တီတို့ကိုလည်း သေချာဖိတ်ပါတယ်လို့ ပြောပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စိတ်ချပါ၊ အိမ်ထဲဝင်ပါဦးလား မြွေးမုံရဲ့၊ မေမေ ရှိတယ် မိတ်ဆက်ပေးမယ်လေ"

"ဩော် ... ရပါတယ်၊ မနက်ဖြန်မှပဲ တွေ့ကြတာပေါ့၊ ရွှေး ကိစ္စလေးတွေ ရှိသေးလို့ပါ။ မနက်ဖြန် ဆက်ဆက် သာ လာခဲ့ပါနော်"

သူက ရွှေး မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်လျက် နှင့်သီးစွာပြုံးကာ မျက်တောင်တစ်ချက် ခတ်ပြသည်။ အဲဒီအပြုအမူသည် ဆက်ဆက်လာခဲ့ပါ့မယ် ဟူသော ကတိစကားကို အကြိမ်တစ်ရာလောက် ပြောတာနှင့် ညီမျှလောက်သည်အထိ လေးနက်ခိုင်မြဲစေလေသည်။

"ရွှေးကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ... ခုလို ခင်မင်စရာကောင်းတဲ့ အိမ်နီးချင်းတစ်ယောက်နဲ့ ဆုံတွေ့ရတာ ဝမ်းသာပါတယ် ...

ကျေးဇူးပဲနော်"

အမှျင်မပြတ်ချင်သေးသော သူ့စကားတွေကို ရွှေးဟာ အပြုံးတစ်ခုနှင့် ခေါင်းညိတ်နှုတ်ဆက်ပြလျက် ထွက်ခွာလာခဲ့ရသည်။ ရွှေးတို့ခြံရှေ့ ရောက်သည်အထိ သူက မဝင်သေးချေ။ မသိမသာ လှည့်ကြည့်မိသော ရွှေးကို လက်တစ်ဖက်ထောင်ပြ၍ ပင် နှုတ်ဆက်လိုက်သေးသည်မို့ ရွှေးက ခပ်သုတ်သုတ်ပင် ဝင်လာခဲ့ရသည်။





ခြံထဲမှာ လမ်းလျှောက်ရင်း ရွှေးကို စောင့်နေသော မေမေက ...

"အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ်၊ ဟိုဘက်ခြံမှာ ခွေးရှိတယ် မေမေ၊ ရွှေးကို ကိုက်တော့မလို့"

"အင်း ... ဖြစ်ရမယ်၊ သေချာရော ဖိတ်ခဲ့ရဲ့လား"

"ဖိတ်ခဲ့ပါတယ် မေမေရဲ့၊ တစ်အိမ်လုံး ကြွခဲ့ကြပါလို့၊ သူတို့သေချာလာမှာပါ၊ ဟဲ ဟဲ"

"အောင်မယ် ... သူက အတပ်သိနေပါ့ပုံ"

"ဟုတ်တယ်၊ တကယ်ပြောတာ မယုံရင်စောင့်ကြည့်"

မေမေက ရွှေးကို အမျက်မပါသော မျက်စောင်းတစ်ချက် ကဲကြည့်လိုက်လျှင် ရွှေးသည် လုပ်နေကျ ပုံစံအတိုင်း မျက်လုံးပြူးလျက် ပခုံးနှစ်ဖက် ကျုံ့ပြလိုက်ကာ အသာရယ်မော ထွက်လာခဲ့လေသည်။

ဟုတ်တယ်။ တကယ်ကိုပဲ ရွှေး သိနေသည်။ ဟိုမျိုးလေပြေ ဆိုတဲ့ ကဗျာဆန်ဆန် နာမည်နဲ့လူဟာ သူ့မိသားစုနှင့်တကွ အတူကြွရောက်လာမယ် ဆိုတာကိုပေါ့။ တစ်ဆက်တည်းမှာပင် ရွှေးသည် လေပြေ ဆိုသော နာမည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် မိုးသက်ထန် ဆိုသော တစ်ယောက်ကို ဖျတ်ခနဲသွားသတိရမိသည်မှာ ထူးတော့ ထူးဆန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန် ဆိုသော နာမည်နှင့်လိုက်အောင် သူ့မျက်နှာဟာ အမြဲထန်နေလျက် လေပြေ ဆိုသော တစ်ယောက်ကတော့ လေပြေလို နူးညံ့တဲ့အပြုံးတွေနဲ့ဆိုတာ မှတ်မှတ်ရရ သတိထားမိခဲ့ရသည်။

* * *

[illegible] [illegible] [illegible] ပေးပို့လိုပါလျှင်
[illegible] [illegible] [illegible] (၆)[illegible] [illegible]
[illegible] [illegible] စေတနာစာပေသို့ ပို့နိုင်ပါသည်။





ခြေး ခန့်မှန်းပေးလိုက်သလိုပင် တစ်ပက်ခြမ်းမှ လေပြေတို့မိသားစုအားလုံး ခြေးတို့ ဘုရားကိုးဆူပွဲသို့ ရောက်လာခဲ့ကြသည်။ သူတို့မိသားစုမှာ သိပ်များများစားစား မဟုတ်ချေ။ ခြေးတို့လိုပင် မိသားစုသုံးဦးတည်းသာ ဖြစ်ပါသည်။ သူတို့ ရောက်လာသောအချိန်တွင် ခြေးကား ထောင့်ကျကျ စားပွဲတစ်လုံး၌ နန္ဒာနှင့်ထိုင်ကာ ကျောက်ကျောစားနေချိန် ဖြစ်သည်။ စားရင်းနှင့်ပင် တစ်နေ့က ခြေးကိုက်ခံရမလိုဖြစ်သော ကိစ္စကို ပြန်ပြောပြနေချိန်လည်း ဖြစ်ပါသည်။

"ခြေးရယ် ... နင်လည်း မေဒင်လေး ဘာလေးကြည့်ဦး၊ ယတြာချေသင့်ရင်လည်း ချေရအောင် ...

ရန်ပွဲနဲ့ ပက်ပင်းတိုးလို့တိုး၊ ကားမှန်ကို အုတ်နီခဲ မှန်၊ သူများကားကို ဝင်ဆောင့်တယ်၊ အခုလည်း ခြေးကိုက် ခံရဖို့ သီသီလေးပဲ လိုတော့တဲ့ အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာသည် ပြောလည်းပြော စားလည်းစား၊ ကျောက်ကျောတစ်ပန်းကန် အကြီးကြီးကို သူ တစ်ယောက်တည်း မောင်ပိုင်စီးထားလျက် ခက်ရင်းကို ပေးကိုမပေးတော့ချေ။ ရွှေးက ဘာမှပြန်မပြောဘဲ ပြုံးလျက်ရှိနေတုန်းမှာပင် မျက်လုံးက အိမ်ထဲသို့ ဝင်လာသော လေပြေတို့မိသားစုကို သွားမြင်တွေ့တာဖြစ်သည်။

မေမေက အပေါက်ဝမှာတင် ကြိုဆိုနေပြီမို့ ရွှေးက ထိုင်ရာမှ မထသေး။ လေပြေရဲ့မျက်လုံးတွေဟာ တစ်ယောက်ယောက်ကို ဝေ့ဝဲရှာဖွေနေသလို အိမ်ထဲမှာ ဝဲပျံနေလျှင် အသာ ကျိတ်ပြုံးမိသေးသည်။

"နန္ဒာ ... ငါပြောတဲ့ မိုးလေပြေ ဆိုတာ ဟိုကတစ်ယောက်ပဲ"

"ဟော ... ဟုတ်လား"

နန္ဒာက အခုမှပင် ကျောက်ကျောပန်းကန်ကို လွှတ်လွှတ်တော့သည်။

"အင်း ... ကြန်အင်လက္ခဏာကတော့ မဆိုးရှာပါဘူး၊ သူ ကောင်းသားလေးပဲ၊ မယ်ရွှေးတို့တော့ အိမ်နားမှာတင် အငြိမ်လှုပ်ရှားနိုင်ပြီပေါ့၊ ဟုတ်လား"

"နန္ဒာနော် ... ပေါက်ကရတွေ လာပြောမနေနဲ့"





"အမလေး ... ပြီးတော့မှ ဟိုဘက်ခြံက ချစ်သူဆိုပြီး လာမလုပ်နဲ့။ ဟဲ့ ... ကိုယ်တော်ချောရဲ့ မျက်လုံးတွေက ဂနာမငြိမ် ကျီးကန်းတောင်းမှောက် ဖြစ်နေပါပြီရော့လား ... ရွှေး ... ရှေ့တန်းကို အမြန်ထွက်၊ ဒါမှမဟုတ် ဒီဝိုင်းကို ခေါ်လာခဲ့၊ ရုပ်ရှင်တွေထဲကလို လူငယ်တွေ အေးအေးဆေးဆေး စကားပြောကြမယ်"

ရွှေးက နန္ဒာ့ အပြောကို တခစ်ခစ် ရယ်မောနေတုန်းမှာပင် မေမေသည် သူ့ကိုခေါ်ဆောင်ကာ ရွှေးနှင့် နန္ဒာ နှစ်ယောက်တည်း ထိုင်နေသော စားပွဲဝိုင်းသို့ ရောက်ရှိလာခဲ့လေသည်။

"ဟဲ့ ... ရွှေး၊ သြော် ... ကြည့်စမ်း၊ သူက ဧည့်သည်ပြန်လုပ်နေတယ်၊ ဒီမှာ သူငယ်ချင်းကို ခေါ်ဦးလေ၊ သား ... ဒီဝိုင်းမှာပဲ ထိုင်လိုက်နော်၊ လူငယ်အချင်းချင်း လွတ်လွတ်လပ်လပ်ပေါ့၊ ဟိုဘက်ဝိုင်းမှာက မိတ်ဟောင်းဆွေဟောင်းတွေ ပြန်ဆုံနေကြလို့"

မေမေ့စကားက နန္ဒာ့စကားနှင့် ကွက်တိဝင်နေသည်မို့ နန္ဒာက ရွှေးကို အသာလက်ကုတ်လိုက်တာကို ရယ်ချင်နေသော်လည်း မရယ်ရဲချေ။ သူ့ကိုသာ အလျှင်အမြန် ခရီးဦးကြို ပြုရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးလေပြေ ထိုင်ပါရှင်၊ ထိုင်ပါ"

သူက ပြုံးလျက် ခေါင်းညိတ်ကာ တင်ပျဉ်ခွေ ဝင်ထိုင်သည်။ အဲရီးစပို့ရှပ်အဖြူနှင့် အပြာစင်းကို နက်ပြာရောင်စိုလက်နေသည့် ပုဆိုးကွက်စိပ်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံသည် ရှင်းသန့်မွန်ရည်သော လူငယ်လေးတစ်ယောက်၏ အသွင်ကို အပြည့်အဝ ပေါ်စေလေသည်။

ချွေးက ကြာဆံချက်တွေကို ခပ်ထည့်ပေးကာ သူ့ရှေ့သို့ ချပေးလိုက်ရင်းမှ ...

"သုံးဆောင်ဦးနော် ... အားမနာနဲ့ အဝစားရမှာ"

သူက ပြုံးလျက်ပဲ ခေါင်းညိတ်ပြသည်။ အားနာဟန် ရှိုးတိုးရှန့်တန့် ဖြစ်ဟန်လည်း သူ့မှာ မရှိပါ။ အေးအေးဆေးဆေးပဲ ငံပြာရည်နည်းနည်း၊ အချဉ်နည်းနည်း၊ ရေတတ်သီးမှုန့်နည်းနည်း ပနိုဟာ ဒီဟာ ထပ်ထည့်ရင်းမှ ...

"ကျွန်တော့်ကို ကိုမျိုးလေပြေလို့ ခေါ်ရတာ ပင်ပန်းပါတယ်၊ ကျွန်တော်က ချွေးနဲ့ ရွယ်တူပါပဲ၊ ကျွန်တော့်ကို လေပြေလို့ပဲ ခေါ်လို့ရပါတယ်"

"ရှင် ... ဪ ... ဟုတ်ကဲ့။ ဟို ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ ချွေးရဲ့သူငယ်ချင်းပါ၊ နန္ဒာလို့ခေါ်တယ်၊ နန္ဒာ



ဒါကတော့ ဟိုဘက်ခြံကို အသစ်ပြောင်းလာတဲ့သူပေါ့၊ မျိုးလေပြေ ... တဲ့"

နန္ဒာတို့က ဒါမျိုးဆို သွက်လေသည်။ အပြုံးတစ်ချက်နှင့် ခေါင်းညိတ်ပြကာ ...

"ဟုတ်ကဲ့ ... ကျွန်မ နန္ဒာပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ပါ နန္ဒာ၊ Same to you (မင်းလိုပါပဲ)"

သူက ရည်မွန်ယဉ်ကျေးစွာပဲ ပြန်လည်နှုတ်ဆက်လေသည်။

သူသည် ကြာဆံချက်ကိုလည်း ပုံမှန်စားနေရင်းမှ ...

"ချွေးတို့က ကျောင်းတက်နေကြတယ်နော်၊ ဘယ်မှာတက်တာလဲ"

"ဒဂုံမှာပါ ဖစ်စစ်နဲ့၊ လေပြေကရောဟင်"

"ကျွန်တော်က ဆယ်တန်းကို ဖိုက်ဒီနဲ့ အောင်ထားတယ်၊ ကျောင်းဆက်မတက်ဖြစ်ဘူး၊ တိုဖယ်လ်ဖြေဖို့ လုပ်နေတယ်"

"ဟုတ်လား၊ ဖိုက်ဒီထွက်ထားတယ်ဆိုတော့ တော်တာပေါ့၊ ဘာလို့ ဆေးမတက်တာလဲ၊ ဝါသနာမပါလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို သွက်သွက်ကြီး ဝင်မေးသူက နန္ဒာပဲ ဖြစ်သည်။ ရွှေးကတော့ အပြုံးငြိမ်ငြိမ်တစ်ခုနှင့် နားထောင်ရုံပင်။ သူက နန္ဒာ့အမေးကို ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ်၊ ကျွန်တော် ဝါသနာမပါဘူး၊ ကျွန်တော်က အင်ဂျင်နီယာရင်းဝါသနာပါတာ၊ ဟိုမှာပဲ စက်မှုကျောင်း ဆက်တက်လို့ရအောင် try မယ်"

"အင်း ... ဒါလည်း ကောင်းတာပါပဲ၊ စား ... စား ... လေပြေ၊ ထပ်ထည့်ဦးလေ၊ စကားများနေတာနဲ့ပဲ စားရတာ အနှောင့်ယှက် ဖြစ်နေပြီ ...

ဒီအိမ်ရှင်တလည်း ထပ်ထည့်ဖို့ကို တစ်ခွန်းမဟဘူး ထပ်ထည့်ပါဦး လေပြေ"

နန္ဒာပြောတော့မှပင် ရွှေးဟာ သူ့ကို လိုက်ပွဲဖြည့်ပေးဖို့ သတိရတော့သည်။ ဟင်းရည်ချိုင့်ကို မ,နေသော ရွှေးကို သူက လက်ကာပြလျက် စားလက်စပန်းကန်ကို လက်စသတ်နေသည်။ ရွှေးသည် ကိုယ့်ရဲ့ဧည့်ဝတ်မကျေပွန်မှုကို အလွန်အမင်း အားနာသွားကာ ...

"မ ... မဟုတ်ဘူးလေ။ ထပ်ထည့်ပါဦး"

"တော်ပြီ ရွှေးရဲ့"





သူက ပန်းကန်ကို တွန်းဖယ်ကာ လက်သုတ်ပဝါဆီ လက်လှမ်းလေသည်။ အခုမှ စွဲမလျှော့ချင်သော ရွှေးက ယောက်ချိုကြီးကို လွှတ်မချသေးဘဲ ထပ်ထည့်ဖို့ တတွင်တွင် တောင်းဆိုတုန်းပဲ ဖြစ်သည်။ နန္ဒာက ရွှေးရဲ့အဖြစ်ကို မုန်းစရာကောင်းအောင်ပင် တဟာစ်ဟစ်နဲ့ ရယ်လို့နေလေသည်။

သူက ရွှေးကို ကလေးတစ်ယောက်နှယ် ချော့မော့ပြန်စိုက်ကြည့်ရင်းမှ ...

"ကျွန်တော် ဝပါပြီ ရွှေးရဲ့။ တကယ်ပြောတာ၊ ဒီမှာ ကျောက်ကျောနဲ့ ဆနွင်းမကင်းလည်း စားချင်သေးလို့ပါ၊ နန္ဒာ စားနေတာ ကျောက်ကျောက တော်တော်ကောင်းမယ့်ပုံပဲလေ၊ အဲဒါကြောင့်"

သူက ဒီလိုပြောမှပဲ ရွှေးက လက်လျှော့လိုက်တာ ဖြစ်သည်။ သူ့ရှေ့သို့ ကျောက်ကျောပန်းကန် ချပေးလိုက်လျှင် သူက ချက်ချင်းကောက်စားလေသည်။ ပြီးလျှင် ရွှေးကို မပြုံးတုံ့တုံ့ စိုက်ကြည့်လာလျက် ...

"ရွှေးက စကားနည်းတယ်နော်"

ရွှေးက ဘာမှတောင် ပြန်မဖြေရသေး နန္ဒာက သွက်သွက်လက်လက်ကြီး ဝင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လေပြေရေး ရွှေနဲ့ တွေ့တဲ့လူက ဘာမှ မပြောနိုင်ရင် ပျင်းဖို့သာ ပြင်ထားပေတော့၊ ရှင့်နာမည်နဲ့ လိုက်ဖက်အောင် သူ့ရှေ့မှာ လေပြေတွေလိုတော့ သွားမနှဲ့လေနဲ့ ...

သူက လေနီကြမ်း တိုက်သလို မိုးသက်မုန်တိုင်း ထန်ပေးမှ"

သူက နန္ဒာ့စကားကို သဘောတအားကျသွားသည့် ပုံစံနှင့် တဟားဟား ရယ်မောလို့သာ နေလေသည်။ ရွှေသည်လည်း ပြုံးစစ ဖြစ်သွားခဲ့သော်လည်း "မိုးသက်မုန်တိုင်း ထန်ပေမှ" ဟူသော စကားအရောက်တွင် အတန်းထဲက ခပ်ထန်ထန်တစ်ယောက်ကို ဖျတ်ခနဲ သတိသွားရမိခဲ့သေးသည်။

အို ... သူ့ကို မဆီမဆိုင် သတိရနေမိခဲ့တာ နှစ်ခါတောင် ရှိပါပကော။

"မိုးသက်မုန်တိုင်းတော့ မထန်ပါရစေနဲ့လားဗျာ။ လေပြေတိုက်ရုံနဲ့လည်း သစ်ရွက်လေးတွေ လှုပ်စေတာပါတယ် ...

နော် ... ရွှေ။ ဟုတ်တယ်မှုလား"

သူက ရွှေကို အဖော်စပ်သလို ပြန်၍လှမ်းမေးသည်။





သူ မေးပုံကြီးဟာ ဘယ်လိုကြီးမှန်းလဲ မသိချေ။ ရွှေဟာ ရိုးပင်ရိုးသော်ငြားလည်း အ,တော့ မအ,သေးသူမို့ သူ့အဖြေကို ဆင်ဖွေ့ရန်ရှောင် လှဲပ်ပစ်လိုက်ရသည်။

"မသိဘူးလေ"

သူက ရွှေ ညစ်လိုက်တာကို သဘောကျသလိုနှင့် ပြုံးရုံသာ ပြုံးနေလေသည်။ အဲဒီအချိန်မှာပဲ သူ့မိဘတွေက ပြန်ကြတော့မည်မို့ တစ်ယောက်က လာခေါ်ပေးသည်။ သူက မတ်တတ်ထရပ်လျှင် လူကြီးတွေကို လိုက်နှုတ်ဆက်ပို့ဆောင်ပေးဖို့ရာ ရွှေပုါ ထလိုက်ရသည်။

တစ်လိုင်တည်းမှာပင် အတော်ခင်မင်ရင်းနှီးသွားဟန်ရှိသော မေမေနှင့် သူ့မိခင်တို့က စကားတွေ အမျှင်မပြတ်ကြသေးချေ။ ရွှေတို့ ရောက်လာတာမြင်လျှင် မေမေက သူ့အမေနှင့်ရွှေကို မိတ်ဆက်ပေးလေသည်။ သူ့မိခင်သည် ရွှေကို ချစ်ခင်နှစ်လိုသော မျက်လုံးများဖြင့် ပြုံးကြည့်လျက် ...

"သမီးလေးက ချောလိုက်တာကွယ်၊ မမနုတို့ကတော့ ဒီလိုသမီးမျိုး ရထားတာ သိပ်ကံကောင်းတာပဲ၊ သိပ်လိမ္မာမယ့်ပုံပဲ"

ဟု ချီးကျူးစကား ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးက ပြုံး၍ ခေါင်းညိတ်နှုတ်ဆက်ရုံမှအပ ဘာမှ ထောတွတ်ပြန်မလုပ်တတ်ချေ။ မေမေက သူ့ကိုပဲ မေးဆတ်ပြကာ ...

"လေပြေရော စားရသောက်ရတာ အဆင်ပြေရဲ့လား။ ချွေးကတော့ သိပ်ညှော်မခံတတ်ဘူးနော်"

"မဟုတ်ပါဘူး အန်တီ။ သူ ညှော်ဝတ်ကျေပွန်ပါတယ် ခင်ဗျာ။ စားလို့လည်း ကောင်းပါတယ်"

"ဩော် ... နှစ်ခုလုံး အဆင်ပြေတယ်ပေါ့၊ ဒါဆို ဝမ်းသာစရာပါပဲ၊ ချွေးက စကားနည်းတယ် သားရေ။ သည်းခံပြီး ပေါင်းတတ်မှ"

"အို ... မေမေကလည်း"

ချွေးက ဝင်ဟန့်လျှင် သူတို့သားအမိ နှစ်ယောက်စလုံး ရယ်ကြသည်။ ချွေးသည် သူတို့သားအမိနှစ်ယောက်ရဲ့ မျက်နှာကို သေချာပြုံးပြ နှုတ်ဆက်နေရင်မှ ကွဲပြားသော အရာတစ်ခုကို စိတ်ထဲမှာ မှတ်မှတ်ထင်ထင် သတိထားမိလိုက်လေသည်။

အဲဒါကို မအောင့်နိုင်လွန်းသဖြင့် သူတို့မိသားစု ပြန်သွားတာနဲ့ မေမေ့ကိုတောင် ချက်ချင်း ပြောပြမိသည်။

"မေမေ ... သူတို့သားအမိနှစ်ယောက်ရဲ့ ပုံစံက တစ်မျိုးပဲနော်"





"ဘာတစ်မျိုးလဲ ချွေးရယ်။ ကျောက်ကျောဗန်းအသစ်ထပ်ထုပ်ဖို့ ဒေါ်ကြိုင့်ကို သွားပြောဦး"

"အင်းပါ ... သူတို့နှစ်ယောက်က ရုပ်လည်းမတူဘူးနော်၊ အို ... ရုပ်မတူတာထက် တစ်မျိုးပဲ သိခြားစီလို့ ထင်ရတယ် ...

သိလား မေမေ။ ပြီးတော့လေ သမီး အဲ့ဒီအန်တီရဲ့ မျက်နှာကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ။ ဟုတ်တယ်၊ မြင်ဖူးတယ်"

မေမေက ချွေးရဲ့ပုံစံကို စိတ်မရှည်တော့သည့်သဏ္ဌာန်ဖြင့် နောက်ကျောကို တွန်းထုတ်ကာ ပါးစပ်ကလည်း မြည်တွန်တောက်တီးလိုက်သေးသည်။ မေမေက နေရာတကာမှာ စိတ်မြန်ကိုယ်မြန် ခပ်ထက်ထက်ဖြစ်၍ ချွေးလို ဖီလင်သမားနှင့် ဘယ်တော့မှ အစေးကပ်သည်၊ စိတ်ရှည်သည်ဟူ၍ မရှိပါ။

"ကဲ ... သွားပါတော့ ချွေးရယ်၊ ညည်းဟာလေ စာရေးဆရာမလုပ်ဖို့ပဲ ကောင်းတော့တယ်၊ တွေ့သမျှလူရဲ့ ကာရိုက်တာတွေကိုပဲ မလွတ်တမ်း ဖတ်နေတော့တာပဲ ...

သွား ... သွား ... ငါခိုင်းတာ မြန်မြန်သွားလုပ်ချေ"

"ဟာ ... ဒီက တကယ်ပြောနေတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



ချေး ဘယ်လိုပြောပြော မေမေက ဂရုမစိုက်တော့ချေ။ ချေးသာလျှင် နှုတ်ခမ်းဆူလျက် ခြေထောက်ဆောင့် ကျန်ရစ်ခဲ့ရသည်။ ချေးကတော့ ချေးထင်တာ မှားသည်ဟု မထင်ချေ။ တကယ်ကိုပဲ အဲဒီအန်တီကို ချေး တစ်နေရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးခဲ့တာ သေချာပါသည်။ ဘယ်နေရာမှာလဲ ဆိုတာတော့ ဘယ်လိုမှ စဉ်းစားမရတာ ဆိုးလှသည်။

မေ့နေတာကို စဉ်းစားထုတ်ဖော်၍ မရတာလောက် အသည်းယားစရာ မရှိတော့ချေပြီ။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၅

"ဟ ... ဘာလဲကွာ၊ ကျော့တာလား ... တောက်"

သူသည် ကျောင်းလမ်းထဲမှာတောင် ကျော်တက်ချင်လှသော နောက်ကကားကို ဒေါသထွက်ထွက်ဖြင့် ဘက်မှန်ထဲမှ စူးစူးစိုက်စိုက် ကြည့်မိလေသည်။ ထိုကားဟာ ကျော်လည်းကျော်တက်ချင်သည်။ မလွှတ်တလွှတ် အခနေအထားမှာ စွန့်စားပြီးတော့လည်း ကျော်မတက်ရဲ။

သူသာဆိုလျှင်တော့ အေးဆေးကျော်တက်ပြီးနေပြီ။ အစပိုင်းက ဒေါသထွက်သော်လည်း နောက်တော့ နောက်ကကားမောင်းသူရဲ့ အကျွမ်းကျင်နည်းသေးမှုကိုကြည့်ကာ ရယ်ချင်လာသည်။

"တကယ့်ကောင်ပဲကွာ၊ သနားစရာ သတ္တဝါ၊ ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူက သဘောကျသလိုပင် ဖြစ်လာလျက် ဘုက်မှန်ထဲမှနေ၍ နောက်ကားကို သေချာထပ်ကြည့်မိသည်။ အဲဒီမှာတွင် တခုခုဆို အမှတ်သည်းခြေကြီးတတ်သော သူ့မှတ်ဉာဏ်တွေက နောက်ကကားကို ဖျတ်ခနဲ မှတ်မိသွားသည်။ တကယ်တော့ နောက်ကကားလို အမျိုးအစားဖြစ်သည့် စုပါရှဖ်ဖင်ကောက်တွေဟာ ပုံစံတူတွေ အများကြီးပဲ ဖြစ်သည်။

သို့သော်လည်း ကားမောင်းသူ နေရာမှာ အရုပ်လေး တစ်ရုပ် တက်မောင်းနေသလို မောင်းနေတဲ့ ပုံစံမျိုးကတော့ နှစ်ယောက် သိပ်မရှိနိုင်ဟု ထင်ပါသည်။ ဒီကလေးမဟာ ကားကို ကောင်းကောင်းမောင်းတတ်ပုံ မရချေ။ အင်း ... ရင်လေးသေးတော့။

သူ့အတွေးသူ ပြန်သတိရသွားလျှင် သူက တိတ်တဆိတ် ပြုံးမိသွားသေးသည်။ ပြီးလျှင် သူက ဘာဘီအရုပ်မလေးကို ကျော်တက်ခွင့် ရစေရန်အတွက် လွတ်လွတ်ကျွတ်ကျွတ်ကြီးကို လမ်းပေးလိုက်ပါသည်။

(သူ့ရာဇဝင်တွင်တော့ ကျားကျားမမ လမ်းဖယ်ပေးခဲ့ခြင်းမှာ ဒါ ပထမဦးဆုံးပဲ ဖြစ်သည်။)

သူကတော့ ကျော်တက်သွားသော ကောင်မလေးရဲ့ ကားနောက်က အသာကပ်လိုက်လို့ လာခဲ့သည်။ ဒီလိုနှင့် ကား





ပါ့ကင်သို့ရောက်လျှင် သူမက တော်တော်နဲ့ ပါကင်ဝင်လို့မရတာကိုလည်း သူက စိတ်ရှည်လက်ရှည် စောင့်ပေးရသည်။ ဒါတောင် သူမ ရပ်ထားတာက တည့်တည့်မတ်မတ် မဟုတ်ချေ။ သူကတော့ သူမလေးရဲ့ဘေးမှာ ခပ်သွက်သွက် ဝင်ရပ်လို့ပြီးသွားသည်။

နှစ်ယောက်စလုံးမှာ ကားပေါ်မှ ပြိုင်တူဆင်းမိသွားချိန်ဝယ် သူမက သူ့ဘက်သို့ မသိမသာ ခိုးကြည့်တာကိုလည်း သူက မြင်ဖြစ်အောင် မြင်လိုက်သေးလေသည်။ ပထမတော့ သူမက အမှုမဲ့ အမှတ်မဲ့ပင်။ သို့သော် သူ့ကို ချက်ချင်းပဲ မှတ်မိသွားပုံပေါ်ပါသည်။

ဝိုင်းစက်သွားသော မျက်လုံးများကို ချက်ချင်းပဲ သိမ်းလို့သွားကာ ကပျာကယာ ထွက်သွားဖို့ ဟန်ပြင်သည်။ သူသည် ထိုမျက်ဝန်းများ၏ အဓိပ္ပာယ်ကို နားလည်ရိပ်မိစွာဖြင့် သူမအနားသို့ ရောက်သွားကာ ...

"ဟွိုက်"

သူ ခေါ်လိုက်တာက မတိုးမကျယ် လေသံသဲ့သဲ့မျှသာဖြစ်သည်။ သို့သော် သူမကား ပခုံးနှစ်ဖက် ကျုံ့သွားသည်အထိ တောင် ဆတ်ခနဲ တုန်သွားသည်အထိ လန့်သွားတာ ဖြစ်လေသည်။ သူသည် အဲဒီလောက် လန့်ဖျပ်သွားတာကို ရယ်လည်းရယ်ချင်သလို အံ့လည်း အံ့ဩရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို လှည့်လည်းမကြည့်ဘဲ တုန်တုန်ယင်ယင်အသံနှင့်ပင် ...

"ဆော ... ဆောရီးပါရှင်၊ တောင်း ... တောင်းပန်ပါတယ်၊ ကျွန်မက ရှင်မှန်း မသိလို့ပါ"

သူသည် သူမစကားကို မျက်ခုံးနှစ်ဖက် စုမိသည်အထိ အံ့ဩသွားရလေသည်။ ရုတ်တရက်မို့ ဘာမှန်းတောင် နားမလည်ချေ။ သူ့ကို ကျောပေးထားတာလည်း မဟုတ်၊ အတည့်လှည့်ပြောတာလည်း မဟုတ်ဘဲ ကိုယ်တစ်ခြမ်း စောင်းနေသည့် ကြောက်ရွံ့ရွံ့ သူမပုံစံကို သူ့မှာ ရယ်လည်း ရယ်ချင်သလို အံ့လည်း အံ့ဩရသည်။ ပြီးတော့ ထူးဆန်းသေးသည်။

အသစ်ပါလား တာဘီအရုပ်လေးရယ်။

သူက ဘာမှန်းညာမှန်း မသိသေးသော်လည်း သူမကို နောက်ချင်သည့်စိတ်ဖြင့် ...

"ကိုယ်မှန်းသိရင်ရော"

"သိ ... သိရင် မလုပ်ပါဘူး"

သူမ စကားကို သူက နောက်တစ်ကြိမ် မျက်ခုံးပင့်မိကာ ...

"နေပါဦး၊ ဒီဘက်လှည့်ပါဦး၊ မင်းက ကိုယ့်ကို သိလို့လား"

"သိ ... ဟုတ် ...။ အဲ ... အဲ ... မသိ ... မသိပါဘူး"





သူမပုံစံက အခုနကထက်တောင် ကြောက်လန့်တုန်လှုပ်လာသည့်ပုံစံရှိသည်။ သူသည် နားမလည်ခြင်းများစွာနှင့် တအံ့တဩပင်။

"ဒီမှာ ပလိစ်၊ ဒီဘက်ခဏ လှည့်စမ်းပါကွာ၊ မင်းကို ကိုယ် ဘာမှမလုပ်ပါဘူး။ မင်း ကြည့်ရတာ နော်မယ်မဟုတ်သလိုပဲ ...

ဘာဖြစ်နေတာလဲ၊ ကိုယ့်ကို ကြည့်စမ်း"

အဲဒီအခါကျမှ သူမက ဆရာရှေ့ရောက်သော တပည့်မလေးလို ကြောက်ရဲ ကြောက်ရဲဖြင့် လှည့်လာလေသည်။ သို့သော် သူ့မျက်နှာကို မော့တောင်မကြည့်ချေ။ သူကသာ ဒီလောက်တုန်လှုပ်နေသည့် အကြောင်းရင်းကို သူမလေးထံတွင် ရှာကြည့်မိသည်။

စတွေ့တဲ့နေ့တုန်းကတောင် သူမ ဒီလောက်ကြောက်မနေခဲ့ပါ။

သူမက စေ့စေ့စပ်စပ် ကြည့်နေပုံကို မခံနိုင်တော့သည့်ပုံဖြင့် သူ့မျက်နှာကိုလည်း မလွဲတလွဲကြည့်ကာ ...

"ကျွန်မကို သွား ... သွားခွင့်ပြုပါတော့နော်"

အဲဒီအသံလေးဟာ သူ့ရင်ထဲကို ဘယ်လိုဖြတ်စီးသွားမှန်း မသိပေ။ နူးညံ့သိမ်မွေ့ခြင်းတွေကို နှစ်သက်စွာ မေ့စား



www.burmeseclassic.com

www.burmeseclassic.com



တတ်သော သူ့အတွက်တော့ တိုးသက်တုန်ခါနေသည့် အဲဒီအသံလေးကို ကြားရတဲ့အခိုက်သည် ကမ္ဘာ့အချိုမြိန်ဆုံး ဆည်းလည်းသံလေးတွေအနား ရောက်သွားသလိုပဲ ဖြစ်လေသည်။

"ခဏ ... ခဏ နေပါဦး။ မင်း ကြည့်ရတာ တစ်ခုခုကို ထိတ်လန့်နေသလိုပဲ၊ ဘာဖြစ်နေတာလဲ ...
ကိုယ့်ကို ကြောက်နေတာလား"

"ဟို ... မဟုတ် ... မဟုတ်ပါဘူး"

"ဒါဖြင့် စိတ်ဆိုးနေတာလား"

ဒီလိုကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်မှန်း သူ သိပြီးသားပဲ ဖြစ်သည်။ သူ့ရဲ့ပြုံးစစပုံနှင့် ငုံ့အမေးကို သူမက ရှက်သွားဟန်ဖြင့် မျက်နှာတစ်ပြင်လုံး ပန်းရောင်ဖြတ်ပြေးသွားသည်။

ဟား ... ဒီကလေးမလေးဟာ စကားပြောကြည့်လေလေ စိတ်ဝင်စားဖို့ ကောင်းလေလေပါပဲလား။ မြင်လိုက်တာနှင့် ကို ရိုးသားအပြစ်ကင်းခြင်းနှင့် ဖြူစင်ရှင်းသန့်ခြင်းတို့က ဘွင်းဘွင်းကြီး ပေါ်ထွက်လောက်အောင် သူမပုံစံလေးက နုနယ်ချစ်စဖွယ် ကောင်းစေသည်။

သူသည် တစ်ထိုင်တည်းမှာပင် အရုပ်ကလေးကို နှစ်သက်ခုံမင်သွားပြီဖြစ်သည်။

"ဟုတ် ... ပြောလေ"





"မဟုတ်ပါဘူး၊ ကျွန်မ သွားပါရစေတော့နော်၊ သွားခွင့်ပေးပါ"

"နေပါဦး၊ ဘာလို့ အရေးတွေ ကြီးနေတာလဲ၊ မင်း အခုန က ပြောတာ ကိုယ့်ကို သိတယ်ဆို။ ဘယ်လိုလဲ ဟိုတစ်နေ့က မင်း အိမ်ပြန်ရတာ အဆင်ပြေရဲ့လား"

"ပြေ ... ပြေပါတယ်"

"မှင်းဘာသာ မောင်းပြန်တာလား"

သူမက အထင်သေးရန်ကော ဟူသော မျက်လုံးမျိုးဖြင့် မျက်လုံးတစ်ချက် ဝင့်ကြည့်လေသည်။ အဲဒီလိုကျတော့လည်း ရဲဆေးတင်ထားသည့် ယုန်မလေးလိုမဲ ဖြစ်သည်။

"ရှင်နဲ့ ဘာဆိုင်လို့ မေးနေတာလဲ။ အဲဒီနေ့က ရှင့်ကားကို ဝင်ဆောင့်မိတာကို အလျော်တောင်းချင်လို့လား"

သူမက နှုတ်ခမ်းဆူကာ မပွင့်တပွင့် ပြောနေခြင်းဖြစ်လေရာ သူက ကားဘော်ဒီကိုမှီလျက် လက်နှစ်ဖက်ပိုက်ကာ အဲဒီပုံစံကို စိမ်ပြေနပြေမဲ ကြည့်နေမိလေသည်။

"မင်း နာမည် ဘယ်လိုခေါ်လဲ"

"အံမယ် ... ဘာဖြစ်လို့ ပြောပြရမှာလဲ"

ဒီလိုကျတော့လည်း သူမက အစွာလေးပဲဖြစ်သည်။ သူသည် သူမကို စိတ်ထဲတွင် ဘာဘီအရုပ်မလေးဟု တိတ်တခိုး



www.burmeseclassic.com

www.burmeseclassic.com



နာမည်ဆေးထားလျက် အချိန်နှင့်အမျှ စိတ်ဝင်စားမှုက တိုးတက်လျက်ရှိသည်။

"ဩော် ... တောင်းပန်ချင်လို့ပါ။ အဲဒီနေ့က ဖြစ်ရပ်အတွက် စိတ်မကောင်းပါဘူး။ နော် ... စိတ်မဆိုးနဲ့ ...
မင်းနဲ့ မိတ်ဆွေဖြစ်ခွင့် ရှိမလားဟင်"

"ရှိပါဘူး၊ သိလည်း မသိဘဲနဲ့"

သူမက ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်ပြေးသွားလျှင် သူသည် မျက်ခုံးပင့်၍ အံ့အားတကြီးဖြစ်ကာ ရယ်ဟဟနှင့် ကျန်ရစ်ခဲ့ရသည်။ သူမပုံစံသည် တက္ကသိုလ်ကျောင်းသူတစ်ယောက်ထက် အထက်တန်းကျောင်းသူလေးနှင့်သာ ပို၍တူပါသည်။ သူ မြင်ဖူးတွေ့ဖူးနေကြ မိန်းကလေးတွေလို ရှိုးများများ ပုံစံလည်း မရှိ။ မာယာအတာညက်သည့် ဒီဇိုင်းတွေလည်း ကင်းစင်လှသော ဘာဘီအရုပ်မလေးဟာ ဘယ်သူများပါလိမ့်။

သူမလေးက ဘယ်ကပါလိမ့်။ ပန်းပွင့်ဖတ်လေးတွေလို နုးညံ့သော သူမလေးကို သဘောကျ နှစ်လိုစိတ်တို့သည် သွေးကြောထဲမှတစ်ဆင့် နှလုံးသားထဲသို့ စီးဆင်းသွားလေသည်။

❋ ❦ ❋





ကန့်တင်းထဲသို့ ပြုံးစစဖြင့် ဝင်လာသောသူ့ကို သူငယ်ချင်းတွေက တခြားကမ္ဘာက ရောက်လာသော ဂြိုဟ်သားနှယ် အထူးအဆန်း ဝိုင်းကြည့်နေကြမှန်း သိသော်လည်း သူက ခုံတစ်လုံးဆွဲကာ ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်လေသည်။ အခါများစွာက နာမည်နှင့်လိုက်အောင် အမြဲတန်းတင်းတင်းတတ်သော မျက်နှာတစ်ခုဌ် ထူးထူးခြားခြား အပြုံးတစ်မျိုး ခိုတွဲနေပုံကို လက်မခံနိုင်သည့် မှူးဇင်ကပဲ မေးခွန်းစ,ထုတ်သည်။

"ဟေ့ကောင် ... မျက်နှာက ဘာဖြစ်လာတာလဲ၊ လောကကြီးကို စိတ်တိုင်းကျနေတဲ့ ဒီဇိုင်းပါလား ...
ဘယ်ကောင့်ကို နွာခဲ့ရလို့လဲ"

သူက ပြန်မဖြေသေး။ မျက်လုံးထဲတွင် နှုတ်ခမ်းဆူပြတတ်သော အရုပ်လေးကိုသာ မြင်ယောင်ဆဲ ဖြစ်သည်။ ဘာစကားမှလဲ မပြော၊ အပြုံးတောတစ်ခုထဲမှာသာ နစ်မြုပ်နေတာန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော သူ့ကို သူငယ်ချင်းတွေက အချင်းချင်း မျက်စတွေပစ်ပြကြကာ ...

"ဘာကြီးတုန်းဟ၊ ဟိုအဖွဲ့က လက်သီးချင်း ယှဉ်ဖိုက်လို့ မရလို့ အောက်လမ်းနည်းနဲ့ လုပ်လွှတ်လိုက်တာနဲ့တူတယ်၊ အပမှီလာတယ် ဟဲ ဟဲ"

"နိုး ... နိုး ... အဲဒါ အပမှီတာ မဟုတ်ဘူး။ သံမှိုရူးပြီး မေးခိုင်လာတာ"

သူ့သူငယ်ချင်းတွေက သူ့ကို တစ်ယောက်တစ်ပေါက် ချွတ်နေကြသော်လည်း သူက ဘာမှခွန်းတုံ့ပြန် မပြောသေးချေ။

ကောင်းညို သောက်နေသည့် လက်ဖက်ရည်ခွက်ကို ဆွဲယူမော့ရင်း တစ်နေရာကို စူးစိုက်ကြည့်လျက် အရုပ်လေးရဲ့မျက်နှာကိုပဲ ပြန်မြင်ယောင်မိလို့နေသည်။

မှူးဇင်သည် သူ့ပုံစံကို စေ့စေ့စပ်စပ် အကဲခတ်ကာ ခဏကြာလျှင် ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဒီကောင့် မျက်လုံးတွေထဲမှာ ငါ တစ်ခုခုကို တွေ့နေရတယ်ကွ၊ နေဦး ... ဒီမျက်လုံးနဲ့ ဒီလိုပြုံးနေတာ ... ဟား (လက်ဖျစ်တစ်ချက်တီးကာ) သေချာပြီ။ မင်း တစ်ခုခုကို ငြိလာတာ မဟုတ်လား ..."





ဟော့ကောင် ... ငြင်းဖို့တော့ လုံးဝစိတ်မကူးနဲ့၊ ငါ အတိအကျ ပြောနေတာ"

သူက ပြုံးမြဲပြုံးနေသော်လည်း ဝန်မခံသေးချေ။

"တယ်ထူးဆန်းပါလား၊ ဟုတ်လား ဟော့ကောင်။ မင်း ငြိစဉ်တွေနဲ့ တွေ့ခဲ့တယ်ပေါ့"

သူက ကြည်ကြည်နူးနူးပြုံးကာ ခေါင်းကိုတဆတ်ဆတ် ညိတ်ပြသည်။

"ဟား ... တို့ကောင်ကြီးက လာသားပဲ၊ ပြောစမ်းပါ၊ ဘယ်သူလဲ၊ ဘယ်ကလဲ မြန်မြန်လိုက်ကွာ"

"အဲဒါက နေပါဦး။ မှူးဇင် ... မင်းက ဒီကောင် ဒါထိလာတာကို (ရင်ဘတ်ကို လက်နှင့်ပုတ်ပြလျက်) ဘယ်လိုလုပ် သိတာလဲ"

မှူးဇင်က ကော်လာကို ဟန်ပါပါဆွဲမြှောက်ပြလျက် ...

"ဒါက ခံစားချက်ရှိတဲ့ လူတွေပဲ သိတဲ့ကိစ္စပါကွာ။ မင်းတို့လို နလပိန်းတုံးတွေ ဘယ်သိမလဲ။ ဒီမျက်လုံး ဒီမျက်နှာ ဒီအပြုံးမျိုးတွေဟာ ဘာနဲ့မှ မတူဘူး။ အချစ်ကို ထိတွေ့ထားတဲ့ မျက်နှာဟာ တခြား ဘာနဲ့မှမတူဘူး သိပ်သိသာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဥပမာကွာ... ကောင်မလေးတစ်ယောက်က ဒီအတိုင်း ရိုးရိုးစကားပြောတာနဲ့ သူ့ကောင်လေးကို စကားပြောတဲ့ မျက်နှာ ဘယ်လိုမှ မတူဘူး"

သူက မှူးဇင်ရဲ့စကားကို ထောက်ခံဟန်ဖြင့် ဒီကောင့်ကို မျက်စိတစ်ဖက် မှိတ်ပြကာ လက်မတစ်ချက် ထောင်ပြလိုက်သည်။ ဘာကြောင့်မှန်း မသိချေ။ သူ့ရင်ထဲ၌ ခပ်ငြိမ့်ငြိမ့်ဖြစ်ကာ ပျော်နေသလို ခံစားရသည်။ ဒါဟာ သူ့အတွက်တော့ တစ်ခါမှ မခံစားဖူးသည့် ဖီးလ်တစ်မျိုးလည်း ဖြစ်သေးသည်။

"မှူးဇင် ဘယ်ဝတ္ထုစာအုပ်ထဲက စာသားတွေကို လာရွတ်နေတာလဲ၊ အလကား ... ဒီကောင်က ဘာက်ဆဲလားစာအုပ်တွေကို အရည်ကျိုသောက်ထားတာ ...

ဟိုတစ်နေ့ကလည်း ဝတ္ထုစာအုပ်ကိုဖတ်ပြီး ပွစိပွစိ ရွတ်နေတယ်၊ ပြီးတော့ ကောင်မလေးတွေ ရှေ့ကျရင် တန်းစီရွတ်ပြမယ်"

"ဟေ့ကောင် ... ပလိန်းကြီး လိုက်ဖွဲ့မနေနဲ့၊ မင်းတို့တောင် ငါ့လောက် တတ်လို့လား၊ ကဲ ... ကဲ ... မင်းတို့အသာနေစမ်း။ မောင်ထန် ပြော၊ ငါပြောတာ ဟုတ်လား မဟုတ်ဘူးလား ...

မင်း ... ဟတ်ထိထိလာပြီ မဟုတ်လား"





"အင်း ... ..."

သူက အဲဒီ အင်းကို သံရှည်ဆွဲလျက် အကြာကြီး ဖြေခြင်းဖြစ်သည်။

"ဘယ်ကလဲ။ ဒီလူကြမ်းကြီးရဲ့ Iron heart (သံမဏိနှလုံးသား)ကို ပျော်ကျသွားအောင် လုပ်ပေးလိုက်တာ"

"မှူးဇင် မပါဘူး၊ ကောင်းညို ... မင်း မှတ်မိလား၊ ငါတို့ သက်အောင်တို့နဲ့ ဖိုက်တဲ့နေရာ၊ ငါတို့ကားကို ဝင်ဆောင့်ခဲ့တဲ့ ကောင်မလေးလေ"

ကောင်းညိုက တစ်ချက်စဉ်းစားဟန်ပြုရင်း ခေါင်းညိတ်ပြသည်။

"အဲဒါက ကြာပါပြီ၊ သူ့ရုပ်ကို သေချာတောင် မမှတ်မိတော့ဘူး။ ဘာလဲ ... အခု တွေ့လာလို့လား"

"အင်း ... ကလေးမက သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်ကွာ။ ဒီကျောင်းကပဲကွ၊ ဘယ်အတန်းကလည်း မသိဘူး။ သူ့ကြည့်ရတာ ငါ့ကိုသိနေတဲ့ပုံပဲ"

"ဟ ... မင်းတောင် သူ့ကို မှတ်မိသေးတာပဲ။ မင်းကားကို ဝင်တိုက်ထားတာ၊ မင်းကို မသိဘဲ နေပါ့မလား"

သူက အရုပ်လေး၏ မျက်လုံးများကို တစ်ချက်ပြန်မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ အဲဒီလို သိတာကို ပြောတာမဟုတ်ဘူး၊ သူ့မျက်လုံးတွေက ငါ ဘယ်သူလဲဆိုတာ သိနေတဲ့ပုံမျိုး ...

ငါ့ကို ကြောက်နေတဲ့ ပုံစံမျိုး၊ တစ်မျိုးပဲကွာ"

သူ့ကို မမှိတ်မသုန် အကဲခတ်နေသော မှူးဇင်က ...

"ဘယ်လိုလဲ၊ မင်း တကယ်ငြိနေတာလား၊ ခံစားလို့ရလား၊ မင်းကြည့်ရတာတော့ လန်းပုံပါပဲ"

"အင်း ... သူ့ပုံစံလေးက ဖြူဖြူစင်စင်လေးကွ၊ တစ်မျိုးပါပဲကွာ။ ရင်ကို ငြိမ့်စေတယ်၊ သူ့ကို တွေ့ချင်နေတယ်၊ ခုလောလောဆယ် ငါ ခံစားနေရတာတော့ အဲဒါပဲ"

"ဆရာကြီးမှူးဇင် အဲဒီဖီလင်ကို စစ်ပေးလိုက်စမ်း"

"အဲဒါ အချစ်ရဲ့နိဒါန်းပဲကွ။ မင်းရင်ထဲမှာ ကြည်နူးမှု တစ်ခုတစ်ရာကို ခံစားနေခဲ့ရတယ် မဟုတ်လား"

"အဲဒါတော့ သေချာတယ်။ ကြည်နူးတယ်"

"ရိုက်ထိ။ မင်းရင်ကို ကြည်နူးစေတဲ့ တစ်ဦးတည်းသော မိန်းကလေးပဲကွာ။ ကိုယ့်ကို ကြည်နူးမှုတွေ ပေးနေမှတော့ လက်လွှတ်ဖို့ မဖြစ်တော့ဘူးပေါ့"

မှူးဇင်ရဲ့ ရဲရဲတောက်ပ အပြောအောက်တွင် သူက နှစ်နှစ်မြိုက်မြိုက် ပြုံးမိသွားလိုက်ရင်း ဆုံးဖြတ်ချက် တစ်ခုကိုလည်း တိတိကျကျကြီး ချလိုက်တော့တာ ဖြစ်လေသည်။





ဟုတ်တယ်၊ သူ့ရဲ့ရင်ကို ချမ်းမြေ့ကြည်နူးစေသော အရုပ်လေးကို သူ ပိုင်ဆိုင်ချင်လာခဲ့ပြီ ဖြစ်သည်။ ချစ်ဖို့ကောင်းတဲ့ အရုပ်မလေး။

ဝေယံစာ၊ အကြိုကြိုစာ၊ ခိုင်ထော်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ကလပ်စ်တစ်ချိန် ပြီးသွားသဖြင့် အားလုံးဟာ အပြင်ထွက်ဖို့ ပြင်ဆင်နေကြတုန်းမှာပဲ နန္ဒာက ချွေးရဲ့ခါးကို မသိမသာတို့ကာ လေသံတိုးတိုးဖြင့် ...

"ဟဲ့ ... ချွေး၊ အပြင်ဘက် ကော်ရစ်တာမှာ ဟိုပုဂ္ဂိုလ်လေး ရောက်နေတယ်၊ ချက်ချင်းကြီး သွားမကြည့်နဲ့ဦး"

"ဟင် ... ဘယ်ပုဂ္ဂိုလ်လေးလဲ"

"ကျွတ် ... နင့်ဘောအိမ်ကလေ၊ ကိုယ်တော်ချောကလည်း ဘယ်လောက်တောင် ရောက်နေလဲ မသိဘူး၊ တစ်နေ့ကမှသိတယ်၊ ကျောင်းကို ချက်ချင်းရောက်လာတော့တာပဲ"

ချွေးသည် နန္ဒာ အပြောကြောင့် တစ်ဖက်ခြံက မျိုးလေပြေ ဆိုတာကို သိရလျက် စိတ်အိုက်သွားရသည်။ မျက်လုံး





ထဲတွင် အပြုံးတစ်ခု အမြဲတပ်ဆင်ထားကာ အနားက မခွာချင်ဟန် ရှိနေတတ်သောသူနှင့် တွေ့ဆုံရမှာ ဝန်လေးလို့ နေလေသည်။

"ဟဲ့ ... ထလေ၊ သွားရအောင်။ အတန်းထဲမှာတောင် လှုကုန်တော့မယ်"

"ကျွတ် ... စိတ်ညစ်လိုက်တာ၊ သူနဲ့ စကားမပြောချင်ဘူးဟ"

"မပြောချင်လည်း တွေ့မှပဲ မပြောနဲ့တော့။ အခုတော့ ထ,တော်မူ မမလေး။ ဟိုက နင်မထ,ရင် အထဲဝင်လာတော့မယ့်သဘောရှိတယ်၊ ကဲ ... ကဲ ... ထ ...
မသိသလိုပေါ့"

ချွေးက နာခေါင်းတစ်ချက်ရှုံ့ကာ အိတ်ကိုကောက်လွယ်လျက် မတ်တတ်ထရပ်လိုက်ရသည်။ အဟုတ်ကိုပင် မျိုးလေပြေကား ကော်ရစ်တာမှ အပေါက်ဝသို့ပင် ခြေချနေပြီဖြစ်သည်။ သူက ချွေးကိုမြင်လျှင် အားပါးတရ ပြုံးပြလျက် "ချွေး"ဟု နာမည်ခေါ်ကာ စတင်နှုတ်ဆက်သည်။

ချွေးသည် မလုံမလဲ အပြုံးတစ်ခုနှင့်ပင် ...

"ဪ ... လေပြေ။ ဘယ်ကိုလာတာလဲဟင်"

"ချွေးဆီကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြေကြောင့် ရွှေးသည် မျက်နှာကို မရှုံ့မဲ့သွားမိစေရန် အထူးသတိထားလိုက်ရလေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ထဲကနေ ကျိတ်၍ ကျိန်ဆဲလိုက်သေးသည်။ အဲဒီလိုပင် ရွှေးဟာ စကားပြောလိုက်လျှင် ဘယ်တော့မှ အချိုးမကျချေ။ အထာမနပ်သူဆိုလျှင် ပိုမှန်ပါမည်။

"ဟုတ်လား ... ဘာကိစ္စများ ရှိလို့လဲဟင်"

ဒီတစ်ခါတော့ ရွှေးက တမင်ရွဲ့မေးလိုက်တာဖြစ်သည်။ ဒါကို သူကလည်း သဘောပေါက်တန်ဖြင့် ...

"ကိစ္စက အထွေထူး မဟုတ်ပါဘူး ရွှေးရဲ့။ ကျောင်းကိုလာလည်တာပါ၊ ကျွန်တော်က ဒီမှာ ကျောင်းမတက်ရတော့ ကျောင်းသားရဲ့ ဘဝအရသာကို မသိဘူးပေါ့ ...

ကျောင်းက ပျော်စရာကြီးပဲနော်၊ ဪ ... ဒါနဲ့ ရွှေးတို့ ကန်တင်းကို သွားမလို့လား"

"ဟုတ်တယ်"

"ဒါဆို ကျွန်တော်လည်း လိုက်ပါရစေနော်"

သူ့ပြောပုံကို မျက်စောင်းထိုးပစ်ချင်လှသော်လည်း သိပ်နရာကျသွားမည်စိုးသဖြင့် မတိုးရဲချေ။ ခေါင်းကိုသာ အသာညိတ်ပြလိုက်ရသည်။ နန္ဒာကတော့ အမြင်ကတ်ဖွယ်ကောင်းအောင်ပင် နှုတ်ပိတ်ကြီးလုပ်၍လို့ နေလေသည်။





ကန်တင်းသို့ရောက်လျှင် စားစရာတချို့ကို မှာကြားပြီးနောက် သူကပဲ စကားစတင်၍ လာပြန်သည်။

"ကြို့တင် အကြောင်းကြားမထားဘဲနဲ့ ရောက်လာလို့ ရွှေး စိတ်အနှောင့်အယှက်များ ဖြစ်သွားလားဟင်"

သူ မေးနေပုံကြီးဟာ ဘယ်လိုပုံမှန်းကို မသိပေ။ ရွှေး မျက်နှာကိုသာ ငေးမောလျက် ဒီမျက်နှာတစ်ခုကိုပဲ တစ်ကမ္ဘာထင်နေသော ပုံစံမျိုး ဖြစ်သည်မို့ ရွှေးဟာ ပိုစိတ်ညစ်လာသည်။

"အဲဒီလိုတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ ရွှေးဆီ တစ်ခါမှ ညှိသည်မလာဘူးတော့ တစ်မျိုးပေါ့။ ဟင်း ... ဟင်း"

ရွှေးရဲ့ မသက်မသာ ရယ်ပုံကို သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကျွန်တော်လာလို့ ရွှေးကို အထင်လွဲမယ့်သူတော့ မရှိပါဘူးနော်"

"စကားတွေနဲ့တော့ လာမအစ်နဲ့နော်၊ သိချင်ရင် ကိုယ့်ဘာသာစုံစမ်း။ ကျွန်မ သူငယ်ချင်းက အရိုးခံလေးရှင့်။ သိရဲ့လား"

ဒီတစ်ခါ ဝင်ပြောသူကတော့ နန္ဒာပဲ ဖြစ်သည်။ သူက နန္ဒာပြောပုံကို သဘောကျသလိုနှင့် တိုးတိုးရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိဝါတယ်ဗျာ၊ ဒီခေတ်ထဲမှာ ရှာပါးနေတဲ့ အဗိုးတန်ရတနာမျိုးပေါ့"

"အို ... ချွေးကို အဲဒီလိုကြီးလည်း မမြှောက်ပါနဲ့"

"ပုံမှန်ပဲ ဆက်ဆံရမယ်ပေါ့ ဟုတ်လား။ ကောင်းပါပြီ၊ ချွေး ကြည့်ရတာ ကျွန်တော်ရောက်လာလို့ စိတ်ကျဉ်းကျပ်နေတဲ့ပုံပဲ ...

စိတ်အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပါ ချွေး။ ကျွန်တော် တောင်းပန်ပါတယ်"

ဒီလိုကျတော့လည်း အားနာတတ်သော ချွေးက ...

"အို ... တောင်းပန်စရာ မလိုပါဘူး။ စိတ်အနှောင့်အယှက် က မဖြစ်ပါဘူး၊ ဒီလိုပါပဲ"

သူက ခေါင်းတစ်ချက် ဆတ်လိုက်ကာ စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"ဒါနဲ့ ချွေးနဲ့ နန္ဒာက အတူတူ ကျောင်းလာကြတာလား"

"ဟင့်အင်း ... ချွေးက ချွေးဘာသာချွေး ကားမောင်းလာတာ"

သူက ချွေး ကားမောင်းတယ်ဆို၍ မျက်ခုံးပင့်သွားကာ ...

"ဟုတ်လား၊ ကားကို ဂရုစိုက်မောင်းနော် ချွေး၊ တချို့ ကားသမားတွေက စည်းကမ်းမရှိကြဘူး။ ဟို ... စိတ်တော့ မဆိုးနဲ့နော်၊ ချွေး အိမ်က ချွေးကို စိတ်ချရတဲ့ ဒရိုင်ဘာ တစ်ယောက်လောက် ငှားမပေးဘူးလား"

သူ ဘာကိုဆိုလိုမှန်းသိ၍ ချွေးက မျက်စောင်းထိုးချင်စိတ်အား အတော်ချုပ်တည်းထားရလေသည်။ ဒီတစ်ခါလည်း နန္ဒာကပဲ ဝင်ပြောပေးပြန်ပါသည်။

"တကယ်တမ်း ချွေးက သူ့ဘာသာ မောင်းချင်တာ မဟုတ်ဘူး လေပြေရေ။ ချွေးရဲ့ စတိုင်လ်က အေးအေးပဲ။ ချွေးရဲ့ အမေနဲ့ ချွေးနဲ့က ပြောင်းပြန်။ အန်တီက ချွေးကို အရမ်း Shap ဖြစ်စေချင်တာ ...

ချွေးက မလှုပ်တလှုပ်လေး ဆိုတော့ အန်တီ့ခမျာ အားကိုမရဘူး၊ ကားမောင်းတွေ ဘာတွေလဲ အန်တီက စွတ်သင်ခိုင်းလို့ သင်ရတာ။ သူက အဲဒီလောက် ဝါသနာပါတာ မဟုတ်ဘူး"

"ဪ ... ဒီလိုလား။ ဟား ... ဒါဖြင့်ရင် ကျွန်တော့်ကို ဒရိုင်ဘာခန့်ပါလားလားဟင် ချွေး၊ အားမနာပါနဲ့"

"အို ... ဘာလို့ခန့်ရမှာလဲ၊ ခန့်ချင်ပါဘူး"



www.burmeseclassic.com

ချွေးရဲ့အကြောက်အကန် ထငြင်းပုံကို သူက တဟားဟားနှင့် ရယ်မောနေလေသည်။ ဖိုးကာရဲ့ သီချင်းထဲကလို တစိမ့်စိမ့်ကြည့်(တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်)ချင်သော သူ့ပုံစံကို နန္ဒာကတော့ မသိမသာ လက်ကုတ်ပြလေသည်။

သူကချည်း စကားတွေဦးဆောင် ပြောဆိုနေခဲ့ပြီး နန္ဒာက ပညာရှိနည်းဖြင့် လက်မှနာရီကို တစ်ချက်မြှောက်ကြည့်ပြတော့မှပင် ...

"ချွေးတို့ ကလပ်စ် ရှိသေးလား"

"ရှိတယ်၊ သွားရတော့မယ်၊ ဆယ်မိနစ်လောက်ပဲ ကျန်တော့တယ်"

"ဟုတ်လား၊ ဒါဆို ကျွန်တော်လည်း ပြန်မှနဲ့တူတယ်၊ ဒီဝိုင်းကို ကျွန်တော် ရှင်းပါရစေနော်"

မရှင်းပါနဲ့ပြောလျှင် ပိုအရစ်တက်နေမည် စိုးသဖြင့် ချွေးက ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြလိုက်ရလေသည်။ သူက ကျေနပ်သွားဟန်ဖြင့် ငွေရှင်းပြီးနောက် နှုတ်ဆက်ကာ ပြန်သွားမှပင် ချွေးက သက်ပြင်းချနိုင်တော့သည်။ နန္ဒာကတော့ မှတ်ချက်ပေးသည်မှာ "နင့်ကို သူ တကယ်ကြွေနေပြီ"တဲ့။

ချွေးကတော့ နာခေါင်းရှုံ့မိသည်မှအပ သူ့ကို စိတ်ကို မဝင်စားတာ သေချာ၍နေသည်။ နောက်တစ်ခါဆုံလျှင်





ကျောင်းကို လာမလည်ပါနဲ့တော့ ဟူ၍လည်း ပြောကိုပြောဖို့ ရဲဆေးတင်ထားလိုက်သေးလေသည်။ သူလုပ်သဖြင့် ကလပ်စ်တက်တာတောင် နောက်ကျသွားကာ နောက်ဆုံးတန်းကခုံမှာပဲ ဆရာ မသိအောင် တိတ်တိတ်လေး ဝင်ထိုင်ရရင်း ဟိုလူဆိုးတစ်ယောက်လည်း ကျောင်းမတက်မှုပါလားဟု တွေးမိသွားတာကိုက ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်ရလေသည်။

❀ ❦ ❀

ဝေဖန်ရာ၊ အကြံပြုရာ၊ မိတ်ဆက်ရာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောင်းဝင်းထဲသို့ ကားကိုချိုးကွေ့ဝင်လိုက်ကာ ပါကင်ဝင်ဖို့ နေရာရှာနေတုန်းမှာပဲ ကားတစ်စီးက ထွက်သွားသဖြင့် အဲဒီနေရာကို ဝင်၍ရပ်လိုက်သည်။ ကားရပ်ပြီး ကားပေါ်မှ ဆင်းလိုက်လျှင် သူ့ကိုပြုံး၍ လက်ပိုက်စောင့်နေသော လူတစ်ယောက်ကို မြင်တွေ့သွားရပါသည်။

"နေကောင်းတယ်နော် ... ထန်"

သူက မျက်မှောင်တစ်ချက် ကြွတ်ကြည့်လျက် ကားကို ရီမုတ်ဖြင့် လှမ်းပိတ်လိုက်ပြီးနောက် လှည့်ထွက်လာခဲ့သည်။ အဲဒီအခါမှာ နောက်ပါးမှ အသံတစ်ခုက ထပ်မံထွက်ပေါ်လာပြန်သည်။

"ထန်"

သူက ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ကာ နောက်သို့ လှည့်မကြည့်ဘဲနှင့် ...





"မင်း ငါ့ကို ဘာမှ လာပတ်သက်စရာ အကြောင်းမရှိဘူး၊ မင်းလမ်း မင်းဘာသာ သွားစမ်းပါ"

"အဲဒီလို မပြောနဲ့လေ ထန်၊ မင်းနဲ့ ငါဟာ ညီအစ်ကို ..."

သူက အဲဒီစကားပင် မဆုံးလိုက်ရအောင် နောက်သို့ ဖျတ်ခနဲလှည့်ကာ လေပြေ ဆိုသောကောင်ကို ဒေါသတကြီးဖြင့် လက်ညှိုးငေါက်ငေါက်ထိုးလျက် ...

"ဟေ့ကောင် ... မင်း ပါးစပ်ကို ပိတ်ထားစမ်း။ ဆက်မပြောနဲ့၊ မင်း နားလည်ထားဖို့က မင်းနဲ့ငါ ညီအစ်ကို မဟုတ်ဘူး။ နောက်တစ်ခါ မင်းပါးစပ်က ထပ်ပြောရင် ငါ့အဆိုး မဆိုနဲ့ ...

တောက် ..."

သူ့ရဲ့ ဒေါသတကြီး ဩးဆူနေပုံကို လေပြေက စိတ်မသက်မသာဟန်ဖြင့်ကြည့်ကာ ...

"ဘာလို့ အဲဒီလောက် ဒေါသကြီးနေရတာလဲ ထန်။ အဲဒီလိုလုပ်နေရင် မင်းပဲ ပိုစိတ်ပင်ပန်းရမှာပေါ့"

"ဟေ့ကောင် ... မင်း ဘာမှ ဆရာလာလုပ်မနေနဲ့၊ နောက်ငါ့ကို ခေါ်စရာလည်း မလိုဘူး။ မင်းနဲ့ ငါနဲ့ ဘာမှမပတ်သက်ဘူး။ နားလည်လား ...



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါဦး၊ မင်းက ဒီကျောင်းကို ဘာလာလုပ်တာလဲ”

သူ့မေးခွန်းကို လေပြေက ပြုံးစစဖြင့် ခေါင်းတစ်ချက်ငုံ့ကာ ...

“မင်းကို တွေ့ချင်ရုံသက်သက်နဲ့တော့ ဒီကျောင်းကို မလာပါဘူးထန်ရာ၊ ငါ့ကိစ္စနဲ့ ငါပါ ...

ဩော် ... ကြုံလို့ ပြောပြရဦးမယ်၊ ငါတို့အိမ်ပြောင်းသွားပြီ။ ကန်ရိပ်သာလမ်းမှာ”

“မင်းကို ဘယ်သူက မေးနေလို့လဲ”

“အန်တီနဲ့ တွေ့ချင်လို့ မင်း လာမယ်ဆိုရင် မသိပဲနေမှာစိုးလို့ပါ။ အန်တီကလည်း မင်းကိုသတိရနေတယ် ထန် ...

မင်းကို ငါ အဆင်ပြေစေချင်ပါတယ်”

သူက လေပြေကို စူးစူးစိုက်စိုက်ကြည့်လျက် အပြုံးတကြီးဖြင့် တက်တစ်ချက်ခေါက်ကာ လှည့်ထွက်လာခဲ့လေသည်။ သူဟာ လေပြေ ဆိုသောကောင်နှင့် သူ့အဖေဖြစ်သည့် ဦးမျိုးဇော်တို့ သားအဖကို အင်မတန်ပဲ မုန်းလှသည်။ ဦးမျိုးဇော်ကိုတော့ မေမေနဲ့ သူ့ကို ခွဲသူအဖြစ် မုန်းတီးစက်ဆုပ်ရခြင်းဖြစ်ပြီး လေပြေကိုတော့ သူ့နေရာမှာ အစားထိုး နေရာဝင်ယူသည့် အတွက် ပိုမုန်းရတာ ဖြစ်လေသည်။





ပျော့ရှင်သော မီသားစုသုံးဦး ဘဝလေးကို တည်ထောင်ထားကြသော ထိုမြင်ကွင်းသည် မီးပြင်းပြင်းနှင့် အဟပ်ခံရသလို သူ့ရင်ဘတ်ကြီးဟာ အမြဲပူလောင်စေလေသည်။ သူဟာ ခံပြင်းခြင်းများစွာနှင့် စာသင်ခန်းဘက်သို့ လျှောက်လာခဲ့ပြီးမှ အတန်းထဲမှာ ဆရာဝင်နေပြီမှန်း သိသဖြင့် အနောက်ပေါက်မှ လှစ်ခနဲ ပြေးဝင်ရသည်။ ဆရာ့အလစ်မှာ ချောင်းဝင်ရခြင်းဖြစ်ကာ တွေ့တဲ့ခုံမှာ ဖျတ်ခနဲ ဝင်ထိုင်လိုက်ရသည်။

ဖွေ့ခနဲ ဝင်ထိုင်လိုက်သော သူ့အပြုအမူကြောင့် ဘေးက ကောင်မလေးက အလန့်တကြား ဖြစ်သွားလေသည်။ သူသည် ကောင်မလေးကို အမူမဲ့ အမှတ်မဲ့နှင့်ပင် ဆောရီးဟုသာ ပြောလိုက်သည်။ သေချာလည်း မကြည့်မိ။ သို့သော် ခဏကြာလာလျှင် ဘယ်ကိုယ်စောင့်နတ်က နှိုးဆော်မှန်း မသိပေ။ သူဟာ ဘေးက ကောင်မလေးကို တဖြည်းဖြည်းချင်းနှင့် အသာငဲ့လို့ကြည့်မိလျှင် ရင်ထဲမှာ နှင်းမြစ်တစ်စင်း ဖြတ်စီးသွားသလို အေးခနဲ ဖြစ်သွားခဲ့ရပါသည်။

ကောင်မလေးကလည်း သူ့လိုပဲ ဖြစ်သည်။ ခေါင်းလေးကို မသိမသာ ငုံ့ထားရာမှ နည်းနည်းချင်းစောင်း၍ မဝံ့မရဲ ပြန်ချောင်းကြည့်တာမြင်ရလျှင် သူဟာ အဲဒီပုံစံလေးကို အသည်းနိုက်မတတ် မြတ်နိုးသွားတော့သည်။ သူသည် လှစ်ခနဲ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်သွားရသည်မှာ အခုနက ဒေါသတွေပင်လျှင် ဘယ်ရောက်သွားမှန်း မသိတော့ချေ။

"ဟိတ် ... ကိုယ့်ကို မှတ်မိလား"

သူ့ရဲ့တိုးတိုးမျှသော အသံကို သူမက မသိမသာ ခေါင်းညိတ်ပြလျှင် သူ ဘယ်လိုပျော်သွားမှန်း မသိချေ။ ဘုရားရေ။ ဒါဆို သူနှင့် သူမဟာ တစ်တန်းတည်း တစ်ခန်းတည်းပေါ့။ သူသည် ဒုတိယနှစ်စာမေးပွဲကျခဲ့ခြင်းအပေါ် ပထမဆုံးအကြိမ် အလွန်အမင်း ပျော်ရွှင်လို့ သွားရသည်။

ရင်ထဲမှာ အပျော်မြစ်တစ်စင်းက စတင်စီးဆင်းပြီးဖြစ်လျက် သူ့မျက်နှာက အလိုလို ပြုံးလာရကာ ...

"ဆရာ ဝင်တာ ကြာပြီလား"

သူမက ခေါင်းပဲညိတ်ပြသည်။ သူက စားပွဲကို လက်နှင့်အသံမမြည်အောင် ခေါက်ရင်းမှ ...

"ဆရာက ဘာတွေသင်နေတာလဲ"

"စာတွေပေါ့"

"ဟာ ... စာတွေတော့ သိတာပေါ့။ ဘာလက်ချာလဲလို့ မေးနေတာ။ ပညာဆိုတာ ဖြန့်ဝေကောင်းတယ်နော်။ အဲဒီလို စိတ်မပုပ်နဲ့ ...

မလှဘဲ နေလိမ့်မယ်"





သူ့အပြောကြောင့် သူမမျက်နှာလေးမှာ ရဲခနဲဖြစ်လို့သွားလေသည်။ သူသည် အဲဒါကို ကြည့်မဝခြင်းများစွာနှင့် ငေးစိုက်ကြည့်နေမိသည်။ သူ့တစ်သက်တာတွင် ဘယ်မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကိုမှ ဒီလောက် နီးနီးကပ်ကပ်နှင့် ဒီလောက်လည်း အကြာကြီး စိုက်မကြည့်မူးဘူးချေ။

ဘေးတိုက်မြင်နေရသော သူမမျက်နှာသည် နှင်းပွင့်ဖတ်လေးတစ်ခုလို နူးညံ့ဖြူဖွေးကာ အေးချမ်းသော အသွင်သဏ္ဌာန်ကို ဆောင်လေသည်။ မျက်လုံးဝိုင်းဝိုင်းနှင့် နှုတ်ခမ်းဖူးဖူးလေးတို့သည် ကြာကြာကြည့်လေ သူ့ရင်ခုန်နှုန်းတို့ကို ပို၍မြန်လာစေလေပဲ ဖြစ်သည်။

ရုတ်တရက် သူ့မျက်နှာရှေ့ကို ဖြတ်ကျော်လျက် သူ ထိုင်နေရာခုံပေါ်သို့ ဗလာစာအုပ်တစ်အုပ် ရောက်လာသဖြင့် သူက ငုံ့ကြည့်လိုက်လျှင် ...

"ဟဲ့ ... နှာဘူး ...

ခေါ်တော့ တစ်သိန်းအားရှိတဲ့ မျက်လုံးတွေနဲ့ အဲဒီလောက် ကြည့်မနေနဲ့။ သိပ်လွန်လွန်းအား ကြီးနေပြီ။ ပိုက်ဆံမပေးရတိုင်း နင်းကန်ကြည့်နေတယ်၊ အားမနာလှျာမကျိုး"

ဟု ပျစ်ပျစ်နှစ်နှစ် ရေးထားတာကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ သူ့မျက်စိအောက်မှာ အသာလေး ငြိမ်သက်စွာ ထိုင်နေတာမို့ သူမ ရေးတာတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ချေ။ သူမဘေးမှာ ထိုင်နေသော မေးကြောတွေ တင်းထားသည့် ဝေါမသာလျှင်ဖြစ်မည်။

လောကကြီးတွင် ဘာအတွက်ကြောင့် ဘယ်သူ့မျက်နှာကို ထောက်သည်ဟူသော အားနာသည့်စိတ်ဓာတ် မရှိသော သူ့အတွက် ဒါမျိုးကို ခံရိုးထုံးစံမရှိသူပီပီ ချက်ချင်းပင် စာပြန်ကောက်ရေးလိုက်သည်။

"ပိုက်ဆံပေးပြီး ကြည့်ဆိုရင်လည်း ကြည့်မယ်။ ဒါပေမဲ့ မင်းကိုတော့ မဟုတ်ဘူး။ မင်းရုပ်ကတော့ တစ်နေကုန် ထိုင်ကြည့်တောင် နှစ်ရာမတန်တဲ့ရုပ်ပါ ...

မှတ်ချက်။ ။ နှစ်ကျပ်ခေတ် မရှိတော့၍"

သူက အဲဒီစာအုပ်ကို သူမရှေ့သို့ကျော်ကာ တစ်ဖက်သို့ ပစ်ချပေးလိုက်သည်။ သူမတို့နှစ်ယောက် ကျိတ်ကျိတ်ကျိတ်ကျိတ်နှင့် ငုံ့ဖတ်ကြပြီးနောက် မေးကြောထောင်နေသည့် စပရိန်ဆံပင်ပိုင်ရှင် ကောင်မလေးက သူ့ကို မျက်လုံးပြူးကြည့်ကာ စာထပ်ရေးသည်။ ပြီးလျှင် သူ့ရှေ့သို့ ပစ်ချပေးလေသည်။

"စကားပြောတာ ရိုင်းစိုင်း။ အကြည့်က ရိုင်းစိုင်း။ ယဉ်ကျေးမှုမရှိတဲ့လူ၊ ငါတို့ခုံမှာ လာမထိုင်နဲ့။ ထွက်သွား"





သူက စာကိုဖတ်ပြီးနောက် ခနိုးခနဲ့ပြုံးလိုက်ကာ စာအုပ်ကို ဘေးဘက်သို့ တွန်းထုတ်ပစ်လိုက်သည်။ အဲဒီနောက် ထိုကောင်မလေးဘက်သို့ လှည့်ကာ ...

"ဒီလိုပြောပိုင်ခွင့် မင်းမှာမရှိဘူး။ မင်း မထိုင်ချင်ရင် မင်းထွက်သွားနိုင်တယ်"

သူက တိုးတိုးသာသာ ပြောလိုက်သော်လည်း ထိုကောင်မလေးက ဒေါသအကြီးအကျယ် ထွက်သွားဟန်ဖြင့် မျက်လုံးတွေက မီးဝင်းဝင်းတောက်ကာ လက်ရှိအခြေအနေကို မေ့လျော့လျက် ထိုင်ရာမှ ဝုန်းခနဲပင် ထရပ်ပစ်လိုက်လေသည်။ အဲဒီအချိန်မှာ ဆရာကလည်း စာရှင်းနေချိန် ဖြစ်လေရာ သူမ မတ်တတ်ရပ်လိုက်တာကို မြင်လျှင် ...

"ဩော် ... သမီး၊ ဘာမေးစရာရှိလို့လဲ မေးပါ"

"ရှင် ... ဟို ... ဟိုလေ ... ဆရာ"

နန္ဒာသည် အတန်းတက်တာလည်း နောက်ကျ၊ စာရှင်းတုန်းကလည်း သေချာနားမထောင်ထားသဖြင့် ရုတ်တရက် ဘာမေးရမှန်း မသိချေ။ အာပေါင်အာရင်းသန်သန်ဖြင့် သင်နေသော ဆရာကတော့ စာမေးမည့်သူ ပေါ်လာသဖြင့် တက်ကြွကာ အရမ်းကို ဖြေချင် ရှင်းပြချင်နေဟန် အပြည့်ရှိသဖြင့် လူစွမ်းကောင်းမကြီး နန္ဒာမှာ ချွေးပြန်ချင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်းဖွယ်ကောင်းသော မိုးသက်ထန် ဆိုတဲ့ ကောင်ကတော့ နှုတ်ခမ်းများက ပြုံးစစဖြင့် လက်မတစ်ချက်တောင် ထောင်ပြလိုက်သေးသည်။

"မေးပါ သမီး၊ အားမနာနဲ့၊ Gauss's Law က နည်းနည်းတော့လည်တယ်၊ ဘယ်နေရာကို နားမလည်တာလဲ"

ဆရာပြောမှပင် သင်နေသော ခေါင်းစဉ်ကို သိရသဖြင့် အီးယောင်ဝါးလုပ်ကာ ...

"အဲ ... Gauss's Law ပါပဲ ဆရာ"

"ဟုတ်ပြီလေ၊ သမီးက ဘယ်နေရာကို နားမလည်တာလဲ"

အဲဒါမှ ဗြဿနာ။ အစမှအဆုံး ဘာကိုမှ နားမလည်တာပါဆရာ၊ ဒီလိုလည်း မပြောရဲသဖြင့် နန္ဒာဟာ ချွေးကိုငဲ့ကြည့်မိသည်။ ချွေးက ဗလာစာအုပ်ကို မသိမသာ ထိုးပြလျက် ဘာမေးဆိုတာကို ပြောပြသည်။ သူလည်း တတ်လို့ နားလည်လို့တော့မဟုတ်။ ဟိုအကောင် ရဲပီတာ(Repeater)ကပဲ ကြားဖူးနားဝတွေ ရေးပေးတာ ဖြစ်နိုင်သည်။

သို့သော်လည်း တစ်တန်းလုံးနှင့်ချီ၍ အရှက်မကွဲချင်သဖြင့် ...

"ဟို အစကပါ ဆရာ၊ The surface integral of normal ဆိုတဲ့နေရာက"





"ဪ ... တစ်ခုလုံးပဲ ပြောပါတော့။ ကဲ ... ကဲ ... ထိုင်၊ ဆရာ အစက ပြန်ရှင်းပြမယ်။ လျှပ်စစ်စက်ကွင်းတွေရဲ့ မျက်နှာပြင်များပေါင်းလဒ်အကြောင်းပါ။ အားလုံးလည်း သေချာနားထောင်ပါ"

ဆရာက အစမှပြန်၍ ရှင်းပြနေပြီ ဖြစ်သည်။ နန္ဒာသည် နောက်တစ်ခါထပ်၍ စာမေးခံရမည်စိုးသဖြင့် တခြားကို အာရုံမစိုက်နိုင်တော့ချေ။ ဆရာရှင်းပြတာကိုသာ အထူးတလည် အာရုံစိုက်နေတော့သည်။

သူသည် ဒါကို အခွင့်ကောင်းယူကာ သူမလေး အနားသို့ တိုးတိုးကပ်လျက် ...

"နာမည်ဘယ်လိုခေါ်လဲဟင်"

"အို ... စကားမများနဲ့လေ၊ ဆရာ စာရှင်းနေတယ်"

သူမလေးက ဆရာကြီးသဖွယ် ဟန့်သေးသည်။ သူက ဒါကိုပင် ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်နေရင်းမှ ...

"ဘာလဲ၊ နားမလည်မှာစိုးလို့လား။ ကိုယ် ပြန်ရှင်းပြပါ့မယ်၊ ဟိုတ် ... တကယ်မေးနေတာ ...

နာမည်လေး ပြောပြရမှာကို ကပ်စေးနှဲနေတယ်ကွာ။ ဘယ်သူလဲ ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မသိဘူး။ ရှင်နော် ဘေးကနေ တတွက်တွတ် လိုက်မနှောင့်ယှက်နဲ့။ ကျွန်မ ဆရာနဲ့ တိုင်လိုက်မှာ"

သူက သူမရဲ့အပြောကို ဟားတိုက်ရယ်ပစ်ချင်လှသော်လည်း မနည်းကို အောင့်အည်းထားရလေသည်။ သူမဟာ တကယ့် ကလေးလေးလိုပဲ ဖြစ်သည်။ သူမကိုနောက်ရင် နောက်သလို ပျော်ရွှင်ရမည့်သူပဲ ဖြစ်လေသည်။

"တိုင်လိုက်လေ၊ ဆရာ့ကို ခေါ်ပေးရဦးမလား၊ ပြော"

သူမက သူ့ကို ဖျတ်ခနဲ မျက်စောင်းလှည့်ထိုးတဲ့ အခိုက်မှာ ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိခဲ့ပါ။ သေချာတာကတော့ ထိုမျက်စောင်းတစ်ချက်သည် သူ့ရင်ကို ဖြတ်စီးလျက် နှလုံးသားသို့တိုင် သိမ်းပိုက်သွားပြီ ဆိုတာပဲဖြစ်၏။

ပို၍ တိကျသေချာစွာ ပြောရလျှင် သူ သူမကို တစ်ခါမှ မချစ်ဖူးသေးသည့် အချစ်မျိုးနှင့် ချစ်မိသွားခဲ့ပြီ ဖြစ်သည်။ သူက သူ့အတွေးနဲ့သူ သူမကို ခံစားချက်အပြည့်ဖြင့် မှတ်သိပ်စွာ စိုက်ကြည့်နေမိလျှင် ဒါကို ဆန့်ပြနေသလား ထင်မှတ်မှားသွားသည့် သူမက ဗလာစာအုပ်တွင် တစ်စုံတစ်ရာကို ရေးခြစ်လိုက်ပြီးနောက် သူ့ရှေ့သို့ တွန်းထည့်ပေးလိုက်လေသည်။

"နာမည်က မြွေးမုံ။ လူကို စိုက်ကြည့်မနေနဲ့၊ သိပ်မှန်းဖို့ကောင်းတယ်"





ဟူ၍ ဖြစ်တော့လေသည်။ သူသည် အပြုံးတစ်ခုကို မချုတ်စတမ်း ဆင်မြန်းထားကာ လူကိုတော့ စိုက်မကြည့်ဖြစ်တော့ပါ။ အဲဒီလူက ဘေးနားမှာ ရှိနေလျက် သူမ လက်ကလေးများနှင့် ထိကပ်ရေးသားခဲ့သော စာလုံးလေးတွေကိုသာ ရင်ခုန်မြတ်နိုးစွာ စိုက်ကြည့်နေမိခဲ့တော့တာဖြစ်သည်။

အချစ်သည် အရာရာကို နူးညံ့စွာ ဖြားယောင်းတတ်ပါသေးသည်။

❀ ❦ ❀

ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ထောက်တာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၇

"ငါကတော့ အဲဒီ မိုးသက်ထန် ဆိုတဲ့ အကောင်ကို နည်းနည်းမှ မကျေနပ်ဘူး၊ နင့်ကိုလည်း တစ်ခါတည်း ပြောထားမယ်နော် ...

လုံးဝ ဓာတ်လမ်းသွားမစနဲ့။ အကြည့်နဲ့ အထာမပေးနဲ့။ အဲဒီကောင်က လုံးဝ လုံးဝ ပြည်သူ့ချဉ်ဖတ်၊ အော့ကြောလန်"

ရွှေးက ဒေါနှင့်မောနှင့် ပြောနေသော နန္ဒာကိုကြည့်လျက် အသာကျိတ်ပြုံးရသည်။ နန္ဒာသည် တစ်နေ့က ကိစ္စအတွက် မခံမရပ်နိုင် ဖြစ်နေသည်မှာ ဒီနေ့ချိန်ထိ ဒေါသက မပြေနိုင်သေးချေ။ ခုပြန်ပြော အခု ဒေါသထွက်တုန်းပဲ ဖြစ်လေသည်။





အခုလည်း ပဲခူးကအပြန် ဟိုင်းဝေးလမ်းမပေါ်မှာ သူ့အကြောင်း သတိရတာနဲ့ ထပြောလျက် ဒေါသတွေ စွတ်ကြီးနေတုန်းဖြစ်သည်။

"နင့်ကို စာမေးတုန်းက သူ ပြောပြသားပဲ နန္ဒာရဲ့။ ကျောင်းသားအချင်းချင်းပဲဟာ စိတ်မဆိုးပါနဲ့"

"အောင်မယ်။ အမိ ... ညည်းက သူ့ဘက်ပါနေတာလား၊ ဟုတ်လား"

ခုနက ကားကို ရှေ့သို့ကြည့်မမောင်းဘဲ ဒေါသတကြီး လှည့်မေးလျှင် ဒါမျိုးဆို အလွန်ကြောက်တတ်သော ရွှေးမှာ ကမန်းကတန်း သတိပေးရသည်။

"ဟဲ့ ... ဟဲ့ ... ရှေ့ကြည့်မောင်းပါ နန္ဒာရယ်၊ တော်ကြာ ငါတို့နှစ်ယောက်စလုံး နတ်ပြည်ကို ဒါရိုက်ဟစ်နေရပါဦးမယ်"

ရွှေးရဲ့အပြောကြောင့် နန္ဒာက မျက်စောင်းတစ်ချက်ထိုးကာ ရှေ့သို့ကြည့်လျက် ပြန်မောင်းသည်။ ဒါတောင် ပါးစပ်က ပွစိ ပွစိ ရွတ်တုန်းပင်။ ရွှေးသည် ဘေးပတ်ဝန်းကျင်ကိုကြည့်ကာ မှောင်စပျိုးနေပြီဖြစ်သဖြင့် အိမ်ပြန်ရောက်ချင်စိတ်သာ ကြီးစိုးလို့နေလေသည်။ နန္ဒာရဲ့ကိစ္စတစ်ခုကြောင့်သာ ပဲခူးကို အဖော်လိုက်ပေးခဲ့ခြင်းဖြစ်ကာ မထင်မှတ်ဘဲ ကြာသွားသဖြင့် မေမေ စိတ်ပူမှာကို ရွှေးက စိုးရိမ်လို့နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကံဇာတ်ဆရာ၏ ကျီစယ်မှုက ရက်စက်လွန်းလှသည်။ နန္ဒာသည် ဟိုင်းဝေးလမ်းရှင်းရှင်းပေါ်မှာ မောင်းကောင်းကောင်းနှင့် မောင်းနေခိုက် ကားဘီးက ဒိန်းခနဲ ပေါက်သွားသည်မှာ ကြောက်စရာပင် ကောင်းသေးတော့သည်။ ရွှေး ဆိုတာ လန့်လွန်းသဖြင့် မျက်လုံးကို ပြူးထွက်သွားရတာ ဖြစ်သည်။

"ဟဲ့ ... နန္ဒာ၊ ဘာ ... ဘာဖြစ်"

"နေ ... နေ။ မကြောက်နဲ့ ဘီးပေါက်တာ။ ဘာမှမဖြစ်ဘူး"

နန္ဒာက ကားမောင်းကျွမ်းကျင်လွန်းသဖြင့်သာ ဘာမှမဖြစ်စေရဘဲ အရှိန်ပြင်းပြင်းနှင့် မောင်းနေသောကားကို အရှိန်လျှော့လျက် လမ်းဘေးသို့ ဆွဲချကာ အတိအကျ ရပ်လိုက်တာဖြစ်သည်။ နန္ဒာသည် ကားပေါ်မှဆင်းကာ ကျွတ် ကျွက် စုတ်သပ်လျက် ကားဘီးကို ငုံ့ကြည့်သည်။ ညာဘက်ရှေ့ဘီးသည် စိတ်ဓာတ်ကျစရာကောင်းအောင်ပင် ပြားချပ်လို့ နေလေသည်။

"တောက် ... ဒီဘီးကလည်းကွာ၊ ဒီနေရာမှ လာပေါက်နေတယ်၊ စိတ်ဆင်းရဲစရာ ကောင်းလိုက်တာ"

နန္ဒာကမူ အသံထွက်ကာ ညည်းနိုင်သေးသည်။ ရွှေးသည် အသံကို မထွက်နိုင်တော့။ မှောင်လာတာကို စိတ်ပျက်၊ မေမေ စိတ်ပူတော့မှလည်း သိနေသဖြင့် နှစ်မျိုးပေါင်းကာ ကြောက်ရွံ့စိတ်ညစ်ရတာ ဖြစ်လေသည်။





ကားပေါ်မှ ခပ်တုံ့တုံ့နှင့် ဆင်းရတာ ...

"ဘယ် ... ဘယ်လိုလုပ်မလဲဟင် နန္ဒာ။ နင် ဘီးဖာတတ်လားဟင်"

နန္ဒာက ရွှေးကို ရွှံ့ရွှံ့မဲ့မဲ့နှင့် ကြည့်လျက် ...

"နင့်အဘ ဖာတတ်ရမှာလား၊ ဘီးလဲရမယ် ပြောစမ်းပါဟာ"

"အေး ... အေး၊ အဲလိုပေါ့၊ နင် လဲတတ်လား"

"တစ်ခါမှတော့ မလဲဖူးဘူးဟေ့။ လုပ်ကြည့်ရမှာပေါ့"

"စိတ်အားတက်ဖွယ်ပါပဲလား။ ငါ ဘာကူညီရဦးမလဲ"

နန္ဒာကလည်း အဖြစ်အပျက်ကို စိတ်ပျက်နေပုံဖြင့် ရှုံ့တမဲ့မဲ့သာရှိသည်။ အရာရာမှာ စိတ်မြန် ကိုယ်မြန်ဖြစ်သော နန္ဒာသည် ဒီလို နှောင့်နှေးကြန့်ကြာစေသော အဖြစ်အပျက်ကို စိတ်တိုဒေါသထွက်လို့ နေလေသည်။

"ဘာမှမကူညီနဲ့၊ ရတယ်။ ဘီးဖြုတ်တာ နှစ်ယောက်ဖြုတ်လို့လည်း မရဘူး။ တောက် ... ဒီစပါယ်ယာဘီးကို ဖြုတ်ဖို့ရာကို တစ်ဒုက္ခ၊ အရေးမပါလိုက်တာနော်၊ ဟင်း ... ကျွတ် ... တောက်"

နန္ဒာသည် တညည်းညည်း တညူညူနှင့်ပင် ကိရိယာ တန်ဆာပလာအစုံ ပါဝင်သော သေတ္တာကို အီးအဲဆွဲမယူကာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူလိုက်သည်။ နောက် ကဗ္ဗာရာလမ်းပေါ် ပစ်ချကာ ဟိုဒီ မွှေနှောက်နေပြန်သည်။ သူ့ပုံကိုက စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ ပုံပင်။

"နန္ဒာ ... ငါ ဖုန်းဆက်လိုက်မယ်လေ"

"ဆက်လေ ... လိုင်းမှ မမိတာ"

"ဟာ ... ဒါဆိုဘယ်လိုလုပ်မလဲဟင်၊ မေမေတော့ အရမ်း စိတ်ပူနေတော့မှာပဲ။ ဒုက္ခပါပဲဟယ်"

နန္ဒာက ကားဘီးမှနပ်တွေကိုဖြုတ်ဖို့ ခွရွေးချယ်နေရင်းကပင် မျက်လုံးလှန်စွေကြည့်လျက် ...

"လာတဲ့ကားတစ်စီးနဲ့ပဲဖြစ်ဖြစ် နင် လိုက်သွားမလား"

"အာ ... နင်တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"အေး ... ဒါဆိုလည်း ဘာမှပြောမနေနဲ့ပေါ့ဟာ၊ ဖြစ်မှ မဖြစ်နိုင်တဲ့ဟာပဲ၊ နင် တမင် ညစ်နေတာ မဟုတ်ဘူး နော်"

နန္ဒာက အဲဒီလိုပြောလိုက်လျှင် ရွေးက နှုတ်ခမ်းဆူကာ ပွစိပွစိရေရွတ်လျက် မျက်စောင်းထိုးပစ်လိုက်လေသည်။ နန္ဒာဟာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဘယ်တော့မှ စိတ်မရှည်တတ်ချေ။ နောက်ဆုံး သူ့ကိုယ်သူတောင် စိတ်ရှည်တတ်သောသူ မဟုတ်။





ရွေးဟာ ကိုယ်လည်း ဘာမှ မလုပ်တတ်သဖြင့် လက်ပိုက်ရပ်ကာ ဟိုတိုဒီဒီ ကြည့်နေရသည်။ နေလုံးကြီးက တဖြည်းဖြည်း အိကျဝင်ရောက် ပျောက်ကွယ်သွားသလို အမှောင်ရိပ်ကလည်း ကြီးစိုးလို့လာသည်။ လေညင်းတချို့က ခပ်နွေးနွေး တိုက်ခတ်နေသော်လည်း ရင်ခွင်ကို ဘယ်လိုမှ မအေးမြစေချေ။

ထိုအချိန်မှာပဲ သီချင်းသံ ဆူညံပေါက်ကွဲနေသော ဂျစ်ကားတစ်စီးက အနားမှ ပွတ်ဆွဲတော့မလို (တမင်လုပ်တာ) ဖြတ်သန်းသွားသဖြင့် ရွေးမှာ လန့်ဖျပ်တောင် သွားရလေသည်။

"ကျွတ် ... ဘယ်လိုမောင်းနေတာလဲ မသိပါဘူး"

"ဆောကပ်နေ အမိ။ ပွတ်ဆွဲသွားလို့ ရေပေးရောက်နေမယ်"

နန္ဒာက နပ်တွေကိုလှည့်ရင်းမှ လှမ်းအော်ပြောသည်။ အခုနက ဖြတ်သန်းသွားသော ဂျစ်ကားမှာ ခပ်လှမ်းလှမ်းရောက်သွားလျှင် တုံ့ခနဲ ရပ်သွားလျက် နောက်သို့ပြန်ဘက်ဆုတ်လာလေသည်။ ပြီးလျှင် ရွေးတို့ကားရဲ့ရှေ့မှာရပ်လျက် ကားပေါ်မှ စပ်ဖြီဖြီမျက်နှာပေးနှင့် လူနှစ်ယောက် ဆင်းလာသည်။

အသက်အရွယ်အားဖြင့် ရွေးတို့ထက် ကြီးမည့်ပုံ ပေါ်သော်လည်း အချိန်ကတော့ စီးမည့်ပုံ မပေါ်ချေ။ ဂနာမငြိမ်သော မျက်လုံးများဖြင့် အနားသို့ ကပ်လာပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ညီမလေးတို့ ဘာဖြစ် ... အေ့"

စကားပြောရင်း လေချဉ်က တက်လိုက်သေးလျှင် အနံ့တစ်ခုက မွှန်ထူလို့ သွားရသည်။ ရွှေသည် နှာခေါင်းကို အလျှင်အမြန်ပိတ်လိုက်ကာ ချက်ချင်းပင် ထိုအနံ့ချင်စိတ်ပေါက် သွားရသလို ကြောက်စိတ်တစ်မျိုးကလည်း အသွေးအသားထဲသို့ ချက်ချင်းပင် ပျံ့နှံ့စိမ့်ဝင်လို့ လာလေသည်။

"ကားပျက်နေတာလား ... ဟင် ...(နန္ဒာ ဘီးပြွတ်နေရာသို့ ကြည့်ကာ) သြော် ... ဟုတ်ပါဘူး၊ ဘီးပေါက်နေတာပဲ ... ညီမလေး ... အေ့ ... ကိုယ်လုပ်ပေးမယ်လေ"

နန္ဒာသည် အဲဒီကြောင်ပုဂ္ဂိုလ်ကို စူးစူးရဲရဲ မျက်လုံးကြီးများနှင့် မျက်လုံးလှန်ကြည့်ကာ လုံးဝဂရုမစိုက်သည့် အသွင်သဏ္ဍာန်ဖြင့် ...

"မလိုဘူး ... ကိုယ့်လမ်းကိုယ်သွား"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်တာဖြစ်သည်။ ပြောရလျှင် နန္ဒာသည် တစ်ဖက်သားကို မတွေ့မတန်ပုံစံ၊ ဂရုမစိုက်တတ်သောအထာမျိုး ချိုးရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သူဖြစ်သည်။ သူမို့လို့ အဲဒီပုံစံမျိုးချိုးလျှင် တစ်ဖက်လူတို့မှာ အတော်ခံရခက်လေ့ရှိကြသည်။

အခုလည်း ထိုကြောင်မှူးသည် အဲဒီပုံစံကို မခံမရပ်နိုင်ဟန်ဖြင့် ...





"ဟော့ ... ကိုယ်တို့က မိန်းကလေးတွေချည်း ဒုက္ခရောက်နေမှာစိုးလို့ စေတနာနဲ့ ပြောတာကွ၊ စေတနာကိုတော့ မစော်ကားနဲ့လေ"

"ဟုတ်တယ် ... ဟုတ်တယ်။ စေတနာသည် လူတိုင်းနဲ့ မတန်တဲ့။ အဲဒီထဲ ပါသွားချင်လို့လား ... ဟဲ ဟဲ ဟဲ"

အာလေးလျှာလေးနှင့် လာရစ်နေသော အမူးနှစ်ကောင်ကို ရွှေကတော့ ရွံကြောက်ကြီး ကြောက်ရွံ့လို့နေပြီဖြစ်သော်လည်း နန္ဒာကတော့ မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် အတော်ဒေါသထွက်နေပြီဖြစ်သည်။

နဂိုကမှ ကားဘီးပေါက်၍ စိတ်တိုနေရသည့်အထဲတွင် မိန်းမမြင်တိုင်း ရိသွဲ့သွဲ့လာလုပ်ချင်သော အမူးအရူးများကြောင့် အံကိုတင်းအောင် ကြိတ်ထားကာ သွားတွေထဲက လေထွက်သောအသံဖြင့် ...

"ရှင်တို့ ဒီနေရာက မြန်မြန်ထွက်သွားရင် ကောင်းလိမ့်မယ်။ ကျွန်မတို့ ဘာအကူအညီမှလဲ မလိုဘူး၊ ရတယ်၊ သွားတော့"

ထိုသူက နန္ဒာရဲ့ပုံစံကို ခပ်ထွေထွေနှင့် တစ်ချက်စိုက်ကြည့်ကာ ဟက်ခနဲ ရယ်သည်။

"ဒီလိုလည်း မဟုတ်သေးပါဘူးလေ၊ မိန်းကလေးနှစ်ယောက်ပဲဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... မသင့်တော်ပါဘူး။ ကိုယ်တို့ အကူအညီကို လက်ခံစမ်းပါကွာနော်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

နန္ဒာသည် ကားပြင်သည့်ခွကို တင်းတင်းဆုပ်ထားလျက်၊ အံကို တင်းတင်းကြိတ်ကာ တက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်လျှင် မီးကျယမ်းကုန် ဒေါသကြီးနေပြီမှန်း ရွှေ အတတ်သိလိုက်သည်။ နန္ဒာ အဲဒီလို ဒေါသထွက်လျှင် အင်မတန်ကြောက်စရာကောင်းကြောင်း ရွှေ သိသည်။

သူ့မျက်လုံးထဲတွင် ဘာမှမမြင်တော့ဘဲ စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲတတ်ပစ်သူ ဖြစ်လေသည်။ နန္ဒာ ငြိမ်နေတာကို အကောင်းအောက်မေ့၍ တဟင်းဟင်းရယ်ကာ ရှေ့တိုးလာသူသည် နန္ဒာရဲ့ ဟား,ဟူသော ဒေါသကြီးနှင့်အတူ ခွနှင့်လွှဲရိုက်ခြင်းကို ခံလိုက်ရတော့တာ ဖြစ်ပါသည်။

ရုတ်တရက်မို့ ဟိုအမူးသမားဟာ အားခနဲ အော်လျက် ကားခနဲပင် ပစ်လဲကျသွားသည်။ ရွှေသည် အဲဒီမြင်ကွင်းကို ကြက်သေ သေလျက် ကြောင်ကြည့်ကာ ဘာလုပ်ရမှန်းမသိပေ။ နောက်တစ်ယောက်က ဒေါသတကြီးနှင့် ချက်ချင်းပင် နန္ဒာထံသို့ ပြေးဝင်လာကာ ပခုံးကို တစ်ချက်တွန်းပစ်လျက် ...

"တောက် ... သေချင်ပြီနဲ့တူတယ်၊ ဟုတ်လား။ ဟင် ... မင်း ဘာမိန်းမလဲ"





နန္ဒာသည် သူမပခုံးကို ဆောင့်တွန်းခံရတာကို မစဉ်နှင့် အပက်ခံရသည့်အလား ဆတ်ဆတ်ခါ နာကြည်းသွားကာ အဲဒီတစ်ယောက်ရဲ့ မျက်နှာကို လည်ထွက်သွားအောင်ပင် တဖြန်းဖြန်း ရိုက်ပစ်တာ ဖြစ်လေသည်။ လဲကျနေသော တစ်ယောက်ကလည်း ပြန်ထလာပြီမို့ ရွှေသည် အဲဒီအချိန်တွင်းမှာ ကမ္ဘာပျိုမတတ် ကြောက်လန့်တုန်လှုပ်ရတာဖြစ်သည်။

မျက်လုံးတွေ ပြာနေကာ ဘာမှမြင်ဟန်မတူတော့တဲ့ နန္ဒာရယ်၊ အန္တရာယ်ပေးမည့် အမူးသမားနှစ်ယောက်ကြားမှာ ရွှေတစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ချေ။ တစ်သက်နဲ့ တစ်ကိုယ် မကြုံဘူးသော ဖြစ်ရပ်ထဲ၌ အံ့အားသင့် မှင်သက်တုန်လှုပ်နေတုန်းမှာပဲ ကားတစ်စီးက အနားသို့ ထိုးရပ်လာတာဖြစ်သည်။

ရွှေသည် ဝမ်းသာအားရနှင့် ကားမောင်းသူရဲ့ တံခါးအနားသို့ ပြေးကပ်ကာ ...

"ဒီ ... ဒီမှာ ... ကျွန်မတို့ကို ကူညီပါရှင်၊ ကျွန်မတို့ကို ဟိုဂျစ်ကားကလူတွေ နှောင့်ယှက်နေလို့ပါ"

တစ်ဖက်က ကားမောင်းသူဟာ ဘာမှပြန်မပြောဘဲ ကားကို လမ်းဘေးသို့ ချရပ်လျက် ကားပေါ်မှ ဆင်းလာသည်။ ပြီးလျှင် ဘာမပြော ညာမပြောပင် အမူးသမားနှစ်ယောက်ကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုးတော့တာဖြစ်သည်။ ပထမတော့ ဟိုအမူးနှစ်ယောက်က ကြောင်တက်တက်နှင့် ခံနေရသေးသည်။ နောက်တော့မှ သဘောပေါက်သွားကြကာ နှစ်ယောက်နှင့် တစ်ယောက် ရန်ပွဲဖြစ်ပွားတော့သည်။

ရွေးက ကြောက်နေသလောက် နန္ဒာက မကြောက်ချေ။ အားကိုးရှိလာပြီ ဖြစ်သဖြင့် တုတ်တစ်ချောင်းပင် ရှာဖွေလာကာ စိတ်ရှိလက်ရှိ ဝင်ရိုက်သေးသည်။

နောက်တော့ အခြေအနေ မဟန်မှန်း သိသဖြင့် ဟိုနှစ်ယောက်က သူတို့ကားပေါ် သူတို့တက်ပြေးကြတော့လျက် မောင်းထွက်သွားကြတာဖြစ်သည်။

ဒီတော့မှပင် နန္ဒာက ကူညီသူကို သေချာကြည့်လျက် ကျေးဇူးတင်စကား ဆိုရတော့သည်။

"ကျေးဇူးတင်ပါတယ်၊ ရှင်သာ မကူညီရင်တော့ တကယ် မလွယ်ဘူး၊ အတော်မိုက်ရိုင်းတဲ့လူတွေ၊ နမချင်းမစာနာတောက်"

သူက နန္ဒာရဲ့စကားကို ခေါင်းတစ်ချက် ညိတ်ရုံသာ အသိအမှတ်ပြုလျက် ရွေးဘက်ကိုလှည့်ကာ ...

"ဒီအချိန်ကြီးကျမှ ဘာဖြစ်တာလဲ မြရွေးမုံ။ ဒီတစ်ခါတော့ ပိုလန့်သွားမယ်နဲ့ တူတယ်နော်"





ရွေးဟာ အဲဒီအသံကြောင့် ဆတ်ခနဲ ဖြစ်သွားကာ စကားပြောသူရဲ့ မျက်နှာကို ရှေ့တိုးလျက် ကမန်းကတန်းပင် သေချာစွာ ကြည့်ရသည်။ အမှောင်ထဲမှာ ကျင့်သားရနေပြီဖြစ်သော မျက်လုံးများသည် ကြယ်ရောင်တချို့၏ ပံ့ပိုးပေးမှုဖြင့် သူ့မျက်နှာကို သဲကွဲစွာ မှတ်မိသွားရသည်။

"ဟင် ... ရှင် ... ရှင်"

သူက ဆတ်ခနဲပြုံးပြသည်။ အဲဒီအပြုံးသည် ကမ္ဘာပေါ်တွင် ဘယ်လိုစွမ်းအားများ စုပုံနေတတ်သလဲတော့ မပြောတတ်ချေ။ အခုနကရှိခဲ့သော ကြောက်ရွံ့တုန်လှုပ်ခြင်း၊ စိတ်မတည်ငြိမ် မလုံခြုံခြင်း၊ အားငယ်ဝမ်းနည်းနေရခြင်း စတာတွေကို တစ်မုဟုတ်ချင်းပင် လွင့်စဉ်သွားစေသော အပြုံးမျိုးပဲဖြစ်သည်။

Superman (စူပါမင်း)တစ်ယောက် ရောက်လာသလို အရာအားလုံး ပြီးပြည့်စုံသွားသည့် ခံစားမှုတစ်ခုအတွက် ရွေးကိုယ်ရွေး နောက်မှ စစ်ဆေးရပါဦးမည်။

"ကိုယ့်ကို မှတ်မိတယ် မဟုတ်လား။ ကဲ ... မင်းတို့ဘာ အခက်အခဲ ဖြစ်နေလဲ၊ ပြောပြ၊ ကိုယ် ကူညီမယ်"

"နန္ဒာ"

ရွေးက နန္ဒာကို အခုမှ သတိရသွားကာ အလန့်တကြား လှည့်ခေါ်လိုက်လျှင် နန္ဒာသည်လည်း လောကကြီး၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်နေသောရုပ်ဖြင့် သူ့လက်ထဲသို့ ခွတစ်ချောင်းကို ထိုးထည့်ပေးလိုက်တော့ကာ ...

"ရှေ့ဘီး ပေါက်နေတယ်၊ ကြည့်ကျက်သာ လုပ်ပေတော့"

နန္ဒာရဲ့ ဘောက်ဆတ်ဆတ် အပြောကြောင့် သူမျှား စိတ်ခုသွားဦးမလားဟု စိုးရိမ်မိသောရွှေးက သူ့မျက်နှာကို မရဲတရဲ ချောင်းကြည့်လိုက်လျှင် သူက ဘာမှမဖြစ်သော စကိုင်လ်နှင့် ပခုံးတစ်ချက်တွန့်ကာ နန္ဒာ လှမ်းပေးသောခွကို ယူသည်။

ပြီးလျှင် နှစ်ယောက်စလုံးကို ဝေ့ဝဲကြည့်လျက် ...

"ဘီးဖြုတ်တာ ဘီးလဲတပ်တာ အနည်းဆုံး မိနစ်နှစ်ဆယ်လောက်တော့ ကြာမှာပဲ၊ မင်းတို့အိမ်တွေက စိတ်ပူနေကြလိမ့်မယ်။ ကိုယ့်ကားကို မောင်းသွားလိုက် ...

မနက်ဖြန် ကျောင်းမှာ ကားပြန်လဲလို့ ရတာပဲ"

"ဩော် ... မဟုတ်တာ၊ ရပါတယ်၊ ကျွန်မတို့စောင့်ပါ့မယ်"

ဒီလိုတော့လည်း အားနာသွားဟန်ရှိသည့် နန္ဒာကပဲ ပြောတာဖြစ်သည်။

"ဘာလဲ ... ကိုယ့်ကို မယုံလို့လား၊ ကားတစ်စီးလုံး ပေးလိုက်မှာပါ"





"အာ ... အဲဒီလိုကြောင့် ပြောတာ မဟုတ်ပါဘူး။ ရှင့်ကားကတော့င် ကားအကောင်းစားကြီးပဲဟာ ရပါတယ်၊ ကူညီတာပဲ ကျေးဇူးတင်ပါပြီ"

"မင်းတို့အိမ်တွေက စိတ်ပူနေမှာစိုးလို့ ပြောတာပါ၊ နောက်ဆုံး ကားကို အိမ်အထိ မယူသွားချင်ဘူး ဆိုရင်တောင် ဖုန်းလိုင်းမိတဲ့နေရာအထိ မောင်းသွားပြီး အိမ်တွေကို စိတ်မပူဖို့ ဖုန်းဆက်ပြောနိုင်တာပဲ ...

ဒါဆို မင်းတို့လည်း အေးအေးဆေးဆေး မောင်းပြန်လို့ရမယ်၊ အိမ်ကလူကြီးတွေလည်း စိတ်သက်သာရာရသွားမယ်"

သူ့ရဲ့စကားသံ အဆုံးတွင် နန္ဒာနှင့် ရွှေးမှာ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိသွားကြလေသည်။ သူ့စကားတွေဟာ ရွှေးတို့ရင်ဘတ်ထဲ လှမ်းကြည့်နေသလားဟု ထင်မှတ် မှားရလောက်အောင်ပင် တိကျမှန်ကန်လို့နေသည်။ ခုချိန်လောက်ဆို ရွှေးရဲ့မေမေတင်သာမကဘဲ နန္ဒာရဲ့အမေပါ စိတ်ပူနေလောက်ပြီဖြစ်သည်။

အချိန်ကလည်း ညခုနစ်နာရီထိုးပြီးပြီ။ နန္ဒာက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကားကို ဖုန်းလိုင်းမိတဲ့နေရာအထိ မောင်းသွားမယ်၊ ဖုန်းပြောပြီးရင် ကျွန်မတို့ အဲဒီနေရာကပဲစောင့်နေမယ်"

သူက တစ်ချက်ပြုံးကာ ခေါင်းကို ခါယမ်းလိုက်ပြီး ...

"လုပ်မနေပါနဲ့ကွာ၊ ညကြီး လမ်းဘေးမှာ ရပ်စောင့်နေရမှာ မသင့်တော်ပါဘူး၊ အိမ်အထိပဲ မောင်းသွားလိုက်တော့...

OK ရော့၊ အဲဒီမှာကားသော့၊ မှောင်နေပြီ။ မင်းတို့သွားလိုက်ကြတော့"

သူက နန္ဒာ့ကို ကားသော့လှမ်းပေးလိုက်လျှင် နန္ဒာက လှမ်းယူကာ "ကျေးဇူးပဲ"ဟု တိုးတိုးရေရွတ်သည်။ ရွှေးသည် သူ့လှုပ်ရှားမှုများကို အခုချိန်အထိ အံ့သြငေးမောနေဆဲပင် ဖြစ်လေသည်။ သူက ရွှေးမျက်နှာရှေ့သို့ လက်တစ်ချက်ဝှေ့ယမ်းလိုက်ကာ ...

"ဟိတ် ... မနက်ဖြန်ကျရင် ကျောင်းမှာဆုံမယ်နော်။ ဘာမှမကြောက်နဲ့ အဆင်ပြေမှာပါ။ သွားတော့"

နန္ဒာနှင့် ရွှေးသည် ကားပေါ်မှ ကိုယ့်ပိုက်ဆံအိတ်ကိုယ်ယူကာ မလှမ်းမကမ်းမှာ ရပ်ထားသော သူ့ကားထံသို့ ထွက်လာခဲ့ကြသည်။ ရွှေးသည် ကားပေါ်တက်ခါနီးမှာတင် သူ့





ထံသို့ လှမ်းကြည့်လိုက်လျှင် ရွှေးတို့ကို ကြည့်မနေသော၊ ကားဘီးကို ဖြုတ်နေပြီဖြစ်သော သူ့ကို တွေ့မြင်လိုက်ရတာ ဖြစ်ပါသည်။

နန္ဒာက သူ့ကားစက်ကို နှိုးလိုက်လျှင် စက်သံက ညက်ညောစွာ ထွက်လာကာ ငြိမ်ငြိမ် မောင်းထွက်လို့ ရသွားသည်။ အဲဒီနောက် နန္ဒာသည် သူ့ကားကို ကျင်လည်စွာနှင့် ခပ်သွက်သွက် တည်တည်ငြိမ်ငြိမ် မောင်းလာခဲ့တာဖြစ်သည်။ ဒီလိုဆိုတော့လည်း ခုနက ဘီလူးဆိုင်းတီးခဲ့ပုံမှာ သူ မဟုတ်တဲ့အတိုင်းပဲဖြစ်သည်။ ရွှေး အတွက်တော့ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များမှာ အိပ်မက်လိုလို၊ ရုပ်ရှင်လိုလို ဆန်းကြယ်သော ဖြစ်ရပ်တွေချည်းသာ ဖြစ်လေသည်။

(အိပ်မက်ဆိုတာကတော့ အိပ်မက်ဆိုးသာဖြစ်ပြီး သူရောက်လာပုံကတော့ ရုပ်ရှင်တစ်ကားလိုပဲ ရင်သပ်ရှုမောဖွယ်ကောင်းကာ ဆွတ်ပျံ့ကြည်နူးဖွယ်လည်း ကောင်းသလိုပဲ ဖြစ်သည်။ ပြီးတော့ ထိုရုပ်ရှင်ဟာ ဘယ်လိုမှ ထင်မထားသော ဇာတ်လမ်းဇာတ်ကွက်တွေနဲ့လဲ တည်ဆောက်ထားသေးသည်။)

သူကို ကြည့်မရပါဘူးဆိုသော နန္ဒာသည်ပင်လျှင် ခုချိန်မှာ သူ့ကားကို တက်မောင်းနေရပြီဖြစ်သည်။

"ထူးဆန်းလိုက်တာလို့ တွေးနေပြီလား ရွှေး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေးသည် မွေးပျံ့သော ရနံ့တစ်မျိုးရှိသော ဒီဇိုင်း ဆန်ဆန်း ဆင်ထားသည့် သူ့ကားအတွင်းသို့ ဝေ့ဝဲကြည့်ရှုနေရင်းမှ ...

"အင်း ... အံ့သြစရာကြီးပဲနော်"

ရွှေးက ဒီလောက်ပဲ ပြောနိုင်လေသည်။ တကယ် တမ်း ပြောချင်သော စကားတွေက ရင်ထဲမှာ ဒီ့ထက်မကချေ။ နန္ဒာသည် သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ရင်းမှ ...

"တော်တော်ထူးဆန်းတဲ့ တိုက်ဆိုင်မှုပဲဟ။ သူသာရောက် မလာရင် ငါတို့တော့ ဘာတွေဖြစ်ကုန်မလဲ မသိဘူး။ နင် ကလည်း အရေးထဲဆို ကြောက်နေဖို့ပဲ သိတယ်"

"ဩော် ... နင်ကလည်း၊ ထစ်ခနဲဆို ဒေါသဆူတတ်တာ လည်း ထည့်ပြောဦးလေ၊ နင် ဒေါသအရမ်းကြီးလို့ အခြေ အနေတွေက ပိုးဆိုးကုန်တာ"

"မသိဘူးဟာ၊ စိတ်က အရမ်းကို တိုနေပြီ၊ မရတော့ဘူး။ နဂိုကမှ ဘီးပေါက်လို့ စိတ်တိုနေရတဲ့အထဲ အဲဒီလို လာ ရစ်တော့ ဘာပြောကောင်းမလဲ ...

ဟိုကောင့်မျက်နှာကို စိတ်ရှိလက်ရှိ ကျွေးလိုက်ရ တာပဲ တကယ်တန်တယ်၊ ခုမှ တော်တော်ပေါ့သွားတယ်၊ ဟား ဟား"





အခုကျတော့လည်း သူ မဟုတ်တော့သည့်အတိုင်း ပေါ့ပေါ့ပါးပါး ရယ်မောနေနိုင်သော နန္ဒာ့ကို ရွှေးက မျက်စောင်း နနလေးတစ်ချက် ထိုးလိုက်သေးသည်။

"နင်တို့ နှစ်ယောက်ကတော့ တကယ်လိုက်တယ်"

ရွှေး ဘာဆိုလိုတယ် ဆိုတာကို သိသော နန္ဒာက လည်း မျက်စောင်းပြင်းပြင်းတစ်ချက် ပြန်ထိုးလေကာ ...

"ဒါပေမဲ့ အဲဒီလိုမျိုးလူက နင်နဲ့ ပိုသင့်တော်တာ"

"နန္ဒာနော်"

"ခုတော့ နန္ဒာနော်ပေါ့။ နောက်တော့ နန္ဒာ ပြောတာ ဟုတ်တယ်နော်ဆိုပြီး ဖြစ်လာမှာ၊ မိုးသက်ထန် ဆိုတဲ့ကောင် ရန်ဖြစ်တာ နာမည်ကြီးသမျှ အခုမှ မြင်ဖူးတော့တာပဲ ...

သိုင်းကားတွေ တော်တော် ကြည့်ထားတယ်နဲ့ တူတယ်"

နန္ဒာ့ အပြောက ပျော့ပျောင်းလာပြီမို့ ရွှေးက တစ် ချက် ကျိတ်ပြုံးလိုက်ကာ ...

"နင် သူ့ကို သိပ်အမြင်မကတ်တော့ဘူး မဟုတ်လား"

နန္ဒာက ဟက်ခနဲ တစ်ချက်ရယ်ရင်း ရွှေးကို ငါသိ ပါတယ်ဟူသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ကာ ခေါင်း တဆတ်ဆတ်ညိတ်နေတော့လေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရန်ဖြစ် ဘုကျဲတာဟာ မကောင်းဘူး ဆိုပေမဲ့ မိန်းကလေး မြင်တိုင်း တအိအိနဲ့ လိုက်ကြူ နှောင့်ယှက်တဲလူတွေထက်စာရင်တော့ ခံသာသေးပါတယ်လေ ...

ကဲ ... အမိ၊ ကြည်နူးပီတိတွေလည်း သိပ်ဖြာဝေမနေနဲ့။ အင်း ... ငါကတော့ မြင်ယောင်နေတယ်၊ လိုင်းမိပြီလား မသိဘူး၊ အိမ်တွေကို ဖုန်းဆက်ဦး၊ နင့်အိမ်ကို အရင်ဆက်"

ရွှေက အသာပြုံးရင်း လက်ကိုင်ဖုန်းကိုထုတ်ကာ ဖွင့်ကြည့်လိုက်လျှင် လိုင်းမိနေသော အမှတ်အသားကို တွေ့မြင်လိုက်ရလေသည်။

အဲဒီနောက် မေမေ့ထံ ဖုန်းခေါ်သည်။ ထင်သည့်အတိုင်း မေမေက စိတ်ပူလို့သာပင်။ နောက်တော့ နန္ဒာရဲ့အိမ်ကို ဖုန်းဆက်ပြောသည်။ အားလုံးပြီးစီးသွားလျှင် ရွှေသည် သူ့ကားထဲကို စိတ်ဝင်တစားပင် လိုက်ကြည့်မိသည်။ ဒီဇိုင်းအဆန်းတွေဆင်ထားသော သူ့ကားကက်ဆက်ကို နန္ဒာက လမ်းဖွင့်လိုက်လျှင် Black Hole အဖွဲ့၏ "သနပ်ခါး"သီချင်းသံက ပျံ့လွင့်လို့လာသည်။

နန္ဒာက အဲဒီသီချင်းကိုကြားလျှင် မဲ့ပြုံး ပြုံးသည်။ သူလိုလူမျိုးက ဒီလိုသီချင်းကို ကြိုက်တယ်ဆိုတဲ့ အထာမျိုးနဲ့ပေါ့





လေ။ ရွှေကတော့ အဲဒီသီချင်းကို သိပ်ကြိုက်သူမို့ သူ့မျက်နှာကို ပြေးမြင်ယောင်ကာ ပြုံးမိသွားလေသည်။

[ပါးပြင်မှာ သနပ်ခါးလေးနဲ့ ချစ်စရာ ကောင်းလိုက်တာကွာ xxx သူများတွေထက် မထင်ရှားလည်းပဲ xxx ကိုယ့်အတွက် လမင်းလေးပါ xxx အမြဲတမ်း ပြုံးနေလိုက်ပါ xxx ရိုးရိုးလေး မင်းမျက်နှာ ကမ္ဘာကျော်တောင် မမီနိုင်ဘူးကွာ xxx ကိုယ့်ရဲ့ နှလုံးအိမ်ထဲမှာ အချစ်စိတ်တို့ နိုးထလာ xxx ဒီတစ်သက်စာ ချစ်မေတ္တာ]

ဒါဆို သူလိုလူကြမ်းလေးရဲ့ နှလုံးသားကို သနပ်ခါးလိမ်းထားတဲ့ ကောင်မလေးကသာ စိုးပိုင်တတ်မယ့် သဘောပေါ့။ ရွှေသည် အိမ်မှာနေရင် အမြဲတမ်း သနပ်ခါးပါးကွက်ကြားလေးနှင့် နေတတ်သော ကိုယ့်အဖြစ်ကိုယ် သတိရမိသွားကာ ရှက်ပြုံးလေး ပြုံးမိသွားခဲ့သည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



၈

နောက်တစ်နေ့နံနက်တွင် ဈေးတို့တောင် မရောက်သေး သူက ကားပါကင်တွင် နန္ဒာရဲ့ကားနှင့်အတူ ကြိုတင်စောင့်စား ရောက်ရှိနေတာကို တွေ့ရလေသည်။ သူ့ကားကို နန္ဒာမောင်းဝင်လာတာမြင်လျှင် သူက လက်အသာလှမ်းပြသည်။ သူ့ဘေးက နေရာလွတ်မှာ နန္ဒာက ဝင်ရပ်လိုက်ပြီးနောက် ကားပေါ်မှ ဆင်းလာလျှင် သူက ဟန်ပါပါဖြင့် "ဟိုင်း"ဟု နှုတ်ဆက်သည်။

နန္ဒာက သူ့အနားသို့ ခပ်တည်တည်ပင် လျှောက်သွားကာ ကားသော့ကို ကမ်းပေးလိုက်ရင်း ...

"ကျေးဇူးပဲ၊ မနေ့က အဆင်ရော ပြေရဲ့လား။ ဖုန်းဆက်မေးမလို့ပဲ၊ ဖုန်းနံပါတ်က မသိလို့"





"ကိစ္စမရှိပါဘူး၊ အဆင်ပြေပါတယ်၊ ဒီမှာ မင်းကားသော့။ ပေါက်နေတဲ့ဘီးကိုလည်း ဖာပြီးပြီ။ သေချာ ပြန်တပ်ပေးထားတယ်"

"အိုခေ ... ကျေးဇူးပဲ"

"ဘယ်လိုလဲ၊ မင်းနဲ့ ငါ အေး[illegible]ဖြစ်သွားပြီ မဟုတ်လား"

သူ ဘာကိုဆိုလိုမှန်း သိသဖြင့် နန္ဒာက မဲ့ပြုံးတစ်ချက်ဖြင့် ပခုံးတွန့်ကာ ခေါင်းညိတ်ပြသည်။ သူက ဈေးထဲသို့ တစ်ချက် လှမ်းကြည့်လိုက်လျှင် ဈေးမှာ ချက်ချင်းပဲ မနေတတ် မထိုင်တတ် ဖြစ်လို့သွားရလေသည်။ သူ့ကိုရယ်ပဲ ပြရတော့မလို၊ နှုတ်ဆက်ရတော့လိုနှင့် စိတ်ထဲမှာ ဝေခွဲမရ ဖြစ်သွားရသေးသည်။

အဲဒီအချိန်မှာပဲ ကံကောင်းထောက်မစွာဖြင့် နန္ဒာရဲ့ ဟန်းဒ်ဖုန်းက ထ,မြည်လို့လာလျှင် နန္ဒာက မျက်စတစ်ချက်ပစ်ပြကာ ခပ်လှမ်းလှမ်းသို့ ထွက်သွားရင်း ဖုန်းပြောနေသည်။ ဒီတော့မှ သူက ဈေးထဲသို့ ခြေလှမ်းအနည်းငယ် တိုးကပ်လာရင်း ...

"အခုတလော မြဈေးမှံ အတွက် ထိတ်လန့်စရာတွေနဲ့ချည်းပဲ ကြုံနေတယ်နဲ့ တူတယ်နော်၊ ဟုတ်လား"

"ရှင် ... ဟုတ် ... ဟုတ်တယ်"

"ဒါဆို မနေ့က တော်တော်ကြောက်နေမှာပေါ့"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ချွေးက ဘာဆက်ပြောရမှန်း မသိဘာနှင့် သူ့မျက်နှာကို မဝံ့မရဲ ကြည့်လိုက်လျှင် အဲဒီတော့မှ ဒဏ်ရာဒဏ်ချက် အနည်းငယ်ရှိနေသော သူ့မျက်နှာ အခြေအနေကို သွားတွေ့တာ ဖြစ်လေသည်။ နှုတ်ခမ်းကွဲသော နေရာက သွေးအနည်းငယ်စို့လျက် ရှိနေပြီး ကြည်လင်သော အသားအရေ၌ အဲဒီဒဏ်ရာက ထင်းလို့နေသည်။

"ဟင် ... ရှင့်မျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား၊ မနေ့က ရတဲ့ ဒဏ်ရာနဲ့တူတယ်"

သူက ဘာမှမဖြစ်သလို စတိုင်လ်မျိုးဖြင့် ချွေးမျက်နှာကိုပဲ ငေးမောကြည့်နေကာ ...

"အစစ်ပေါ့"

"အို ... နှုတ်ခမ်းထောင့်စွန်းကလည်း ကွဲနေတာပဲ။ သွေးတောင်ထွက်နေတယ်လေ"

သူက ချွေး မျက်လုံးပြူးနေပုံကို သဘောတကျ ရယ်မောကာ ...

"ဟုတ်ပါတယ်၊ အဲဒါက အရေးမကြီးပါဘူး"

"ဘာက အရေးကြီးတာလဲ"

"မင်းဆီက ကျေးဇူးတင်စကားလေး ကြားရဖို့သာ အရေးကြီးတာလေ"





သူက လက်တစ်ဖက်နှင့် နားကိုစွင့်နေဟန်လုပ်ကာ ပြောလျှင် ချွေးသည် အဲဒီပုံစံကို မျက်စောင်းထိုးမိမတတ် ဖြစ်သွားရသည်။ ပန်းနုရောင် အခံပေါ်မှာ အနက်ရောင် အစင်းစိပ်စိပ်လေးတွေ ပါဝင်သော အော်လ်တွာရှပ်လက်တိုနှင့် အဖြူရောင် မကျတကျ ဘောင်းဘီတို့ကို တွဲဖက်ဝင်ဆင်ထားသော သူ့ပုံစံနှင့် သူ့စတိုင်လ်ဟာ တကယ်ကို သပ်ရပ်ကြော့မော့လို့နေသည်။ ပြီးတော့ သူ စကားပြောပုံ ဆိုပုံတွေဟာလည်း တခြားယောက်ျားတွေနဲ့တောင် သိပ်မတူချေ။ ဘယ်နေရာက ဆွဲဆောင်မှု ရှိနေသလဲ တော့ မပြောတတ်ပါ။

"ဟိတ် ... ဘာတွေ တွေးနေပြန်တာတုန်း။ ကျေးဇူးတင်စကားပြောဖို့တောင် ဒီလောက် စဉ်းစားနေရတယ်"

"ဟို ... မဟုတ် ... မဟုတ်ပါဘူး။ ရှင့်ဒဏ်ရာတွေအတွက် အားနာလို့ပါ"

သူက ချွေး အပြောကို အရေးမပါဟန်ဖြင့် ကျွတ်ခနဲ စုတ်သပ်လေသည်။ အဲဒီပုံစံကကို သူများနဲ့မတူစွာ စတိုင်လ်မိုက် ကြည့်ကောင်းလို့နေသည်။

"ကဲ ... ဒီတော့ မင်းက ဘာလုပ်ပေးချင်လို့လဲ"

"ဟို ... အဲဒီလိုတော့လည်း"



www.burmeseclassic.com

www.burmeseclassic.com



သူက လှစ်ခနဲ ပြုံးလိုက်ကာ ချွေးကို တစ်မျိုးသော နိုက်ကြည့်ခြင်းမျိုးဖြင့် ကြည့်လျက် ...

"မင်းက ကိုယ့်ကို အားနာနေတယ်ပေါ့၊ အဲဒီလိုလား"

"အင်းပေါ့။ ရှင်က ကားဘီးလည်း လဲပေးရသေးတယ်။ ရန်လည်း ဝင်ဖြစ်ရတယ်၊ ဒဏ်ရာလည်း ရတယ်ဆိုတော့ အားနာနေတာပေါ့၊ ပြီးတော့ ရှင်နဲ့ နန္ဒာနဲ့ကလည်း သိပ်မတည့်ကြဘူး မဟုတ်လား"

သူက ဖုန်းပြောနေသော နန္ဒာ့ထံသို့ လက်မကို နောက်ပြန်ထိုးကာ ...

"အဲဒီတစ်ယောက်က နန္ဒာတဲ့လား။ သူနဲ့က အိုကေသွားပါပြီ။ သူကတောင် ကျေးဇူးတင်တဲ့အကြောင်း ပြောပြီးပြီ"

"ဒါဆို အခု ဘျွန်မပြောရမယ်ပေါ့"

သူက ချွေးရဲ့အပြောလေးကို နှုတ်ခမ်းစုပြုံးကာ ခေါင်းတစ်ချက်ရမ်းရင်း ...

"အခု မပြောနဲ့ဦး၊ ည ရှစ်နာရီကျမှပြော"

"ဟယ် ... ညရှစ်နာရီ။ ဘယ်လိုလုပ် ပြောလို့ရမှာလဲ"

"ဖုန်းဆက်ပြောလေ"

"ဖုန်းဆက်ပြောရဦးမယ်"

"အင်းပေါ့"





"ဟယ် ... ဘယ်လိုကြီးလဲ၊ ချွေးမှ ရှင့်ဖုန်းနံပါတ် မသိတာ"

"ပြောမှာပေါ့။ ဆက်ပြောမယ် မဟုတ်လား"

ချွေးက နှုတ်ဆိတ်နေတုန်းမှာပင် သူက ချွေး လက်ထဲမှာ ကိုင်ထားသော စာအုပ်ကို လှမ်းယူကာ ဘောလ်ပင်ဖြင့် သူ့ဖုန်းနံပါတ်ကို ရေးပေးလိုက်လေသည်။

ပြီးလျှင် ချွေး လက်ထဲသို့ စာအုပ်ပြန်ထည့်ပေးတော့ လျက် အဓိပ္ပာယ်များစွာ ပါဝင်သော မျက်ဝန်းများဖြင့် ငေးကြည့်လိုလာသည်။ ချွေးဟာ အဲဒီအကြည့်မျိုးကို နှစ်စက္ကန့်ထက် ပို၍ ဒဏ်မခံနိုင်ချေ။ ချက်ချင်းပဲ မျက်လွှာချမိလေသည်။

သူက တိုးသက်သော အသံဖြင့် ...

"ကိုယ် စောင့်နေမယ်နော်"တဲ့ ...။

အဲဒီနောက် တိတ်ဆိတ်သွားတာကြာ၍ မော့ကြည့်လိုက်လျှင် အနားမှာ သူ မရှိတော့ဘဲ ချွေးရဲ့ ကျောက်ရုပ်ခေါင်းငုံ့ ဖြစ်နေသော ပုံစံကို နှုတ်ခမ်းတင်းတင်းစေ့ကာ လက်ပိုက်ကြည့် နေသော နန္ဒာ့ကိုပဲ တွေ့မြင်လိုက်ရတာ ဖြစ်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခွေးဟာ ညခုနစ်နာရီလောက်တည်းကကို တစ်ယောက်တည်း ဂနာမငြိမ် ဖြစ်လို့နေခဲ့သည်။ တစ်ခါမှ ခွေး ဒီလို မဖြစ်ခဲ့ဘူးချေ။ ခုနစ်နာရီမှာ ညစာစားပြီးချိန်မို့ ခွေး ဟိုလျှောက် ဒီလျှောက်လုပ်နေတာကို မေမေကတောင် မျက်စိနောက်လာသည် ထင့်။

"ခွေး ဘာဖြစ်နေတာလဲ။ တောင်လျှောက် မြောက်လျှောက်နဲ့"

ဟု မေးလာတဲ့အထိပဲ ဖြစ်သည်။

"ဟို ... ဘာမှမဖြစ်ပါဘူး မေမေ။ ဗိုက်လေးနေလို့ လမ်းလျှောက်နေတာပါ"

"ဒါများ ခြံထဲဆင်းလျှောက်ရောပေါ့ သမီးရယ်။ လ,လည်း သာနေတာပဲ၊ လေကလည်း တဖြူးဖြူးနဲ့"

"ဟုတ် ... ကျေးဇူးပဲ မေ့၊ ဟဲ ဟဲ"





ခွေးက မေမေ ပြောတော့မှပင် စိတ်ကူးရသွားကာ ဘောင်းဘီအိတ်ကပ်ထဲသို့ ဟန်းဒ်ဖုန်းကို အသာထိုးထည့်လျက် ခြံထဲဆင်းလာခဲ့သည်။ တကယ်တော့ သူ့ဆီကို ဖုန်းဆက်ဖို့ရာ ခွေး တစ်ယောက် ချိတုံချတုံ ဖြစ်နေတာပဲဖြစ်သည်။ သူ့ဆီကို ဖုန်းဆက်၍ မိန်းကလေးသိက္ခာများ ကျလေမလား၊ ဒါမှမဟုတ် ခပ်လွယ်လွယ် ကောင်မလေးဟုပဲ ထင်သွားလေမလား စသဖြင့် အတွေးပေါင်းစုံက နှိပ်စက်အလုပ်ပေးသဖြင့် ခွေးဟာ ဆုံးဖြတ်ချက်ကို မချနိုင်သေးချေ။

သို့သော် သူဟာ ခွေးတို့ကို ကျေးဇူးတင်စရာကောင်းလောက်အောင် ကူညီထားခဲ့သူလည်းဖြစ်သည်။ သူ့ကူညီမှုဟာ ဘယ်လောက်ကျေးဇူးတင်စရာ ကောင်းသလဲဆိုလျှင် တင်းနေသည့်နန်းတောင် သူ့ကိုအေးဆေးဖြစ်သွားတာကြည့်တော့။ နောက်ဆုံးတော့ ကိုယ့်အပေါ်မှာ ကျေးဇူးရှိတဲ့လူတစ်ယောက်ပဲလေဟု မှုမှုတတ စဉ်းစားပြီးလျှင် ခွေးဟာ ဖုန်းခေါ်ဖို့ ဆုံးဖြတ်ချက်ချမိတော့တာ ဖြစ်သည်။

အဲဒီအချိန်ဟာ ရှစ်နာရီထိုးပြီး၍ ရှစ်မိနစ်ခန့်တောင် စွန်းသွားချိန်လည်း ဖြစ်လေသည်။ ခွေးသည် လေပြည်နုနုတွေ တိုက်ခတ်နေရုံမျှဖြင့် ချမ်းတုန်ချင်သလိုလို ဖြစ်လာကာ သူ့ဖုန်းနံပါတ်တွေကို စိတ်လှုပ်ရှားစွာ နှိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လိုင်းဝင်သွားတာနှင့် ချက်ချင်းပဲ ဖုန်းမှန်တာ ကြားရသည်။

"ဟယ်လို"

သူ့အသံသည် ဝီသပြတ်သားကာ တည်ကြည်လျှက်နေပါသည်။

အခါများစွာက ချွေးကို ဖုန်းသရဲလုပ်နေသူတို့ရဲ့အသံများကို အီသံဆွဲနေသော ညုတုတုအသံမျိုးလည်း မဟုတ်ချေ။

"ကျွန်မ ချွေးပါ"

"ဩော် ... ချွေး။ ဟုတ်ပြီ ... ကိုယ့်ဆီကို ဖုန်းဆက်လာတယ်ပေါ့။ ဝမ်းသာပါတယ် ချွေး"

သူ့အသံက လှိုက်လှဲစွာနှင့် တက်ကြွလို့နေသဖြင့် မှုံ့တွန့်တွန့် ဖြစ်နေသော ချွေးရဲ့စိတ်တို့က ပေါ့ပါးလန်းဆန်းလို့သွားခဲ့ရသည်။ ချွေးသည် လမ်းလျှောက်နေရာမှ ဒန်းစင်လေးပေါ်တွင် ဝင်ထိုင်လိုက်ရင်း ...

"အခု ကျွန်မ ရှင့်ကို ကျေးဇူးတင်စကား ပြောလို့ရပြီလား"

"အခု မပြောသေးနဲ့ဦး၊ နောက်မှပြော"

"ဟင် ... ဘယ်လိုကြီးလဲ၊ ရှင်ပဲ ညရှစ်နာရီကျရင် ကျေးဇူးတင်စကား လှမ်းပြောဆို"



"ဟုတ်တယ်လေ၊ ကိုယ် ပြောတာ ညရှစ်နာရီလို့ ပြောတာပဲ၊ မင်းဖုန်းဆက်တာက ရှစ်နာရီ ရှစ်မိနစ်နဲ့ စက္ကန့်နစ်ဆယ် နောက်ကျနေတော့ အဲဒီကျေးဇူးတင်စကားကို ဒီနေ့အဖို့ ကိုယ် နားမဆင်လိုတော့ဘူး ...

မနက်ဖြန်မှ။ မနက်ဖြန် ထပ်ဆက်ဦးလေ"

ချွေးသည် သူ လူလည်ကျပုံကို နှုတ်ခမ်းကိုက်လျက် အသာပြုံးဖြစ်သွားသည်။

သူကလည်း အဲဒါကို လှမ်းမြင်နေရပုံ၊ ချွေးစိတ်ကို လှမ်းသိနေပုံဖြင့် ...

"ဘာလဲ ... ကိုယ် လူလည်ကျတယ်လို့ ထင်နေတာလား၊ ကိုယ်က လူလည်မကျပါဘူးကွာ၊ မင်းကသာ သာတာတွေ နာတာတွေ တွက်နေလို့ ရှစ်မိနစ် နောက်ကျသွားတာ မဟုတ်လား"

ချွေး တစ်ယောက် ကော်ပုပြီး အသံတိတ်သွားတာကို သူက တဟားဟားနှင့် အော်ရယ်လို့ နေလေသည်။ ချွေးဟာ သူ့ရယ်သံကို နားထောင်ပြီးနောက် တဖြည်းဖြည်းနှင့် သူ့ကို ရင်းနှီးစပြုနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် နားလည်သိမြင်လာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ခပ်တည်တည် နေတတ်ကာ ဘုပြောတတ်သူဟု နာမည်ကြီးလှသောသူဟာ ခုကျတော့လည်း ကြားရတဲ့ သတင်းတွေနှင့် ဘာမှမဆိုင်အောင် နူးညံ့သဘောကောင်းလို့ နေပြန်ပါသည်။

"ဟိတ် ... ခုချိန်ကစပြီး မင်းနဲ့ ကိုယ်နဲ့ ဘော်ဒါတွေဖြစ်သွားပြီနော်၊ အဲဒါကို လက်ခံလား"

"အင်း"

"ဟာ ... အသံကြီးကလည်း စိတ်မပါလိုက်တာ။ ဘာလဲ လက်မခံသေးဘူးဆိုတဲ့ အထာလား"

"အို ... အဲဒီလို မဟုတ်ပါဘူး၊ တစ် ... တစ်ခုတော့ ပြောမယ်နော်၊ ကျွန်မက ဟို ... ရန်ဖြစ်တာတွေကိုတော့ ကြောက်တယ်"

"ဩော် ... ဖြစ်ရလေ ကောင်မလေးရယ်၊ ငါကပဲ မင်းကို လက်သီးစာကျွေးမယ့်ပုံလို့ မင်း ထင်နေတာလား။ ဒါမှမဟုတ် ရာဇဝင်လူဆိုးလို့ နာမည်ကြီးတဲ့ သူတစ်ယောက်ကို ခင်မင်ပတ်သက်ရမှာ ကြောက်နေတာလား ...

အဲဒီလိုပေါ့၊ ဟုတ်လား"

"ဟင် ... အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ရန်ဖြစ်တာက ကောင်းမှမကောင်းတာ"



"အေးပေါ့ ... ရန်ဖြစ်တာ မကောင်းဘူး ဟုတ်တယ်။ ဒါပေမဲ့ မင်းနားမလည်တဲ့ အကန့်တွေ ရှိသေးတယ်။ ထားပါလေ၊ ဒါတွေက ပြောပြဖို့ စောပါသေးတယ် ...

ကဲ ... အခုလိုရင်းက မင်းက ကိုယ့်ကိုဘော်ဒါအဖြစ် အသိအမှတ်ပြု မပြု၊ အဲဒါပဲ၊ ကဲ ... ပြော"

"ပြုပါတယ်"

"အား ... သင့်ခ်ယူ ဘာဘီလေး။ အိုခေ ... အိုခေ"

သူက အရမ်းပျော်ရွှင်သွားသော အသံဖြင့် ထ,အော်သည်။ ရွှေးသည် သူ့ပျော်ရွှင်ထက်ကြွသော အသံကို ပြုံးမိသွားရသော်လည်း သူပြောသော စကားတစ်ခွန်းကိုတော့ နားမလည်ခဲ့ချေ။

"နေ ... နေပါဦး။ အခုနက ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်"

"ဩော် ... မကြားလိုက်ဘူး မဟုတ်လား။ နောက်တစ်ခါ သေချာနားထောင်။ ခုတော့ မပြောတော့ဘူး ...

မြွေးမုံ ... မင်းနာမည် အပြည့်အစုံက မြွေးမုံနော်။ မင်းကို ကိုယ် ရွှေးလို့ ခေါ်လို့ရမလား"

"လူတိုင်း ခေါ်နေတာပဲ၊ ခေါ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဟုတ်ပြီနော်။ ဒါနဲ့ ဟိုတစ်နေ့က မင်းတို့နစ်ယောက် ဖဲခုးက ပြန်လာတာလား"

"အဲ … ဟုတ်တယ်။ နွှာကိစ္စပါ၊ မထင်မှတ်ဘဲ ကြာသွားတော့ မိုးချုပ်သွားတာ၊ အရေးတည်း ကားဘီးက်ပေါက် အမူးသမားတွေက နှောင့်ယှက်နဲ့ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ …

ဂျွန်မကလည်း နွှာကို ဘာမှမကူညီနိုင်ဘူးလေ"

"အခု မင်း ကိုယ့်ဖုန်းနံပါတ်ကို သိပြီပဲ။ နောက်တစ်ခါ ဘာအခက်အခဲပဲရှိရှိ ကိုယ့်ကို လှမ်းခေါ်လိုက်ပေါ့၊ ဟုတ်ပြီလား"

သူ့အပြောဖြင့် ရွှေးရဲ့ရင်ခွင်တစ်ခုလုံး နွေးခနဲဖြစ်လို့သွားရလေသည်။ အဲဒီတော့မှပင် ရွှေးဟာ သူနှင့်အကြာကြီးဖုန်းပြောဖို့ မသင့်ဆိုတာ သတိရသွားသည်။ ကြည့်စမ်း … ရွှေးဖုန်းပြောနေတာ ဘယ်နှမိနစ်တောင် ကြာသွားပြီလဲ မသိချေ။ ဆွဲဆောင်မှုကောင်းသော သူ့အပြောနှင့် သူ့အသံနောက်တွင် ဘယ်လောက်တောင် မျောပါသွားခဲ့သလဲ မသိပါ။

"ဟိတ် … ကိုယ်ပြောတာ ကြားလားလို့ မေးနေတယ်လေ"

"ကြားပါတယ်၊ ကျွန်မ ဖုန်းပိတ်တော့မယ်နော်"





"ကျေးဇူးတင်စကား မပြောရသေးဘူးလေ"

"အင်း … ပြောပါ့မယ်။ ရှင့်ကို …"

"ဟိုး … ဟိုး။ နေဦး … မပြောနဲ့တော့"

"ဟင် … ဘာဖြစ်ပြန်ပြီလဲ၊ မနက်ဖြန်မှ ပြောရမှာလား"

သူက ရွှေးရဲ့အပြောဖြင့် ခဏ ငြိမ်သက်သွားရင်းမှ …

"မနက်ဖြန်လည်း မပြောနဲ့၊ သန်ဘက်ခါလည်း မပြောနဲ့"

"ဒါဆို …"

"ဘယ်တော့မှ မပြောပါနဲ့တော့ ရွှေးရယ်။ မင်းရဲ့ကျေးဇူးတင်စကားကို နားထောင်လိုက်ရင် မင်းနဲ့ ကိုယ့်ကြားမှာ တစ်ခုခု ခြားသွားသလို ခံစားသွားရလိမ့်မယ် …

မင်းအနေနဲ့ ကိုယ့်ကို ကျေးဇူးတင်ဖို့ မလိုအပ်ဘူး။ ကိုယ်ကလည်း မင်းဆီက ကျေးဇူးကို မလိုချင်ဘူး"

ဒါဖြင့် ရှင်လိုချင်တာ ဘာလဲဟု ပြန်မေးရလောက်အောင် ရွှေးမှာ သတ္တိမရှိခဲ့ပါ။ ရွှေးသည် သူ့စကားသံ ဆုံးသွားလျှင် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိချေ။ နားမှာ ကပ်နားထောင်နေသောဖုန်းကိုသာ အကြာကြီးပဲ စိုက်ကြည့်မိသေးသည်။ ပြီးတော့မှ ဖုန်းပိတ်သော ခလုတ်လေးကို အသာနှိပ်ချတာ ဖြစ်ပါသည်။



www.burmeseclassic.com

အဲဒီနောက် ရွှေဟာ ကောင်းကင်ထက်မှာ သာနေသော လမင်းကို မော့ငေးမိသည်။ အခါများစွာက လမင်းကို ရွှေ မော့ကြည့်ခဲ့ဖူးသော်လည်း ဒီတစ်ခါ လမင်းက ပို၍ဝင်းလက်နေသည်ဟု ထင်မိသည်မှာ ဘာကြောင့်များပါလိမ့်။

သေချာတာကတော့ သူဟာ ရွှေရဲ့နေရာသို့ ခြေတစ်လှမ်း ချခဲ့ပြီဖြစ်သည်။

✻ ❦ ✻

[illegible]
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရောက်ရှိနိုင်ပါသည်။





## ၉

သူဟာ ညအိပ်ချိန် ဘယ်လောက်ပဲ နောက်ကျနောက်ကျ မနက်ခုနစ်နာရီမှာ အမြဲတမ်းပုံမှန် နိုးတတ်သူဖြစ်သည်။ ခုနစ်နာရီဆိုသော အချိန်ဟာ နံနက်ခင်းရဲ့ အရသာမကုန်သေးသောအချိန်မို့ သူ နိုးထလာလျှင် အမြဲတမ်း လန်းဆန်းစွာ ရှိနေတတ်သေးသော အချိန်ပဲဖြစ်သည်။ သူနေထိုင်သော ကွန်ဒိုအထပ်မြင့်ကြီးပေါ်ကနေ၍ အဝေးကို လှမ်းမျှော်ကြည့်ရသော အရသာကို သူ အနှစ်ခြိုက်ဆုံး။

မှန်ပြတင်းအကျယ်ကြီးကနေ သူဟာ ရန်ကုန်မြို့ရဲ့ ရှုခင်းကို ကြည့်မည်။ အဲဒါပြီးလျှင် Breakfast အတွက် သူကိုယ်တိုင် ပြင်ဆင်သည်။ အဲဒီလို ပြင်ဆင်ရလတိုင်း အရင်ကတော့ သူ အမြဲတမ်းပဲ နှာကျင်ပင်ပန်းခဲ့ရပါသည်။ အခါများစွာက သူ

www.burmeseclassic.com



စားဖို့ Breakfast ကို မေမေက ပြင်ဆင်ကျွေးမွေးခဲ့တာဖြစ်သည်။ အခုတော့ မေမေဟာ သူ့ကိုယ်စား ချစ်ခင်ပွန်းနှင့် ဝမ်းမနာသားကို ပြုံးပန်းတဝေဝေနှင့် ပြင်ဆင်ကျွေးမွေးနေပေလိမ့်မည်ဟု သူ တွေးမိတိုင်း အမြဲခံစားခဲ့ရတာပဲ ဖြစ်ပါသည်။

မေမေ့လက်ရာ စပါယ်ရှယ်ထမင်းဝိုင်းနှင့် ဝေးခဲ့ချိန်မှစ၍ သူဟာ အစားအသောက်ကို ချေးမများတတ်တော့။ သူ့ဘာသာ လုပ်တတ်ကိုင်တတ် ရှိလာခဲ့သည်။ သူ အိမ်ခွဲနေမယ်ဆိုတုန်းက မေမေက အစားအသောက် ဆင်းရဲမည်ကို အကြောင်းပြကာ တားမြစ်ခဲ့သေးသည်။ ဒီတော့ သူက ...

"အောက်မှာ City mart ကြီး တစ်ခုလုံး ရှိနေတာပဲ မေမေ။ ထမင်းငတ်မသေပါဘူး။ တစ်သက်လုံး ဝတ်လာတဲ့ မေမေ့ယောကျ်ားနဲ့ သားအသစ်ကိုသာ ဂရုစိုက်ကျွေးမွေး လိုက်ပါ"

ဟု ပြောတော့ မှတ်မိသေးသည်။ အဲဒီတုန်းက မေမေဟာ အံကိုတင်းတင်းကြိတ်လျက် သူ့ကို စားတော့ဝါးတော့မလို ကြည့်ခဲ့ဖူးသည်။ ကျွတ် ... သွားစမ်းကွာ။

သူက ဆက်မတွေးချင်တော့စွာနှင့် ခေါင်းကိုယမ်းလျက် အတွေးဆိုးတွေကို မောင်းထုတ်ပစ်လိုက်သည်။ အဲဒီနောက် ရယ်ဒီမိတ် နက်စ်ကော်ဖီတစ်ခွက်ကို ဖျော်လိုက်သည်။ မုန့်ကတော့





မနေ့ကမှ ဝယ်ခဲ့သည့် ဂျုံဒိုးနတ်က ဘာတ်တာကိတ် ရှိသည်။ ပြီးပြီပေါ့။ ဘာလိုသေးလဲ။

သူက အဲဒီအချိန်တွင် ဘာဘီအရုပ်မလေးကို ဖျတ်ခနဲ သွားသတိရတာဖြစ်သည်။ လိုအပ်ခြင်း မလိုအပ်ခြင်းတွေနဲ့ ဘောင်လွတ်နေသော သူ့အတွက် ဈိအပ်ခြင်းဆိုသော နေရာဘက်ကို တဖြည်းဖြည်း ရွေ့လာခဲ့ပြီဖြစ်သည်။ မြရွှေးမှုဆိုသည် ဘာဘီအရုပ်မလေးသည် သူ့အတွက်တော့ တကယ့်ကို ဘုရားပေးသော ဆုတစ်ဆုပဲ ဖြစ်ပါသည်။

သူမဟာ ဘာကိုမှ ဟန်ဆောင်ပန်ဆောင် ဖုံးကွယ်ထားခြင်းမရှိ။ အရမ်းကို အဖြူထည်ဆန်လေသည်။ သူ့ကိုကြည့်သော အကြည့်လေးများမှာ နုးညံ့ကာ ဖြူစင်လွန်းအားကြီးသည်။ သူမနှင့် အပေါင်းအသင်းလုပ်သော စွာတာတာတစ်ယောက်ဟာလည်း သူမနှင့် type ချင်းသာ ကွဲပြားသည်။ ပုံစံကတော့ လုံးဝ ဟန်ဆောင်မှုမရှိသော ဒီဇိုင်းထဲက ဖြစ်သည်။ သူကိုယ်တိုင်ကလည်း ဟန်ဆောင်မှုကို မုန်းသူမို့ အဲဒီပုံစံတွေကို နှစ်သက်သဘောကျရခြင်း ဖြစ်ပါသည်။

သူမထံကို ဖုန်းဆက်ကြည့်ရင် ကောင်းမလား။ ဒီလိုတွေးမိလျှင် သူ့ရင်တစ်ချက်ခုန်သွားသည်။ ကြည့်စမ်း ... ဒါဟာ ရင်ခုန်ခြင်းပါတဲ့လား။ သူ့ဘဝမှာ ဘယ်တုန်းကမှ ရင်မခုန်ဖူးဘူး



www.burmeseclassic.com

www.burmeseclassic.com



ချေ။ မိန်းမတွေကို စိတ်လည်းမဝင်စားခဲ့သလို ရင်ခုန်စရာဟု လည်း မသတ်မှတ်ခဲ့သော သူ့အတွက် သူမလေးပါ။

"တီ ... တီ ... တီ ... တီ"

သူက ကွန်ဒိုမှ လိုင်းခွဲသွယ်ပေးထားသောဖုန်းကို ကောက်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"သား ... မေမေပါ"

သူက ဩော်ခနဲ ရေရွတ်ရင်း ငြိမ်သက်သွားမိသည်။ သူက အခုနကတင်ပဲ မေမေ့ကို သတိရနေခဲ့မိသည်။ အခု မေမေ က သူ့ထံသို့ ဖုန်းဆက်လာပြီတဲ့။ ဒါဆို မေမေလည်း သူ့ကို သတိရနေခဲ့တာပေါ့။

သူ့ရင်ထဲ မွတ်သိပ် ဆို့နင့်သွားကာ ဆက်မတွေးချင်တော့ပေ။

အစတည်းက သားကို ချစ်တယ်ဆိုရင် ဘာလို့ ဒီလမ်းကို ရွေးချယ်ခဲ့သလဲ မေမေ။

"သား နားထောင်နေလား။ မေမေပါ"

"ဟုတ်ကဲ့ ... ပြောပါ မေမေ"

မေမေ နှုတ်ဆိတ်သွားပြန်သည်။ တကယ်တော့ တခြားသားအမိတွေ ချစ်တယ် ဆိုတာထက် ပိုချစ်ခဲ့ကြသော သူ



တို့သားအမိနှစ်ယောက်အတွက် ဒီလိုစကားတွေဟာ အင်မတန် ရင်နင့်စရာကောင်းသော သူစိမ်းဆန်သည့် စကားတွေဆိုတာ သူ ရော မေမေရောပါ သိနေကြသော်လည်း ဘာမှ မတတ်နိုင်ကြတော့ ချေ။

"ဩော် ... သား နေကောင်းရဲ့လားလို့ မေးကြည့်တာပါ။ အိပ်ရာက နိုးပြီလားလို့"

မေးပြီးမှ မေမေဟာ စကားမှာ အမှားပါသွားမှန်း သိသွားသည်။ သူဟာ မနက်ဆိုလျှင် အိပ်ရာက ခုနစ်နာရီတိတိ မှာ နိုးတတ်မှန်း၊ မေမေ ကိုယ်တိုင် လာနိုးတတ်မှ စောင်ပုံထဲက ထွက်တတ်မှန်း မေမေ သိရဲ့သားနဲ့။ ထားပါ ... မေမေ မေ့သွား ပြီပေါ့။

"ကျွန်တော် မနက်တိုင်း ခုနစ်နာရီ နိုးတတ်တာ မေမေ မေ့နေပြီနဲ့ တူတယ်"

"မဟုတ်ပါဘူး၊ ညအိပ်တာ ညဉ့်နက်တော့ အိပ်ရာထတာ များ နောက်ကျမလားလို့ပါ။ ညအိပ်တာ သိပ်ညဉ့်မနက် စေနဲ့နော် သား"

မေမေကိုယ်တိုင် အနားမှာ ဂရုမစိုက်ပေးနိုင်ဘဲနဲ့ များ ဖုန်းနဲ့ စကားတွေ ပါးမနေပါနဲ့လား မေမေရယ်။ သူက ကတိမပေးနိုင်သဖြင့် နှုတ်ဆိမ်းကိုက်ကာ တိတ်ဆိတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု Breakfast စားနေတာလား"

"ဟုတ်ကဲ့"

မေမေ အသံတိတ်သွားပြန်သည်။ သူတစ်ယောက်တည်း အထီးကျန်စွာ နိုးထလာခဲ့သော နံနက်ခင်းတစ်ခုမှာ တစ်ယောက်တည်းပဲ ကိုယ်စားသောက်ဖို့ ကိုယ့်ဘာသာပြင်ဆင်နေရသောမြင်ကွင်းကို မေမေ မြင်ယောင်ရင်း ရင်မှာ မချိဖြစ်နေပေလိမ့်မည်။

ဟိုသားအဖကတော့ မေမေ့ရဲ့ မရိုးနိုင်သော Breakfast အစီအစဉ်သစ်တွေမှာ နံနက်ခင်းတိုင်း ကြည့်မွေ့နေလျက်သားပေါ့။

"သားရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားကွယ်၊ မေမေနဲ့လာနေလည်း သား အဆင်ပြေမှာပါ၊ လေပြေတောင်အဆင်ပြေအောင်နေနိုင် ..."

မေမေ့စကားပင် မဆုံးစေရတဲ့ သူက ဖြတ်ပြောပစ်လိုက်သည်။

"ဒီကောင်နဲ့ကျွန်တော် ရစ်တည်ပုံချင်း မတူဘူး မေမေ၊ ကျွန်တော်နဲ့ သူ့ကို မနှိုင်းပါနဲ့၊ မေမေ ပြောတာလည်း မဖြစ်နိုင်ပါဘူး၊ မေမေ စိတ်ချမ်းသာနေတယ် မဟုတ်လား"





ဒါဆို ပြီးပြီပဲပေါ့ မေမေ၊ ကျွန်တော်တွေ ခေါင်းထဲ မထည့်ပါနဲ့"

"သား ဒီလိုစကားမျိုးတွေနဲ့ ဘယ်အချိန်ထိ မေမေ့ကို စိတ်ဆင်းရဲအောင်နှိပ်စက်နေဦးမှာလဲ"

"ကျွန်တော် မေမေ့ကို နှိပ်စက်နေတာ မဟုတ်ပါဘူး၊ မေမေ့စိတ်ကို မေမေ့ဘာသာ ဒုက္ခပေးနေတာပါ ... မေမေ့မှာ ကျွန်တော့်ထက်ချစ်ရမယ့် မိသားစုဝင်တွေ ရှိနေပြီပဲ၊ Lonely(အထီးကျန်ဆန်သော) ဖြစ်စရာအကြောင်း မရှိပါဘူး"

"သား"

မေမေ့အသံက ဆို့နင့်စွာနှင့် ခပ်ဆတ်ဆတ်ထွက်ပေါ်လို့လာသည်။ သူသည် အဲဒါကို ရင်နာနာနှင့်ပင် ဥပေက္ခာပြုထားလိုက်တော့ကာ ...

"ကျွန်တော် နေကောင်းပါတယ် မေမေ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ မေမေ သိချင်တာ ဒါပဲမဟုတ်လား၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်"

သူက ပြောပြောဆိုဆိုနှင့် ဖုန်းချပစ်လိုက်သည်။ အဲဒီနောက် ဘာကို စိတ်တိုမှန်းမသိ စိတ်တိုစွာဖြင့် ကျွတ်ခနဲ စုတ်သတ်မိသည်။ တစ်ခဏမျှတော့ စားပွဲခုံပေါ်တွင် မျက်နှာမှောက်



www.burmeseclassic.com

www.burmeseclassic.com



အပ်လျက် ငြိမ်သက်နေမိသေးသည်။ ထို့နောက် အားလုံးကို မေ့ချင်စွာဖြင့် ထိုင်ရာမှထကာ ကျောင်းသွားဖို့ ပြင်ဆင်တော့တာ ဖြစ်သည်။

ကျောင်းချိန်က ခါတိုင်းထက်စောနေသော်လည်း မတတ်နိုင်တော့။ တစ်ခါတလေ ကျောင်းကို စောစောရောက်တော့လည်း ဟိုကောင်တွေ ထူးဆန်းတာပေါ့ဟု တွေးကာ ကားကို ကွန်ဒိုဝင်းထဲမှ မောင်းထွက်လာခဲ့သည်။ လမ်းမှာ ကားကို ပုံမှန်ပဲ မောင်းလာခဲ့သောသူသည် တစ်နေရာအရောက်တွင် မျက်လုံးထဲ၌ မှတ်မိသိရှိနေသော ကားတစ်စီးကို ခပ်လှမ်းလှမ်းမှ လှမ်း၍ မြင်သည်။

သို့သော် ကားနံပါတ်ကို သေချာမမြင်တွေ့ရသေး၍ မတိကျသေး။ သိပ်မကြာခင်မှာပဲ အဲဒီကားဟာ အရှိန်လျော့သွားတော့လျက် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်ကာ လမ်းဘေးမှာ ထိုးရပ်သွားတော့သည်။

သူသည် ဒီတော့မှပင် အတိအကျပြုံးမိတော့လျက် အဲဒီကားရဲ့အနောက်မှာ အသာထိုးရပ်လိုက်တော့လေသည်။ ပြီးလျှင် ချက်ချင်းမဆင်းသေးဘဲ သူမ ဘာလုပ်မလဲဆိုတာ အသာစောင့်ကြည့်နေသေးသည်။ သူမက ကားကို စက်ပြန်နှိုးနေဟန်တူသည်။ သို့သော် စက်ကနိုးမလာပါ။





ကဲ ... မြရွေးမုံ။ မင်း ဘယ်လို စီစဉ်ဆောင်ရွက်မလဲ။ ကိုယ် ခဏတော့ စောင့်ကြည့်ဦးမယ်။ ညတုန်းကပဲ သူက သူမလေးကို အခက်အခဲရှိရင် သတိရပါဟု ပြောခဲ့သေးသည်။ အခု ကားပျက်ပြီ။ သူမ သူ့ကို သတိရလေမလားဟု မဝံ့မရဲ မျှော်လင့်မိပါသည်။

မက ကားပေါ်မှကို ဆင်းမလာသေးချေ။ သူက တစ်ချက်ပြုံးကာ ရင်ထဲမှ စွဲနေခဲ့သော သူမရဲ့ ဖုန်းနံပါတ်တချို့ကို နှိပ်ခေါ်လိုက်သည်။ သူမက ချက်ချင်းပဲ ဖုန်းဖွင့်ထူးပုံထောက် သူမလည်း ဒီဖုန်းကို အသုံးပြုတော့မည့်ဟန်ရှိသည်။

"ဟယ်လို"

"ကိုယ် မိုးသက်ထန်ပါ ရွေး"

"ဟင် ... ရှင်လား"

"ရှင်ပါတယ်၊ ဘယ်တုန်းကမှ မသေပါဘူး"

"အာ ... ရှင်ကလည်း အရေးထဲ လာမနောက်နဲ့"

"အရေးထဲဆိုတော့ အရာပေါ်နေလို့လား"

သူ့စကားကို သူမက စိတ်ရှုပ်သည့်ကြားမှ ရယ်ချင်သွားဟန်ရှိသည်။ ရှင်ကလည်းနော်ဟု ရယ်သံစွက်စွက်နှင့် ပြောပြီးနောက် ချက်ချင်း ငြိမ်ကျသွားပြန်သည်။

"ရွေး ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ကျွန်မ"

"ပြောပါ ဘာဖြစ်နေတာလဲ၊ ကားမောင်းနေလို့လား"

"အို … ကားမမောင်းပါဘူး၊ ဟို ကားပျက်နေတာ"

"ဩော် … အိမ်မှာလား။ ဒါဆို ဒီနေ့ ကျောင်းမတက်ဖြစ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ ကျွန်မ လမ်းမှာ ကားပျက်နေတာပါ"

သူမ အသံလေးက စိတ်ပျက်လက်ပျက် ဖြစ်နေပုံဖြင့် ညည်းညည်းညူညူလေး ရှိနေသည်။ သူက ဒီအသံလေးကိုပဲ မြတ်နိုးခြင်းများစွာဖြင့် တစ်ချက်ပြုံးလိုက်ကာ …

"ဒီတော့ မင်း ဘာလုပ်မယ် စိတ်ကူးထားလဲ"

"မသိပါဘူး၊ အိမ်မှာကလည်း ဖေဖေနဲ့ ဒရိုင်ဘာက ခရီးထွက်သွားတယ်၊ နေ့ခင်းကလည်း ဒီနေ့ကျောင်းလာမှာမဟုတ်ဘူး"

"ကားက ဘာဖြစ်တာလဲ"

"မသိပါဘူး၊ မောင်းနေရင်းနဲ့ ထိုးရပ်သွားတာပါပဲ"

"မင်းက စက်ပုံးလေးဘာလေး ဖွင့်မကြည့်ကြည့်ဘူးလား"

"အိုး … ဖွင့်လည်း ဘာသိတာမှတ်လို့၊ အဲဒါမှ ကားပျက်နေမှန်းသိပြီး ဟိုတစ်ခါကလို လာနောက်ယှက်နေရင် ဒုက္ခ …





တကယ်ပဲ ဒုက္ခကလည်း တစ်ယောက်တည်းရှိချိန်မှပဲ အချိန်ကိုက်ရောက်လာတယ်၊ အကျင့်ကိုမကောင်းဘူး"

သူက သူမရဲ့အပြောကို သဘောတကျနှင့် ခပ်ဟက်ဟက်ရယ်မိသည်။ စကားပြောကြည့်လေလေ သူမဟာ အဖြူထည်ဆန်၍ ကလေးဆန်လေဆိုတာ ပို၍သိလာရလေဖြစ်သည်။

"ဒုက္ခဆိုမှတော့ အကျင့်ကောင်းပါတော့မလား မိန်းကလေးရဲ့။ ကဲ … မင်း အခု ဘယ်နားမှာ ရောက်နေလဲပြောပြ ကိုယ် လာခဲ့မယ်"

သူက ပြောရင်းနှင့် ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်သည်။ သူမထံမှ အသံတစ်ချက်တိတ်သွားပြီးနောက် …

"ရှင် … ရှင်က အားလို့လား၊ ပြီးတော့ ဒီနေရာနဲ့ ရှင် လာရမယ့်နေရာက အရမ်းဝေးနေရင် ဘယ့်နှယ်လုပ်မလဲ"

သူက ပြုံးရင်း သူမ ကားရှိရာသို့ လျှောက်လာခဲ့သည်။

"အခုချက်ချင်း ရောက်လာမယ်ဆို မင်း ကိုယ့်ကို ကော်ဖီ တိုက်မှာလား"

"တိုက်မှာ … အဲ … ရှင်က ဘယ်နားမှာလဲ"

"မင်းရဲ့ဘေးမှာလေ"

သူက အဲဒီစကားကိုတော့ ဖုန်းနှင့်ပြောတာမဟုတ်ဘဲ သူမရဲ့ကားဘေးမှာ ရပ်လျက် ပြောလိုက်တာဖြစ်သည်။ ဘေးနား



www.burmeseclassic.com

www.burmeseclassic.com



မှ ရောက်လာသော အသံကြောင့် သူမက အံ့သြတကြီး သူ့ကို လှည့်ကြည့်လေသည်။ အဲဒီအခါတွင် သူက ခေါက်ဖုန်းလေးကို ထောက်ခနဲပိတ်ကာ သူမကို ခေါင်းလေးတစ်ချက်ငဲ့လျက် ပြုံးပြလိုက်သည်။

သူမက လက်ထဲမှာကိုင်ထားသော ဖုန်းကိုတစ်လှည့် သူ့ကိုတစ်လှည့်နှင့် ပါးစပ်အဟောင်းသားဖြင့် ကြည့်၍ နေလေသည်။

"ဒီလောက်ကြီးလည်း အံ့သြမနေပါနဲ့၊ ကဲ ... ကားတံခါးကိုဖွင့်မယ်၊ အထဲက လှစ်လိုက်ဦး"

"ရှင် ... ရှင်က ဘယ်လိုလုပ် ရောက်လာတာလဲ"

သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ကာ ...

"ဒီလိုပဲ ရောက်လာတာပဲလေ၊ I'm supermanအဲ ... အဲ ... မဟုတ်ဘူး၊ မင်း စုပါမင်းကြိုက်လား၊ ဒါမှမဟုတ် ဘာကြိုက်လဲ"

"ဟယ်ရီပေါ်တာ ... ခစ် ... ခစ်"

သူက နှာခေါင်းကိုရှုံ့ကာ နှုတ်ခမ်းကို ဗိုက်ရိုက်သည့်ဟန်ဖြင့် ပြုလုပ်လိုက်ရင်း ...

"ဟိုက် ... ဒါဆို ကိုယ်က တံမျက်စည်းပျံကြီး စီးလာရမှာပေါ့၊ ရှိုးပွဲလိုက်တာကွာ ... ဟင်း"



သူ ရှုံ့မဲ့နေပုံကို သူမက တခစ်ခစ်ရယ်မောရှိနေလေသည်။ သူသည် စောစောစီးစီး ညစ်လာခဲ့ရသမျှ ဒီအရယ်မျက်နှာလေးနှင့် တွေ့တော့မှ အရာအားလုံး ပြည့်စုံသွားသလို အေးချမ်းမှုတွေ အကုန်လုံး ကိုယ့်အနားကို ရောက်လာသလို ခံစားသွားရတာကို သိသိသာသာကြီးပင် သတိထားမိလေသည်။

ဒီလမင်းဟာ မနက်ခင်းမှာလည်း သာတတ်တာပါပဲလား။

"ကဲ ... Baby girlအ(ဘေဘီဂဲလ်)နောက်မှ ရယ်တော်မူပါ၊ အခုတော့ ကျွန်တော်မျိုးကြီးကို ကားပြင်ခွင့်ပေး ဟုတ်ပြီလား"

သူမက ရယ်ကျဲကျဲဖြင့် ခေါင်းညိတ်ပြကာ အထဲမှ ခလုတ်ဖွင့်ပေးပြီးနောက် ကားပေါ်မှဆင်းလာသည်။ သူက ကောင်မလေးကို လက်မတစ်ချက် ထောင်ပြလိုက်ပြီးနောက် ကားဘောက်အဖုံးကို ဖွင့်ကာ အထဲကို စစ်ဆေးကြည့်ရှုလိုက်သည်။ သိပ်ကြာကြာမစစ်ဆေးရ အဖြေကို တန်း၍တွေ့ပါသည်။

သူမကလည်း သူ့အနားသို့ လာရပ်ကာ ...

"ကားက ဆီပိတ်တာပဲ၊ ဒီမှာတွေ့လား၊ ဆီစစ်ဘူးမှာ ကြေးတွေအပြည့်ပဲ၊ အဲဒါ ဒီဆီစစ်ဘူးကို လဲပစ်ရမယ်၊"

www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ဒီနေ့တစ်နေ့တာ မင်း ကားကောင်းကောင်းမောင်းလို့ရမယ်၊ နို့မို့ကတော့ ခေါင်းနေမှာပဲ ကလေးမလေး"

သူမ သူမ မျက်နှာလေးကို ချစ်စနိုးပြုံးကြည့်ရင်း ပြောလိုက်သော်လည်း သူမက အဲဒါကို သတိတောင်ထားမိပုံမပေါ်ချေ။ မျက်ခုံးနှစ်ဖက်တွန့်ချိုးသွားလျက် စိတ်ရှုပ်သွားဟန်ဖြင့် ...

"အဲဒါဆို ဘယ်လို လုပ်ရမှာလဲ၊ ရှင်ကော မပြင်တတ်ဘူးလား"

သူက လှစ်ခနဲ ပြုံးမိလေသည်။ တစ်စတစ်စနှင့် ဒီကလေးမဟာ သူ့ကို အားကိုးမှန်းမသိအားကိုးနေပြီဆိုတာ သူမ ကိုယ်တိုင်တောင် သတိထားမိမှာ မဟုတ်ချေ။

"ကိုယ် ပြင်တတ်တယ်လေ၊ ဒါပေမဲ့ ဒါက ခဏပဲရမှာ၊ ကောင်းသွားဖို့ဆိုတာ ဆိုစစ်အုံးကို လဲပစ်မှရမှာ"

"အင်းလေ ... အဲဒါ ဘယ်လိုလဲရမှာလဲ"

သူက အုတုတုကောင်မလေးကို စိုက်ကြည့်ပစ်လိုက်လေသည်။

"အဲဒါကတော့ ဟယ်ရီပေါ်တာတောင် မှော်တုတ်ချောင်းနဲ့ ရောက်လာအောင် စွမ်းဆောင်နိုင်မှာ မဟုတ်ဘူးနော် အမိ။ ကိုယ်တိုင်ပဲ ကားပစ္စည်းဆိုင် သွားဝယ်မှရတော့မှာပဲ ...



ဒီတော့ ကိုယ် သွားဝယ်မယ် မင်း ဒီကစောင့်နေမလား"

သူမက တဒင်္ဂတော့ ဦးနှောက်စားသွားဟန်တူသည်။ သူ့ကို မဝံ့မရဲဖြင့် မျက်လုံးဝေ့ကြည့်လာကာ ...

"ဟို ... ကြာမှာလားဟင်"

"မကြာပါဘူး၊ ဒီနားမှာ ရနိုင်မှာပါ၊ ကိုယ် ကားစက်အဖုံးကို ပြန်ပိတ်ပေးခဲ့မယ်၊ ကားပေါ်ကပဲအေးအေးထိုင်စောင့်နေပေါ့ ဟုတ်လား"

"ဟုတ် ... ဟုတ်"

"ကဲ ... အဲဒါဆို ကိုယ် သွားဝယ်လိုက်ဦးမယ်၊ ကားပေါ် ကပဲ စောင့်နေနော်။ ဘာမှကြောက်စရာမရှိဘူး သိလား"

သူက သူမကို လက်တကာကာနှင့် မှာပြီးနောက် ခြေလှမ်းသုံးလေးလှမ်းလောက် နောက်ပြန်ဆုတ်ရင်း ချာခနဲ လှည့်ထွက်လိုက်လျှင် ...

"ဒီ ... ဒီမှာ ရှင် ပြန်တော့ပြန်လာမှာပါနော်"

သူမရဲ့ မဝံ့မရဲမေးသံလေးအဆုံး၌ အကြင်နာတောင်တန်းကြီးတစ်ခု ပေါက်ဖွားလို့သွားလေသည်။ နို့နံ့တောင်စင်သေးသည့်ပုံ မရှိသေးသော ကောင်မလေးကို ထွေးပွေ့ကာ ရင်ထဲသိမ်းဆည်းထားချင်စိတ်ပင် ပေါက်လို့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အခွင့်အရေးယူချင်တဲ့စိတ်တို့ထက် သူမလေး အပေါ်မှာ နွေးထွေးမှုမေတ္တာက ပို၍သာပါသည်။

သူသည် ဘာပြန်ပြောရမှန်း မသိစွာဖြင့် သူမရဲ့ မျက်ဝန်းတွေထဲကိုပဲ နွေးနွေးထွေးထွေး တစ်ချက်စိုက်ကြည့်ကာ ပြုံးပြလိုက်လျှင် အဲဒီအပြုအမူသည် ကတိစကားအများကြီးထက် ပြည့်စုံလုံလောက်သွားခဲ့ဟန်တူပါသည်။ သူမက အသာပြုံးကာ ခေါင်းညိတ်လို့ပြသည်။

အဲဒီနောက်တော့ သူဟာ ကားပေါ်တက်၍ ခပ်သွက်သွက် မောင်းထွက်လာခဲ့ရင်း အနီးဆုံးကားပစ္စည်းဆိုင်တစ်ခုမှာ ဆီစစ်ဘူးဝယ်သည်။ နောက် သူမ ရှိနေသောနေရာသို့ ချက်ချင်းပဲ မောင်းပြန်လာခဲ့ပါသည်။ သူမဟာ သူ မှာထားသည့်အတိုင်း နေရာမှ တုတ်တုတ်မှမရွေ့ချေ။ သူ ပြန်ရောက်လာတာကိုမြင်၍ ပျော်ရွှင်သွားသော မျက်လုံးများကိုမြင်လျှင် သူဟာ ဒီကောင်မလေး ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်တော့ဘူးဆိုတာ ရာနှုန်းပြည့် သေချာလို့သွားခဲ့ပြီဖြစ်သည်။

သူက သေသပ်စွာပင် ဆီစစ်ဘူးကို လဲပေးလိုက်သည်။ အားလုံးပြီးသွားလျှင် သူမက ...

"ကျေးဇူးတင်ပါတယ်နော်၊ ဒါဆို မောင်းလို့ရပြီပေါ့"



"အင်း ... စက်နှိုးကြည့်ဦးလေ၊ ချက်ချင်းမရရင် လီဗာကို ပုတ်,ပုတ်ပြီးတော့နှိုးပါ"

သူ ပြောတဲ့အတိုင်း နှိုးကြည့်လိုက်လျှင် စက်က အလွယ်တကူနိုးသွားလေသည်။ ဒီတော့လည်း ကလေးတစ်ယောက်လို သဘောကျဟန်ဖြင့် ရပြီ ... ဟုပြောဟု လှမ်းပြောပုံလေးကလည်း မြတ်နိုးစရာအပြည့်။ အင်း ... ခက်တော့နေပြီ။

"ရှင် ကျောင်းကိုသွားမှာလား"

"ဟုတ်တယ် ... မင်း ရှေ့ကမောင်း၊ ကိုယ် နောက်ကပါမယ်၊ ဖြစ်တယ်မဟုတ်လား"

"အင်း ... ဖြစ်ပါတယ်၊ ဟို ... ကျေးဇူးတင်တဲ့အနေနဲ့ ကျောင်းရောက်ရင် ရှင့်ကို ကော်ဖီတိုက်မယ်နော်"

သူက ခေါင်းညိတ်ပြပြီးနောက် သူမကို လက်တစ်ချက်ပြကာ သူ့ကားဘက် ထွက်လာခဲ့လိုက်သည်။ အဲဒီနောက် သူမ မောင်းသောကားနောက်က အလိုက်သင့် လိုက်မောင်းနေရ ... ဗီလင်သည် သူ့ဘဝတွင် ဘယ်တုန်းကမှ မရခဲ့သည့် ငြိမ်း ချမ်းစွာရင်ခုန်ရသည့်အရသာကို ခံစားရစေပါသည်။

ကျောင်းထဲသို့ ဂင်ခါနီးတွင် သူမထံမှ ဖုန်းဝင်လာ ခဲ့သည်။

"အင်း ... ပြော"

www.burmeseclassic.com

www.burmeseclassic.com



"အျွန်မတို့ ကန်တင်းကိုပဲ တစ်ခါတည်း မောင်းသွားကြမလားဟင်"

"ကိုယ် ကန်တင်းက ကော်ဖီမသောက်ချင်ဘူး ချွေး"

"ဟင် ... ဒါဆို ဘယ်ကကော်ဖီလဲ"

"ကန်တင်းမဟုတ်တဲ့ ဘယ်နေရာက ကော်ဖီမဆို။ ဩော် ... အဲဒါ ဒီနေ့အတွက် တောင်းဆိုတာမဟုတ်ဘူးနော်၊ မင်းဆန္ဒရှိတဲ့တစ်နေ့နေ့ဆိုလည်း ဖြစ်တယ် ...

ဟုတ်ပြီနော်၊ ရတယ် အခု အတန်းပဲ သွားတက်လိုက်တော့"

"ဟင် ... ရှင်ကရော"

သူမထံမှ အဲဒီစကားက လွှတ်ခနဲ ထွက်သွားလျှင် သူက သူမ မမြင်နိုင်ဘူးသိသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပဲ ပြုံးမိလေသည်။

"ကိုယ်ကလား ကိုယ်က သူငယ်ချင်းတွေနဲ့ ကန်တင်းမှာဘာလဲ မင်းကို ဆော်ဒီဂတ်လုပ်ပေးဖို့ လိုအပ်သေးလား"

"အို ... မလိုဘူး။ ဒါပဲနော်"

သူမက ပျာယီးပျာယာဖြင့် ငြင်းကာ ချက်ချင်းပဲ ဖုန်းပိတ်သွားလေသည်။ သူက သဘောတကျနှင့် အော်များတောင်ရယ်မိကာ အခုမှပင် ကက်ဆက်ကို လှမ်းဖွင့်မိတော့သည်။ ဒီမနက်စင်းတစ်ခုလုံး ကျောင်းလာရာလမ်းမှာ သီချင်းတောင် နား





မထောင်ခဲ့ရချေ။ သူမ မျက်နှာလေးမြင်တာနှင့် အရာရာကို မေ့လျော့သွားစေခဲ့အောင် အဲဒီမျက်နှာလေးရဲ့ အေးချမ်းမှုက နှလုံးသားကို အခုထိ ရိုက်ခတ်ဆဲပင်။

သူက စီဒီကို လှမ်းဖွင့်လိုက်လျှင် သူ့ခံစားချက်နှင့် ကိုက်ညီသော သီချင်းတစ်ပုဒ်ရှ လွင့်ကျလို့လာသည်။

"မင်းရယ်သံလေးများကြားရင် xxx ကိုယ့်ရင်ထဲခံစားနိုင်စွမ်းမရှိလို့ပါ xxx ချိုသာနေတဲ့ အသံလေးများ နားထဲကြားယောင်လာ xxx"

ဟုတ်တယ်။ ထိုကလေးမက သဘောကျလျှင် ခိုးခိုးခစ်ခစ် ရယ်မောတတ်သောအသံလေးထဲမှာ သူ ဘယ်လိုကျရှုံးသွားမှန်းကို မသိချေ။

လုံးဝကို ဒဏ်မခံနိုင်ခဲ့ပါ။ ဒါဟာ အချစ် အချစ်ဟု သူ့ရင်တွင်းမှာ မြည်ဟည်းလျက် သူမကို ချစ်တယ်ဟု တိုးဖွဖွလေး ရေရွတ်မိသွားတဲ့အထိပဲ ဖြစ်လေသည်။

တကယ်ပဲ အရမ်းချစ်တယ် ချွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နင်တို့နှစ်ယောက်ရဲ့ဖူးစာက ကားဖူးစာဖြစ်ရမယ် ရွှေရဲ့၊ စတွေ့တုန်းကလည်းကားနဲ့၊ ပြေလည်ဖို့အစပျိုးတာလည်း ကားနဲ့၊ အင်း ... ကားပျက်တော့ တစ်ခါ ရောက်လာပြန်ပြီ ...

နင်က ကားနဲ့ကို အကျိုးမပေးတာ။ အခု နောက်ဆုံး တစ်ခေါက်တော့ မောင်ကြီး စုပါမင်းလည်း မကယ်နိုင်တော့ ဘူးပေါ့ ... ဟား ဟား"

ရွှေတစ်ယောက်လုံး ကားအက်ဆီးဒင့်ဖြစ်တာတောင် တဟားဟားနှင့် ရယ်နိုင်ရက်အံ့သော နန္ဒာကို မျက်စောင်းတစ်ချက် ထိုးမိသော်လည်း သူ့ကို စုပါမင်းဟု ပြောသဖြင့် သဘောကျပြီး ပြုံးမိသွားရလေသည်။





ရွှေဟာ ကားဆီပိတ်ပြီး နောက်တစ်နေ့ပဲ ကိစ္စတစ်ခု နှင့် အပြင်သွားရာတွင် ယာဉ်တိုက်မှုတစ်ခု ထပ်ဖြစ်သေးတာဖြစ် သည်။

သို့သော် ကြီးကြီးမားမား ထိခိုက်တာမျိုး မရှိခဲ့ပါ။ ကားက ဘန်ဘာချိုင့်သွားလျက် ရွှေရဲ့ ခြေထောက်တစ်ဖက် နာ သွားတာကလွဲ၍ အားလုံးအကောင်းပင်။

"နင့်အမေကလည်းဟာ ဒီလောက် ကားနဲ့အကျိုးမပေးတာ မောင်းခိုင်းမနေနဲ့တော့ပေါ့"

"အင်းလေ ... ငါလည်း မောင်းမှမမောင်းချင်ဘဲ"

"ဟိုတစ်ယောက်ကို ဒရိုင်ဘာခန့်လိုက်ပါလား၊ ဒါနဲ့ နေစမ်း ပါဦး၊ နင်တို့နှစ်ယောက်ရဲ့ အခြေအနေက ဘယ်လိုလဲ၊ ဟွန်း ... မိန်းမနော်၊ ငါ့ကိုတော့ သတင်းအမှောင်ချထားဖို့ စိတ်မကူးနဲ့၊ အားလုံးကို လျှော်ပစ်လိုက်မယ်"

"အာ ... နန္ဒာကလည်း ဘာအခြေအနေက ဘယ်လိုရမှာ လဲ၊ ဒီအတိုင်းပဲဟာကို"

နန္ဒာက ဒါလေးပြောရုံမျှဖြင့် အရှက်သည်းသွားသော ရွှေရဲ့ မျက်နှာကို ငါ သိနေပါတယ်ဆိုသောအထာဖြင့် မျက်ဝန်း များ မေးစင်းကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေစမ်းပါနဲ့ဟာ၊ Weather(ရာသီဥတု)က အမြဲတမ်း မှန်တိုင်းထန်နေတဲ့ မိုးသက်ထန် ဆိုတဲ့ လူတစ်ယောက် မြခွေးမုံဆိုတဲ့ မနဲလေးမျက်နှာနဲ့ တစ်ယောက်ကို မြင်ရင် ဘယ်လိုအထာတွေ ပေးတတ်သလဲဆိုတာ သိပ်မကြာမီ အချိန်တွင်းမှာ တစ်ကျောင်းလုံးကို တောမီးတွေပမာ ပျံ့နှံ့ တော့မှာ ...

သူကလည်း လှုပ်ရှားတော့မယ်ထင်တယ်၊ ကဲ ... ကဲ ... ညည်းရဲ့တစ်ထွာတစ်မိုက်ဉာဏ်လေးနဲ့ ခုခံဖို့ကြိုးစား မနေနဲ့။ အဖြစ်သနစ်အစုံကိုသာ ငါ့ကိုပြောပြ"

ခွေးထက်စာလျှင် နန္ဒာက အတွေ့အကြုံရှိသူမို့ သူ့ကိုလည်း မပယ်ရှားရဲချေ။ ပြီးတော့ ခွေးမှာက ရင်ဖွင့်စရာရယ် လို့ တခြားသူငယ်ချင်းလည်း မယ်မယ်ရရရှိတာမဟုတ်။ နန္ဒာကသာ ခွေးရဲ့ စီနီယာ၊ ရင်ဖွင့်ဖော်၊ တိုင်ပင်ဖော်ဖြစ်လို့နေသည်။ ခွေးသည် နန္ဒာ မပါတဲ့နေ့က သူနှင့် တွေ့ဆုံကာ သူ ကူညီခဲ့ပုံ၊ တစ်ည သောအချိန်အခါက သူနဲ့ ဖုန်းပြောခဲ့ပုံ၊ စကားတွေကို နန္ဒာအား ပြန်လည်သံတော်ဦးတင်ရသည်။

ဆရာမကြီးနန္ဒာကား ခေါင်းတဆတ်ဆတ်နှင့် နား ထောင်ပြီးလျှင် ...

"ဒါဆိုရင်တော့ မကြာမီလာမည် မျှော်ဖြစ်တော့မှာပေါ့"





ခွေးသည် နန္ဒာမျက်နှာကို မဝံ့မရဲနှင့် အကဲခတ်ကြည့် ကာ မေးသင့်မမေးသင့် ချိန်ဆနေတာကို နန္ဒာက သတိထားမိဟန် ဖြင့် ...

"ဘာမေးမှာလဲ မေးမှာဖြင့်မေး"

"ဟို ... ဟိုလေ ... နင် အဲဒီတစ်ယောက်ကို ဘယ်လိုမြင်လဲ လို့၊ အဲ ... အဲဒါ ..."

"ဟွန်း မိန်းမ၊ ဒီလိုမေးတာကိုက နင် ငါ့ဆီက မဲတောင်း နေတာမဟုတ်လား၊ အင်း ... မိုးသက်ထန်က ဘယ်လိုပြော ရမလဲ ...

စိတ်ရင်းကတော့ မဆိုးပါဘူး၊ သူတို့တစ်ဖွဲ့လုံးက ရှုပ်တာဘာညာတော့ မရှိဘူး၊ ရန်ဖြစ်တာတော့ နာမည်ကြီး တယ်"

"ဟင် ..."

ခွေးတစ်ယောက် နာခေါင်းရှုံ့သွားတာကို နန္ဒာက မျက်စောင်းထိုးကာ ...

"နောက်ပြီး ငါ ကြားတာတစ်ခုက သူက တစ်ယောက်တည်း နေတာဆိုပဲ"

"ဒါဆို ... သူ့မိသားစုကရော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒီလိုတော့လည်း မသိဘူး၊ ပုလဲကွန်ဒိုမှာနေတယ် ပြောတယ်၊ နင့်ကို ငါ တစ်ခုတော့ ပြောမယ်နော် ရွှေး၊ နင့်အမေက နင့်ကို သိပ် seriousဖြစ်တာ နင်လည်းအသိပဲ၊ အရာရာမှာ အသေးစိတ် ဂရုပြုနိုင်လွန်းတယ် …

နင့်ဘဝရဲ့ အရေးပါအရာရောက်တဲ့ အချစ်ရေး အိမ်ထောင်ရေးကိစ္စမှာ သူ့လွယ်လွယ်နဲ့ လွှတ်ပေးထားမှာမဟုတ်ဘူး"

ရွှေးသည် နန္ဒာစကားကြောင့် တွေတွေငေးငေးလေး ဖြစ်လို့သွားလေသည်။ လောလောဆယ်မှာ ရွှေး အဲဒါတွေ မတွေးချင်သေးပေ။ စူးရှသောမျက်ဝန်းတစ်စုံရဲ့ နွေးထွေးသောအကြင်နာတွေ၊ သဘောကျချင်စရာကောင်းသော အာဝဇ္ဇန်းရွှင်သည့် သူ့အပြောအဆိုတွေအောက်မှာ ရွှေး ခုံမင်မှန်းမသိ ခုံမင်နေရပြီဖြစ်သည်။

"အချစ်ဆိုတာ ဘာလဲဟင် နန္ဒာ"

နန္ဒာသည် ရွှေးရဲ့ မျက်နှာလေးကို ကရုဏာသက်စွာ ငေးကြည့်နေမိသည်။ အချစ်ရဲ့ပြောပြလို့မရနိုင်သော နူးညံ့သိမ်မွေ့မှုတွေကိုလည်း သူမလေးကို ခံစားကြည့်ဖူးစေချင်သည်။ သို့သော် အချစ်၏ နောက်ဆက်တွဲစာမျက်နှာကိုလည်း သိမသွားစေချင်ခဲ့ပါ။

"အချစ်ဆိုတာ ဘာလဲလို့ မေးကြတဲ့လူတွေဟာ အချစ်ကို ကိုယ်တိုင် မတွေ့ဖူး၊ မကြုံဖူးကြတဲ့ လူတွေမို့လို့ပဲ ရွှေး …





နင် အချစ်ကို တွေ့လာပြီဆိုရင် အဲဒီမေးခွန်းကို မေးစရာမလိုတော့ဘူး၊ တကယ်တော့ အချစ်ဆိုတာ ဘာလဲလို့ မေးလို့ရမယ့်သူ၊ ဖြေပေးမဲ့သူဟာ ဒီကမ္ဘာပေါ်မှာ တစ်ယောက်တည်းပဲရှိတယ် …

အဲဒါတော့ ကိုယ့်ကိုယ်ကိုယ်တိုင်ပဲ"

နန္ဒာရဲ့ စကားအဆုံးတွင် ရွှေးဟာ နှုတ်ဆိတ်ငြိမ်သက်လို့သွားခဲ့ပါသည်။ အချစ်ဆိုတာ ဘာလဲ ဟု ရွှေးတစ်ယောက် ရေရေရာရာ မသိခင်မှာတော့ အချစ်သည် ရွှေးအတွက် သိပ်ကို ကြီးမြတ်သောအရာတစ်ခု ဖြစ်လို့နေသည်။ ပြီးတော့ အံ့သြဘနန်းနှင့် ဆန်းကြယ်မှုတို့ကိုလည်း ဖြစ်စေပြန်ပါသည်။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသားသွေးစက်(၃)

- ရင်ခုန်တယ်ဆိုတာ ယုံတတ်ဖို့
  တကယ်ဟုတ်ထိတ်ထိစေတဲ့
  မျက်ဝန်းတစ်စုံလည်း လိုအပ်တယ်။

- ကြင်နာတယ်ဆိုတာ နားလည်ဖို့
  ဖြူစင်တဲ့ မင်းလက်ကလေးတွေက
  ဆောင်ကြဉ်းပါကွယ်။

- ဘယ်သူတွေ ဘယ်လိုပဲဖော်ထုတ်
  အဓိပ္ပာယ်တွေ ဘယ်လိုပဲဖွင့်ဆို
  ကိုယ့်နှလုံးသားရဲ့ လျှို့ဝှက်ကျမ်းစာ
  အဲဒါကို ဖတ်ခွင့်ရဖို့က
  ချစ်သူထံက မျက်ဝန်းသော့ကိုပေးပါ။





- ကဲ ... ဒီရင်ခွင်တံခါးကို
  ဘယ်တော့လာခေါက်မလဲ
  မျှော်လင့်နေသူတစ်ယောက်ရဲ့ရင်မှာက
  သတိရခြင်းဖိတ်စာတွေ ကမ်းလို့နေပေါ့။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ ထူးမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ရွှေး ကျောင်းက ပြန်ရောက်လာလျှင် မေမေက ရွှေးကို ဆီးကြိုကာ ...

"သမီး မောလာရင် ခဏနား၊ ပြီးရင် ရေမိုးချိုးပြီး လှလှ ပပလေးပြင်ထား၊ သမီး ဖေဖေ ပြန်ရောက်လာတာနဲ့ ဟိုဘက်ခြံကို ဒင်နာသွားရမယ်နော်"

ရွှေးသည် ဟိုဘက်ခြံဆိုတာနှင့် မျက်လုံးပြူး စိတ်အိုက်သွားရကာ ချက်ချင်းပဲ ငြင်းဆန်မိလေသည်။

"အာ ... အဲဒါမျိုးတွေ ဝါသနာမပါမှန်း သိရဲ့သားနဲ့ မေမေရာ၊ ဖေဖေနဲ့မေမေလည်း သွားလို့ဖြစ်ပါတယ်၊ ပြီးတော့ အိမ်ရှိလူကုန်ကြီးသွားရမှာ ရှက်စရာကြီး"

"ဘာမှ ရှက်စရာမလိုဘူး၊ ဖိတ်တာကိုက ဒီသုံးယောက်ထဲကိုပဲ ဖိတ်တာ၊ တခြား ဘယ်သူ့မှလဲ မဖိတ်ဘူး ...





ကဲပါ ရွှေးရယ်၊ နင့်ကို ရှင်းပြနေရတာ မောလိုက်တာ၊ သွား ... သွား ... ခဏနားပြီးရင် ရေချိုးတော့၊ မေမေ ချုပ်ပေးထားတဲ့ ဘက်တူဘက်ပန်းဆီရောင် ဝမ်းဆက်လေးဝတ်ခဲ့၊ မြန်မာဆန်ဆန် ယဉ်ယဉ်ကျေးကျေးပေါ့"

မေမေကား ဘာစိတ်ကူး ဘာအကြံအစည်တွေရှိမှန်း မသိစွာနှင့် ဆင်ယင်ခိုင်းသဖြင့် ရွှေးမှာ စိတ်ညစ်သည့်ကြားကပင် သူ ပြောတဲ့အတိုင်း ဝတ်ဆင်ရလေသည်။ ပြီးလျှင် ဖေဖေ ပြန်လာတာနှင့် ရွှေးတို့ သုံးဦးသားဟာ တစ်ဖက်ခြံသို့ ရောက်လာရတော့သည်။

လေပြေနှင့် သူ့အမေသည် ရွှေးတို့ကို ဝမ်းသာအားရပင် ကြိုဆိုရှာပါသည်။

"လာ ... လာ ... မမခင်ရေ၊ ဒီက မျှော်နေတာ၊ ဖုန်းတောင် ဆက်ခေါ်တော့မလို့"

"ဩော် ... သူ့ဂို့အဖေကို စောင့်နေရတာလေ၊ သမီးကတော့ ကျောင်းကပြန်လာတာ စောပါတယ်"

"အင်း ဟုတ်သားပဲ၊ သမီးလေးကလည်း လှလိုက်တာ၊ လာ ... သမီး၊ သားရေ ရွှေးကို ခေါ်ဦးလေ"

"ဟုတ်ကဲ့ မာမီ၊ ရွှေး လာ"



www.burmeseclassic.com

www.burmeseclassic.com



လေဖြောက ရွှေးကို ဖော်ရွေချိုသာသော အပြုံးဖြင့် ဆီးကြိုသည်။ ရွှေးသည် ဘာခံစားချက်က ရင်ထဲကို ဝင်ရောက်နေသလဲဆိုတော့ မပြောတတ်ချေ။ မျက်နှာစုံညီ သီးသန့်ထမင်းဝိုင်းကြီး စားရခြင်းအပေါ် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လျက် အနေခက်လို့နေသည်။

ဒါကြောင့် ထမင်းဝိုင်းမှာ စကားတောင်ဟဟမပြောပေ။ ဒါကို မေမေက ဖော်ကောင်လုပ်ကာ ...

"ကျွန်မ သမီးကတော့ စကားတွေ အရမ်းပြောလွန်းလို့ မနယဉ် နားငြီးမှာတောင်စိုးရတယ်"

"အေး ... သမီးလေးက စကားနည်းလိုက်တာ၊ စားလို့မကောင်းဘူးလား သမီး"

"မဟုတ်ပါဘူး အန်တီ ကောင်းပါတယ်"

"ရွှေးက အဲဒီလိုပဲ မလုပ်တလုပ်နဲ့ မနယဉ်ရေ၊ ကျွန်မကလည်း အဲဒါကို စိတ်ကိုမရှည်ဘူး၊ သမီးမိန်းကလေးတစ်ယောက်တည်း မွေးထားရတာ တစ်ယောက်ဆိုဆိုသလောက် ထက်မြက်ခြင်းမရှိဘူး ...

ကားမောင်းရင်လည်း အမြဲပြဿနာတစ်ခုခုနဲ့၊ တစ်နေ့ကလည်း အက်ဆီးဒင့်တစ်ခုဖြစ်လာလို့ ကားမမောင်းတော့ဘူးလုပ်နေတယ်လေ"





သူ့အမေက မေမေ့စကားကြောင့် မျက်လုံးပြူးအလန့်တကြား ဖြစ်သွားကာ ...

"အို ... ဟုတ်လား၊ ဘာမှ မထိခိုက်မိတာ တော်သေးတာပေါ့"

"ထိခိုက်မိအောင်လည်း သူက အရှိန်မပြင်းဘူးလေ၊ လိပ်လိုမောင်းနေတာ၊ သူမောင်းတဲ့ကားကို လိုက်စီးရင် မမတော့ လုံးဝကို စိတ်မရှည်ဘူး"

မေမေက လူပုံအလယ်မှာ ရွှေးရဲ့ ဂုဏ်ပုဒ်တွေကို ဖော်နေသည်မို့ ရွှေးသည် နှုတ်ခမ်းဆူချင်လာရပြီဖြစ်သည်။ သူက မေမေ့ကို တစ်ချက်လှမ်းပြုံးပြကာ ...

"မဟုတ်ဘူး အန်တီရဲ့၊ တချို့လူတွေကျတော့ talent (ပင်ကိုအရည်အသွေး)မပါတဲ့ကိစ္စတွေ ရှိတယ်၊ အဲဒါမျိုးကျတော့ ဖွတ်အတင်းလုပ်ယူလို့မရဘူး"

"ဒီခေတ်ထဲမှာ ကားမောင်းတဲ့ကိစ္စလောက်ကတော့ talent မလိုတော့ပါဘူး လေပြေရယ်။ လူတကာမောင်းနေကြတာပါ ...

တချို့ကောင်မလေးတွေဆို သူ့ထက်တောင် ငယ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ၊ ဒါပေမဲ့ ခြွင်းချက်တွေတော့ရှိတာပဲ မဟုတ်လား၊ ကျွန်တော့်ဘကြီးတစ်ယောက်ဆို ရေကူးရမှာ အရမ်းကြောက်တာ၊ ဘယ်လိုမှ သင်ပေးလို့မရဘူး ...

အဲ ... သူရတဲ့ အမျိုးသမီးကျတော့ ရေကူးချန်ပီယံလေ၊ ဪ ... ဖေဖေ ဘဘမိုးကို ပြောနေတာလေ"

သူက သူ့အဖေကိုပါ မဲဆန္ဒတောင်းလိုက်သေးသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ တချို့လူတွေရဲ့ type က အေးအေးသက်သာ နေသွားချင်တဲ့ပုံစံမျိုးရှိတယ် ...

သမီးလေးကြည့်ရတာလည်း အေးအေးချမ်းချမ်းလေးပါ၊ အဲဒါ ကောင်းတာပေါ့၊ အဲဒါ နေတတ်တယ်လို့ခေါ်တယ်"

"ဒါဆို အခုလောလော ရွှေး ကျောင်းသွားဖို့ အခက်အခဲဖြစ်နေမှာပေါ့"

"အေးပေါ့ လေပြေရယ်၊ သူ့သူငယ်ချင်းကလည်း နေတာကတခြားစီ၊ ဆေးလည်းဝေးတယ်၊ သူ့အဖေကျပြန်တော့လည်း မအား ...

စိတ်ချရတဲ့ဒရိုင်ဘာကျပြန်တော့လည်းရှား၊ သူ့ကိုတော့ ကျောင်းကားဖယ်ရီပေါ်သာ တင်ပေးလိုက်ချင်တော့တာပါပဲ"





သူက မေမေ့စကားကို ဟက်ခနဲရယ်ကာ ...

"ဒီလိုလုပ်ပါလား အန်တီ၊ ကျွန်တော်လည်း ရှေ့တစ်ပတ်က စပြီး ဒဂုံကို နေ့တိုင်းသွားဖို့အကြောင်းရှိတယ်၊ ကျွန်တော့် ဆရာတစ်ယောက်က ဒဂုံက အင်္ဂလိပ်ရှိမေဂျာကလေ ...

ဆရာက အရမ်းတော်တယ်၊ ဆရာနဲ့ စာသင်စရာကိစ္စကရှိနေတာ၊ ဆရာကလည်း အပြင်မှာ အဲဒီလိုသင်တာမဟုတ်ဘူး၊ ကျွန်တော်က ဖွတ်အကူအညီတောင်းတာနဲ့ သူ့ဆီသွားသင်ဖို့ အကြောင်းပေါ်လာတာ"

သူ့အပြောကြောင့် ရွှေးက မေမေ့ကို အထိတ်တလန့်ကြည့်မိသော်လည်း မေမေက ရွှေးကို ကြည့်မနေချေ။ သူ့မျက်နှာကိုသာ ပြုံးပြုံးကြီးကြည့်၍နေသည်။

"ဪ ... ဟုတ်သားပဲ၊ လေပြေက ရှေ့တစ်ပတ်ကျရင် ဆရာတစ်ယောက်နဲ့ စာသင်မယ်လို့ ပြောထားသားပဲ၊ အန်တီက ဟုမ်းသင်မယ်မှတ်နေတာ ...

အဲဒါ သားက ဒဂုံသွားသင်ရမှာလား၊ အဆင်ပြေတာပေါ့၊ ရွှေးကိုပါ ထည့်လိုက်လေ၊ ဪ ... မမခင် စိတ်ချမှာပါ"

"စိတ်မချစရာအကြောင်း မရှိပါဘူး နယ်ဥ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား … ဘုရား … ဒီပုံအတိုင်းဆို ရွှေဟာ သူနှင့်အတူ အမြဲတမ်း ကျောင်းသွားရတော့မှာပေါ့။ သူ့စာသင်ချိန်က ဘယ်လောက်ရှိမှာမို့လို့လဲ။ နှစ်နာရီထက် ပို၍ စာသင်နိုင်မှာမဟုတ်ချေ။ အဲဒါပြီးသွားလျှင် တစ်ချိန်လုံးတောက်တဲ့ကပ်သလို ကပ်နေတော့မယ့်အရေးကို ကြိုမြင်ပြီးဖြစ်သော ရွှေသည် အကြီးအကျယ်ပဲ စိုးရိမ်စိတ်ပျက်လို့နေမိသည်။

ပြီးတော့ တစ်စုံတစ်ယောက်ကိုပါ သတိရသွားခဲ့လျှင် စိုးရိမ်မှုဒီဂရီက မြင့်တက်လို့သွားခဲ့သည်။

"ဟို … ရပါတယ် လေပြေရဲ့။ မမေကလည်း လေပြေ့ကို အားနာစရာ၊ အဟင်း ဟင်း … ဟို သူ့ စာသင်မှာက တစ်နာရီနှစ်နာရီပေါ့ …

ပြီးတော့ သမီးကို စောင့်နေရလိမ့်မယ်၊ ရပါတယ်"

ဒီလိုပြောလိမ့်မည်ဟု ကြိုသိထားထားသော လေပြေက နှုတ်ခမ်းဖြင့် တစ်ချက်ပြုံးလိုက်သေးသည်။

"အားမနာရပါဘူး ရွှေ၊ ဒီလောက်လမ်းသင့်နေတာပဲ၊ ကိုယ်က ရွှေကို တကူးကတလိုက်ပို့ လာကြိုရတာလည်း မဟုတ်ပါဘူး၊ ပြီးတော့ ဆရာက ဖွတ်ကျိကျလို့သာ သင်ပေးရမှာ စာသင်ချိန်ရယ်လို့ သတ်သတ်မှတ်မှတ် မရှိပါဘူး …





မနက်တည်းကသွားပြီး နေ့ခင်းမှာလည်း ဖြစ်ချင်ဖြစ်မယ်၊ ပုံသေပြောလို့မရပါဘူး၊ သူ ကလပ်စ်လွှတ်တဲ့ အချိန်ကျမှ သင်ပေးမှာပါ"

သူက ချည်ပြီးတုပ်ပြီး ပြောလိုက်လျှင် ရွှေမှာ ဘာပြန်ပြောရမှန်း မသိတော့ချေ။ မျက်လုံးပြူးလျက် ပါးစပ်အဟောင်းသားပွင့်နေတာကို သူက ထပ်၍ ပြောလိုက်သေးသည်။

"ကျွန်တော် မောင်းတာကိုလည်း သေချာလိုက်ကြည့်ထားပေါ့၊ ကျွန်တော်ကလည်း လိုအပ်တာကို ပြောပြပေးသွားပါ့မယ် …

အယုအဆလေးတွေပေါ့၊ တစ်ခါတစ်လေလည်း ရွှေက ဝင်မောင်းကြည့်ပေါ့၊ ဒါဆို အဆင်ပြေသွားမှာပါ။ စိတ်ထဲမှာ ငါ မဖြစ်ဘူးလို့ တွေးမထားနဲ့ပေါ့ ရွှေ၊ ပြီးတော့ ကားမောင်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး tension(တင်းကျပ်ခြင်း)လည်း သိပ်မထားနဲ့။ ပေါ့ပေါ့ပါးပါးပဲထား"

သူ့အပြောကို ရွှေက ဘယ်လိုမှခံစား၍မရသော်လည်း ဖေဖေနှင့်မေမေကတော့ အကြီးအကျယ်ပဲ သဘောကျလို့သွားလေသည်။ မေမေကဆိုလျှင် ခေါင်းတညိတ်ညိတ်ဖြင့် အပြတ်အသတ်ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လေပြေရေ။ သားပြောတာ သိပ်မှန်တာပဲ၊ လုပ်သားရဲ့၊ လုပ်ရင် ဘာမဆိုဖြစ်ရမှာပေါ့။ အန်တီကတော့ မရဘူး၊ သူ့အဖေကတော့ တစ်ဦးတည်းသောသမီးလေး ဆိုပြီး အလိုလိုက်ထားတာ ...

အန်တီကတော့ သူများအားကိုးတာ ကြိုက်ကိုမကြိုက်ဘူး၊ သားနဲ့ တွဲမောင်းပြီး ကျွမ်းကျင်အောင်လုပ်ထားရမယ် ...

ဒီတော့ မနက်ဖြန်ကစပြီး သား သူ့ကို ထရိန်နင်ပေးပေတော့"

သူက ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်လျှင် သူတို့အိမ်၏ ထမင်းစားခန်းတစ်ခုလုံး ပွင့်ထွက်သွားနိုင်ပါသည်။

❀ ❦ ❀





၁၁

အဲဒီနေ့က သူ့ရဲ့နံနက်ခင်းဟာ နေခြည်သစ်နှင့်အတူ လန်းဆန်းစွာ နိုးထလို့ လာခဲ့တာ ဖြစ်ပါသည်။ စနေ၊ တနင်္ဂနွေနှင့်အတူ ဂဇက်ဝင်ဟောလီးဒေးလ်ပိတ်ရက်တစ်ရက်ပါ ဆက်သွားသဖြင့် သူမရဲ့မျက်နှာလေးကို မတွေ့မမြင်ရတာဟာ သုံးရက်ခန့်ရှိသွားပြီဖြစ်သည်။

ဒါကြောင့် သူ့အတွက်တော့ တနင်္လာနေ့သည် ကမ္ဘာ့အလှဆုံး နေ့ရက်တစ်ရက် ဖြစ်လို့နေသည်။

သူဟာ အဲဒီသုံးရက်အတွင်းမှာ သူမထံ ဖုန်းဆက်ချင်သော်လည်း မဆက်ခဲ့ပါ။ ရှုးသည်ဟုပဲဆိုဆို သူမကို လွမ်းနေရသောအရသာလေးကကို တစ်မျိုးခံစားလို့ကောင်းနေသဖြင့် အလွမ်းရဲ့စိတ်ကို ချိုမြိန်စွာ စားသုံးနေခဲ့တာဖြစ်သည်။



www.burmeseclassic.com

ဒီနေ့တော့ သူဟာ သူမ မလာခင်အစောတည်းက ကြိုတင်၍ ကျောင်းမှာ စောင့်နေခဲ့သည်။ ပြီးတော့ သူ့မှာ သူမ အတွက် ချစ်စဖွယ်လက်ဆောင်တစ်ခုလည်း ပါခဲ့ပြန်ပါသေးသည်။ သူမအတွက် အကြင်နာသမိုင်းကို ဒီနေ့မှာ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သိပ်မကြာခင်မှာပဲ သူမကို ...

သူ့အတွေးခန်းပင် မဆုံးလိုက်သေးချေ။ သူ့မြင်ကွင်းထဲသို့ မှတ်မိနေသော ကားတစ်စီးက အကျည်းတန်စွာ ဝင်ရောက်လာလျှင် သူက မျက်မှောင်တစ်ချက်ကြုတ်ကာသွားသည်။ ထိုကားက သူ အင်မတန်မုန်းရသော လေပြေရဲ့ကားဖြစ်သည်။ ဒီကောင်ဟာ ဒီကျောင်းနှင့် ပတ်သက်စရာအကြောင်း မရှိပါဘဲနှင့် အကြောင်းမဲ့တွေ့နေရတာ ဒါပါနဲ့ဆို နှစ်ခါရှိပြီဖြစ်သည်။

လေပြေရဲ့ကားသည် သူနှင့် မလှမ်းမကမ်းမှာ ရပ်လျက် ခဏတွင်းမှာပင် တံခါးနှစ်ချပ်စလုံး ပွင့်လာကာ လူနှစ်ယောက် ဆင်းလို့လာသည်။ တစ်ယောက်ကတော့ သူထင်သည့်အတိုင်း မျိုးလေပြေဖြစ်လျက် နောက်တစ်ယောက်ကိုမြင်လျှင် သူ့မျက်လုံးတွေ ချက်ချင်းကို ပြာဝေ၍သွားရလေသည်။

သူ တက်ထိုင်နေသော ကားဘောနပ်ပေါ်မှ ဘယ်လိုခုန်ဆင်းကာ အဲဒီနားသို့ ဘယ်လိုရောက်သွားမှန်းကို မသိချေ။

"ဟေ့ကောင် လေပြေ"



သူ့လေသံနှင့် သူ့မျက်နှာထားကို လေပြေဆိုသောကောင်က ပန်းနဲ့ပေါက်သည့်အလား ခပ်ပြုံးပြုံးပဲ ပြန်နှုတ်ဆက်လေသည်။ သူတို့နှစ်ယောက်ရဲ့ပတ်သက်မှုကို သိသေးဟန်မတူသော ရွှေးကတော့ မျက်လုံးအဝိုင်းသားနှင့် အံ့အားတသင့်ရှိလို့နေသည်။

"သြော ... ထန်ပါလား၊ မောနင်း သူငယ်ချင်း၊ မတွေ့တာ တောင်ကြာပြီ နေကောင်းတယ်နော်"

"ဟေ့ကောင် ... မင်း ဘာမှ အပိုအထာတွေ လာလုပ်မနေနဲ့၊ ဒါ ဘာအချိုး ချိုးတာလဲကွ ဟေ"

"ဘယ်လိုဖြစ်တာလဲ ထန်ရာ၊ အေးအေးဆေးဆေးပေါ့၊ ဘာကို ဒေါသကြီးနေရတာလဲ"

"မင်း ရှုးချင်ယောင်ဆောင်မနေနဲ့ မျိုးလေပြေ၊ ဒီနေရာနဲ့ မင်းနဲ့က ဘာပတ်သက်နေလို့လဲကွ၊ ဟင် ... မင်း ဆောင်တွေ အရမ်းကျော်နေပြီ ...

ဒါ ဘာအထာလဲ ပြောစမ်း ဟေ့ကောင်၊ တောက် ... မင်း ငါ့ကို တမင်လိုက်ငြိနေတာလားကွ ဟမ်"

သူသည် မျိုးလေပြေရဲ့ မျက်နှာကို စေ့စေ့ကြည့်လေ ဒေါသက ပို၍ ထွက်ရလေပဲဖြစ်သည်။ ဒီကောင်ဟာ သူ မြတ်နိုးတန်ဖိုးထားရသော အရာတွေကို တစ်ခုပြီးတစ်ခု သိမ်းပိုက်ချင်နေသောကောင်ဖြစ်သည်။

www.burmeseclassic.com



ဒီတစ်ခါတော့ သူ ဘယ်လိုမှ သည်းခံခွင့်မလွှတ်နိုင် [illegible]

"မင်း ဘာကို ဆိုလိုနေတယ်ဆိုတာကို ငါ နားမလည်တာ ထန်"

"တောက် ... မင်းကွာ၊ ဒီနေရာနဲ့ မင်းနဲ့ ဘာပတ်သက်လဲ ပြော၊ မင်းက ဒီကကျောင်းသားလား၊ ဘာလဲ ဘာကိစ္စရှိလဲ"

လေပြေက သူ ဒေါသထွက်စိတ်ကြီးနေပုံကို နားမလည် စိတ်ကုန်ဟန်ဖြင့် ကျစ်ခနဲစုတ်သပ်ကာ ...

"ဒီက ကျောင်းသားမဟုတ်တာနဲ့ဘဲ ငါက ဒီကို လာခွင့်မရှိတော့ဘူးလား မိုးသက်ထန်။ ငါ့မှာလည်း ငါ့ကိစ္စငါ ရှိသေးတာပဲ ...

သေချာစဉ်းစားကြည့်ရင် မင်း စကားတွေကသာ ဘောင်ကျော်နေတာ ဘယ်သူမဆို လွတ်လပ်စွာ သွားလာခွင့်ရှိတဲ့ ဒီကျောင်းထဲကို ငါလာတာ မင်းအနေနဲ့ ဘာမှ ပြောပိုင်ခွင့်မရှိဘူး"

မျိုးလေပြေက ဒီစကားကို ဒေါသမပါဘဲ အေးအေးဆေးဆေးပြောတာဖြစ်သော်လည်း အဲဒီစကားဟာ သူ့ကို အကြီးအကျယ်ပဲ ယမ်းပုံမီးကျဖြစ်စေသည်။ သတိက တစ်ချက်လွတ်သွားလျက် အဲဒီအကောင်ရဲ့ ရှပ်အင်္ကျီကော်လာစကို ဖြန်းခနဲ ဆုပ်ကိုင်ပြီးသားဖြစ်လို့သွားလေသည်။



အဲဒီအချိန်မှာပဲ တစ်ချိန်လုံး ကြက်သေသေလျက် အံ့သြလျက်ရှိသော ရွှေးသည် အစုမှပဲ သတိဝင်လာလျက် သူ့ကို ကပျာကယာဝင်ဆွဲတော့တာဖြစ်သည်။

"မိုးသက်ထန် အဲဒီလိုမလုပ်ပါနဲ့၊ လွှတ်လိုက်ပါ၊ ကျွန်မ တောင်းပန်ပါတယ် မိုးသက်ထန်ရယ်၊ နော် မလုပ်ပါနဲ့"

ကြောက်လန့်မှုနှင့်အတူ စိတ်ညစ်ညူးသံလေး စွက်နေသော အဲဒီအသံလေးနှင့် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့လုပ်မိမှန်း မသိအောင် သူ့လက်ကို လာရောက်ဆွဲယူတားဆီးသော ရွှေးကြောင့် သူသည် အံ့သြဖွယ်ကြီးနှင့်ပင် မျိုးလေပြေရဲ့ ကော်လာစကို လျှော့လိုက်မိတာဖြစ်သည်။ အဲဒီအကောင်ကလည်း ချက်ချင်းပင် သူ့လက်ထဲမှ ရုန်းထွက်လို့သွားသည်။

ရွှေးသည် သူ့ကို ထိတ်လန့်နေသော မျက်ဝန်းများဖြင့် မော်ကြည့်လာလျက် ...

"ကျွန်မ တောင်းပန်ပါတယ် မိုးသက်ထန်ရယ်၊ ရန်မဖြစ်ပါနဲ့နော်"

အဲဒီစကားသံ တိုးတိုးလေးအဆုံးတွင် သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိပါ။ အခါများစွာ ခက်ထန်ကြမ်းတမ်းခဲ့သော နှလုံးသည် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို ရှဲခနဲ ငြိမ်သက်လို့သွားသည်။ အထူးသဖြင့် ကြောက်ရွံ့ထိတ်လန့်အာ

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကြည်တွေတောင် ရစ်သိုင်းသလို ထင်ရသည့် မျက်ဝန်းတွေရဲ့ အကြည့်ဒဏ်ကို သူ မခံစားနိုင်ချေ။

ဒေါသတွေအစား ဘယ်လိုခံစားမှုမျိုးကြီးက ဝင်ရောက်လာမှန်းမသိဘဲ သူက စိတ်ပျက်လက်ပျက်ဖြင့် တောက်ခေါက်ကာ ချာခနဲလှည့်ထွက်လာခဲ့လိုက်သည်။ သူ့ဘဝတွင် ဒေါသကို ချုပ်တည်း၍ လှည့်ထွက်ခဲ့ခြင်းမှာ ဒါ ပထမဦးဆုံးပဲ ဖြစ်လေသည်။

သိပ်မကြာခင်မှာပဲ သူ့နောက်သို့ ပြေးလိုက်လာသော ခြေသံကို ကြားရလျှင် သူက နောက်သို့ ဆတ်ခနဲပဲ လှည့်ကြည့်မိသည်။ အဲဒီအခါမှာ လန့်သွားဟန်ရှိသော သူမရဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေကို တစ်ချက်ခပ်တင်းတင်းကြည့်ကာ ...

"ဘာလဲ"ဟု ဘုဆတ်ဆတ်မေးမိလေသည်။ ဒါကိုလည်း သတိထားမိဟန်မတူသော ကောင်မလေးက မဝံ့မရဲနှင့်ပင် ...

"ဟို ... ဟိုလေ ရှင်နဲ့ လေပြေနဲ့က သိကြလို့လား ဟင်"

သူ့မျက်လုံးတွေက ချက်ချင်းပဲ မှေးစင်းလို့သွားသည်။ သူမဟာ ဟိုအကောင်ကို ခေါ်တာတောင် လေပြေဆိုပါတဲ့လား။ ချက်ချင်းပင် သူ့ရင်ထဲ၌ ပေါက်ကွဲချင်စိတ်တို့က ပြင်းထန်၍လာသည်။





"မင်းနဲ့ အဲဒီအကောင်က ဘယ်လိုပတ်သက်နေလို့လဲ"

သူ့အမေးကို သူမက နှုတ်ခမ်းထော်ချင်သွားဟန်ရှိပြီးလေမှ ...

"ဘာမှ မပတ်သက်ပါဘူး၊ ရှင်ကလည်း ဘယ်လိုဖြစ်နေတာလဲ၊ တစ်ဆိတ်ရှိ ရန်ဖြစ်ချင်နေတာပဲ၊ ဘာမှကို မစဉ်းစားဘူး ...

ဒီနေရာက ရန်ဖြစ်လို့ရတဲ့နေရာ မဟုတ်ဘူးဆိုတာလည်း သတိထားဦးမှပေါ့"

သူမက သူ့ကို လူကြီးလေးတစ်ယောက်နှယ် ဆူလေသည်။ သူ မြတ်နိုးရသော ကောင်မလေးဟာ သူ့ကို ကရုဏာဒေါသောဖြင့် ဆူနေသောအဖြစ်သည် သူ့ရင်ကို အဆန်းတကြယ်ပဲ ပူနွေးရင်ခုန်စေသည်။

ပြီးတော့ သူမဟာ ဟိုအကောင်အနားမှာ မရှိဘဲ သူ့နောက်သို့ ပါလာတယ်ဆိုသော အဖြစ်ကလည်း သူ့ဒေါသတွေကို နည်းနည်းတော့ အရှိန်သတ်စေသည်။ ဒါပေမဲ့ သူမက ဟိုကောင်နှင့် သိကျွမ်းပတ်သက်နေတာကိုတော့ သူ ဘယ်လိုမှ မခံစားနိုင်ပါ။

"အဲဒါတွေက ထားစမ်းပါ၊ မင်းနဲ့ သူနဲ့က ဘယ်လိုပတ်သက်လို့လဲ ...



www.burmeseclassic.com

ဘာဖြစ်လို့ သူမောင်းတဲ့ကား ကျွတ် … သူ့ကား ပေါ်မှာ မင်းက ပါလာရတာလဲ၊ မင်းကားက ဘယ်ရောက် သွားပြီလဲ"

"မေးခွန်းတွေကလည်း များလိုက်တာ၊ တစ်ခုပဲမေး"

သူမက ပြုံးစိစိနှင့် လက်တစ်ချောင်းပြလျှင် သူက အဲဒီပုံစံကို အသည်းယားစွာဖြင့် နဖူးကို ပိတ်ထုပစ်ချင်စိတ် ပေါက်သွားရသည်။ ဒီလို ချစ်စဖွယ်ကောင်မလေးကို သူ အဆုံး ရှုံးမခံနိုင်တော့တာ သေချာသထက်သေချာခဲ့ပြီ။

"သူနဲ့ မင်းနဲ့က ဘာလဲ"

"ဘာမှ မဟုတ်ဘူး"

အဲဒီ မဆိုင်းမတွ ပြန်ဖြေသံက သူ့ရင်ကို ချမ်းမြေ့ သွားစေခဲ့သော်လည်း ပြည့်စုံခြင်းမရှိသေးချေ။

"ဒါဆို ဘာလို့ သူ့ကားနဲ့ ပါလာတာလဲ"

"သူက ရွှေးတို့ရဲ့ဘေးခြံက"

"ဘယ်လို"

ရွှေးရဲ့ စကားက သူ့နားကို အဆန်းတကြယ် ဖြစ် သွားစေသည်။ ချက်ချင်းပဲ စိတ်ထဲမှာ တစ်စုံတစ်ရာကို ဖျတ်ခနဲ သွားသတိရမိသည်။ လေပြေနှင့် အရင်တစ်ခေါက်ဆုံခဲ့စဉ်က ဒီကောင်ပြောခဲ့သော အိမ်ပြောင်းသွားခဲ့ပြီဟူသော စကား။ မေမေ





ဖုန်းဆက်စဉ်က "အရင်အိမ်မှာ မဟုတ်တော့ဘူး သား"ဆိုသော စကား၊ စသည့် စသည့် စကားများ။

သူ့နှလုံးအိမ်ထဲတွင် တဖျင်းဖျင်းနှင့် ဆူဝေ၍လာ သည်။

"ရွှေးတို့ရဲ့ ဘေးချင်းကပ်ဝါဆို၊ သူ့အမေနဲ့ ရွှေးတို့အမေက အရမ်းခင်တယ်၊ တစ်နေ့က ရွှေး အက်ဆီးဒင့်တစ်ခုဖြစ် တယ်၊ အတိုချုပ်ပြောရရင်တော့ သူကလည်း ဒီက အင်္ဂလိပ်စာ မေဂျာက ဆရာနဲ့ စာသင်ဖို့လာရင်း လမ်းကြုံတာနဲ့ မေမေ က သူ့ကားနဲ့လိုက်ဖို့ စီစဉ်ပေးတာပါ"

"ထွတ် …"

သူက မျက်လုံးထဲတွင် လေပြေရဲ့ ပုံရိပ်တွေကို တဖြည်းဖြည်းနှင့် ပြန်မြင်၍လာသည်။ မြွေမြွေချင်း ခြေမြင်သော လေပြေရဲ့ အပြောတွေကို သူ တဖြည်းဖြည်း နားလည်လို့လာ သည်။ ဪ … မင်းအမေနဲ့ သူ့အမေနဲ့က အရမ်းခင်ကြသတဲ့ လား ရွှေးရယ်၊ သူ့အမေတဲ့လား …။

သူ့ရင်ထဲ၌ တဆစ်ဆစ်နှင့် နာကျင်လာသည်။ ပြီးလျှင် ဘာကိုမှန်းမသိ ဝမ်းနည်း၍လာလေသည်။ ဘာကိုမျှ ဆက်ပြောချင်စိတ် မရှိတော့စွာနှင့် ချာခနဲလှည့်ထွက်ဖို့ပြင်လျှင် သူမက အံ့ဩစရာကောင်းစွာပဲ သူ့လက်မောင်းကို လှမ်းဆွဲလိုက်

www.burmeseclassic.com



တာဖြစ်သည်။ သူက နာကျင်ဝမ်းနည်းသော မျက်လုံးများဖြင့် အံ့သြစွာ လှည့်ကြည့်ပါလျှင် သူမက အင့်မတန်ဖြူစင်ကြင်နာသော မျက်လုံးများဖြင့် ကြင်နာစွာ စိုက်ကြည့်လို့နေပါသည်။

သူဟာ အဲဒီအကြည့်များမှာ အသက်ရှုရပ်မတတ် အငိုက်မိကျဆုံးသွားရကာ ဘာစကားမှ ပြန်မပြောနိုင်ခဲ့။ သူ့တစ်သက်တာမှာ ဘယ်တုန်းကမှ မရခဲ့ဖူးသော နွေးထွေးဖြူစင်သည့် အကြည့်လေးတစ်ချက်နဲ့တင် နာကျင်ဝမ်းနည်းရသမျှ ခဝါချပစ်ဖို့ လုံလောက်နေခဲ့ပါသည်။

တကယ်ပါ ချွေးရယ်။ ဘဝမှာ မင်းကို အသက်နဲ့ထပ်တူ မြတ်နိုးမိပါတယ်။ ဤမှန်သောသစ္စာတရားကြောင့် မင်းအချစ်နဲ့ နှလုံးသားမှာ ပြည့်စုံခမ်းနားပါရစေ။

❀ ❦ ❀

ဝေမျှတာ၊ ထကြွပြုတာ၊ စိတ်ထက်တာများ ပေါင်းထုပ်ပါလျှင် တမှတ် ၁၀၆၊ သုမင်္ဂလာ (၆)ထပ်၊ သုမင်္ဂလာခေါင်းများ သက်နှံကျွန်းပြီးနယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





၁

## နှလုံးသားသွေးစက် (၄)

❧ အရိပ်သာတဲ့ အကြင်နာပင်အောက်က
ဘယ်ဘက်ရင်ခွင်ကို လာစိုက်တဲ့
ဒီလိုအရည်လဲ့မျက်ဝန်းတွေ ...
သံယောဇဉ်ဆိုတဲ့ အသုံးအနှုန်းနဲ့
ငါတို့ကောင်းကင်နှစ်ခုကို
ချည်နှောင်ရအောင် ...။

❧ ကောင်မလေးရယ်
ငါ့ရာစဝင်တွေ အရောင်ပြောင်းချင်သွားအောင်
ဖမ်းစားတတ်တဲ့ နူးညံ့အပြုံးနဲ့ ...
ငါ့ရဲ့သမိုင်းကို ဒုတိယအကြိမ် ပြင်ဆင်ရေးသားပေးပါ။
မလိုအပ်ဘဲ လမ်းမခွဲဖို့ကိုတော့
ကြိုတင်တောင်းပန်ထားလိုက်ပါရဲ့ ...။

❀ ❦ ❀



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ သူနှင့် သူမဟာ အရိပ်သာသည့် သစ်ပင်ကြီးတစ်ပင်အောက်က ခုံတန်းပြာလေးတစ်ခုမှာ အတူထိုင်မိကြလျက် သူမက သူ့ရဲ့ခံစားချက်တွေ၊ ဘဝအကြောင်းတွေကို တစ်ခုချင်း စိတ်လိုလက်ရ မေးမြန်းခဲ့သည်။ သူကလည်း ဟင်းလင်းပွင့်နေသော နှလုံးသားဖြင့် ပြေကြားပေးခဲ့ပါသည်။

"ရှင်က တစ်ယောက်တည်းနေတာဆို၊ ရှင့်မိသားစုရော၊ ဪ ... ဆောရီး ... ကျွန်မ သိပ်စပ်စုရာများကျသွားလားမသိဘူး"

"မကျပါဘူး၊ ကိုယ့်အကြောင်းကို မင်း သိထားသင့်ပါတယ်"

"အံ့မယ် ... ဘာလို့တုံး"

သူမက ရှက်ရမ်းရမ်းသလိုနှင့် ထအော်လျှင် သူက အနီးကပ်မြင်နေရသည့် အရုပ်မျက်နှာလေးကို တစ်ရှိက်မက်မက် ငေးကြည့်မိသည်။



ကိုယ့်ကို မင်း ရင်ခွင်မှာ မှေးစက်ခွင့်ပေးပါတော့ ချစ်သူရယ်။

"မင်းကို ကိုယ့်အကြောင်းတွေ ပြောပြမယ် ချွေး၊ တစ်ချိန်က အိမ်ကြီးတစ်အိမ်မှာ ကိုယ်ရယ်၊ ဖေဖေရယ်၊ မေမေရယ် ဘွားဘွားရယ် အတူတူ ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြတယ် ...

နောက် ကိုယ် ကိုးတန်းနှစ်မှာ ဖေဖေ ဆုံးသွားခဲ့တယ်၊ အတိုချုပ်ပြောရရင် ကိုယ် ဆယ်တန်းဖြေပြီးတော့ မေမေက သူ့ရဲ့ငယ်ချစ်ဟောင်းနဲ့ လက်ထပ်လိုက်တယ်၊ ကိုယ်က ဘွားဘွားနဲ့ပဲ ဆက်နေခဲ့တယ် ...

နောက်တစ်နှစ်လောက်ကြာတော့ ဘွားဘွားက ဆုံးသွားတယ်။ အဲဒီတော့ အရင်နေခဲ့တဲ့ခြံကြီးမှာ ကိုယ် မနေတော့ဘူး၊ အခု ကွန်ဒိုမှာ ကိုယ်တစ်ယောက်တည်း ပြောင်းနေတယ် ...

အဲဒါ ကိုယ့်ဘဝပဲ ချွေး"

သူမက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်လျက် သူ့ကို ကြည့်ကာ ...

"ရှင့်အမေနဲ့ ရှင်နဲ့က အဆင်မပြေဘူးလား"

သူက မဲ့ပြုံးတစ်ချက်ပြုံးမိသည်။ ချွေးတို့ မိသားစုနှင့် အဆင်ပြေကာနေမည့် မေမေတို့ မိသားစုပုံရိပ် မြင်ယောင်ကြည့်လျှင် ဒီတစ်ခါ ရင်မှာနာရတာက ပိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေက သူ့မိဘားစုနဲ့သူ ပျော်နေပါပြီ"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ရှင့်အမေက ချစ်တော့ချစ်မှာပါ၊ ရှင့်ကိုလေ"

"ဟင့်အင်း ... ကိုယ်ကတော့ မယူဆဘူး၊ မေမေ ကိုယ့်ကို မချစ်ဘူး။ သံယောဇဉ်တော့ ရှိရင်ရှိမှာပေါ့လေ၊ ကိုယ့်ဘဝမှာ ဘာမှ မလိုအပ်ဘူး ရွှေ၊ တချို့က ငွေရေးကြေးရေးကြောင့် အားကိုးအားထား အတွက် လက်ထပ်ရတာတွေရှိတယ် ...

ကိုယ်တို့မှာ ဒါမျိုး မလိုအပ်ဘူး၊ အရာအားလုံး ပြည့်စုံတယ်၊ ဘဝမှာ မေတ္တာပဲငတ်တာ၊ ဖေဖေ့ကို ဆုံးရှုံးပြီး မေမေ့ကိုပါ ထပ်ဆုံးရှုံးရလိမ့်မယ်လို့ ယောင်လို့တောင် မတွေ့ခဲ့မိဖူးဘူး ...

သူ ကိုယ့်ကို တကယ်ချစ်ရင် ကိုယ့်မှာ အဖေတစ်ယောက်လုံးမရှိတော့တာ ဖခင်မေတ္တာကိုပါ ထပ်လောင်းပေးနိုင်ရမှာပေါ့"

"ဩော် .. ဒီလိုလည်း မတွက်နဲ့လေ မိုးသက်ထန်ရယ်၊ လောကမှာ ကိုယ်ကချည်း ယူဖို့စဉ်းစားရင် ပင်ပန်းတယ်လေ၊ နားလည်မှုထားရင် ရှင်လည်း စိတ်ချမ်းသာရမှာပေါ့"





သူက လူလေးနှင့်မလိုက်အောင် စကားကြီးကြီးတွေ ပြောကာ တတ်သလောက်မှတ်သလောက် ဆုံးမနေရှာသော သူမကို ချစ်ခင်သဘောကျစိတ်ဖြင့်သာ မချင့်မရဲ ပြုံးကြည့်နေမိတော့သည်။

လိုအပ်လှပါသည်။ သူ့နံဘေးမှာ သူမ အမြဲရှိနေဖို့ လိုအပ်လှသည်။ ဟန်မဆောင်တတ်သော ဒီမျက်လုံးလေးတွေရဲ့ နောက်ကွယ်မှာ သူ့အတွက် ကံကောင်းခြင်းတွေ ရှိနေမယ်လို့လည်း သူ ယုံကြည်လေသည်။ မင်းနဲ့ ချစ်ခွင့်ရတာလောက် ဒီကမ္ဘာပေါ်မှာ ကံကောင်းတာ ရှိတော့မှာမဟုတ်ပါဘူး ရွှေရယ်။

"ကိုယ့်ဘဝမှာ စိတ်ချမ်းသာမှုတွေ ပျော်ရွှင်ပြည့်စုံမှုတွေ လိုအပ်တယ် ရွှေ၊ အဲဒါတွေကို မင်းက ပေးဖို့လိုအပ်တယ်"

"အောင်မယ်၊ ဘာဆိုင်လို့တုံး၊ ဖွတ်လာပြီးဆွဲစိမနေနဲ့"

"ဟိုကောင့်ကိုတော့ တကယ်ဆွဲစိပစ်ချင်နေတာ၊ ဘာလဲ ရွှေရာ၊ အဲဒီကောင်နဲ့ ကျောင်းကို မလာစမ်းပါနဲ့၊ မင်းအိမ်က မင်းကို စိတ်မချရင် ကိုယ် ဒရိုင်ဘာလုပ်ပေးမယ် ...

အဲဒီကောင်ကားနဲ့ မင်း ပါလာတာကိုတော့ ကိုယ် ဘယ်လိုမှ မခံစားနိုင်ဘူး၊ စိတ်ဆင်းရဲဒေါသထွက်ရလွန်းလို့ သေလိမ့်မယ်၊ နော် ရွှေ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... မင်းကပါ သူ့ကားကို စီးချင်နေတာ လား"

"အောင်မယ် ဘာလို့ စီးချင်ရမှာလဲ၊ စီးချင်ပါဘူးနော်၊ မေမေတို့က ဖွတ်ထည့်လို့၊ အင်းလေ ... မေမေကလည်း ရွေး မောင်းတာမှ စိတ်မချတာ"

သူမက လက်တစ်ဖက်ကို ပိုက်လျက် တစ်ဖက်က မေးစေ့အောက်မှာ ထောက်ကာ ဖြည်းဖြည်းချင်း ပြောပြနေပုံသည် သူ့ဘက်သို့ ပါးမှန်းမသိဝါနေတာကို သူမကိုယ်တိုင်တောင် ရိပ်မိပုံမရချေ။

"ဒါနဲ့ပဲ ဒီကောင်က ဒရိုင်ဘာလုပ်တယ်ပေါ့"

"ဒရိုင်ဘာ မဟုတ်ပါဘူး၊ သူလည်း သူ့တီစွနဲ့သူပါ၊ ဟိုဥစ္စာ သူက ဒီမှာ စာသင်မလို့တဲ့၊ အင်္ဂလိပ်ရှိမေဂျာက ဆရာတစ်ယောက်နဲ့ စာလာသင်မှာလို့ပြောတယ်၊ တကူး တကကြီး လိုက်ပို့တာမဟုတ်ပါဘူး"

"ဗွီ ... အဲဒါတွေပဲ ဒီကောင့်အကျင့်က၊ လုံးဝ မရိုးသားတာ။ ကိုယ့်ဟာကိုယ် ကြိုက်ရင် ကြိုက်တယ်ပေါ့၊ ဘာခွင်ပန်နေမှန်း မသိဘူး"

သူ့အပြောကို သူမက မျက်လုံးပြူးပြကာ ...





"ဟယ် ... ဘာပြောတာလဲ၊ ဘာတွေ လျှောက်ပြောနေတာလဲ မိုးသက်ထန်"

"ဟုတ်တာပြောနေတာလေ၊ မင်းက ကလေးလိုပါ ရွေးရယ်၊ ယောက်ျားတွေအကြောင်း ဘာမှ နားမလည်ပါဘူး၊ တချို့ ကောင်တွေက အပြင်ပန်းက ရိုးသားချင်ယောင်ဆောင်ပြီး အစီအစဉ်တကျ အကွက်ချပြီးမှ တစ်ဖက်မိန်းကလေးကို သိမ်းသွင်းတာ ...

ကိုယ်ကယောက်ျားချင်းပဲ။ ယောက်ျားတွေအကြောင်း ကို အသိဆုံးပေါ့၊ ဒီကောင် မင်းကို ကြိုက်နေတာ ရွေး"

"အာ ..."

သူ့စကားကြောင့် သူမ မျက်နှာတွင် ရှက်ရွံ့သွား ခြင်းထက် စိတ်ရှုပ်သွားခြင်း အရိပ်အယောင်တွေကသာ ပိုတာမို့ သူက စိတ်ထဲမှ တစ်ချက်ကျိတ်ပြုံးလိုက်သေးသည်။ မင်းဟာ ကိုယ့်အတွက်တော့ ဘာနဲ့မှ မလဲနိုင်တဲ့ ပန်းကလေးပဲ ရွေး။

(ပန်း = နူးညံ့လွန်းသဖြင့်)

(ကလေး = ဖြူစင်လွန်းသဖြင့်)

"ဟုတ်တယ် ... မင်း မယုံရင် စောင့်ကြည့်လိုက်။ ဒီကောင့် အပြုအမူတွေက တဖြည်းဖြည်းနဲ့ step by.step (တစ်ဆင့် ပြီးတစ်ဆင့်) ဖြစ်လာလိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလစ်ရှ် လာသင်တာတဲ့ကွာ၊ ဝါး ပျင်းဖို့ကောင်း လိုက်တာ၊ မြို့ထဲမှာ ပွထနေတဲ့ သင်တန်းတွေကို ကျော်ပြီး ဒဂုံထိတောင် စွန့်စွန့်စားစား လာသင်ရှာတာ၊ နည်းတဲ့ ချစ်ခြင်းမေတ္တာတော့မဟုတ်ဘူး"

"ဘာနည်းတဲ့ချစ်ခြင်းမေတ္တာ မဟုတ်တာလဲ"

ရွှေးက ခပ်ဆောင့်ဆောင့် အော်ထည့်လိုက်လျှင် သူက မျက်လုံးပြူးဖြင့် လှည့်ကြည့်ကာ ...

"ဟာ ... ဒါ အမှန်ကိုပြောတာ၊ နည်းတဲ့ချစ်ခြင်းမေတ္တာ မဟုတ်ဘူး၊ များတဲ့နှာဘူးသစ္စာ၊ အဲဒါကို ဆိုလိုတာ သိပြီ လား"

"ဟယ် ... ခစ် ခစ် ခစ်"

သူမက သူ့စကားကို ဟန်မဆောင်စတမ်း ရယ် မောနေလျှင် သူက အဲဒီအတွက် မျက်နှာလေးကို ဘေးတိုက်အနေ အထားမှ ကုန်းလျက် မော့ကြည့်နေလေသည်။

ဒါကို သူမက မသိသေး။ ခေါင်းအနည်းငယ်မော့ ပြီး ရယ်နေသောကြောင့် ရှင်းသန့်နေသည့် လည်တိုင်အလှလေး ကို စိတ်ထင်တိုင်း ရှုစားလို့ရနေသည်။ လည်တိုင်လေးက ကြော ရှင်းသလောက် ကုပ်ပိုးလေးကတော့ ဖြူဖြူတစ်တစ်လေး ဖြစ်လို့





နေပုံထောက် သူမဟာ တစ်သက်တာလုံး ကြွယ်ပိုးကြွယ်ဝနေသွား ရမည့်သူလေးပဲဖြစ်သည်။

"မင်း အမြဲတမ်း အဲဒီလိုပဲ ရယ်နေပါလား ရွှေး"

"ဟင် ... ဘာလို့လဲ"

"မင်းက ရယ်နေတော့မှပဲ ခေါင်းမော့တာလေ၊ ကျန်တဲ့ အချိန်ဆို အမြဲတမ်းငုံ့ထားတာ မဟုတ်လား၊ အဲဒါ ကြောင့် ...

နောင် အမြဲတမ်း ရယ်နေမယ် မဟုတ်လား"

"ဒါဆို ရှင်က ဟာသတွေ ပြောပြပေါ့"

"ပြောပြမယ်၊ အမြဲရယ်မှာလား"

"ရယ်မယ် ... ခစ် ခစ်"

ဟင်း ...။ အဲဒီ သက်ပြင်းချသံဟာ သူ့ရင်ထဲမှာ တော့ အကျယ်ကြီးပဲဖြစ်သည်။ တစ်နေ့ထက်တစ်နေ့ ချစ်စိတ် တွေ တိုးတက်လျက်ရှိသော သူ့ရင်ထဲမှာ သူမအတွက် ရတက်မအေး နိုင်မှုတွေကသာ ကြီးစိုးလို့နေတာ ဖြစ်တော့သည်။

သူက နာမည်ဆိုးနှင့် ကျော်ကြားထားတဲ့လူ၊ လေပြေ က လူချွန်လူကောင်း၊ လူလိမ္မာလေး၊ ပြီးတော့ ဒီကောင့်အမေနဲ့ ရွှေးအမေတို့ဟာလည်း ခင်မင်ရင်းနှီးကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက တကယ်ကို ရယ်စရာကောင်းပါသည်။ သူသည် ရယ်စရာကောင်းသော ကံကြမ္မာကို မရယ်နိုင်ဘဲ မချိပြုံးသာ ပြုံးနိုင်ခဲ့သည်။

* ❦ *

[illegible] ပေးပို့လိုပါလျှင် [illegible] (၆)[illegible] [illegible] သို့ ရေးသားပေးပို့နိုင်ပါသည်။





၁

## နှလုံးသားသေစာ(၅)

❦ သူ့ကြောင့်သာမဟုတ်ခဲ့ရင် …
နံနက်ခင်းတိုင်း တွေ့ရတတ်တဲ့
နေမင်းကြီးလည်း ဒီထက်တောက်ပနိုင်မှာ မဟုတ်ဘူး။

❦ သူ့ကြောင့်သာမဟုတ်ခဲ့ရင် …
မျက်နှာချင်းဆိုင်သောက်ခွင့်ရတဲ့ ကော်ဖီကလည်း
ချိုမြိန်ရင်ခုန်မှုကို ပေးနိုင်မှာမဟုတ်ဘူး။

❦ သူ့ကြောင့်သာ မဟုတ်ခဲ့ရင် …
ခနှာကိုယ်ကို ထိတွေ့ပွတ်တိုက်သွားတဲ့ လေပြည်ကိုလည်း
ခံစားမိတတ်မှာကို မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



❧ သူ့ကြောင့်သာမဟုတ်ရင် ...
ခံစားချက်နဲ့ရေးဖွဲ့ထားတဲ့ အချစ်သီချင်းတွေကလည်း
ရာနှုန်းပြည့်ကျေနပ်စေမှာ မဟုတ်ဘူး

❧ သူ့ကြောင့်သာမဟုတ်ခဲ့ရင် ...
နှင်းဆီပန်းနရောင်တွေလည်း
ဒီထက်မွှေးပျံ့နိုင်မှာ မဟုတ်ဘူး။

❧ သူ့ကြောင့်သာမဟုတ်ခဲ့ရင် ...
ညတိုင်းမက်ခွင့်ရတဲ့အိပ်မက်တွေကို
နေ့ဘက်အထိပါ အိတ်စတန်းရှင်းဆွဲချင်မိမှာ မဟုတ်ဘူး။

❧ နေမင်း၊ ကော်ဖီ
လေပြည်၊ သီချင်း
နှင်းဆီ၊ အိပ်မက်
ဒါတွေထက် ပိုစွာ
သူ့ကြောင့်မှ မဟုတ်ခဲ့ရင်
တစ်ကမ္ဘာလုံးမှာ ရေပန်းစားဆုံး အကြောင်းအရာ
မကြုံဖူးရင် လှူစဉ်မမိတဲ့အရာ





ကြုံဖူးရင် ဘာနဲ့မှ မလဲနိုင်တာ
တွေ့ဖူးရင် လက်လွှတ်မခံချင်တော့တာ
ခံစားတတ်သွားရင် အဆုံးရှုံးခံဖို့ မဖြစ်နိုင်တော့တာ
အဲဒါတွေထက် ပိုကဲတဲ့အချစ်
အဲဒီအချစ်ဆိုတာကို
သူ့ကြောင့်သာ မဟုတ်ခဲ့ရင်
နားလည်သွားမှာ မဟုတ်တော့တာ
သေချာတတ်ခဲ့ပြီ (သူ့ကြောင့်သာ မဟုတ်ခဲ့ရင်)။

❀ ❦ ❀

ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ဆန္ဒတွေများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒီနေ့ဟာ ရွှေးတစ်ယောက် လေပြေရဲ့ကားကို လိုက်ပါစီးနင်းသော ဒုတိယမြောက်နေ့ပဲဖြစ်သည်။ ရွှေးဟာ ခပ်မဆိတ်သာ စကားမဆိုသလို လေပြေကလည်း ဘာမှမပြော။ ရွှေးက ရွှေးအတွေးနှင့်ရွှေး ငြိမ်သက်တိတ်ဆိတ်နေသော်လည်း တိတ်ဆိတ်မှုကို မလိုချင်သော လေပြေက စတင်၍ စကားစလိုက်သည်။

"ရွှေး ... ကိုယ် တစ်ခုလောက် မေးချင်လို့၊ ရမလား"

ရွှေးက သူ့ကို မျက်လုံးနှင့် လှမ်းကြည့်ကာ ခေါင်းညိတ်ပြသည်။

"ဟိုဧလေ ... ရွှေးနဲ့ ထန်နဲ့က သူငယ်ချင်းလား"

"သူနဲ့ ရွှေးနဲ့က class တစ်ခုတည်းပဲ"





ရွှေးရဲ့ အဖြေဟာ စကားကြီးဆယ်မျိုးထဲက ဖြေပုံမျိုးနှင့်တူသဖြင့် ရွှေးဟာ ကိုယ့်ဟာကိုယ် ကျိတ်၍ သဘောကျသွားရသည်။ သူက ရွှေးအဖြေကို တစ်ချက်ပြုံးကာ ...

"ဒါဆို ထန်နဲ့ တော်တော်ခင်မှာပေါ့နော်"

အဲ ... ဒီမေးခွန်းကိုတော့ ရွှေးဟာ ရုတ်တရက် ဘယ်လိုပြန်ဖြေရှင်းရမှန်း မသိချေ။ ရွှေးတို့က ဘာတွေလဲ၊ သူငယ်ချင်းတွေလား၊ မိတ်ဆွေတွေလား၊ ဒါမှမဟုတ် ...။

ရွှေးက လေပြေ့မျက်နှာကို စူးစမ်းရိပ်ဖြင့် အကဲခတ်လိုက်လျှင် လေပြေက ရွှေးကို မကြည့်ဘဲ ကားမောင်းနေသည်။ စကားတစ်ခွန်းကို သိပ်မဖြေချင်လျှင်၊ မဖြေတတ်လျှင် တော်တော်များများ သုံးတတ်ကြသည့်စကားအတိုင်း ရွှေးလည်း အတုခိုးလိုက်သည်။

"ဒီလိုပါပဲ၊ ဘာဖြစ်လို့မေးတာလဲ လေပြေ"

"သြော် ... မေးကြည့်တာပါ၊ ဘာရယ်မဟုတ်ပါဘူး"

လေပြေက ပြုံးကာ အငြင်းစကားဆိုလိုက်ရသော်လည်း စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို တိကျစွာ သိလို့သွားခဲ့ပြီဖြစ်သည်။ ရွှေးဟာ သူနဲ့ ထန်ရဲ့ ပတ်သက်ပုံကို သာမန်လောက်သာ သိထားပုံရသည်။ ထန်ကလည်း ဘာမှပြောပြထားပုံမရချေ။ ဒီအကြောင်းအရာဟာ အခုချိန်ထိ သေချာလိုနေသော အကြောင်းအရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက လှို့ဝှက်စွာဖြင့် တစ်ချက်ပြုံးလိုက်ပါသည်။

"ဒါနဲ့ ရှင်က ကျွန်မကိုပဲ မေးနေတယ်၊ ရှင်နဲ့ မိုးသက်ထန်နဲ့ကရော၊ ဘာဖြစ်လို့ မတည့်တာလဲ"

သူက ပခုံးကို တစ်ချက်တွန့်ကာ ...

"အိုး ... ကိုယ်က မတည့်တာမဟုတ်ပါဘူး၊ ရွှေး အမြင်ပဲလေ၊ ကိုယ်က သူ့ကို ကောင်းကောင်းမွန်မွန် နှုတ်ဆက်တာပဲမဟုတ်လား ...

သူကပဲ ဒေါသကြီးနေခဲ့တာ၊ ရွှေးလည်း သူ့အကြောင်း သိမှာပါ၊ သိတယ်မဟုတ်လား"

ရွှေးထံသို့ သူက စကားတောက်ကြည့်လိုက်လျှင် ရွှေးက ဘာမှ ပြန်မဖြေချေ။ အသာနှုတ်ဆိတ်လို့နေပုံထောက် ရွှေးသည်လည်း ထန့်အကြောင်းကို သိသင့်သလောက် သိမှာပဲဖြစ်သည်။

ရွှေးတစ်ယောက် မျက်နှာတည်တည်ဖြင့် နှုတ်ဆိတ်သွားသဖြင့် သူကလည်း ဘာမှဆက်မပြောတော့ဘဲ ကားကိုသာ အသာမောင်းလာခဲ့တော့သည်။ ကျောင်းရဲ့ ကားပါကင်သို့ ရောက်လျှင် ရွှေးက ကားပေါ်မှ ဆင်းရင်းမှ ...

"ဪ ... လေပြေ ... ဒီနေ့ ရွှေးတို့ ကျူတိုရီယယ်ရှိတယ် ဆိုတော့ ဖြေပြီးတာနဲ့ ပြီးလောက်တယ်သိလား ...





အဲဒါ ရွှေး အရင်ပြီးရင် နန္ဒာကားနဲ့ပဲ လိုက်ပြန်သွားတော့မယ်နော်"

"ရတယ်လေ၊ ပြဿနာမရှိပါဘူး"

"သွားပြီနော်"

ရွှေးက မချောမနပ်နှင့်ပင် မပွင့်တပွင့်ပြောကာ ထွက်လာခဲ့သည်။ သူ့ကိုယ်သူ ဆရာကြီးစတိုင်လ်ဖမ်းထားသော လေပြေကို ဂျစ်တိဂျစ်ကန်နှင့် ဟာသတွေ ပြောတတ်သော ထန့်လောက် မခင်တွယ်တာတော့ အမှန်ပဲဖြစ်လေသည်။

ရွှေးက စူပွစူပွနှင့် ခေါင်းငုံ့ဝင်လာရာမှ လူတစ်ယောက်ကို တိုက်မိမလိုဖြစ်သွား၍ မော့ကြည့်မိလျှင် လက်နှစ်ဖက်ပိုက်၍ ပြုံးစိစိကြည့်နေသော နန္ဒာနှင့် ဆုံသည်။

"ဒေါ်မြရွှေးမုံတို့ ဒရိုင်ဘာတွေ ဘာတွေနဲ့ တယ်ကြီးပွားနေပါလား၊ အားကျတယ်ကွယ်"

"တော်စမ်းပါ၊ စိတ်ရှုပ်ရတဲ့အထဲ"

"အဟုတ်လား၊ ရှင် လန်းနေတယ်လို့ ကြားပါတယ်နော်၊ ဘယ်လိုလဲ မိုးသက်ထန်နဲ့ အိုကေသွားပြီလား"

"အာ ... ဘာအိုကေရမှာလဲ၊ ဘယ်သူတွေက လျှောက်ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ခုံတန်းပြာလေးပေါ်မှာ နှစ်ကိုယ်တူ စကားဆိုနေတာတွေ မြင်တဲလူတွေက အမြင်အတွေ့။ လူတွေက စိတ်ဝင်စားနေပြီနော် မင်းသမီး၊ ကျောင်းမှာတစ်ယောက် အိမ်မှာတစ်ယောက် လုပ်မနေနဲ့"

"အာ ... အမိပွာယ်မရှိတာ၊ နင့်ကို ငါ ပြောပြရဦးမယ်ဟ"

ချွေးက အဲဒီလို အစချီကာ ထန်နှင့် လေပြေတို့ရဲ့ မကျေလည်မှုကို ပြောပြလိုက်သည်။ နန္ဒာက ဒါကိုတော့ စူးစူးစိုက်စိုက်နှင့် နားထောင်ပြီးလျှင် ...

"အင်း ... ဒါ နည်းနည်းတော့ ထူးဆန်းနေတယ်ဟ၊ သူတို့နှစ်ယောက်ကြားမှာ တို့မသိတဲ့ အကန့်တစ်ခုခုတော့ ရှိရမယ် ...

မိုးသက်ထန်နဲ့ မျိုးလေပြေက type ချင်းလည်း မတူဘူး၊ လိုင်းချင်းလည်းမတူဘူး၊ နင် ပြောပုံအရဆိုရင် သူကပဲ မကြည်တာ ဒေါသထွက်တာဆိုတော့ သူ့မှာ ခံစားချက်တစ်ခုခု ရှိလို့နေမှာပေါ့"

"အင်းနော် ... ဟုတ်လောက်တယ်"

နန္ဒာပြောမှပင် ချွေးက အဲဒီအချက်ကို စဉ်းစားမိတာ ဖြစ်လေသည်။ ထန်က လေပြေကို ပြောဆိုဆက်ဆံပုံ မျက်လုံးတွေဟာ ရိုးရိုးမတည့်တာထက် နာကြည်းတဲ့အသွင်သဏ္ဍာန်တွေကို ဆောင်သည်။





ဒါဟာ ဘာအကြောင်းကြောင့်များပါလိမ့်။

"ကဲ ... အမိ နောက်မှတွေး၊ တွေ့မှမေးတော်မှု၊ စာပြန်ဖတ်ဦး၊ ငါကတော့ သိပ်မရဘူး၊ နင်ပဲ ပြောပြရမှာ"

"ဟင်း ... ဓာတ်လမ်းကတော့စပြီ"

ချွေးက နာခေါင်းရှုံ့ကာပြောရင်း တစ်စုံတစ်ယောက်ကို စေ့ဝဲရှာဖွေလိုက်သေးသည်။ သူ ဒီနေ့ ကျူတိုရီယယ်ဖြေမှာ မသိဘူးလား မသိချေ။

သူ့ဖုန်းနံပါတ်ကို ဆက်ပြီး သတိပေးရင် ကောင်းမလား။ အို ... ဒီလောက်လည်း မလိုအပ်ပါဘူး။

ကိုယ့်အတွေးနှင့်ကိုယ် ရှုပ်ယှက်ခတ်နေသော ချွေးသည် စာသင်ခုံပေါ်မှ ဘုတ်ခနဲ ပြုတ်ကျလာသော အထုပ်တစ်ထုပ်ကို မြင်လျှင် ရုတ်တရက် လန့်ဖျပ်သွားရသည်။ မော့ကြည့်လိုက်တော့ သူ။

"ဟယ် ... ဒါ ... ဒါက ဘာကြီးလဲ"

သူက ချွေးနံဘေးသို့ ဖွေ့ခနဲ ဝင်ထိုင်လျှင် ချွေးက တဟုဲဟုဲ ဖြစ်သွားရသော်လည်း နန္ဒာကတော့ မဲ့ပြုံးပြုံးလျက် နေရာရွှေ့သွားပေးသည်။

"မင်းကို လာဘ်ထိုးတာ၊ ကိုယ် စာမရဘူးကွာ၊ အဲဒါ ဒီနေ့ပြောပြ၊ မင်းအနားမှာ ကိုယ် ထိုင်မယ်၊ ဖြစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကာ ပြောပြလို့ရပါတယ်၊ ဒါကြီးက ဘာကြီးလဲ၊ မယူချင်ပါဘူး"

"ယူပါ၊ ရွှေ ငွေ ကျောက်သံပတ္တမြား အဖိုးတန်တာ ဘာတစ်ခုမှ မဟုတ်ဘူး၊ တန်ဖိုးမရှိဘူး၊ စိတ်သန့်သန့်နဲ့ယူ ...

ဟော့ ... မြန်မြန်ယူပြီး အိတ်ထဲ သိမ်းထားလိုက်နော်၊ မဟုတ်ရင် တစ်တန်းလုံး သိသွားလိမ့်မယ်၊ မင်း မယူဘူးဆိုရင်လည်း မင်းဆီရောက်အောင်ပို့ပေးနိုင်တဲ့ နည်းလမ်းအဆန်းအပြားတွေ ကိုယ့်မှာ ရှိတယ် ...

ရိုးရိုးလေး ပေးနေတုန်းမှာ ယူလိုက်"

သူ့စကားကြောင့် ရွှေသည် မျက်စောင်းတစ်ချက်ထိုးမှ အထုပ်ကို အိတ်ထဲ အသာထည့်လိုက်လေသည်။ သူက အပြည့်အဝ ကျေနပ်သွားဟန်ဖြင့် ရွှေကို လက်မတစ်ချက်ထောင်ပြသည်။ ဒီလိုမှပေါ့ ဟူ၍လည်း ပါးစပ်က ပြောသေးသည်။ ပြီးလျှင် ရွှေ အနားကိုကပ်ကာ ...

"ရွှေ ... မင်း ဟိုကောင့်ကားကို စီးနေတာ ရပ်တန်းက ရပ်တော့ကွာ၊ နောက်တစ်နေ့ကျရင် မင်းဘာသာမင်း မောင်းလာခဲ့ ...

မဖြစ်ဘူးလား ဟင် ရွှေ။ မင်း အဖြစ်က ယောက်ျား တစ်ယောက်ကို အားကိုးရမှဖြစ်တာလား"



"အို ... မဟုတ်ပါဘူး"

"မဟုတ်ရင် အားမကိုးနဲ့၊ ဒီမှာ ရွှေ၊ မင်းကို ကိုယ် လွတ်လပ်တဲ့ပန်းလေးတစ်ပွင့်ပဲ ဖြစ်စေချင်တယ်၊ ဘယ်သူ့ကိုမှ အားကိုးမှီခိုနေရတဲ့အဖြစ်မျိုး မဖြစ်စေချင်ဘူး၊ ကိုယ်က တော့ မင်းကို တန်ဖိုးထားလွန်းလို့ ခူးတောင်မခူးဆွတ်ရက်ဘူး ...

အဲဒါ တကယ်ပြောတာ"

သူ့စကားဟာ ဘာစကားမှန်းမသိပေ။ သို့သော် ရွှေဟာ ဖြန်းခနဲ ရှက်သွားလျက် အသာခေါင်းငုံ့မိသည်။ သူ့စကားဟာ ရည်းစားစကားလည်း မဟုတ်ချေ။ သို့သော် အဲဒီထက်လည်း အများကြီး အဆင့်မြင့်နေပြန်သေးသည်။

"မနက်ဖြန်ကျရင် ကိုယ့်ကားကိုယ် မောင်းလာခဲ့ ရွှေ၊ မဖြစ်ဘူးဆိုတာ မရှိဘူး၊ အဲဒီကောင်ကို အားမကိုးနဲ့ ...

မင်းအိမ်နားမှာ ကိုယ် လာစောင့်မယ်၊ မင်း ကားနောက်က လိုက်ကြည့်မယ်၊ ဘာမှ ကြောက်စရာမရှိဘူး"

သူက ခံစားချက်တနင့်တပိုးသံဖြင့် ရဲရဲတောက်ပြောနေလျှင် ရွှေသည် ရင်ထဲမှာ ကြည်နူးခြင်းတွေ တစိမ့်စိမ့်ဖြစ်ပေါ်လို့နေတာကို အလိုလိုခံစားသိရှိရလေသည်။ သူ့ ရွှေအပေါ်မှာထားသော မေတ္တာအတိမ်အနက်သည် "ချစ်တယ်"ဆိုသော စကားတစ်ခွန်းမပါဘဲ လေးနက်တည်ကြည်လွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်လည်း ရွှေးရဲ့ ရင်ထဲမှာပါ သတ္တိတွေ ကိန်းအောင်းလို့လာခဲ့တာဖြစ်သည်။ သူက ရွှေးကို မျှော်လင့်ချက် တောက်ပနေသော မျက်ဝန်းများဖြင့် ...

"ဘယ်လိုလဲ ရွှေး၊ ကိုယ့်ဘာသာ ကားမောင်းလာမှာလား"

"အင်း ..."

သူ့အပြုံးတွေက နေရောင်အောက်မှာ လက်ခနဲ တောက်ပြောင်သွားလျှင် ရွှေးသည် အဲဒီအပြုံးတစ်ခုအတွက် ရင်းနှီးပေးဆပ်လိုက်ရသော သတ္တိမျိုးကို ကျေနပ်ဂုဏ်ယူလို့နေခဲ့သည်။ အဲဒီနောက် ရွှေးဟာ ဘေးနှစ်ဖက်မှာ လက်ဝဲရံ၊ လက်ယာရံနှစ်ပါး ခြံရံလျက် ကျူတိုရီယယ် ဖြေရလေသည်။

နန္ဒာနှင့် သူ့ကို ဘေးတစ်ဖက်တစ်ချက်မှာ ထားလျက် နေထိုင်ရသော ဘဝအရသာလောက် လုံခြုံတာ မရှိတော့ဟုလည်း ခံစားမိရသည်။

ကျူတိုရီယယ်ဖြေပြီး အိမ်အပြန်လမ်းမှာ နန္ဒာရဲ့ ကားနောက်မှ ရွှေး အိမ်သို့ ရောက်သည်အထိ လိုက်ပါလာခဲ့သော သူ့ပုံရိပ်လေးကိုလည်း မက်မောသည်။ အဲဒါထက်ပိုစွာ သူ ပေးသောအထုပ်ထဲတွင် ရွှေးအတွက် သကြားလုံးဆန်းဆန်းပြားပြားလေးတွေ၊ ချောကလက်အချို့နှင့် သူ့စိတ်ကြိုက် ရွှေးကူးထားသော





Selection(လက်ရွေးစင်)သီချင်းများပါဝင်သည့် စီဒီခွေ Press က ချပ်စတာတွေဟာ ရွှေးရဲ့ဘဝတွင် သူစိမ်းယောက်ျား းထားတာ ပထမဆုံး လက်ခံရယူခဲ့သော အမှတ်တရပစ္စည်းများ သည်။

✽ ❦ ✽

အမှုန်လေး

ဟင်"

သည်းစားတွေ

ဝလည်း"

ဘူးလို့ ပြော

အချစ်ရေး

ည်းနဲ့ မပြီး

ကြားလို့က

လပြွေကိုလည်း

ှင့် မြန်မြန်ခေါင်း

တ်တာခိုးပြောနေမိ

င်းဆက်ဆံနေရမှာ

ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ဆက်တာများ ပေးပို့
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာ
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိန်းအော

တောက်ပ၊

“ဘ

လာ

“အ

ချွေးက ကိုယ့်ဟာကိုယ်ပဲ ကားမောင်းသွားတော့မည်

တောက်ဖြာမမေက မျက်လုံးပြူးကာ မယုံသလိုကြည့်သည်။

လေးဆပ်လိုဖြေပြောသေး။ ချွေးက လက်မနှင့် လက်ညှိုးကို ဝိုင်း

အဲဒီနောက် ညဏ္ဏာန်လုပ်ပြလျက် ...

ခြံရံလျက် ဂfidence(ယုံကြည်ခြင်း)လေ မေမေ၊ ဟဲ ဟဲ ... self

lence ပေါ့၊ ချွေးက အဲဒီစိတ်နဲ့ မောင်းမှာ”

နေထိုင်ရသော တ်ရှိတာတော့ ကောင်းပါတယ်၊ အဲဒီစိတ်အပြင်

ခံစားမိရသည်။ တ်တွေပါ ရှိနေသေးလား ချွေး၊ သမီး ကြည့်ရတာ

နဲ့ သိပ်မတူသလိုပဲ ...

က်နှာမှာ အလင်းတစ်မျိုးဖြာနေတယ်”

ကားနောက်မှ ချွေးသည် မေမေ့စကားကြောင့် နောက်ကျောတစ်

သူ့ပုံရိပ်လေးကိုလ သာ်လည်း ဘာမှ မဖြစ်သလိုပင် တဟားဟား

သောအထုပ်ထဲတွင် ဂါးနှစ်ဖက်ကိုလည်း လက်နှင့် ပုတ်ပြလိုက်သေး

လေးတွေ၊ ချောကလ ...





“မျက်နှာက အလင်းဖြာမှာပေါ့ မေမေရဲ့၊ Cute Press က နောက်ဆုံးထုတ်တဲ့ ပေါင်ဒါအသစ်တစ်မျိုးကို သုံးထားတာ လေ ...

အဲဒါက မျက်နှာကို လင်းထွက်နေပြီး အမှုန်လေးတွေ လက်နေစေတာ၊ လှရှာယ်မဟုတ်လား ဟင်”

“အင်း ... လှပါရဲ့၊ သမီး ချွေး ... သမီးမှာ ရည်းစားတွေ ဘာတွေများရနေပြီလား”

“အာ ... မရပါဘူး၊ ဘာဆိုင်လို့လဲ မေမေကလည်း”

“ဩော် ... ကျောင်းတက်နေတာလေ၊ မတွေ့ဘူးလို့ ပြောနိုင်လား၊ ချွေးကို မေမေ ပြောပြီးသားနော်၊ အချစ်ရေး အိမ်ထောင်ရေးကိစ္စမှာ သမီး သဘောတစ်ခုတည်းနဲ့ မပြီးဘူး ...

မဟုတ်မဟတ်တွေ စဉ်းစားမလာနဲ့၊ ကြားလို့က တော့ မေမေ့အဆိုး မဆိုနဲ့နော် ချွေး၊ လေပြေကိုလည်း ကောင်းကောင်းဆက်ဆံ ကြားလား”

ချွေးသည် စကားရှည်နေမည်စိုးသဖြင့် မြန်မြန်ခေါင်းညိတ်ကာ ထွက်လာခဲ့ရသည်။ စိတ်ထဲမှာ 'တိတ်တခိုးပြောနေမိတာတော့ သူ့ကိုများ ဘာကိစ္စ ကောင်းကောင်းဆက်ဆံနေရမှာလဲ' ဟူ၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးသည် မြဲထဲမှ ကားကို သေချာစွာ မောင်းထွက်လာခဲ့လျှင် လမ်းထိပ်သို့ရောက်လာလျှင် သူ့ကားကို လမ်းထိပ်ထောင့်တစ်နေရာမှာ ရပ်ထားတာကို တွေ့ရသည်။ ရင်ထဲမှာ ဖျတ်ခနဲ စုန်သွားတာကို ကိုယ်ဘာသာပဲ သိလေသည်။

ချွေး နောက်မှာ သူ ရှိနေသော အဖြစ်က ချွေးကို အားရှိလုံခြုံစေသည်။

ချွေးက လမ်းမကြီးသို့ တက်ရန် အချက်ပြစောင့်ဆိုင်းနေစဉ်မှာပဲ ဖုန်းမြည်သံက ထွက်ပေါ်လို့လာသည်။ သူမှန်းသိ၍ ဘာမှမပြောဘဲ ဖုန်းဖွင့်ပြီး အသာငြိမ်နေလျှင် …

"ချွေး … မင်း ဖုန်းမှာ bluetooth ပါတယ် မဟုတ်လား၊ တပ်ထားလိုက်၊ လိုအပ်တဲ့နေရာရောက်ရင် ကိုယ် လှမ်းပြောမယ်"

သူ့အပြောကြောင့် ချွေးက ကျေနပ်စွာဖြင့် တစ်ချက်ပြုံးသွားရကာ နားတွင် bluetooth ကို တပ်ထားလိုက်သည်။ အဲဒီနောက် ကားရှင်းသွား၍ လမ်းမကြီးပေါ်သို့ တက်သည်နှင့် တစ်ပြိုင်နက် သူက အခြေအနေတွေကို ညွှန်ကြား၍လာလေသည်။

ချွေးဟာ ရှိုမြစည်ကြည်သော သူ့အသံတွေကို နားဆင်ရင်း နှုတ်ခမ်းများတွေ ကော့တက်လာအောင် ပြုံးနေရသည်။



ချွေး အပေါ်မှာထားရှိသော သူ့စေတနာနှင့် မေတ္တာအကြောင်းကို စံစားလို့ရလျှင် ချွေးရဲ့ နှလုံးသားတစ်ခုလုံး ပူနွေးရှိန်းမြလို့သွားရသည်။ သေချာပါပြီကွယ် ချွေးလည်း သူ့ကို …။

"ချွေး ရှေ့က ဗင်နားကို လိုက်ကပ်ထား မီးဝါတော့မယ်၊ ဂရုစိုက်၊ ဘရိတ်ကိုမေ့ထား၊ ဟုတ်ပြီ … ရပ်ထား"

မီးနီသွားလျှင် ချွေးတို့ကားနှစ်စင်းကား ရှေ့ဆင့်နောက်ဆင့်ပင်ဖြစ်၍ သူပေးထားသော သီချင်းခွေကို မေ့ပြီး ဖွင့်ထားမိလျှင် သူက သီချင်းသံကို ကြားသွားပြီးနောက် …

"ချွေး အဲဒီသီချင်းထဲကလိုပဲ နောက်နေ့တွေကျရင် ကျောင်းကို သနပ်ခါးလိမ်းလာခဲ့ပါလား"

"အခုလည်း လိမ်းလာတာပဲလေ"

"ဟင် … ဘယ်မှာလဲ၊ မြင်လည်းမမြင်ရဘူး"

"သြော် … ဘယ်လိုလုပ်မြင်ရမှာလဲ၊ ဒီအတိုင်း ပြေပြေလေးပဲ လိမ်းတဲ့ဟာကို"

"မဟုတ်ဘူးလေ၊ ကိုယ်ပြောတာက ဟိုဟာ ပါးကွက် … ပါးကွက်၊ ဟုတ်တယ် အဲဒီပါးကွက်လေး ကွက်ပါလားလို့ ပြောတာ …

အဲဒါဆို အရမ်းရင်အေးရကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ရင်ပူနေရတယ်ပေါ့ ... ဟွန်း။ အဲဒီပါးကွက်က ကျောင်းကိုတော့ မကွက်ပါဘူး၊ အိမ်နေရင်းတော့ကွက် တယ်"

"ဟာ ... ဒါဆို ကြည့်ချင်ရင် အိမ်ကို လာကြည့်ရမှာပေါ့၊ အဲဒီလိုလား"

"ဟယ် ... အဲဒီလိုကြီး မဆိုလိုပါဘူး"

"လာကြည့်မယ်ကွာ၊ တစ်နေ့လောက် ဂစ်တာလာတီးမယ်၊ ဘာသီချင်းတွေကြိုက်လဲ ပြောထား"

"အင်း ... အကုန်ကြိုက်တယ်"

"အိုကေ ... ဗွတ်ဒ် လာခဲ့မယ်"

"မိုးစိမ်းပြီနော်"

"ဟုတ်ပါပြီ ဂီယာပြောင်းထားလေ၊ ကျွမ်းပါတယ် ဆရာမ ကြီးက၊ ဒီပုံအတိုင်း နောက်တစ်ပတ်လောက် မောင်းလိုက် ရင် အိုကေသွားပါပြီ ...

နောက်ဆို နန္ဒာထက်တောင် တော်သွားဦးမယ်"

"ပိုသွားပြန်ပြီ"

ချွေးက ကြည်နူးပြုံးနှင့်ဆိုရင်း ကားကို မောင်းထွက် လိုက်သည်။ စီဒီထဲမှ ထွက်ပေါ်နေသောသီချင်းကို သူက ကြား လျက် လိုက်ညည်းနေတာကို နားထောင်ရလျှင် သူ မမြင်ပါဘဲနှင့် သူ့ကို မုန်းကာ မျက်စောင်းထိုးမိရသေးလေသည်။





[ဝန်ခံလိုက်ပေါ့ မင်း ချစ်တယ်ဆိုလည်း xxx ကြာရင် ငါ ရှုံးတော့မယ် xxx ဒီတစ်ခါ မလှည့်စားနဲ့တော့ တကယ်ဆို ချစ်ရက်နဲ့ မုန်းယောင်ဆောင်ခဲ့တာ xxx ငါ မြင်နေတယ် ဒီမျက်ဝန်းနက်တွေထဲ xxx ]

✽ ✽ ✽

စေတနာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် စာမူခ ၁၀၀၊ ... (၆)လမ်း၊ ... သတင်းစာတိုက်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ရွှေးတို့အိမ်ရှေ့တွင် ဂစ်တာသွားတီးကြဖို့ သူ့သူငယ်ချင်းတွေကို အဖော်ညှိလျှင် သူငယ်ချင်းတွေက သူ့အလိုလို အလွယ်တကူ မလိုက်လျောဘဲ ကျပ်ကြသေးသည်။

"မလိုက်ပါဘူးကွာ၊ မင်းကောင်မလေးဆီ သီချင်းသွားဆိုမှာများ ငါတို့ကို ခေါ်မနေနဲ့၊ မင်းကောင်မလေးကိုပဲ ခေါ်ပြီးဆိုပေါ့၊ အခု မင်းက သူနဲ့ပဲ အပေါင်းအသင်းလုပ်နေတာ မဟုတ်လား"

အခုတလော သူဟာ သူမအနားမှာပဲ တကပ်ကပ်ရှိနေခြင်းကို ဆိုလိုတာဖြစ်ကြသည်။

"ဘာရာသာတို့ကလည်းကွာ လာကျပ်မနေစမ်းပါနဲ့၊ ရှေ့တစ်ပတ်ထဲကျရင် ကိုယ့်မွေးနေ့ရှိတယ်လေ၊ ရှယ် ... ရှယ် သိတယ်မဟုတ်လား"



"ဟော့ကောင် မွေးနေ့နဲ့ ရောမရှုပ်နဲ့၊ ဒီနေ့ကိစ္စက ဒီနေ့ပဲ၊ ဂစ်တာသွားမတီးခင် ငါတို့ကို ညစာကျွေးရမယ်၊ ညစာပြီးမှ လိုက်တီးလိုက်ဆိုပေးနိုင်မယ်၊ ဒါပဲ"

"အေးပါ ... အေးပါ၊ လုပ်ထားကြပေါ့"

"အောင်မာ အသံကိုက မှားမတန်လို့မာန်လျှော့ရတဲ့အသံနဲ့၊ စေတနာပါပါနဲ့ကျွေးနော်၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းနဲ့ မြရွှေးမှုနဲ့က ဘာလဲ၊ fine (ဖိုင်း)ပြီလား"

"ဒီလိုပါပဲ"

"ဘာ ဒီလိုပါပဲလဲ၊ ဟိုကောင်ကလည်း ကပ်နေတယ်မဟုတ်လား၊ ပြီးတော့ မြရွှေးမှုက မင်းနဲ့ မျိုးလေပြေတို့ပတ်သက်ပုံကို သိပုံမရဘူးနဲ့တူတယ်နော်"

"အင်း"

"ဟိုကောင်ကလည်း ပြောပြပုံမရဘူး၊ ဒါဆို ဒီကောင်လည်း ဘာအကြံအစည်တွေရှိနေလဲ မပြောတတ်ဘူး"

"ငါ ထင်တာတော့ လူကြီးတွေကတစ်ဆင့် ဝင်မယ့်အစီအစဉ်ပဲနေမှာပေါ့၊ ဒီကောင့်ကြည့်ရတာ အဖြစ်မရှိပါဘူး၊ ဒါပေမဲ့ တို့ကောင်ကြီးက ဂဏန်းငြိမ်ပြီးသားပါ ဟုတ်တယ်မလား"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝေဖန်နေတာကို သူက လက်ကာပြလိုက်ပြီးလျှင် ...

"ဒါတွေ စိတ်ဝင်စားမနေပါနဲ့ကွာ၊ ညနေ ဘယ်ဆိုင်မှာစားမှာလဲ စဉ်းစားထား"

"ဘီယာပါ သောက်မှာနော်၊ တို့ စားနေကြဆိုင်ပဲ စားရအောင်ပါကွာ၊ အဲဒီက ဟင်းတွေကောင်းတယ်"

"အိုကေ ... ဒါဆို ခုနစ်နာရီမှာဆုံမယ်"

အဲဒီနောက် သူက သူငယ်ချင်းတွေကို ညခုနစ်နာရီတွင် ညစာကျွေးရသည်။ ဒီကောင်တွေက ဘီယာတွေ မနည်းမနော ချနေသဖြင့် သူ့မှာ သတိပေးရသေးသည်။ သူကတော့ ဘီယာတစ်ခွက်မှလွဲ၍ ပိုမသောက်ဖြစ်။ အဲဒီနောက် ညကိုးနာရီကျော်မှ ဈေးတို့ခြံရှေ့သို့ ခြေချမိတော့သည်။

သူက ဈေးထံသို့ ရောက်ပြီဖြစ်ကြောင်း ဖုန်းနှင့် မက်ဆေ့ချ်ပို့လိုက်သည်။ အဲဒီနောက် သူတို့အဖွဲ့ဟာ ရသမျှ သီချင်းတွေနှင့် တစ်ပုဒ်ပြီးတစ်ပုဒ် ဖြေဖျော်တော့တာပဲဖြစ်တော့သည်။

"ဟေ့ကောင်တွေ ဒီကပြီးရင် အားလုံး ငါ့အခန်းကိုပဲ လစ်မယ်နော်ကြားလား"

"ကြားတယ် ... ကြားတယ်"





ဒီညတော့ သူတို့တစ်ဖွဲ့လုံး သူ့အခန်းမှာပဲ မှေးအိပ်ကြမှာဖြစ်သည်။ သူငယ်ချင်းတွေက ဘီယာတန်ခိုးဖြင့် အစွမ်းကုန် မြူးကာ ၊ တစ်ပုဒ်ပြီးတစ်ပုဒ် ဖြေဖျော်ကြလျက် ခံစားမှုတွေက ပို၍ပေါက်ကွဲလာကြသည်။ အဲဒီအချိန်အထိ ဘာပြဿနာမှ မရှိကြသေး။

ပြဿနာက ညဆယ့်တစ်နာရီလောက်မှ ရောက်လာတာဖြစ်သည်။ ဂျစ်ကားတစ်စီးသည် သူတို့ သီချင်းဆိုသော အရှေ့သို့ ဝေါခနဲ ထိုးစိုက်လာကာ ကားမောင်းသူက ဂျစ်ကားပေါ်မှ မဆင်းဘဲ ...

"ဟေ့ကောင်တွေ မင်းတို့ တော်လောက်ပြီ၊ ကိုးနာရီတည်းက မင်းတို့ဟစ်နေတာ ကြာပြီ၊ လစ်တော့ သူငယ်ချင်း"

ချက်ချင်းပင် သူတို့ တီးခတ်သီဆိုနေမှုက ရပ်သွားသည်။ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလျှင် တိုင်ပင်စရာမလိုဘဲ ညှိနှိုင်းပြီးသွားကြပြီဖြစ်သည်။ သူတောင် ဘာမှမပြောရသေးချေ။ မျိုးဇင်ကပဲ ဝင်ရောက်ကာ ...

"ဘာဆိုင်လို့ လစ်ရမှာလဲကွ၊ အမိန့်ပွာယ်မရှိတာ၊ ကဲ ... မင်းတို့ပဲ အေးဆေးသွားလိုက်တော့ ဟုတ်ပြီလား"

"မင်းတို့ညောင်းရမှာကွ၊ ဘယ်လောက်ကြာနေပြီလဲ ဒီဈေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တာသာ ဘယ်လောက်ကြာကြာ မင်းတို့နဲ့ ဘာဆိုင်လဲ"

"ဟ ... မင်းတို့လည်း ဒီခြံက ပန်းကလေးကို လာဟန်နေတာ မဟုတ်လား၊ ငါတို့လည်း ဟစ်မလို့ပေါ့ကွ၊ ပြေလည်စမ်းပါကွာ ...

အများသုံးပန်းကလေးပဲ မျှမျှတတပေါ့"

အဲဒီစကားကြောင့် တစ်ချိန်လုံး မျက်မှောင်ကြုတ်၍ နားထောင်နေခဲ့သော သူ့သွေးတွေ ဖျဉ်းခနဲ ဆူဝေသွားခဲ့သည်။ သူက ရန်မဖြစ်မိစေရန် အတတ်နိုင်ဆုံး ချုပ်တည်းထားပါလျက်နှင့် အဲဒီကောင်ပြောလိုက်သော အသုံးအနှုန်းက သူ့ရဲ့ သည်းခံမှုတရားကို ကုန်ဆုံးပပျောက်စေလေသည်။

သူက ရက်ရက်စက်စက် ဒေါသဖြင့် အဲဒီအကောင်ရဲ့ အင်္ကျီကော်လာကို ဖမ်းချုပ်ဆွဲပစ်လိုက်ကာ ...

"ဟေ့ကောင် ... မင်း ဘာစကားပြောတာလဲကွ ဟမ်"

"ဟာ ... မင်းက ဘာကောင်လဲ၊ လွှတ်စမ်း"

အဲဒီအချိန်မှာပဲ တစ်ဖက်က ထိုင်နေသော ကောင်တွေက ကားပေါ်မှ အသီးသီးခုန်ဆင်းလာကာ သူ့ကို တစ်ချက်ပိတ်ကန်လိုက်တာဖြစ်သည်။ သူဟာ အကန်ခံရတာကို လက်သီးနှင့် အထိုးခံရတာထက် နာတတ်သလို သူ့အသားကို ထိလျှင်လည်း





ဘယ်သူ့ကိုမှ ချမ်းသာမပေးတတ်သူမို့ သူ့ကို လာကန်ခဲ့သော အကောင်ကို မီးကုန်ယမ်းကုန် ဆွဲထိုးတော့တာဖြစ်သည်။

အဲဒီနောက် နှစ်ဖွဲ့လုံးအတွင်း၌ ကြီးမားသော ရန်ပွဲတစ်ခုဖြစ်ပွားလို့သွားခဲ့သည်မှာ ရဲတွေ ရောက်လာခင်အထိပဲဖြစ်လေသည်။ ရဲကားရောက်လာပြီးသည့်နောက်ပိုင်းတွင်တော့ သူတို့နှစ်အုပ်စု နှစ်ဖွဲ့စလုံးဟာ အဲဒီမြို့နယ်ပိုင် ရဲစခန်းက အချုပ်ခန်းထဲသို့ ရောက်ရှိနေကြပြီဖြစ်သည်။

ဒီထက်အံ့သြစွာ သိရတာက သူတို့ကို တိုင်ချက်ဖွင့်သူမှာ ရွှေးရဲ့မိခင်ပဲဖြစ်လေသည်။ ရဲတွေကိုလည်း ဖုန်းဆက်ခေါ်ခဲ့တာဟု သိရသည်။

"ပထမတစ်အုပ်စုက ခြံရှေ့မှာ သီချင်းတွေ အော်ကြီးဟစ်ကျယ်လာဆိုနေတာ တော်တော်ကြာပါပြီ၊ ကျွန်မတို့လည်း အိပ်လို့ကိုမရဘူး၊ တော်တော်သည်းခံနေရတယ်၊ နောက်ထပ် အဲဒီဂျစ်ကား ရောက်လာပြီး အဲဒီကလူတွေနဲ့ မြင်မကောင်းအောင် ရန်ဖြစ်ကြတော့တာပါပဲရှင် ...

ကျွန်မက သမီးပျိုလေးမွေးထားတာမို့ အိမ်ရှေ့တည့်တည့်မှာ ဒီလိုရန်ဖြစ်ကြတာဟာ အင်မတန်သိက္ခာကျပါတယ်၊ နောက်ထပ် ဒီလိုအဖြစ်မျိုး မဖြစ်အောင် ဆောင်ရွက်အရေးယူပေးပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ချွေးအမေရဲ့စကားကို စန်းမှူးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ချွေးရဲ့အဖေကတော့ ဘာမှကိုမပြော။ ဘွားတော်ကသာ စီကာပတ်ကုံးနှင့် ဒိုင်ခံပြောတော့တာဖြစ်လေသည်။ ကောင်းညိုက သူ့လက်ကိုတို့ကာ ...

"ဘွားတော်က မလွယ်ကြောဘဲနဲ့တူတယ်နော်၊ ဘိုးတော်ကမှ အေးသေးတယ်၊ ဖြစ်နိုင်ရင် တို့ကို ထောင်ပါချစေချင်တဲ့ ဒီဖိုင်းနဲ့"

"ထားလိုက်စမ်းပါကွာ ..."

"ပြော ... မင်းကတော့ ယောက္ခမလောင်းကြီးဆိုတော့ ထားနိုင်တာပေါ့၊ ငါတို့မှာသာ ကြားထဲက ထောင်နန်းစံနေရတာ ...

ပြောတော့ ဒီကပြီးရင် ငါ့အခန်းပြန်မယ်တဲ့၊ ခေါ်လာတဲ့အခန်းကလည်း"

သူက မှူးဇင်ရဲ့ စကားကြောင့် စိတ်ပျက်သည့်ကြားမှ ပြုံးရသေးသည်။ အဲဒီနောက် စန်းမှူးက သူတို့အဖွဲ့ကို ခေါ်ယူကာ တစ်ယောက်ချင်းစီရဲ့မိဘ၊ နေရပ် စတာတွေကို မေးမြန်းသည်။ ချွေးရဲ့အမေသည် သူ့သမီးကို လာပိုးသော ကလေကဝများအဖြစ် သူတို့ကို အထင်သေးသောမျက်လုံးများဖြင့် တစ်ယောက်ချင်းစီ သေချာစွာကြည့်လို့ မှတ်သားနေလေသည်။





သူ့အလှည့်တွင် စန်းမှူးက သူ့ကိုမေးဆတ်ပြလျက် ...

"ကဲ ... မင်းနာမည်နဲ့ မိဘတွေကိုပြော"

သူက ဘာရယ်မဟုတ်ဘဲ ချွေးရဲ့အမေကို ဖျတ်ခနဲ သွားကြည့်မိလျှင် ဘွားတော်ကလည်း သူ့ကို စူးစိုက်စွာ အကဲခတ်နေတာနှင့် ကြုံရသည်။

သူက နှုတ်ခမ်းကို လျှာနှင့်တစ်ချက် သပ်လိုက်ကာ ...

"ကျွန်တော့်နာမည် မိုးသက်ထန်ပါ၊ မိဘတွေက မရှိကြတော့ပါဘူး"

"ဒါဆို မင်းက ဘယ်သူနဲ့နေလဲ"

သူ့ရင်ထဲတွင် ဆစ်ခနဲ နာကျင်သွားသည်။ ချွေးအမေရဲ့ မျက်လုံးတွေကလည်း သူ့အပေါ်တွင် ပို၍ကျဉ်းမြောင်းသွားသည်ဟု ထင်သည်။

"နေတာကတော့ တစ်ယောက်တည်းပါပဲ၊ ဒါပေမဲ့ ဦးလေးက အုပ်ထိန်းသူနေရာမှာ ရှိပါတယ်"

"ဟုတ်ပြီ၊ အဲဒီဦးလေးကိုပြော"

သူက လေးလေးကို စိတ်ထဲမှပင် လှမ်းတောင်းပန်ကာ နာမည်နှင့် လိပ်စာကို ပေးလိုက်သည်။ စန်းမှူးက ရေးမှတ်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ နောက်ပြီးရင် မင်းတို့အိမ်တွေကို အကြောင်းကြားပေးမယ်။ အခုလောလောဆယ်မှာတော့ မင်းတို့က ဒီကလူကြီးတွေ ကျေနပ်အောင် တောင်းပန်လိုက်ကြ ...

ဒီက အစ်မကြီးကလည်း ခွင့်လွှတ်ပေးလိုက်စေချင်ပါတယ်"

ကောင်းညိုက ခပ်တည်တည်နှင့် ဝင်ရောက်ကာ မင်းနဲ့ မောင်းနဲ့ပင် ...

"ဟုတ်ကဲ့ပါ အန်တီ၊ အားလုံးရဲ့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ နောက်ထပ် မဖြစ်စေရဘူးလို့လည်း ကတိပေးပါတယ် ...

ကျွန်တော်တို့အားလုံး မိကောင်းဖခင် သားသမီး ကျောင်းသားတွေပါ၊ အန်တီတို့ခြံရှေ့မှာ ရန်ဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာ မဟုတ်ဘူး ...

မမျှော်လင့်ဘဲ ဖြစ်သွားခဲ့ရတာပါ"

"အေးလေ ... မင်းတို့သာ အချိန်မတော် ဒီလိုဂစ်တာလာ မတီးရင် ဘာမှဖြစ်စရာ အကြောင်းမရှိဘူး။ အခုတော့ ပတ်ဝန်းကျင်မှာ ယောကျ်ားလေးအဖွဲ့နှစ်ဖွဲ့ ရန်ဖြစ်တာ ငါ့သမီးကြောင့်ပဲ ဖြစ်သလိုလို ...





မင်းတို့လုပ်ရပ်က အတော့်ကို ဆိုးရွားလွန်းတယ်"

ကောင်းညိုသည် စိတ်ထဲမှပင် ဘွားတော်ကို ရှုံ့မဲ့ပြမိသည်။ တကယ်လည်း သူ့သမီးကြောင့် ရန်ဖြစ်ရတဲ့ဟာ။ ဟိုဘက်ကကောင်ပြောတဲ့ "အများသုံးပန်းကလေး"ဆိုတဲ့ စကားကို ကြားလျှင် ဘွားတော်တောင် သိုင်းကွက်နင်းသွားနိုင်သေးသည်။

"ကဲ ... ဟုတ်ပါပြီ။ အကြောင်းကြောင်းတွေကြောင့်ပေါ့ကွာ၊ နောက်ကို ဒါမျိုးမဖြစ်အောင် ဆင်ခြင်ကြပေါ့ ...

ခင်ကလည်း သိပ်စိတ်ကြီးမနေတော့နဲ့။ ကလေးတွေက တောင်းပန်နေပြီပဲ။ ကဲ ... စခန်းမှူးကြီး ကျွန်တော်တို့ဘက်ကတော့ ကျေအေးပါပြီ ခင်ဗျာ၊ စခန်းမှူးသာ တာဝန်အရ ဆက်လုပ်ပေးပါ"

နောက်ဆုံးတော့ ဘိုးတော်က ဝင်ရောက်ပြောတော့မှပင် စကားအမျှင်က ပြတ်သွားတော့သည်။ ရွှေရဲ့အမေဟာ ပြန်ခါနီးအထိ အားလုံးထဲမှာ သူ့ကိုသာ တကြည့်ကြည့်ဖြင့် (သမက်တော်ချင်တာတော့ မဖြစ်နိုင်)အကဲခတ်နေခဲ့တာကိုလည်း သူ့မှာ နောက်ကျော်မလုံနိုင်အောင် ဖြစ်ရသည်။

အဲဒီနောက် သူတို့အိမ်တွေဆီသို့ အသီးသီးအကြောင်းကြားပေးကာ အာမခံကတော့ မနက်ဖြန်မနက်မှသာ ရမှာမို့ အဲဒီတစ်ညကတော့ သူတို့လေးယောက်စလုံး သံတိုင်လေးဖက်ကြားမှာ စံမြန်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရွှေးကို အထူးသတိရမိလျက် သူတို့လက်ကိုင်ဖုန်းတွေကို မသိမ်းမိကပင် မက်ဆေ့ချ်ပို့ထားခဲ့ပြီးပြီမို့ ရွှေးတစ်ယောက် သိပ်တော့ စိတ်ပူမည် မထင်ပါ။

သူ ပို့ခဲ့သော မက်ဆေ့ချ်က ရိုးရိုးလေးပဲဖြစ်သည်။ သို့သော် ရွှေးအတွက်တော့ ဆန်းပြားနေခဲ့ပါမည်။

"ရွှေး ...

မင်းကို ကိုယ်ချစ်တယ် ...

ဘာမှ စိတ်မပူနဲ့"

ဟူ၍သာ ဖြစ်ပါသည်။ ရွှေး အမေကြီးသာ သိလို့ကတော့ သူ့ကို သေဒဏ်တောင် ပေးခိုင်းမည်ဟု ထင်လေသည်။

❀ ❦ ❀

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၁၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





မေမေ့ရဲ့ အကဲခတ်နေသော မျက်လုံးစူးစူးတွေအောက်တွင် ရွှေးသည် ပုံစံမပျက်အောင် လုံးဝတောင့်ခံထားရသည်။ အရင်ကစိတ်နှင့် ဆိုလျှင်တော့ ရွှေး ဒီလောက်တောင့်ခံနိုင်မှာ မဟုတ်ချေ။ အခုတော့ ဘယ်ကသတ္တိတွေဖြင့် တောင့်ခံသွားနိုင်လဲ မပြောတတ်။ သေချာတာတော့ ရင်ထဲတွင် ကြောက်စိတ်ထက် သူ့အတွက် စိုးရိမ်စိတ်ကသာ ကြီးစိုးလို့နေခဲ့တာ ဖြစ်ပါသည်။

"ငါ့ကို ညာဖို့တော့ မကြိုးစားနဲ့နော် ရွှေး၊ အဲဒီကောင်တွေနဲ့ ညည်းနဲ့ ဘယ်လိုပတ်သက်မှုရှိလဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး။ တစ်အုပ်စုကတော့ ရွှေးတို့ကျောင်းကပါ"

"ဒဆိုး ဒပေတေတွေပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ရွှေးလည်း သေချာမသိပါဘူး၊ ဒီကိစ္စက ရွှေးနဲ့ ဘာမှမဆိုင်ပါဘူး မေမေရယ်။ လမ်းပေါ် သိချင်းလာဆိုကြတာတော့ ရွှေးလည်း ဘယ်တတ်နိုင်ပါ့မလဲ"

ရွှေးက လေသံအပျော့ဆွဲလေးဖြင့် ပြောလိုက်လျှင် မေမေက မျက်စောင်းတစ်ချက်ထိုးသည်။ လက်နှစ်ဖက်ပိုက်လျက် ဟိုလျှောက် ဒီလျှောက် လျှောက်နေရာမှ ...

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ငါ လုံးဝမကျေနပ်ဘူး၊ နင်လည်း ကြပ်ကြပ်သတိထားနေနော် ရွှေး။ ဒီကိစ္စဟာ သာမန်ကိစ္စ မဟုတ်ဘူးလို့ ငါ ထင်တယ် ...

ရည်းစားထားဖို့လည်း စိတ်မကူးနဲ့တော့ ရွှေး။ ရွှေးနဲ့သင့်တော်တဲ့လူကို မေမေ ရှာတွေ့ထားပြီးပြီ"

"ဟင် ... ဘယ်သူလဲ မေမေ"

"မနယဉ်ရဲ့သား လေးပြေပေါ့။ သူ့ကို မေမေ သဘောကျတယ်၊ ပညာတော်တယ်၊ ရည်မွန်ယဉ်ကျေးတယ်၊ သိပ်မကြာခင် ကနေဒါမှာ ကျောင်းသွားတက်တော့မယ်၊ သမီးကို မေတ္တာရှိတဲ့အကြောင်းကိုတောင် သူ့အမေကတစ်ဆင့် မေမေ့ကို ပြောပြနိုင်းတယ် ...

ကဲ ... ဘယ်လောက် မိကောင်းဖခင်သားသမီးပီသလဲ။ ဒီခေတ်ထဲမှာ ဒါမျိုး အင်မတန်ရှားသွားပြီ"





ရှားမှာပေါ့။ သူ့ကို စိတ်မဝင်စားမှန်း သိနေတာကိုး။ ရွှေးသည် စိတ်ထဲမှ နာခေါင်းရှုံ့ ပြောလိုက်သလို အပြင်မှာတော့ ဘာမှပြန်မပြောသာချေ။ မေမေ မသက်မသာမည့် အပြုအမူ အပြောအဆိုမျိုးကို တတ်နိုင်သလောက် ရှောင်ကြဉ်ရမည်ဟူသော အသိကို ဦးနှောက်က အချက်ပြထားသည်။

"မေမေက ပေးစားမယ်လို့ သွားပြောလိုက်ပြီလား"

ဒီတစ်ခွန်းတော့ မနေနိုင်အောင် ထွက်သွားလျှင် မေမေက ရွှေးရဲ့မျက်နှာကို အကဲခတ်သလိုကြည့်သည်။ တကယ် သိချင်ရုံသာရှိသော အရိုးခံမျက်ဝန်းများကိုမြင်မှ သက်ပြင်းတစ်ချက်ချရင်း ...

"အဲဒီလိုတော့ မပြောသေးဘူးပေါ့။ ဒါပေမဲ့ ရည်ရွယ်ထားတာတော့ သူပဲ။ ဘယ်ဘက်ကမှ ပြောစရာမရှိဘူး ...

အဲဒီတော့ ရွှေး ရည်းစားထားဖို့ လုံးဝစိတ်မကူးပါနဲ့။ ပြီးမှ မေမေ့အဆိုး မဆိုနဲ့နော်။ ချက်ချင်း ယောက်ျားပေးစားပစ်မယ်"

မေမေ့အပြောကို ရွှေးက မျက်လုံးလေးပြူး ဇော်ကလေးပုရှဲ့သာ တုံ့ပြန်လိုက်သည်။ ပြီးလျှင် ကိုယ့်အခန်းထဲကိုယ် အသာတက်လာလျက် သူပို့ထားသော ဖုန်းမက်ဆေ့ချ်လေးကို ပြန်ဖွင့်ကြည့်ကာ ရင်တွေ တဒိုင်းဒိုင်းပဲ ထပ်ခုန်လာရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရေးထားတာ ဘာမှ အဆန်းတကြယ် မဟုတ်ပါ။

I love you. Don't worry ! ဟူ၍သာပဲ ဖြစ်သည်။ သို့သော် အဲဒါကိုက ပြီးပြည့်စုံမှု တစ်ခုဆီ ရွှေကို ခေါ်ဆောင်လို့ သွားခဲ့တာဖြစ်သည်။ ရွှေအတွက်နှင့် သူ အချုပ်ကျရတာ စိတ်မကောင်းသော်လည်း ကြီးကြီးမားမား ဘာမှမဖြစ်၍ တစ်မျိုး စိတ်အေးရသည်။ သူ လွတ်ရောလွတ်ပြီလား။ ဖေဖေကတော့ ကျေအေးပေးခဲ့တယ်ဆိုပဲ။ ရွှေဟာ သူ့ထံသို့ ဖုန်းဆက်ရကောင်းနိုးနိုး စဉ်းစားတုန်းမှာပင် ဖုန်းမြည်သံက အလန့်တကြား ထွက်ပေါ်လို့လာသည်။

ကွယ် ... ကြည့်စမ်း။ ရွှေဟာ သူ့ထံသို့ ဖုန်းဆက်ဖို့ စဉ်းစားနေတုန်းမှာပဲ သူ့ထံက ဖုန်းဝင်လာသတဲ့။

"ဟယ်လို"

"မောနင်း ရွှေ၊ ကိုယ်ပါ"

သူ့အသံက ဘာမှမဖြစ်ခဲ့သလို အေးဆေးပဲမို့ ရွှေဟာ နည်းနည်းတော့ စိတ်သက်သာရာ ရသွားသည်။

"အင်း ... ဘယ်လိုလဲ၊ ဟို ... အိမ်ကဆွက်နေတာလား"

"ဒါပေါ့၊ ဟိုက ဆက်လို့မှ မရတာ"

"ဒါနဲ့ ညက ဘယ်လိုဖြစ်ရတာလဲ။ ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲဟယ်၊ အဲဒီလို ရန်ဖြစ်တာတွေ ရွှေ မကြိုက်ပါဘူး"





"ကိုယ်လည်း ရန်မဖြစ်ချင်ပါဘူး၊ ဒါပေမဲ့ အခြေအနေအရ ဖြစ်သွားရတာပါကွာ၊ ရွှေကို ထိရင် ကိုယ်မှမခံနိုင်တာ။ ကဲပါ ... အဲဒါတွေ ပြောမနေပါနဲ့၊ ညက မက်ဆေ့ချ်ရတယ် မဟုတ်လား"

သူက အဲဒီလို စ,လာလျှင် ရွှေမှာ ဘာပြန်ဖြေရမှန်း မသိချေ။ အသံကြားတာနှင့်ကို ရှက်လျက် နှုတ်ခမ်းကို ကိုက်ထားမိသည်။

"ဟိတ် ... ဖြေလေကွာ၊ မရဘူးလား"

"ရပါတယ်၊ ဘယ်လိုဖြစ်နေလဲ"

"ရတယ် ... အင်း ... အဲဒါဆို အဖြေပေးလေ ရွှေရဲ့"

"ဟယ် ... ဘာလို့ပေးရမှာလဲ"

"ချစ်လို့ ပေးရမှာလေ။ ရွှေ ... မင်းကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိတယ်နော်။ ကိုယ့်ဘဝမှာ ဘယ်မိန်းမကိုမှ ချစ်ဖို့နေနေသာသာ ဂရုစိုက်ခဲ့တာ မဟုတ်ဘူး ...

မင်းကို ကိုယ့်ဘဝနဲ့ထပ်တူ ချစ်တယ် ရွှေ။ အဲဒါ ယုံထား"

အဲဒီအပြောသည် ရွှေရဲ့နှလုံးသားတစ်ခုလုံးကို အခုချက်ချင်းပင် ပြိုလဲချင်စိတ် ပေါက်သွားစေသည်။ သူ ချစ်တာကို ရွှေ ခံစား၍ရသည်။ ပြီးတော့ ရဲရင့်တဲ့ သူ့အကြောင်းနာတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေး ခိုလှုံချင်သည်။ ရွှေးကိုလည်း ချစ်တတ်လာအောင် သူကပဲ ဆွဲဆောင်ပါသည်။

"ရွှေး ... မင်းက ဘာတွေကို စဉ်းစားရွေးချယ်ဦးမှာလဲ ဟင်။ တခြားမိန်းကလေးတွေလို မိဘအသိုင်းအဝန်း၊ ပညာ၊ ရာထူး၊ နာမည်ကောင်းဂုဏ်လက်မှတ်၊ အဲဒါ ... အဲဒါတွေ ပါမှလား၊ ဟုတ်လား"

အဲဒီအပြောကိုတော့ ရွှေးက အထိတ်တလန့်ပဲ ငြင်းဆန်မိလေသည်။

"အို ... မဟုတ်တာ၊ ရွှေးက အဲဒါတွေ ပြောမိလို့လား"

"ပြောတော့ မပြောဘူးပေါ့။ ဒါပေမဲ့ စိတ်ထဲမှာတော့ တွေးချင်တွေးနေနိုင်တယ်လေ"

"မတွေးပါဘူး၊ အဲ ..."

ရွှေးက ပြောပြီးမှ မှားမှန်း၊ စကားကျွံသွားမှန်း သိသွားလျှင် အဲခနဲဖြစ်လို့သွားသည်။

သူက ဒါကို သဘောကျသည့်အလား တဟားဟား အော်ရယ်လေကာ ...

"ဟား ဟား ဟား ... အင်း ... ချစ်ဖို့ကောင်းလိုက်တဲ့ ရွှေးရယ်၊ မင်းက တကယ့်ကို ဖြူစင်တဲ့ ပန်းလေးတစ်ပွင့် လိုပါပဲကွာ ..."





အဲဒီ ဖြူစင်ရိုးသားမှုလေးတွေကို မင်းဆီမှာ ကိုယ် အမြဲတမ်း တွေ့ပါရစေ ... နော်၊ အဲဒီ တစ်ခုကိုတော့ တကယ့်ကိုပဲ request လုပ်ပါတယ် ...

အဲဒီအရာလေးကို ကိုယ် မြတ်နိုးတန်ဖိုးထားရလွန်း လို့ပါ"

ရွှေးက ကျေနပ်ပီတိဖြစ်စွာနှင့် ငြိမ်သက်နေလျှင် သူကပဲ စကားဆက်ပြောပြန်သည်။ သူဟာလည်း ရွှေး နှလုံးသား ကို လှမ်းမြင်နေရတယ်နဲ့ တူပါရဲ့။

"မင်း တစ်ခုကိုတော့ အမြဲယုံကြည်စိတ်ချစေချင်တယ် ရွှေး။ အဲဒါက ဘာလဲဆိုတော့ မင်းအပေါ်မှာ ကိုယ်အမြဲ တမ်း မြတ်နိုးတန်ဖိုးထားတယ် ဆိုတာပဲ ...

မင်းဟာ ကိုယ့်အတွက် ပန်းတစ်ပွင့်ဆိုရင် ကိုယ် ဟာ အဲဒီပန်းလေးရဲ့ ရာသီဥတုတစ်ခု ဖြစ်ချင်တယ်၊ ဖြစ် အောင်လည်း ကြိုးစားမယ်၊ ရာသီဥတုတစ်ခု သင့်တင့်မျှတ ကောင်းမွန်မှ ပန်းတစ်ပွင့်ဟာ အမြဲလှပလန်းဆန်းနိုင်မယ် ...

ကိုယ်က တခြားသူတွေအတွက် မုန်တိုင်းငယ်တစ်ခု၊ လေနီကြမ်းတစ်ခု ဖြစ်ချင်ဖြစ်မယ်။ မင်းအတွက်တော့ အမြဲတမ်း သာယာနေတဲ့ လေညင်းတိုက်နေတဲ့ ရာသီဥတု တစ်ခုပဲ ဖြစ်လိမ့်မယ် ရွှေး ...



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက်ပဲ ဖန်တီးထားတဲ့ မှုပိုင်ရာသီဥတုပါ"

သူ့အပြောတွင် ရွှေးဟာ တကယ်ပဲ ကျဆုံးလို့သွားခဲ့ပါသည်။ ရှင့်အတွက်လည်း ကျွန်မဟာ မှုပိုင်ပန်းလေးတစ်ပွင့်ပါ ထန်။

"မင်းဆီက အဖြေကို ကိုယ် ဇွတ်မတောင်းပါဘူး ရွှေး။ တကယ်တော့ မိန်းကလေးတစ်ယောက်ရဲ့ စဉ်းစားပါ့မယ် ဆိုတဲ့ စကားကို ကိုယ် သိပ်သဘောမကျဘူး။ သဘာဝမကျဘူးလို့ ထင်တယ် ...

အချစ်ဆိုတာ အဲဒီလို စဉ်းစားပြီးမှ ပေးလို့ရလား၊ လူတစ်ယောက်ကို ချစ်ဖို့ မချစ်ဖို့ စဉ်းစားတယ် ဆိုကတည်းက တစ်ခုခုပေါ့နော် ... ဘာခေါ်မလဲ၊ ရှေးနည်းကြီးပဲခေါ်မလား ...

အင်း ... သိပ်မပြောတတ်တော့ပါဘူး။ ဒီတော့ ရွှေးလည်း ကိုယ့်ကို စဉ်းစားတယ်ဆိုတဲ့ စကားကို မသုံးစေချင်ဘူး၊ အခုချိန်ကစပြီး ရွှေး စိတ်ထဲမှာ ကိုယ့်ကိုထည့်ထားလိုက်၊ ချစ်လာပြီဆိုတဲ့ တစ်နေ့မှာ ... (ကျစ်) ဟုတ်ပြီလား"

ရွှေးအတွက်တော့ သူ့စကားတွေကို နားထောင်ကောင်းကောင်းနှင့် နားထောင်ရုံမှအပ ဘာမှပြန်မပြောနိုင်ပေ။





"မင်း ကိုယ့်ကို ကော်ဖီတိုက်ဖို့ အကြွေးကျန်နေသေးတယ်နော် ရွှေး၊ အဲဒါ ဒီနေ့ တိုက်နိုင်မလား ...

နေ့လယ်ခင်းလောက်လေ"

ရွှေး တစ်ချက်တော့ တွေဝေသွားသည်။ သို့သော် ရွှေး ကိုယ်တိုင်ကလည်း သူ့ကို တွေ့ချင်နေပါပြီ ဆိုမှတော့။ ဟင့်အင်းကွယ် ... ရွှေးလည်း နှလုံးသားကို ဒီ့ထက်ထိန်းချုပ်မထားချင်တော့ပါဘူး။

"ဘယ်မှာ သောက်မှာလဲ"

"Mr. Guitar ဆို အဆင်ပြေမလား"

"အင်း... ပြေပါတယ်။ ရွှေး လာခဲ့မယ်၊ နှစ်နာရီလောက်ပေါ့"

"ဟုတ်ပြီ၊ ကိုယ် ဆက်ဆက်စောင့်နေမယ်၊ ဒါဆိုရင် ကိုယ်ဖုန်းပိတ်တော့မယ်နော် ...

တစ်ခုတော့ မှတ်ထားနော် ရွှေး။ မင်းကို ကိုယ်ချစ်တယ်။ အဲဒီအသိကို မင်းနှလုံးသားထဲ အမြဲထည့်ပြီးသွားလေရာကို သယ်သွား၊ ဟုတ်ပြီလား ... ဘိုင့်ဘိုင်"

သူက ပြောချင်တာ ပြောပြီးနောက် နှုတ်ဆက်ကာ ဖုန်းဝိတ်လို့ သွားလေသည်။ အဲဒီနောက် ရွှေးဟာ သူ့အကြောင်း စဉ်းစားရင်းနဲ့ပဲ အချိန်တွေ ကုန်လွန်ခဲ့တာဖြစ်၏။ ဒီလိုနှင့် နှစ်နာရီအတိတွင် ရွှေး ခြေလှမ်းများက Mr. Guitar ရှေ့တွင် ခြေကို ရပ်မိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ရွှေးကို ဆိုင်ရှေ့မှာတင်ပဲ စောင့်ကြိုနေခဲ့တာ ဖြစ်ပါသည်။ အဲဒီနောက် ရွှေးတို့နှစ်ယောက်ဟာ ကော်ဖီသောက်ရင်း စကားပြောကြသည်။ အချစ်အကြောင်းတွေတော့ မဟုတ်ကြ။ ပြီးတော့ သူက ရွှေးရဲ့ဖုန်းကို (သူခေါ်လိုက်မှမြည်သောဖုန်းမြည်သံ၊ သူ့ call )သီးသန့်အတွက် အသံပြောင်းပေးသည်။ ပြောင်းပေးတဲ့ သီချင်းကိုလည်း ကြည့်ဦး။

"နှလုံးသားကို အေးမြသွားမယ် ရေခဲရေ xxx အသည်းထဲအထိ လန်းဆန်းသွားမယ် ရေခဲရေ xxx ဂဲရေ xxx ဂဲရေ xxx ဂဲရေ"

ဟူသော သီချင်းဖြစ်လေသည်။

"ဟင် ... ဒီသီချင်းကြီးကိုမှ ဘာလို့ ထည့်ပေးရတာလဲ"

"မကြိုက်ဘူးလား"

"ကြိုက်တော့ ကြိုက်ပါတယ်၊ ဒါပေမဲ့ ..."

ရွှေးက ဆက်လည်း မပြောတတ်တော့ချေ။ ကိုယ့်ကိုချစ်ခွင့်ပန်ထားသော ယောကျ်ားလေးတစ်ယောက်ထံမှ ဖုန်းခေါ်တိုင်း ထွက်ပေါ်လာမည့် သီချင်းသံက ရေခဲရေသီချင်းတဲ့လား။ ရွှေး မျှော်လင့်ထားတာ ကဗျာဆန်ဆန် သီချင်းမျိုးဖြစ်သည်။ သူကလည်း ဒါကို တွေးမိဟန်ဖြင့် ...





"ရွှေး အတွက် ကိုယ်က အမြဲအေးမြနေမယ့် ရေခဲရေလိုပါ ရွှေးရဲ့၊ အဓိပ္ပာယ်နဲ့ ထည့်ပေးတာ။ အဲဒါ အနှစ်တွေ"

သူပြောတော့လည်း ရွှေးမှာ ရွှံ့ရွှံ့မဲ့မဲ့နှင့်သာ လက်ခံရလေသည်။ သူက အဲဒီလိုတွေလည်း ထွင်တတ်သောသူတစ်ဦးဖြစ်သည်။ ပြီးလျှင် ပေါက်ပေါက်ရှာရှာ မေးခွန်းတွေလည်း မေးတတ်သေးသည်။ သူနဲ့ နေလို့ကတော့ ရွှေး ဘယ်တော့မှ ပျင်းရမည် မထင်ပါ။

"ရွှေးကို ကိုယ် မေးခွန်းတစ်ခုမေးမယ်။ ဖြေနိုင်ရင် ကိုယ်က ရွှေးကြိုက်တာ ဝယ်ပေးမယ်။ မဖြေနိုင်ရင်တော့ ရွှေးက ကိုယ်ကြိုက်တဲ့ပစ္စည်းတစ်ခု ပြန်ဝယ်ပေးရလိမ့်မယ်"

ရွှေးက ဆရာကြီး လုပ်တတ်လွန်းသော သူ့ကို မခံချင်စွာဖြင့်သာ မေးလေဟု ပြောလိုက်ရသော်လည်း စိတ်ထဲကတော့ သူ ဘာများမေးလေမလဲဟု တထိတ်ထိတ် ဖြစ်ရသည်။

"အိုကေ ... စပြီနော်။ ပွဲတစ်ပွဲ ကျင်းပနေတယ်ပေါ့ကွာ။ ရှေ့ကလူက တံတွေးတွေ ထွေးထွေးသွားတယ်၊ နောက်က လူတွေက အဲဒီတံတွေးတွေထဲ မျက်နှာအပ်ပြီး ခုန်တဲ့လူက ခုန်၊ လူးတဲ့လူကလူးပေါ့၊ ပတ်ချာယမ်းနေကြတာ၊ အဲဒါ ဘာပွဲလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... တံတွေးတွေ ဟုတ်လား။ အဲဒီထဲ လူးကြတယ်။ အာ ... ဒါ စိတ်ကူးယဉ် မေးခွန်းကြီးပဲ၊ ရွှေး မဖြေနိုင်ဘူး ...

အပြင်မှာ တကယ်ရှိတဲ့ဟာပဲ ဖြေမယ်။ ဥပမာ ... အိန္ဒိယနိုင်ငံရဲ့ အမျိုးသမီးဝန်ကြီးချုပ်အသစ်ရဲ့ နာမည်တို့၊ ပုပ္ပားတောင်ရဲ့ အမြင့်ပေတို့ ဒါမျိုးတွေမေး"

"ထွတ် ... ဒါ အလုပ်ခေါ်စာ ဗဟုသုတ မေးနေတာ မဟုတ်ဘူး အမိ။ တကယ် ပြောတာ၊ အဲဒါ တကယ်ရှိပါတယ်ဆိုကွာ၊ စိတ်ကူးယဉ် မဟုတ်ဘူး သေချာစဉ်းစား။ ကမ္ဘာမှာ အရမ်းကြီးကျယ်တဲ့ပွဲ။ လူတိုင်း စိတ်ဝင်စားကြတဲ့ပွဲ။ တံတွေးလူးပွဲ ... ဟဲ ဟဲ"

သူပြောမှပင် ရွှေးမှာ အော်ဂလီတောင် ဆန်ချင်လာရလေသည်။ သူ့ကြည့်ရတာ အပြောင်အပြက်ပုံစံလည်း မဟုတ်တာမို့ ရွှေးဟာ ထိုကမ္ဘာကျော်တံတွေးလူးပွဲအကြောင်းကို အံပြင်းအထန် စဉ်းစားသော်လည်း အဖြေက ထွက်မလာချေ။ ရွှေးကပဲ ကမ္ဘာကြီးနှင့် အဆက်ပြတ်နေသလား၊ သူကပဲ အင်တာနက်မွှေနှိုင်လွန်းလို့လားတော့လည်း မသိရပါ။

နောက်ဆုံးတွင် ရွှေးက ပန်းပေးလိုက်ရတော့သည်။





"မသိဘူး။ ကဲ ... ပြောတော့။ ပေါက်ကရတွေတော့လျှောက်မပြောနဲ့နော်။ ကမ္ဘာကျော်ပွဲ မဟုတ်လို့ကတော့ အသိပဲ"

"ဟား ဟား ... ဟုတ်ပါပြီ။ ပန်းပေးပြီပေါ့၊ ဟုတ်လား။ ကိုယ်ပြောတဲ့ပွဲက ပရီးမီးယားလိဂ်ဘောလုံးပွဲတွေပေါ့ ရွှေးရဲ့။ ဒီလောက် မောဖမှာပန်းပန်းနဲ့ပြေး၊ ရေတွေသောက်၊ တံတွေးတွေထွေး၊ အဲဒီထဲကို ပစ်လဲကျ၊ ခုန်ဖမ်းကြ၊ လူးကြ လိမ့်ကြ၊ မဟုတ်ဘူးလား ...

ကမ္ဘာကျော် တံတွေးလူးပွဲကြီးပေါ့"

သူပြောတော့မှပင် ရွှေးဟာ ဟုတ်လိုက်လေရဲ့ဆိုတာ ဟက်ဟက်ပက်ပက်ပင် ရယ်မောမိတော့သည်။ အိမ်မှာသာဆိုလျှင် ခွက်ထိုးခွက်လန်တောင် ရယ်မိမှာ သေချာပါသည်။ သူဟာ ရွှေး ထင်ထားတာထက်တောင် ပေါက်ပေါက်ရှာရှာတွေ ပြောနိုင်သူ ဖြစ်သည်။ သူက ရွှေး ရယ်မောနေပုံကို သူ့ဖုန်းဖြင့် ဖျတ်ခနဲ ဓာတ်ပုံရိုက်ယူလျှင် ...

"ဟိတ် ... အဲဒါ ဘာလုပ်တာလဲ"

"ပလိစ် ... အရမ်းသဘာဝကျလို့ပါကွာ။ ကိုယ်က မင်းရယ်နေတာကို အမြဲကြည့်ချင်တဲ့ကောင်လေ၊ ကိုယ့်မှာ တစ်နေကုန် ထိုင်ကြည့်ဖို့ အခွင့်အရေးက မရတော့ ဒီပုံလေးနဲ့ပဲ အလွမ်းဖြေရမှာပေါ့၊ ဟုတ်ဖူးလား ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ရွှေ၊ အပြန်ကျရင် ကိုယ့်ကို City mart မှာ သွားပွတ်တံတစ်ချောင်း ဝင်ဝယ်ပေး။ ရှိုးတဲ့အနေနဲ့ ဟုတ်ပြီလား"

"သွားပွတ်တံ ... အေး ပေးတာပေါ့"

ရွှေသည် သူ့ရဲ့ ထူးထူးဆန်းဆန်း အပြောတွေ၊ အပြုအမူတွေအောက်မှာ အတော်ကြီး မွေ့လျော်လျက် ရှိသည်ဆိုတာကိုတော့ တိတ်တဆိတ် ဝန်ခံရပေမည်။ ရွှေတို့သည် Mr. Guitar က ပြန်ထွက်လာလျှင် လမ်းသင့်သော City mart ဆိုင်တစ်ဆိုင်မှာ သွားပွတ်တံ ဝင်ဝယ်ကြသည်။

ရွှေ ဝယ်ပေးသော သွားပွတ်တံလေးကို သူက သဘောတကျဖြင့် လက်က တကိုင်ကိုင်နှင့်မို့ ရွှေမှာ ပြုံးရသေးသည်။ City mart ထဲရောက်တော့ ဟိုဟိုဒီဒီ လျှောက်ကြည့်ချင်သည့် ထုံးစံအတိုင်း လျှောက်ကြည့်ကာ ရွှေက မေမေကြိုက်တတ်သော ဩစတေးလျစပျစ်သီးကြီးတွေ ဝယ်သည်။ ထို့နောက် Casher မှာ ငွေရှင်းဖို့ တန်းစီကြလျှင် ...

"ဟဲ့ ... ရွှေ"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် မေမေ့မိတ်ဆွေ အန်တီမေစီကြီးကို စိတ်ပျက်ဖွယ်ကောင်းစွာ တွေ့မြင်လိုက်ရတာဖြစ်သည်။ ထိုအန်တီမေစီကြီးမှာ စကားအင်မတန်များလျက်





အတင်းကလည်း အတော်တုတ်တတ်သော မိန်းမကြီးဖြစ်သည်။ ရွှေတို့ကိုလည်း စောစောတည်းက မြင်ထားဟန်ရှိလေသည်။

"ဩော် ... အန်တီမေစီ၊ ဈေးလာဝယ်တာလား"

"အေး ... ဟုတ်တယ်။ တစ်ယောက်တည်းလား ရွှေ"

ဘွားတော်ကား သိရက်သားနဲ့ အတည်ပြုချက်လိုချင်နေတာကြောင့် ရွှေဟာ စိတ်တိုတိုနှင့် တမင်ပင် သူ့ကို မေးဆတ်ပြလိုက်ကာ ...

"သူငယ်ချင်း ပါ,ပါတယ်"

"ဩော် ... မိုးသက်ထန်နဲ့ ရွှေနဲ့က သူငယ်ချင်းတွေကိုး၊ ဟင်း ဟင်း ... သမီးအမေရော နေကောင်းရဲ့လား၊ မတွေ့တာတောင် နည်းနည်းကြာနေပြီ။ သတိရတယ် မေးတယ်လို့ ပြောပေးဦးနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အန်တီမေစီ ထွက်သွားလျှင် ရွှေက သူ့ကိုအလန့်တကြားဖြင့် မော့ကြည့်မိသည်။ သူက သိနှင့်နေသော မျက်လုံးများဖြင့် ...

"ကိုယ့်ရဲ့ဘေးအခန်းကလေ၊ သိပ်စပ်စုတဲ့ မိန်းမကြီးပေါ့"

"ဟုတ်လား ... သူက မေမေ့မိတ်ဆွေ"



www.burmeseclassic.com

www.burmeseclassic.com



"မေ့ထားလိုက်ပါ ရွှေးရယ်၊ ဖြစ်မလာသေးတဲ့အရာကို တွေးကြောက်နေတာ နှစ်ခါရှုံးပါတယ်၊ ရှေ့ဆက်ရင်ဆိုင်စရာတွေ အများကြီး ရှိသေးတယ်"

သူက ပြောပြောဆိုဆိုနှင့်ပင် ရွှေး လက်ထဲက ပစ္စည်းထုပ်တွေကို လွှဲပြောင်းဆွဲယူလိုက်သေးသည်။ အဲဒီအပြောနှင့် အပြုအမူဟာ ဘာမှမကြီးကျယ်၊ ရိုးရိုးလေးမျှသာ ဖြစ်သော်လည်း သူဟာ ရွှေးရဲ့နံဘေးမှာ မားမားမတ်မတ် ရပ်တည်ပေးမယ့်သူ ဆိုတာ အလိုလိုကို ခံစားယုံကြည်လို့ သွားခဲ့တော့တာဖြစ်၏။

❋ ❦ ❋

စာနယ်ဇင်း၊ အကြံပြုစာ၊ စိတ်ဝင်စားစရာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၄

၁

ဒီလိုနှင့် နားလည်မှုတွေဖြင့် တည်ဆောက်ထားသော ရွှေးတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ တဖြည်းဖြည်းနှင့် ပို၍နီးကပ်နွေးထွေးလို့ လာခဲ့တာဖြစ်သည်။ သူဟာ ပြောထားတဲ့အတိုင်း ရွှေးကို အဖြေထပ်မတောင်းသလို ရွှေးကလည်း ရှက်နေသဖြင့် အဖြေမပေးရဲသေးချေ။ သူ ပြောသလိုကြီးက ရွှေးအတွက်တော့ မဝံ့မရဲ ဖြစ်ရတဲ့ ကိစ္စကြီးပင်။

အခုနေများမှာ သူက ရွှေးကို ချစ်လားဟု မေးခဲ့လျှင် အင်းဟု ပြန်ဖြေဖို့ကတော့ ရွှေး သတ္တိရှိနေခဲ့ပြီ။ ဒါပေမဲ့ သူကလည်း မမေးပါ။ အဲဒီလိုဖြင့် ရွှေးတို့ရဲ့ ဒုတိယနှစ်စာမေးပွဲတွေ ဖြေတဲ့အချိန်တောင် ရောက်လို့လာခဲ့သည်။ စာမေးပွဲနောက်ဆုံးနေ့မှာ စတော့ချ်ရှိုးကြည့်ကြဖို့လည်း စီစဉ်ထားပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲဒီညနေမှာပဲ ရွှေ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့ရတာ ဖြစ်ပါသည်။

အပြင်သွားဖို့ အင်္ကျီရွေးနေသော ရွှေကို မေမေက မျက်နှာထားမာမာဖြင့် ...

"ရွှေ အင်္ကျီရွေးမနေနဲ့တော့၊ ဘယ်မှလဲ သွားဖို့စိတ်မကူးနဲ့တော့"

"ရှင် ... ဘာဖြစ်လို့လဲ၊ မေမေ့ကို ရွှေ ပြောထားပြီးပြီလေ"

မေမေက ရွှေမျက်နှာကို မဲပြုံးတစ်ချက်ဖြင့် စိုက်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"ရွှေ ... ရွှေ ... နင့်ကိုယ်နင် သိပ်လည်လုပ်ပြီများ ထင်နေလားဟင်၊ နင့်ကို ငါ သေအောင်သတ်ချင်နေတဲ့စိတ်ကို ထိန်းထားရတာ ဘယ်လောက်ဒုက္ခရောက်နေရတယ် ထင်လဲ ...

ငါ့သမီးလေး ရိုးလှ အေးလှနဲ့ ကြိုက်မယ့်ကြိုက်တော့ တကယ့် ရာဇဝင်လူဆိုးကောင်နဲ့မှ ... ဟင်း ... နင်တော်တော်ရွေးတတ်နေတယ်ပေါ့၊ ဟုတ်လား"

ရွှေသည် မေမေ ဘာကိုဆိုလိုမှန်း သိလျှင် ခေါင်းနပန်းတွေ ကြီးသွားရသည်။ ချက်ချင်းပင် ထူပူသွားလျက် ဖြေရှင်းချက်စကားတွေကို အစီအစဉ်မကျစွာ စီကာ ...





"ဟို ... မေမေ ဘာပြောတာလဲ၊ မှားနေပြီနဲ့တူတယ်"

"ငါ နားရင်းပိတ်တီးလိုက်လို့ သေသွားမယ်၊ အခုမှ မသိနိုးနားမျက်နှာနဲ့ ငါ့ကို အချဉ်ဖမ်းဖို့ ကြိုးစားမနေနဲ့။ နင်နဲ့ မိုးသက်ထန် ဆိုတဲ့ကောင်နဲ့ ရည်းစားဖြစ်နေတာ ငါ မသိဘူးများ ထင်နေလား မိရွှေရဲ့၊ ဟင် ...

ငါ့မျက်စိနဲ့လည်း တပ်အပ်မြင်ပြီးပြီ။ မမေစီ ကိုယ်တိုင်လည်း လာသတိပေးသွားတယ်။ မိမရှိ ဘမရှိ တစ်ယောက်တည်းနေတဲ့ကောင်တဲ့၊ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ကောင်တဲ့။ စကားပြောတာက ထောင့်မကျိုး၊ လူကြီးမှန်းမသိ လူငယ်မှန်းမသိ ရိုင်းကလည်း ရိုင်းသေး၊ ဆိုးလိုက်တာကလည်း တာတေလန် ရန်ပွဲတွေက တခြိမ်းခြိမ်း ...

ဟင်း ... ဟင်း ... နင်တော့နော်၊ ငါ စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် သေတော့မယ်"

မေမေက ပြောလည်းပြော၊ ရွှေနဖူးကိုလည်း ခေါက်တွန်း တွန်းလိုက်သေးသည်။

ရွှေသည် နာကျင်သွားသော နဖူးကို ရှုံ့မဲ့ပွတ်သပ်ရင်းမှ ...

"အား ... မ ... မဟုတ်ပါဘူး မေမေရဲ့၊ သူနဲ့ ရွှေနဲ့က



www.burmeseclassic.com

www.burmeseclassic.com



"တော် ... တော်။ ဆက်မပြောနဲ့တော့ မိချွေး။ ဘာသံမှကို မကြားချင်တာ။ ဘာမှ ငြင်းဖို့လဲ မကြိုးစားနဲ့။ ညည်း အကောင်အကြောင်း လျှောက်လဲဖို့လည်း မစဉ်းစားနဲ့ ...

သူများအပြော မဟုတ်ဘူး။ ငါ့မျက်စိရှေ့မှာတင် အချုပ်ခန်းထဲ ဝင်ထားရတာ။ ညည်းခြေလှမ်းတွေကို ကျောင်းမပိတ်သေးတာမို့ အသာစောင့်ကြည့်နေတာ။ အ, တယ်များ ထင်မနေနဲ့။ ဒီနေ့ကစပြီး ညည်း ဘယ်မှထွက်ဖို့ စိတ်လည်းမကူးနဲ့တော့ ...

ညည်းကို လေပြေနဲ့ နေစပ်ပေးဖို့စီစဉ်နေပြီ။ ညည်း ကျောင်းပြီးတာနဲ့ ပေးစားမယ်။ အဲဒါ မြဲမြဲမှတ်ထားတော့"

မေမေ့စကားက ချွေးရဲ့ခေါင်းကို မိုးကြိုးပစ်ချလိုက်သလို ရှိလေသည်။ အဲဒီချိန်မှာ မိုးကြိုးအသံကို ခွင်းထွက်လာသော ငြိမ်းချမ်းရဲ့အသံက စည်းချက်ကျကျနှင့် မြူးကြွစွာ ထွက်ပေါ်လို့ လာသည်။

"နှလုံးသားကို အေးမြသွားမယ် ရေခဲရေ xxx အသည်း ထဲအထိ အေးမြသွားမယ် ရေခဲရေ xxx သောက်မလား ကို့ xxx သောက်မလား ကို့ xxx ဂဲရေ xxx ဂဲရေ xxx ဂဲရေ"





မေမေက ရုတ်တရက် ကြောင်သွားကာ အသံလာရာသို့ ဝေ့ဝဲရှာဖွေသည်။ ချွေးသည် လက်ရှိအဖြစ်အပျက်ကို မေ့လျော့လျက် ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ သူဟာ ကျဉ်းထဲကျပ်ထဲမှာတောင် ချွေးကို ရယ်နိုင်အောင် စွမ်းနိုင်သူဖြစ်သည်။

ချွေးက ဖုန်းမဖွင့်သဖြင့် ငြိမ်းချမ်းကား ရေခဲရေ သောက်မလားဟု မြိုင်မြိုင်ကြီး အော်မေးနေဆဲ။ နောက်ဆုံးတွင် မေမေ သဘောပေါက်သွားဟန်ဖြင့် ခေါင်းအုံးနံဘေးမှ ချွေးရဲ့ဖုန်းလေးကို ဆတ်ခနဲ ကောက်ယူလျက် ဖွင့်နားထောင်လိုက်လျှင် ချွေးမှာ မျက်လုံးပြူးသွားရသည်။

တစ်ဖက်က ဘာပြောလိုက်သလဲတော့ မသိ။ မေမေ သည် ဒေါသထွက်သော မျက်လုံးများဖြင့် ...

"ဟော့ ... ဒီမှာ။ အခုပြောနေတာ မြချွေးမုံရဲ့ အမေပဲ။ မင်း မြဲမြဲမှတ်ထားဖို့က မင်းနဲ့ ငါ့သမီးကို လုံးဝသဘောမတူဘူးဆိုတာပဲ။ ရှေ့ဆက် ပတ်သက်စရာလည်း မလိုဘူး။ နားလည်လား ...

မင်း ကိုယ့်အခြေ ကိုယ်သိ။ နောက်ထပ် လုံးဝဆက်သွယ်စရာလည်း မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောပြီးလျှင် မေမေက ဖုန်းကို အပြီးပိတ်ချထားလိုက်လေသည်။

ထို့နောက် ဖုန်းကို ထောင်ပြကာ ရွှေးကို မှေးကျဉ်းသော မျက်လုံးများဖြင့်ကြည့်လျက် ...

"ဒီဖုန်းကိုလည်း ငါ သိမ်းထားလိုက်ပြီ ရွှေး၊ ဘာအကြံအစည်မှထုတ်ဖို့ မစဉ်းစားနဲ့တော့ ...

ဘယ်မှလဲ ထွက်ဖို့ မစဉ်းစားနဲ့တော့။ အိမ်ထဲက အိမ်ပြင်လည်း ထွက်စရာ အကြောင်းမရှိတော့ဘူး။ နင့်ကို ရှေ့လထဲမှာပဲ လေပြေနဲ့ စေ့စပ်ပေးတော့မှာ ...

လူဆိုးလူပေါ်ကြော တစ်ယောက်နဲ့ ဖြစ်နေတာထက်စာရင် ရိုးရိုးသားသား အေးအေးချမ်းချမ်းလူနဲ့ စောစောစီးစီး အိမ်ထောင်ကျရတာ ပိုကောင်းတယ်မှတ် ...

အဲဒါ နင်ဖန်တီးတဲ့ ဇာတ်လမ်းပဲ"

မေမေက ခပ်မာမာပဲ ပြောပြီးလျှင် လှည့်ထွက်သွားကာ အခန်းတံခါးကို အပြင်ကနေ လော့ခ်ချပိတ်လို့ သွားလေသည်။ ရွှေးသည် ပထမတော့ အူကြောင်ကြောင် လစ်ဟာဟာကြီး ဖြစ်နေလျက် တဖြည်းဖြည်းနှင့် ရင်ထဲတွင် ဝမ်းနည်းလိုက်မောလို့လာသည်။





သူ့ကို ခွဲရတော့မည် ဆိုကာမှ ဘယ်လောက် ချစ်နေမှန်း ပို၍နားလည်လာရ၍ဖြစ်သည်။ သူ့ကို ရွှေး အင်မတန်လိုအပ်လှသည်။ သူဟာ လူဆိုးတစ်ယောက် ဖြစ်ပစေဦး လူယုတ်မာတစ်ယောက် မဟုတ်။ ပြီးတော့ ရွှေးအပေါ်မှာလည်း အဆုံးမဲ့ချစ်နိုင်တဲ့သူ။ မြတ်နိုးတန်ဖိုးထားတဲ့သူ။

ထန်ရေ ... ရွှေးကို ကယ်တင်ပေးပါ။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေဦးပေါက်လာပြီ ဖြစ်သဖြင့် ကန်တော်ကြီးထဲက မြင်ကွင်းဟာ ခါတိုင်းလို အရမ်းကြီး စိမ်းလန်းစိုပြည်မနေချေ။ နွေလေပူတချို့က သယ်ဆောင်လာသော ရွက်ခြောက်ကြွေတချို့က ဦးတည်ချက်မဲ့စွာ လေနှင်ရာ မျောပါဆဲ။ သို့သော် သူ့ရင်ထဲမှာတော့ ဦးတည်ချက် မမဲ့ချေ။ ဦးတည်ချက်မဲ့သွားလျှင် ရွှေးကို သူ ဆုံးရှုံးသွားရမည် ဖြစ်သည်။

ရွှေးသည် သူ့ဘဝရဲ့ ပထမဆုံးနှင့် နောက်ဆုံး အလင်းရောင် ဖြစ်သည်။ ရွှေး ဆိုသော ချစ်သူကောင်မလေးကို သူ ဘယ်နည်းနဲ့မှ အဆုံးရှုံးခံလိမ့်မည် မဟုတ်ပါ။ သူက အကူအညီတောင်းထားသဖြင့် ဒီနေ့ သူတို့အုပ်စုနှင့် ရွှေးသူငယ်ချင်းနန္ဒာတို့ ကန်တော်ကြီးထဲရှိ ကန်ပတ်လမ်းတစ်နေရာတွင် ကားရပ်ပြီး စကားပြောနေကြခြင်း ဖြစ်သည်။





နန္ဒာက သူမ ကားတံခါးကိုမှီလျက် လက်ပိုက်ရပ်နေကာ အခြေအနေတွေကို အေးအေးဆေးဆေးပဲ ရှင်းပြနေလေသည်။

"အန်တီက ကျွန်မကို စကားအပြတ်ပြောတာ။ အန်တီက ကျွန်မကို ဟိုးအရင်တည်းက ရွှေးထက် ယုံကြည်တယ်။ အားကိုးတယ်လေ။ ကျွန်မက bright ဖြစ်တယ်ပေါ့လေ ...

အဲဒါ အခုချိန်ထိရော နောင်တစ်သက်လုံးထိရော ဆက်ယုံကြည်ချင်ပါတယ်ပေါ့။ အဲဒီ ယုံကြည်မှုတွေကို မဖျက်ဆီးပါနဲ့တဲ့ ...

အန်တီက ရှင်နဲ့ ရွှေးနဲ့ အကြောင်း သူ့ကိုအသိမပေးတာ ကျွန်မကိုပါ နာကစ်နေပုံရတယ်။ ဒါကလည်း ရှင်တို့က ဖြစ်မှမဖြစ်သေးတာ ကျွန်မ သိနေတာပဲလေ"

"ဖြစ်နေရင်ကော၊ ခင်ဗျားက သွားပြောမှာမို့လား"

မှူးခင်ရဲ့အမေးကို နန္ဒာက မျက်စောင်းတစ်ချက်နှင်သာတုံ့ပြန်သည်။ တကယ်တော့ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေအားလုံးက အသိအမှတ်ပြုပေးပြီးသား ဖြစ်သည်။ ဟိုကလေးမကသာ သိသလိုလို မသိသလိုလိုနှင့် ရောင်စိန်လုပ်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ကျွန်မ လာရင်တောင် ဘေးနားမှာ သူထိုင်နေတာ၊ ပြီးတော့ ပြောသေးတယ်၊ ခပ်ငေါ့ငေါ့နဲ့ ဟိုက သတင်းစကားလေး ဘာလေးပါးရင် ပြောပြလိုက်ပါဦး၊ အပျင်းပြေပေါ့တဲ့"

"ဟား … ဘွားတော်က မိုက်ကယ်လ်ပဲ"

ကောင်းညိုက ထ၍အော်သည်။ သူ့စကားကို နန္ဒာက ခေါင်းတစ်ချက်ညိတ်ကာ …

"ဟုတ်တယ်၊ အန်တီက အရမ်းထက်တယ်၊ အန်ကယ်လ်ကျော်က အေးဆေးပဲ၊ နားအေးတယ်။ အဲဒီအိမ်မှာ အန်တီက အခရာပဲ။ အခုလည်း လေပြေနဲ့ စေ့စပ်ဖို့ကို အန်တီကပဲ စီစဉ်နေတာ"

အဲဒီစကားရောက်လျှင် သူတို့ သူငယ်ချင်းတွေက တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိကြသည်။ သူသည် မေမေနှင့် ဆုံတွေ့စဉ်၊ သူ့အခန်းသို့ မေမေ လာခဲ့စဉ်က လေပြေနှင့်ကိစ္စကို မေးခဲ့သေးသည်။

မေမေကား အဟုတ်ကိုပဲ လေပြေနှင့် ရွေး၊ သူနှင့် ရွေး ပတ်သက်ပုံကို သိဟန်မတူပါ၊ ရှိစေတော့။ သူ့အမေးကို မေ့မေက ရိုးရိုးသားသားပဲ ဖြေခဲ့သည်။





"လေပြေတောင် မိန်းမရတော့မယ်ဆို။ မေမေ တောင်းပေးတာလား"

"သားက ဘယ်လိုလုပ် သိတာလဲ။ မိန်းမတော့ မရသေးပါဘူး။ မေမေ ရှာပေးတာတော့လည်း မဟုတ်ဘူး။ သူ့ဘာသာ ကြိုက်တာမို့၊ ဘေးခြံက ကလေးမလေးပါ။ ကောင်မလေး အမေကလည်း မီးစိမ်းပြတာနဲ့ လေပြေကလည်း ပူဆာတာနဲ့ စေ့စပ်ဖြစ်ကြတော့မယ်ပေါ့ …

ရက်တော့ မရွေးရသေးပါဘူး။ သားရော ရည်းစားတွေ ဘာတွေ ရှိနေပြီလား။ မိန်းမတောင်းပေးဖို့လိုရင် မေမေ့ကို ပြောနော် …

သားဘဝမှာ မေမေ ရှိသေးတယ်ဆိုတာ မမေ့ထားပါနဲ့ဦး သားရယ်"

သူက အဲဒီတစ်ခါတော့ မေမေ့စကားကို ငြိမ်သက်စွာဖြင့် နားထောင်နေခဲ့သည်။ မေမေ တောင်းပေးလို့ မရတော့ပါဘူး မေမေ။ ဒါပေမဲ့ မေမေ့ရဲ့သားဆိုတဲ့ အဖြစ်နဲ့ သား ဆက်ကြိုးစားသွားဦးမှာပါ။ သူက နန္ဒာ့ကို တစ်ချက်လှမ်းကြည့်ကာ …

"အဲဒီတော့ မင်းလည်း မကူညီနိုင်တော့ဘူးပေါ့"

"မကူညီနိုင်ဘူး ဆိုတာထက် ကူညီဖို့ အခွင့်အရေးကိုက မပေးတာလေ မိုးသက်ထန်ရဲ့။ ရှင်တို့ဘက်က တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်လို့ ကျွန်မ ကူညီလို့ရတဲ့ အတိုင်းအတာမျိုးဆို ကူညီပေးဖို့ အဆင်သင့်ပါ”

“အိုကေလေ ... ဒါဆို ကျွန်တော်တို့ နည်းနည်းစဉ်းစားလိုက်ဦးမယ်၊ လိုအပ်ရင် နန္ဒာ့ကို ဆက်သွယ်ပါ့မယ်”

“အိုကေ ... အိုကေ ... ကျွန်မ စောင့်နေမယ်၊ အဆင်ပြေပါစေ၊ ဒါဆို ကျွန်မ သွားတော့မယ်”

နန္ဒာက နှုတ်ဆက်ပြီး သူမ ကားပေါ်သို့ တက်မောင်းဖို့ပြင်သည်။ သူက ...

“ဩော် ... ခဏလေး။ ရွှေး နေတော့ကောင်းပါတယ်နော်”

နန္ဒာက လှစ်ခနဲပြုံးကာ ...

“ရှင့်ကို သတိရနေပါတယ်တဲ့။ အဲဒါကို ပြောဖို့မေ့နေတာ”

သူက အဲဒီစကားကို ဟက်ဟက်ပက်ပက် ပြုံးမိရင်း ရင်ထဲမှာလည်း အားသစ်တွေ မွေးဖွားလို့ လာရသည်။ မင်းဆီကို ကိုယ်လာခဲ့မယ် ရွှေး၊ ပျံသန်းဖို့ အဆင်သင့် ဖြစ်ပါစေ။

* * *





၁

ရွှေးသည် ခြံထဲမှာ တောင်လျှောက် မြောက်လျှောက် လျှောက်ရင်း စိတ်ရှုပ်နေမိသည်။ မေမေကတော့ ရွှေး ခြံထဲမှာ လမ်းလျှောက်နေတာကို ဝရန်တာက တစ်ချက်ရပ်ကြည့်လျက် အိမ်ထဲပြန်ဝင်သွားသည်။ ခြံတံခါးကို သော့ခတ်ထားကာ သော့က မေမေ့ဆီမှာမို့ မေမေက အေးအေးဆေးဆေးပဲ ဖြစ်သည်။

ရွှေးဟာ စိတ်ရှုပ်ရှုပ်နှင့် မြက်ခင်းစပ်က ခုံတန်းလေးမှာ ထိုင်ချလိုက်သည်။ အခုဆိုလျှင် ကျောင်းပိတ်ပြီး၍ ရွှေး အိမ်ထဲမှာအောင်းနေရတာ တစ်လပြည့်ခဲ့ပြီ။ အဲဒီတစ်လအထိ သူ့ဘက်က ဘာလှုပ်ရှားမှုမှ မလာခဲ့ချေ။ သူ့အရိပ်အယောင်လေးကိုသော်မှ မမြင်ရ။ နန္ဒာနှင့်တောင် စာလေးဘာလေးပေးဖို့ မကြိုးစားချေ။ ဩော် ... ပေးလည်း မေမေက မျက်စိဒေါက်ထောက် ကြည့်နေတာပဲ။

သို့သော် သူက ယောက်ျားလေးပဲ၊ မျိုးစုံကြိုးစားသင့်တာပေါ့။ အို ... ကြိုးစားရအောင် ရွှေးက သူ့ကိုမှ အဖြေမ



www.burmeseclassic.com

www.burmeseclassic.com



ပေးရသေးတာ။ ဒါဆို သူက အလွယ်တကူ လက်လျှော့သွားပြီပေါ့။ သူ လုပ်တာနဲ့ပဲ ရွှေး ယောကျ်ားတစ်ယောက်ကို နေရင်းထိုင်ရင်း စေ့စပ်ရတော့မည်ဖြစ်သည်။

အတွေးပေါင်းစုံနှင့် မျိုးစုံစဉ်းစားကာ ယောက်ယက်ခတ်နေသော ရွှေးသည် အနား‚နားသို့ အမား ... အမားနှင့် ကပ်ခေါ်နေသော အသံကြောင့် ရုတ်တရက် လန့်ဖျပ်သွားရကာ ...

"အမယ်လေး ... လန့်လိုက်တာ၊ ဘာလဲ"

ရွှေးကို ခေါ်နေတာက ရွှေးတို့ခြံရဲ့ မာလီအသစ်ကုလားလေးတစ်ယောက်ဖြစ်သည်။ ထိုကုလားက ဂနာမငြိမ်သောမျက်လုံးများဖြင့် ...

"အမား ... အမားကိုလေ ... ကျွန်ဒေါ် ပေးစရာရှိဒယ်"

"ဘာ ... ဘာပြောတယ်"

ရွှေးအသံက စူးပြီး ဆောင့်အောင့်ထွက်သွားသဖြင့် ထိုကုလားက တရှုံးရှုံးလုပ်ကာ ...

"အား ... တိုးတိုးလုပ် အမား ...။ ကျွန်ဒေါ်လေ အားကိုလေးထန်ရဲ့လူပါ"

ရွှေးရဲ့ မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားလျက် ...

"ဘာ ... ဘယ်သူ့လူ"





"အားကိုလေးထန် ... အဲ ... မိုးသက်ထန်လေ။ အမားသိဒယ်ဟုတ်"

"သိ ... သိတယ်၊ ဘာလဲ ... စာလား"

ရွှေးဟာ ချက်ချင်းပဲ ကတုန်ကယင် ဖြစ်လို့လာသည်။ ပြီးတော့ မေမေ့ကို သတိရကာ အိမ်ပေါ်အထပ်သို့ မော့ကြည့်လိုက်သေးသည်။ ဘယ်သူ့ကိုမှ မတွေ့ရပါ။

"စာမဟုတ်ဘူး အမား။ ကျွန်ဒေါ်လေ ဒါကို ပေးဖို့နော်၊ နေ့တိုင်း ချောင်းတယ်၊ အမား တစ်ခါမှ ခြံထဲဆင်းမလာဘူး ...

လာတယ်နော် ... လူမလစ်ဘူး"

"အေးပါဟယ်၊ ရှည်လိုက်တဲ့စကား၊ ကဲ ... သူကဘာပေးခိုင်းတာလဲ၊ မြန်မြန်ပေး"

"ရော့ ... အမား၊ အမား ရတာနဲ့ သူ့ဆီ ဆက်ပါတဲ့"

ရွှေး လက်ထဲသို့ ရောက်လာတာက လက်ကိုင်ဖုန်းသေးသေးလေး ဖြစ်သည်။ ရွှေးသည် အဲဒါကို ရတာနှင့် ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်ကာ အသာလစ်ထွက်လို့ လာခဲ့လေသည်။ တော်ပါသေးရဲ့ ဒီနေ့မှ တီရှပ်ဝတ်ထားမိပေလို့ပဲ။ ဘောင်းဘီအိတ်ကပ်ထဲမှာ ဖုန်းထည့်လာတာကို ဘယ်လိုမှ မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချွေးဟာ သူ့ကို ပြစ်တင်စိတ်တိုမိသမျှ အားနာလို့သွားသည်။ သူ ကြိုးစားရှာသားပဲ။ ချွေးသည် သူနဲ့ အဆက်အသွယ်ရတော့မှာမို့ တထိတ်ထိတ်နှင့် ကျေနပ်ပျော်ရွှင်လာရကာ မျက်နှာက အလိုလိုပြုံးလို့လာသည်။ သို့သော် မမေ တွေ့သွားလျှင် သင်္ကာမကင်း ဖြစ်မည်စိုး၍ ချက်ချင်းပဲ မျက်နှာထားကို ပြင်ယူလိုက်ရသည်။

ချွေးကအိမ်ထဲသို့ ပြန်ဝင်အလာတွင် ဧည့်ခန်းတံခါးဝမှာ မမေ့ကို ဗြုန်းခနဲ တွေ့လိုက်ရသဖြင့် လန့်ဖျပ်သွားသေးသည်။ သို့သော် မမေ့မျက်နှာက ဘာမှသိပုံမပေါ်ပါ။ ချွေးနောက်သို့ လိုက်လာခြင်းပဲ ဖြစ်လေရာ ချွေးဟာ လက်မတင်လေး ကံကောင်းသွားတာဖြစ်၏။

"ရှေ့လဆန်း တနင်္ဂနွေနေ့ကျရင် မော်ဘီမှာ စေ့စပ်ဖို့ရက် သွားရွေးရမယ် ချွေး"

"ချွေး လိုက်ရမှာလား မမေ"

"လိုက်ရမှာပေါ့။ ဘာလို့ မလိုက်ရမှာလဲ။ မနက်ဖြန် ဒီနိုင်နာဆီမှာ စေ့စပ်ပွဲဝတ်စုံ သွားအပ်မယ်"

"ဟုတ်"

ချွေးက ညောင်နာနာအသံနဲ့ပဲ ပြောလိုက်လျှင် မမေက တစ်ချက်ပဲ အကဲခတ်ကာ ဘာမှဆက်မပြောတော့ချေ။





ချွေးတို့ရဲ့ ချစ်ခြင်းကိုလည်း မမေက သိပ်မလေးနက်ဘူးဟု ယူဆပါမည်။ ရှိပါစေတော့။

ချွေးက ကိုယ့်အခန်းထဲသို့ရောက်လျှင် သေချာစိတ်ချရအောင် ရေချိုးခန်းထဲသို့ဝင်ကာ ဖုန်းခေါ်ရသည်။ တစ်ဖက်သို့ ဖုန်းလိုင်းဝင်သွားလျှင် ချွေး နှလုံးသားတို့ တဆတ်ဆတ် တုန်လာခဲ့ပြီဖြစ်သည်။

"ချွေးလား ... ချွေး ဟုတ်တယ်နော်"

"ဟုတ်တယ် ထန်၊ ချွေးပါ"

"ဟာ ... ချွေးရယ်၊ ဘာတွေများ ဖြစ်နေတာလဲကွာ၊ ဒီမှာ မျှော်ရလွန်းလို့ ရူးတော့မယ်။ ဒီဖုန်းကို မာမွတ်ဆီမှာ ပေးထားတာ နှစ်ပတ်လောက်ရှိနေပြီ ...

ဘာလို့ မဆက်တာလဲ။ လူမလစ်လို့လား"

"အင်း ... ဆိုပါတော့။ အခုမှရတာ။ အဲ ... အဲဒါတွေ ထားပါ၊ အခု ..."

ချွေးအသံက တိမ်ဝင်သွားလျှင် သူက ချက်ချင်းပဲ စကားဆက်သည်။ သူ့အသံကလည်း စိတ်လှုပ်ရှားရိပ်ဖြင့် တစ်မျိုးဖြစ်နေတာကို ချွေး သတိထားမိသည်။ သူ့အသံကို ကြားမှပင် ချွေးဟာ သူ့ကို အဝေးမခံနိုင်တော့ဘူးဆိုတာ သေချာလို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေး ကိုယ် တစ်ခုပြောမယ်။ သေချာနားထောင်နော်၊ မင်းကို ကိုယ်ချစ်တယ် ဆိုတာ ယုံကြည်တယ် မဟုတ်လား"

ရွှေး ရင်ထဲမှာ လှိုင်းထန်လာသည်။ ဖုန်းကို ဆုပ်ကိုင်ထားသော လက်ဖျားတွေမှာ ချွေးစေးတွေနှင့် စေးထန်းလို့လာလေသည်။ ဒါကြောင့် ပြန်ဖြေသောအသံဟာ မပီသ မသဲကွဲဖြစ်လို့သွားသည်။

"အင်း"

"ရွှေးကို လေပြေနဲ့ ဇွဲစပ်ပေးတော့မယ် ကြားတယ်။ ရွှေး သူ့ကို လက်ထပ်နိုင်လား"

"ရွှေး ... ရွှေးက ... ဘာ ... ဖြေ ... ဘယ် ... လို"

ရွှေးက အသံတွေတုန် စကားတွေ ထစ်လာသည်။ မျက်ရည်တွေပါ ရစ်ဝဲလာကာ ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားလာရသည်။ ရွှေး ဘာဖြေရမလဲ။ သူနဲ့ ရွှေးနဲ့က တရားဝင် ချစ်သူတွေလည်း မဟုတ်ကြသေး။ သို့သော် ရွှေးဟာ သူ့ကိုလည်းမခွဲနိုင်၊ လေပြေကို လက်ထပ်ဖို့ ဆိုတာကလည်း ရွှေး အတော်ခံစားစိတ်ပျက်ရမည့်အပြစ်ပဲ ဖြစ်ပါသည်။

သူကသာ ရွှေးရဲ့ခံစားချက်ကို နားလည်ဟန်ဖြင့် ...





"ရွှေး ... မင်းစိတ်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ကိုယ် သိတယ်၊ မင်းနဲ့ ကိုယ်နဲ့ တရားဝင်ချစ်သူတွေ ဖြစ်သွားဖို့ဆိုတာ အခု မင်း ကိုယ့်ကို အဖြေပေးလိုက်ရင် ဖြစ်ပြီပဲ ...

ဒါတွေထက် အရေးကြီးတာက ဒီအချိန်မှာ နားလည်မှုပဲ ရွှေး။ ကိုယ်တို့ ဝေးမသွားဖို့ဆိုတာ နားလည်မှုတွေ အများကြီးရှိမှ ဖြစ်မှာ ...

ကိုယ်ကတော့ မင်းကို အဆုံးရှုံးမခံနိုင်ဘူး။ အရမ်းချစ်တယ်၊ ချစ်ရုံအပြင် မပြီးသေးဘူး။ မင်းဘဝကိုပါ စောင့်ရှောက်ချင်တယ်၊ မင်းနဲ့အတူ ပျော်ရွှင်တဲ့ဘဝတစ်ခုကို တည်ဆောက်ချင်တယ် ...

အဲဒါကလည်း မင်း အဆုံးအဖြတ်ပေါ်မှာ မူတည်တယ် ရွှေး။ ဒီအချိန်ဟာ ကိုယ်တို့နှစ်ယောက်အတွက် အရမ်း အရေးကြီးနေပြီ"

"အဲဒီတော့ ..."

"အဲဒီတော့ ရွှေး ကိုယ့်နောက်ကို လိုက်ရဲလား၊ လိုက်နိုင်မလား"

ထိုခဏတွင်း၌ ရွှေးသည် အသက်ရှုဖို့တောင် မေ့လျော့သွားသလို ခံစားရသည်။ တကယ်တမ်း ဘဝနှင့်ဆိုင်သော



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ဆုံးဖြတ်ချက်ချရတော့မည် ဆိုသောအခါ ရွှေး နည်းနည်းတုန်လှုပ်ချင်လာသည်။

ရွှေး တစ်သက်တာမှာ ကြီးမားသော ဆုံးဖြတ်ချက်မျိုး တစ်ခါမှ မချခဲ့ဘူးချေ။

အခုချရမည့် ဆုံးဖြတ်ချက်သည် ဘဝနှင့်ချီ၍ ကြီးမားသော ဆုံးဖြတ်ချက်ကြီးတစ်ခု ဖြစ်သည်။

"ဒါဟာ ရွှေး အတွက် ခက်ခဲတဲ့ ဆုံးဖြတ်ချက်ဆိုတာ ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ ရွှေးကို ကိုယ် ကတိတစ်ခုပေးနိုင်တယ်။ အဲဒါဟာ ဘာလဲဆိုတော့ ရွှေး တစ်သက်လုံး စိတ်မဆင်းရဲစေရပါဘူးဆိုတဲ့ ကတိပါ။ ရွှေး ဘယ်လိုဆုံးဖြတ်မလဲ"

ရွှေးဟာ မျက်စိကို စုံမှိတ်ချလိုက်သည်။ ရွှေးရဲ့ရှေ့မှာရှိနေတာက ချောက်ကြီးတစ်ခုဆိုလျှင်လည်း အဲဒီချောက်ထဲကိုပဲ မိုက်မိုက်ကန်းကန်း ခုန်ချပါရစေတော့။

"ရွှေး ... ရွှေးလေ ... ရှင့်ကို မငြင်းနိုင်ပါဘူး"

"ဟာ ... ရွှေး တကယ်ပြောတာနော်၊ ဒါ ... ဒါဟာ ကိုယ့်အတွက် အဖြေနှစ်ခုကို တစ်ပြိုင်နက် ပေးလိုက်သလိုပါပဲ ရွှေးရယ်။ အိုကေ ... အိုကေ ... ကိုယ် အရမ်းဝမ်းသာတယ် ...





ဒါဆို အစီအစဉ်တချို့ ကိုယ်ဆွဲလိုက်ဦးမယ်။ ရွှေး အပြင်တွေ ဘာတွေ ထွက်ဖို့ရှိလား"

"မနက်ဖြန်တော့ ဒီဇိုင်နာဆီမှာ ဝတ်စုံသွားအပ်မယ်၊ ရှေ့လထဲတော့ မော်ဘီမှာ စေ့စပ်ဖို့ရက် သွားရှာအောင်းမယ်လို့ ပြောတယ်"

"မနက်ဖြန် !။ မနက်ဖြန်ကတော့ ထားလိုက်တော့။ ရှေ့အပတ် ... အင်း ... ဟုတ်ပြီ၊ ကိုယ် စီစဉ်လိုက်ဦးမယ် ...

ရွှေး အဲဒီဖုန်းကို သေချာသိမ်းထားနော်။ နန္ဒာဆီလည်း ဆက်လိုက်ဦး။ ကိုယ် နန္ဒာနဲ့လည်း ကွန်တက်ရှိတယ်"

"အင်းပါ"

"ဒါဆို ကိုယ် ဖုန်းပိတ်တော့မယ်နော် ရွှေး။ အစစအရာရာ သတိဝီရိယရှိနေ သိလား ...

အရမ်းလည်း fresh ဖြစ်တဲ့ပုံနဲ့လည်း နေမနေနဲ့ဦး။ အရွှေး mood တွေ ဘာတွေလဲ ထည့်ထား"

"အင်းပါ၊ ဘယ်လိုဖြစ်နေလဲ"

"ဩော် ... ချစ်လို့ပါကွာ၊ ရွှေးရော ကိုယ့်ကို ချစ်တယ် မဟုတ်လား၊ ဟင် ... ပြောစမ်းပါ၊ အားတွေရှိအောင်လို့နော် ... တစ်ခါတည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ချစ်ပါတယ်"

"ဝါး ... သင့်ခ်ယူ။ ဒါပဲနော် အချစ်လေး"

သူက အကဲပိုစွာ နှုတ်ဆက်ကာ ဖုန်းပိတ်လိုက်သွားလျှင် ရွှေးသည် ရင်တခုန်ခုန် စိတ်လှုပ်ရှားစွာဖြင့် ကျန်ရစ်ခဲ့သည်။ သူ ဘယ်လိုစိတ်ဓာတ် ဆောင်ရွက်မှာလဲ၊ မမလေးကို မောင်နိုးဖို့ လူဆိုးတွေနဲ့ မောင်တိုင်ပင် လုပ်ဦးမှာလား။ သူဟာ ဉာဏ်ပြေးသောသူ ဆိုတာတော့ ရွှေး သိထားသည်။

ရွှေးဟာ ရင်ခုန်စိတ်တို့ဖြင့် နန္ဒာဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ နန္ဒာတော့ အုံ့ဩမှာ အမှန်ပဲဖြစ်သည်။ ပြီးလျှင်တော့ တစ်ခုခုကို သဘောကျလျှင် အော်တတ်သော "မိုက်သားဟ" ဆိုသည့် အသံကြီးကိုလည်း ထုံးစံအတိုင်း ကြားရဦးမှာဖြစ်လေသည်။

* * *



၁၅

နောက်တစ်နေ့တွင် ရွှေးနှင့် မေမေတို့ ဝတ်စုံအပ်ပြီး ပြန်လာသောအခါ အိမ်မှာစောင့်နေသော နန္ဒာကို တွေ့ရလေသည်။ နန္ဒာက ခေါင်းတည်တည်ပင် ဘာမှင်မှ မပျက်ဘဲ ...

"ဝတ်စုံ သွားအပ်တယ်ဆို၊ ဘယ်မှာလဲ၊ ဘာဝတ်မှာလဲ"

"ရိုးရိုးပါပဲ၊ အိမ်မှာတင် စေ့စပ်မှာဆိုတော့ ဂါဝန်တွေဘာတွေ မဟုတ်ပါဘူး။ အင်္ကျီနဲ့ စကတ်ထဘီပေါ့။ IVY မှာပဲ အပ်လိုက်တယ် ...

ကွန်ပျူတာပန်းထိုးနဲ့ပေါ့"

ရွှေးတောင် မဖြေရဘဲ မေမေကပဲ ဝင်ဖြေပေးတာ ဖြစ်သည်။ နန္ဒာက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဪ ... ကောင်းပါတယ်၊ IVY က နာမည်ကြီးပဲဟာ။ မင်္ဂလာဝတ်စုံအပ်ရင်တော့ နန္ဒာကို ခေါ်ဦးနော် အန်တီ"

www.burmeseclassic.com



မေမေက နန္ဒာ့စကားကို သဘောကျသွားသလို ပြုံးကာ ဓေါ်မှာပေါ့ဟု ဆိုသည်။ တစ်လက်စတည်းမှာပင် နန္ဒာက ရော ဘယ်ကလှည့်ဝင်လာတာလဲဟု အကဲစမ်း မေးမြန်းလိုက်သေးသည်။ နန္ဒာက စားပွဲပေါ်မှာ တင်ထားသော အခွေများကို မျက်လုံးနှင့် တစ်ချက်လှမ်းပြကာ ...

"ရွှေးကြည့်ဖို့ အခွေသစ်တွေ လာပေးတာပါ အန်တီ။ သူလည်း ဘယ်မှမထွက်ဘဲ ပျင်းနေမှာ ဆိုပြီးတော့။ တချို့ အခွေက မြန်မာစာတန်းထိုး ကိုရီးယားကားလေးတွေပါ ... မြန်မာအခွေတွေလည်း ပါတယ်"

မေမေဟာ အားမနာစတမ်းပင် အခွေတွေကိုယူကာ နေနေစပ်စပ် ဖွင့်ကြည့်သေးသည်။ ရွှေးက နန္ဒာ့ကို စိုးရိမ်သလို လှမ်းကြည့်လိုက်လျှင် နန္ဒာက လက်နှစ်ဖက်ကို ပိုက်ထားရင်းမှ ရွှေးကို ပြုံးတေ့တေ့နှင့် ပြန်စိုက်ကြည့်ကာ မျက်ခုံးတစ်ချက်တောင် ပင့်ပြလိုက်သေးသည်။

အဲဒီအချိန်မှာပဲ ဖုန်းလာသဖြင့် မေမေက ထ,ကိုင်လေသည်။ နန္ဒာသည် အခွေတွေထဲက အခွေတစ်ချပ်ကို လက်ညှိုးနှင့် တခေါက်ခေါက် ခေါက်ပြလျက် အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့်ကြည့်ကာ ...

"ရွှေး ဒီအခွေ ကောင်းတယ်၊ ဒါ အရင်ကြည့်"





ဒီလောက်တော့ ရွှေးကလည်း သဘောပေါက်သည်။ မေမေက သူ့ထံလာသောဖုန်းဖြစ်၍ စကားပြောနေရာမှ နောက်ခုံ ငင်သလိုဖြင့် တစ်ချက်လှည့်ကြည့်သည်။ နန္ဒာသည် နှုတ်ခမ်းတစ်ဖက်ကို အပေါ်တက်ကာ မလွယ်ဘူးဟူသော အပြုံးမျိုးဖြင့် ပခုံးကို အသာတွန့်ပြသည်။ ပြီးလျှင် မတ်တတ်ထရပ်လျက် ...

"ရွှေး ... ငါပြန်လိုက်ဦးမယ်၊ အန်တီ နန္ဒာ ပြန်လိုက်ပါဦးမယ်"

မေမေက ဖုန်းပြောနေတာမို့ ခေါင်းပဲညိတ်ပြသည်။ နန္ဒာ့ကို လိုက်ပို့ဖို့ မတ်တတ်ထရပ်သော ရွှေးကို နန္ဒာက လက်ညှိုးတစ်ချောင်းဖြင့် ပြန်ထိုင် ပြန်ထိုင်ဟူသော သင်္ကေတလုပ်ပြသည်။

"ငြိမ်ငြိမ်ထိုင်နေစမ်းပါ ရွှေးရယ်၊ နင့်အမေကို ငါ သနားလွန်းလို့ပါ၊ ကဲ ... ငါသွားမယ်၊ အိုကေမှာပါ ရွှေး"

နန္ဒာက အဓိပ္ပာယ်ပါပါ နှုတ်ဆက်ပြီး ခေါ်တိုင်အောက်က ကားပေါ်တက်ကာ စက်နှိုးပြီး မောင်းထွက်သွားသည်။ နန္ဒာ ထွက်သွားသည်အထိ ရွှေးဟာ ဆိုဖာပေါ်မှာ မလှုပ်မယှက် ထိုင်ဆဲ။ ခဏကြာလျှင် မေမေက ဖုန်းပြောပြီးသွား၍ ရွှေးအနားသို့ ပြန်ရောက်လာသည်။ အခွေတွေကို ထပ်၍ကောက်ကိုင်ကြည့်ပြန်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း နန့်ကို အားနာစရာ၊ အဲဒီလောက်ကြီး လည်း မလုပ်ပါနဲ့"

"လုပ်ရတယ်ဟော့၊ ကိုယ်ကကျူး ကိုယ့်ဒူးကိုတောင် မယုံရ ဘူး၊ ညည်းနဲ့ လေပြေနဲ့ စေ့စပ်မပြီးမချင်း ဘယ်သူ့ကိုမှ မယုံဘူး"

"ဟွန်း"

ချေးက နှုတ်ခမ်းတစ်ချက် ဆူပြကာ မကျေနပ်သလို လုပ်ရင်း အခွေတွေကိုပိုက်လျက် အိမ်ပေါ်သို့ တက်လာခဲ့သည်။ မျက်နှာကသာ မကျေနပ်သလို စူပုပ်ပုပ်ဒီဇိုင်း လုပ်ထားသော် လည်း ရင်ထဲမှာတော့ တထိတ်ထိတ်နှင့် ခုန်နေပြီဖြစ်သည်။

အခွေ။ ဒီအခွေထဲမှာ ဘာပါမလဲ။ စာတွေ ဘာတွေ မပါတာတော့ သေချာသည်။ အခွေအဖုံးကတော့ "200 pounds beauty"ဆိုသော ကိုရီးယားဟာသကား ဖြစ်သည်။ ချေးသည် ရင်တစုန်စုန်ဖြင့် အခွေအဖုံးကို ဖွင့်လိုက်သည်။ အထဲက ထွက်လာ တာက ငွေရောင်ပြောင်လက်နေသည့် စီဒီပြားတစ်ချပ်ဖြစ်သည်။ ဘာမှ မထူးခြားပါ။

သို့သော် ချေးရဲ့ ဆဋ္ဌမအာရုံ အသိနှင့်တော့ ဤ စီဒီပြားလေးဟာ ထူးခြားတော့မည် ဆိုတာကို သိသည်။ ချေးသည် အနည်းငယ် တုန်ငယ်နေသော လက်များဖြင့် စီဒီကို စက်ထဲထည့်





ကာ ဖွင့်လိုက်သည်။ ပထမဆုံး ပေါ်လာတာက နိုင်ငံရေးဦးတည် ချက်တွေ ဘာတွေဖြစ်သည်။ အဲဒီနောက် ဇာတ်ကားရဲ့ ဇာတန်းထိုး ဖြစ်သည်။ ဇာတ်ကားနာမည်မှာ "ပန်းတစ်ပွင့်၏ မှုပိုင်ရာသီဥတု" ဆိုကတည်းက ချေးဟာ ကြည်နူးစွာပြုံးရင်း သဘောပေါက်လိုက် တော့သည်။

အဲဒီနောက် ဇာတ်လမ်းလာသည်။ ဇာတ်လမ်းက တော့ ကောင်မလေးတစ်ယောက်ကို သူ့ချစ်သူ ကောင်လေးနှင့် သူငယ်ချင်းများက စွန့်စွန့်စားစား ခိုးယူကြပုံဖြစ်သည်။

ချေးသည် အဲဒီဇာတ်လမ်းကိုကြည့်ကာ မိုက်တွေ အောင့်လာသည်အထိ ရယ်မောရလေသည်။ အကြောင်းမှာ မြွေးမို့ အဖြစ် သရုပ်ဆောင်ထားသော မိုးသက်ထံန်ရဲ့ အိုက်တင်တွေကို သဘောကျလွန်း၍ ဖြစ်သည်။ ချေးသည် အဲဒီဇာတ်လမ်းထဲက သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်ပုံကို အတိအကျ မှတ်သားထား လျက် ကိုယ့်အလှည့်မှာလည်း ပီပြင်အောင် သရုပ်ဆောင်နိုင်ပါမှ အကယ်ဒမီဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိလိမ့်မည်ဟု ယုံကြည် လိုက်လေသည်။

❀ ❦ ❀



www.burmeseclassic.com

www.burmeseclassic.com



ချွေးသည် အခုတအလာမှာ မာလကာသီးတွေ အတော်စားဖြစ်နေသည်။ ဒေါ်ကြီး ဈေးသွားလျှင် မာလကာသီးတွေချည်း အမြဲမှာတတ်သည်။ ပြီးလျှင် မေမေ့ရှေ့မှာချည်းပဲ စားဖြစ်သည်။ တစ်ခါတလေ မာလကာသီးကိုက်ရင်းမှ "မာလကာသီးကလည်း ဈေးကြီးလိုက်တာ၊ အိမ်မှာ အပင်စိုက်ဦးမှ"ဟူ၍လည်း ပြောသေးသလို မာမွတ်ကိုလည်း မာလကာပင်စိုက်ဖို့ ညွှန်ကြားလိုက်သေးသည်။

အဲဒါတွင်မက မုန့်ဟင်းခါးစားလျှင်လည်း ငရုတ်သီးတွေက ရဲနေတတ်သည်။ လက်ဖက်သုပ်ဆိုလည်း တော်တန်ရုံလူ ဝင်မစားနိုင်။

အခုတလောမှာ ဘာစိတ်ကူးပေါက်မှန်းကို မသိ။ ငါးပိရည်နှင့် ထမင်းကိုနယ်ကာ ငရုတ်သီးမှုန့်တွေ ဖြူးလျက် အားပါးတရလည်း စားသေးလေသည်။ ဒါကို မေမေက မျက်လုံးပြူးလျက်ရှိနေကာ ...



"ချွေး ငရုတ်သီးတွေ အဲဒီလောက် မစားနဲ့စမ်း။ မာလကာသီးတွေလည်း နင်းကန်စားနေတယ်။ အစေ့တွေ သေချာဖယ် ...

နင်ဟာလေ ကလေးလည်း မဟုတ်တော့ဘူး၊ အစားအသောက်စားတာကအစ လိုက်ပြောနေရတယ်"

ချွေးက မေမေ ပြောတာကို မကြားသလိုနေကာ စားမြဲစားဆဲပင်။ အခုတလော ဒီဘက်ကို အလာစိပ်နေသည့် လေပြေကိုပင် မာလကာသီးသုပ် ကျွေးလိုက်သေးသည်။ သူ့ခမျာ ချွေး ကိုယ်တိုင် သုပ်ကျွေးတာဖြစ်၍ ဝမ်းပန်းတသာလည်းဖြစ်၊ ဂုဏ်ယူကာလည်းစားချင်၊ သို့သော် ငရုတ်သီးမှုန့်၊ ငံပြာရည်တွေဖြင့် ငန်ငန်စပ်စပ် မာလကာသီးသုပ်ကို စားလည်းမစားရဲဖြစ်ကာ အတော်ဒုက္ခတွေ့နေလေသည်။ နောက်ဆုံးတော့ ချွေးကို မျက်နှာလုပ်ကာ မာလကာသီးသုပ်ကို အားပေးရှာသည်။

အဲဒီကနေ့ သူ ပြန်သွားပြီး နောက်တစ်နေ့တွင် ချွေးက သူ့ထံသို့ ဖုန်းခေါ်ဖို့ပြင်သည်။ ညှိခန်းထောင်က ဖုန်းစင်အနားသို့ ချွေး ကပ်သွားတာကို မေမေကမြင်လျှင် ...

"ဟဲ့ ... ချွေး၊ အဲဒါက ဘယ်ကိုဆက်မှာလဲ"

ဟု ခေါက်ခေါက်ငမ်းငမ်း မေးမြန်းသေးသည်။ ချွေးက စုပုပ်ပုပ်နှင့် လေပြေဆီဟု ပြောလျှင် မေမေကား မယုံ

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြင့် အနားမှာလာရပ်ကာ ရွှေနှိပ်သော ဖုန်းနံပါတ်များကို ကြည့်လေသည်။ ပြီးလျှင် စပီကာကိုဖွင့်ကာ နားထောင်သေးသည်။

တစ်ဖက်က ဖုန်းလာကိုင်သူမှာ လေပြေ မဟုတ်ပါ။

"ဟယ်လို ... သြော် ... အန်တီ၊ သမီးပါ၊ လေပြေရှိလား ဟင်"

"သြော် ... လေပြေ၊ နေမကောင်းလို့ အိပ်နေတယ်ကွယ့်။ ဘာပြောစရာရှိလို့လဲ သမီး"

"အဟင်း ... မဟုတ်ပါဘူး။ သူ့ဆီက စာအုပ်ငှားချင်လို့ပါ"

"သြော် ... ဘာစာအုပ်လဲ။ အန်တီ ရှာပေးမယ်လေ"

"အဟဲ ... နေပါစေတော့ အန်တီ။ အရေးမကြီးပါဘူး။ နောက် သူနဲ့တွေ့မှပဲ တောင်းလိုက်ပါမယ်။ ဒါနဲ့ လေပြေက ဘာဖြစ်တာလဲဟင်၊ မနေ့ကတောင် အကောင်းကြီးပါ"

"ဟုတ်တယ်၊ မနေ့က သမီးဆီက မာလကာသီးသုပ်တွေ စားလာတယ်လို့ ပြောတယ်၊ အဲဒါ ဗိုက်တွေအရမ်းအောင့်နေတာနဲ့ ဆေးထိုးထားရတယ်လေ ...

သူက စားကျင့်မရှိတော့ ဖြစ်တာပါကွယ်"

"သြော် ... ဒါဆို သမီး သူ့နီးမှ ဖုန်းထပ်ဆက်မယ်နော်"

"အေး ... အေး ... သမီး"





ရွှေးက ဖုန်းချပြီးလျှင် မျက်ထောင့်နီကြီးနှင့် ကြည့်နေသော မေမေ့ကို လက်ဝါးနှစ်ဖက်ဖြန့်ပြကာ ဘာမှမတတ်နိုင်ဘူးဟူသော ပုံစံလုပ်ပြလိုက်သည်။ ပြီးလျှင် တစ်ယောက်တည်း ကျိတ်ပြုံးကာ ဗိုက်ကိုပွတ်လျက် ငါတောင် ဗိုက်နာချင်လာသလိုပဲဟု တစ်ကိုယ်တည်း ပြောသလိုလိုနှင့် ပြောလိုက်သေးသည်။

❀ ❦ ❀

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဖေဖေ့ဒရိုင်ဘာရယ်၊ ရွှေးရယ်၊ မေမေရယ်တို့ သုံးဦးသား မော်တီသို့ သွားကြမည်ဖြစ်သည်။ ရွှေးက ဗိုက်နည်းနည်း အောင့်နေ၍ သိပ်မလိုက်ချင်ပေ။ ဒါကြောင့် မေမေ့ကို အတွန့် နည်းနည်းတက်ကြည့်သည်။ မရပါ။ မေမေက မျက်နှာတင်းတင်း နှင့်ပင် ...

"ဘာမှ အိမ်မှာနေခဲ့ဖို့ မကြိုးစားနဲ့ ရွှေး၊ ညည်းအကြံ ငါ မသိဘူးများ မှတ်နေလား"

"မေမေကလည်း ရွှေးက ဘာလုပ်မှာမို့လို့လဲ"

"ဘာမှ မလုပ်,လုပ်၊ ညည်းကို ငါ့မျက်စိအောက်မှာတင် ရှိနေမှ ငါစိတ်ချမှာ။ ဗိုက်က ဘာကိစ္စ ခုချိန်မှထအောင့် နေရတာလဲ၊ ဆေးသောက်ပြီးလိုက်ခဲ့ ...

အဲဒါကြောင့် မာလကာသီးတွေ နင်းကန်မစားပါနဲ့ ပြောတာ၊ အူအတက်ပေါက်ပြီး သေချင်လို့လား"





"သေတော့လည်း ကောင်းတာပါပဲ"

မေမေ့စကားသံအစား ရွှေး ခေါင်းပေါ်သို့ လက်ဆစ် တစ်စုံက ခေါက်ခနဲ ကျရောက်လို့ လာလေသည်။ အဲဒီလိုပင် မေမေက ရွှေးဆိုလျှင် ကလေးတစ်ယောက်လို အမြဲဆူငေါက်ငမ်း နေတာ၊ စိတ်မထင်လျှင် အိုလိမ်အခေါက်တွေက မထင်ရင် မထင်သလို ပါလာတတ်သေးသည်။

"ကဲ ... အကျီသွားလဲခဲ့ ... သွား၊ မကြာစေနဲ့"

ရွှေးက စုပုပ်ပုပ်နှင့်ပင် အိမ်ပေါ်တက်ကာ အဝတ် အစားလဲရသည်။ အဝတ်အစားလဲပြီးလျှင် ရွှေးနဲ့ မေမေ့မှာ ကား နောက်ခန်းထဲမှာ အတူထိုင်ပြီးနောက် ဒရိုင်ဘာက ကားကိုမောင်း ထွက်လာလေသည်။

ရွှေးသည် တစ်လမ်းလုံးရှိ လမ်းဘေးဝဲယာရှုခင်းများ ကို ငေးမောလျက် ငြိမ်သက်စွာ လိုက်ပါလာသည်။ တစ်ချက် တစ်ချက်တွင် ကျွတ် ... ကျွတ် ... ထ,အော်ကာ ဗိုက်ကို နှိပ်ရ သည်။

မေမေက ရွှေးကို အကဲခတ်သလို ကြည့်လျက် ...

"ဗိုက်က အရမ်းအောင့်နေလား ရွှေး"

"တစ်ချက် တစ်ချက်မှပါ"



www.burmeseclassic.com

www.burmeseclassic.com



ချွေးက ညောင်နာနာလေသံဖြင့် ပြန်ဖြေလိုက်ရသည်။ မေမေက ချွေးကို မျက်စောင်းကဲကြည့်လျက် ...

"နောက် မာလကာသီးတို့၊ ငရုတ်သီးတို့ စားတာမြင်ရင် အတွေ့ပဲ၊ နင်ကသာ မာမွတ်ကို မာလကာပင်စိုက်ခိုင်းနေ၊ နင့်ဗိုက်ထဲမှာ ခုလောက်ဆို မာလကာပင်(၁၀)ပင်လောက်တော့ ပေါက်နေလောက်ပြီ"

ချွေးက မေမေ့စကားကို ဘာမှ ပြန်မဖြေမိချေ။ လက်မှ နာရီကိုသာ မသိမသာကြည့်လျက် ရင်တွေ တဆတ်ဆတ် စတင်၍ ခုန်လာသည်။ ဒီလိုနှင့် ချွေးတို့ကားလေးဟာ မော်ဘီကခြံကို ရောက်သွားသည်။ ဟိုရောက်တော့ ဘွတ်ကင်ယူပြီးသား ဖြစ်သော်လည်း ထုံးစံအတိုင်း လူတွေက များသဖြင့် စောင့်ရသေးသည်။ ပြီးတော့ ပွဲတစ်ပွဲလည်း ကျင်းပနေသဖြင့် ထင်ထားတာထက် ကြာသွားလေသည်။

အဲဒီကပြန်ထွက်လာသောအခါ ညနေတောင်ရောက်တော့မည်ဖြစ်သည်။ ကားပေါ်မှာ ချွေးက ဗိုက်ကိုနှိပ်ကာ တကျွတ်ကျွတ်နှင့် ညည်းသံစီပ်လာသည်။ မေမေက ချွေးကို စိုးရိမ်သလိုကြည့်ကာ ...

"ချွေး အရမ်းအောင့်နေလား"





"အင်း ... အား ကျွတ် ... ကျွတ် ... အမလေး ဗိုက်ထဲက မီးစနဲ့ ထိုးထားတဲ့အတိုင်းပဲ ... အား"

"ဟင် ... ဟုတ်လား၊ ပြစမ်း ဘယ်နေရာကလဲ"

မေမေက စိုးရိမ်တကြီးဖြင့် ဗိုက်ကို လာစမ်းသည်။ ချွေးက မခံနိုင်သလိုဖြင့် အသံနက်ကြီးနှင့် တစ်ချက်ကျုံးအော်လိုက်လျှင် မေမေတင်သာမက ဒရိုင်ဘာပါ လန့်ဖျပ်သွားဟန်ရှိသည်။ ကားကို ဘေးသို့ချကာ ထိုးရပ်လိုက်ရသည်။

"အား ထိလို့မရဘူး မေမေ၊ အရမ်းနာတယ် ... အား၊ ချွေးအူအတက်များ ပေါက်ပြီလား မသိဘူး"

ချွေးမှာ ချွေးစေးတွေပြန်လျက် မျက်ရည်တွေပါ ပေါက်ပေါက်ကျလာလျှင် မေမေ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတော့သည်။ ချွေးသည်လည်း ကားနောက်ခန်းကုရှင်ပေါ်မှာ လူးလိမ့်နေရလေသည်။ ဒရိုင်ဘာ ကိုမြင့်ဆောင်ကလည်း ကားပေါ်မှ ဆင်းလာကာ ဘာလုပ်ရမှန်း မသိသလို ဗျာများ၍နေသေးသည်။

အဲဒီအချိန်မှာပဲ ကိုမြင့်ဆောင်ရဲ့ မျက်လုံးများက ပဲခူးဘက်မှလာနေသော ဆေးရုံကားတစ်စီးကို သွား၍မြင်လျှင် ဖျတ်ခနဲ ဝမ်းသာသွားသည်။ လူနာတင်ကားမှာ အရေးကြီးဟန်ဖြင့် မီးပွင့်မောင်းလာတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... အစ်မ ... ဟိုမှာ ဆေးရုံကားတစ်စီး လာနေတယ်"

"ဟင် ... ဟုတ် ... ဟုတ်လား၊ တားစမ်းပါဟဲ့"

ကိုမြင့်ဆောင်က တားသည်။ ကားက ရှေ့မီးဖွင့်ပြလျက် ရပ်ပေးမည့်ပုံ မပေါ်ချေ။

"အစ်မ ကျွန်တော် တားနေတာရပ်မှာ မဟုတ်ဘူး၊ အစ်မ ... အစ်မ"

"အေး ... အေး၊ ငါ တားမယ်"

ဒေါ်မြမြခင် တားတာတောင် ကားက ကျော်တက်မောင်းနှင်သွားသည်။ ပြီးမှ အရှိန်လျှော့ကာ ဘက်ပြန်ဆုတ်လာသည်။ ပြီးလျှင် ဒရိုင်ဘာက မေးဆတ်ပြလျက် ...

"ဘာဖြစ်တာလဲ"

"ကျွန်မ ... ကျွန်မသမီး ဗိုက်အရမ်းအောင့်လာလို့ အဲဒါ"

"ဟာ ... မွေးလူနာလား"

"အို ... မဟုတ်ပါဘူး ရိုးရိုးပါ၊ ဒါပေမဲ့ အခြေအနေက စိုးရိမ်ရတယ်ထင်လို့"

အဲဒီအချိန်မှာပင် နောက်ခန်းတံခါးက လျှောခနဲပွင့်လာကာ ဂျူတီကုတ်ဖြင့် ဆရာဝန်တစ်ယောက် ဆင်းလာသည်။ ပြီးတော့ မြန်မြန်ဆန်ဆန်ပင် ချွေးထံသို့ သွားကာ အခြေအနေကို





စစ်ဆေးကြည့်လိုက်သည်။ ချွေးကား မျက်ရည်တွေသာ မကဘဲ နှာရည်ပါထွက်ကာ အော်ဟစ်လို့ ကောင်းဆဲ။

ဒေါက်တာက ချွေးရဲ့ အမေဘက်သို့လှည့်ကာ ...

"အူအတက်ပေါက်တဲ့ လက္ခဏာပဲ၊ ဆေးရုံမှာ အမြန်ခွဲရမယ်"

"ဟုတ် ... ဟုတ်ကဲ့ ကူညီပါဦးရှင်"

"ဒါဆို လူနာကိုဟိုဘက်ကားပေါ် ပြောင်းမှရမယ်၊ ဆေးရုံမရောက်ခင် လမ်းမှာ လိုအပ်တဲ့ treatment(ကုသမှု) ပေးရဦးမယ် ...

အန်တီက ဒီကားနဲ့ပဲ နောက်က လိုက်လာခဲ့ပါ၊ ဟိုကားပေါ်မှာလည်း မွေးလူနာတစ်ယောက် ပါသေးတော့ နေရာမဆံ့လို့ပါ"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ရပါတယ်"

ချက်ချင်းပင် ဆေးရုံလုပ်သားဖြစ်ဟန်တူသော အဖြူတူညီဝတ်စုံဝတ် ကျွမ်းကျင်လုပ်သားနှစ်ဦးက စင်ယူချလာကာ ချွေးကို စင်ပေါ်သို့ မွေ့တင်လိုက်သည်။ ပြီးလျှင် ကားပေါ်သို့ တင်ကာ တံခါးကို ချိုင်းခနဲ မြည်အောင် ပိတ်လိုက်ကြသည်။ ကားပေါ်တွင်လည်း မွေးလူနာတစ်ယောက်က အော်ကြီးဟစ်ကျယ် ညည်းတွားလို့နေတာကိုလည်း ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနောက် ထားနှစ်စီးဟာ ရန်ကုန်ရောက်အောင် ခပ်သွက်သွက်ပဲ မောင်းကြရလေသည်။ ရွှေးရဲ့အမေသည် ရှေ့က မောင်းနေသော ဆေးရုံကားဖြူဖြူကိုကြည့်ကာ မျက်ရည်တွေ ရစ်ဝဲလျက် ဘုရားစာကို တတွတ်တွတ် ရွတ်ဆိုကာ ဆုတောင်းလာရသည်။ ကားတွေက မင်္ဂလာဒုံဘက်နား ရောက်လာသည်။

ထိုအချိန်မှာပင် တစ်ဖက်မှ မောင်းလာသောကား တစ်စီးဟာ ပုံစံမှုမမှန်ဘဲ ဟိုယိမ်း ဒီယိမ်းမောင်းနှင်၍လာကာ ရှေ့က ဆေးရုံကားကိုပင် တိုက်မိမလိုဖြစ်တာမို့ ဒေါ်မြမြခင်ဟာ ဘုရားတ,လိုက်ရသေးသည်။ သို့သော် ဆေးရုံကားက ပွတ်ခါသီခါ လေး ရှောင်လိုက်သဖြင့် ဘာမှဖြစ်မသွား။

အဲဒီကားက ဘာမှမဖြစ်ဘဲ ရှောင်လိုက်နိုင်သော်လည်း သူတို့ကားထံကိုတော့ တစ်ဖက်ကကားဟာ ကန့်လန့်ဖြတ်ပြီး ဝင်ရောက်လို့လာတာမို့ ကိုမြဆောင်ဟာ ဘရိတ်ကို အသေအုပ်ခဲ့ရင်းသော်လည်း နည်းနည်းလေးတော့ တိုက်မိသွားသလို ဖြစ်သွားရသည်။

ဆေးရုံကားကတော့ နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ ရှေ့သို့သာခဲပြီး မောင်းနှင်လို့နေလေသည်။ ထို့နောက် ဆေးရုံလေထဲသို့တွင်းနားသို့ ရောက်လျှင် ကားကို လေဆိပ်အတွင်းသွားသောလမ်းထဲ ချိုးကွေ့ဝင်လိုက်သည်။ အဲဒီနောက် ကားပါကင်မှာကားရပ်ကာ ကားပေါ်မှ ဒေါက်တာမျိုးစင်၊ ဆေးရုံက ပြုတာနှစ်ယောက်ဖြစ်သည့် ကောင်းညိုနှင့် သော်တာတို့အပြင် မွေးလူနာဖြစ်သည့် မိုးသက်ထန်နှင့် အုအတက်ပေါက်တော့မည့် မြရွှေးမုံတို့မှာ လေဆိပ်ခန်းမအတွင်းသို့ ကသောကမြော ပြေးဝင်ကြရလေသည်။

ပြည်တွင်းထွက်ခွာကောင်တာနားမှာ လက်ဂေ့ချ်နှစ်လုံးဖြင့် လည်တဆန့်ဆန့် စောင့်မျှော်နေရသော နန္ဒာသည် အသည်းအသန် ပြေးဝင်လာကြသော မိုးသက်ထန်နှင့် ရွှေးကို မြင်လျှင် ဝမ်းသာစိတ်ကြောင့် လှိုက်ခနဲပျော်သွားရသည်။ သူတို့ရဲ့ ဆော်ဝရေးရှင်းကာ လုံးဝအောင်မြင်သွားခဲ့ချေပြီ။

"မြန်မြန်လာ၊ အားလုံး အထဲရောက်ကုန်ပြီး ရော့ _ ရော့"

နန္ဒာက အိတ်တွေနှင့် လိုအပ်သည့် စာရွက်များကို မိုးသက်ထန်ထံသို့ လွှဲပြောင်းပေးလိုက်သည်။ ပြီးလျှင် ရွှေးကို တောက်ပသောအပြုံးတစ်ချက်ဖြင့် လက်မတစ်ချက်ထောင်ပြကာ _

"Have a nice Honey Moon trip"

(ပျော်ရွှင်သော ဟန်းနီးမွန်းခရီးစဉ် ဖြစ်ပါစေ)ဟူ၍လည်း ဆုတောင်းပေးလိုက်သေးသည်။

ရွှေးက ဝမ်းသာဝမ်းနည်းဖြစ်ကာ ကြောင်ပြီး ငေးကြည့်နေသဖြင့် မိုးသက်ထန်ကပဲ သင့်ခ်ယူဟု အလျင်အမြန်

www.burmeseclassic.com

ပြောကာ သူ့ဘော်ဒါတွေကိုတော့ သွားပြီဟေ့ဟုသာ အကျယ်ကြီး
အော်ပြောသွားနိုင်သည်။ အဲဒီနောက် ချွေးရဲ့လက်ကို ဆွဲကာ
ပ်တ်မရှည်သလို စောင့်နေသော ဝန်ထမ်းကို မျက်နှာချိုသွေးဖား
ပျက် အလျင်အမြန် ပြေးသွားရတော့သည်။

နန္ဒာက နောက်ကနေ၍ "သံတွဲရောက်ရင် လက်
တ်အရင်သွားထိုးဦး"ဟူ၍ သတိပေးလိုက်ရသေးသည်။ အဲဒီ
နောက် ခပ်ပြုံးပြုံးစောင့်နေကြသော မိုးသက်ထန်၏ သူငယ်ချင်း
များကို အိုကေ ဟု ပြုံးရွှင်စွာ လှမ်းပြောလိုက်လေသည်။ သူတို့
အားလုံး လေဆိပ်ထဲက ပြန်ထွက်လာပြီး သိပ်မကြာမီမှာဝင်
မြူးတို့နှစ်ယောက်ပါသွားသော လေယာဉ်ကြီးက ကောင်းကင်သို့
တက်သွားခဲ့ပြီဖြစ်သည်။

အဲဒီလိုပဲ မိုးသက်ထန်နဲ့ မြချွေးမှုလည်း ပေလီဟန်း
မွန်းခရီးကို နတ်ပြည်ရောက်နေသလောက် ထင်မှတ်မှားမိကြ
လိမ့်မည်။

❀ ❦ ❀



❦ ၁၆ ❦

"ဟိုမှာကြည့်စမ်း ချွေး၊ နေလုံးကြီး ပင်လယ်ထဲကို မြုပ်
သွားတာ ဘယ်လောက်လှလဲ၊ နေမင်းကြီးက မနက်ဆို
ပင်လယ်ထဲက ထွက်လာတယ်၊ ညနေဆို ပင်လယ်ထဲ
ပြန်ဝင်သွားတယ်၊ ဒါဟာ ဘယ်တော့မှ မပြောင်းလဲဘူး၊
ဒါဟာ အမြဲမှန်နေတဲ့ အမှန်တရားတစ်ခုပဲ ...

ဒီလိုပဲ ကိုယ် ချွေးကိုချစ်တဲ့ အချစ်ဟာလည်း
ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ အမြဲတမ်း
မှန်နေမယ်။ ဒီပုံစံအတိုင်းပဲရှိမယ်"

သူသည် သူ့ရဲ့ အသစ်စက်စက် ပုပုနွေးနွေး ချစ်
ဇနီးလေးကို ရင်ခွင်ထဲမှာ ထည့်ထားလျက် အဲဒီစကားတွေကို
ကြင်နာစွာ ပြောဆိုနေခြင်းဖြစ်သည်။ ချွေးက သူ့စကားတွေကို
ကျေနပ်စွာဖြင့် ပြုံးပြုံးလေးပဲ နားထောင်နေသည်။

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ပေလီကို ရောက်ရောက်ချင်း ပဲ သံတွဲက တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးကာ လက်ထပ်ပြီးစီးသွားကြပြီဖြစ်သည်။

"မေမေတော့ ရွှေးကို အရမ်းစိတ်ဆိုးနေတော့မှာပဲ"

ရွှေးက အားငယ်သံလေးနှင့် ညည်းညူနေတာမို့ သူက တစ်ချက်ပြုံးကာ သူမ မသိသေးသော အမှန်တရားတချို့ကို ထုတ်ဖော်ပေးလိုက်သည်။

"ရွှေးရဲ့ အမေ စိတ်ဆိုးလည်း တစ်နာရီလောက်ပါပဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

ရွှေးက နားမလည်သလို သူ့ဘက်သို့ ခေါင်းကို လှည့်ကာ ငဲ့စောင်းမေးသည်။ သူက သူ့နှာခေါင်းအနားသို့ရောက်လာသော ရွှေးရဲ့ နားသပ်စပ်လေးသို့ သူ့နှုတ်ခမ်းကို အသာအပ်ကာ ...

"ကိုယ့်မေမေက ရွှေးအမေကို သွားရှင်းပြပြီး တောင်းပန်မယ်လေ"

"ဟင် ... ပြောတော့ ထန့်မေမေနဲ့ မခေါ်ဘူးဆို"

"ရွှေးကို ချစ်မိတဲ့အချိန်ကစပြီး ကိုယ့်နှလုံးသားတွေ နူးညံ့လာတယ်၊ ကိုယ်ချင်းစာတတ်လာတယ်၊ အချစ်ဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူးလို့ နားလည်တယ်၊ အချစ်စစ်ဆိုတာ အမြဲနုပျိုနေမှာပဲလေ ...'





ဒါကြောင့် မေမေ့ကို နားလည်ပေးလိုက်တယ်၊ ကိုယ်လည်း ကိုယ်ချစ်တဲ့ သူနဲ့ အတူတူနေချင်သလို မေမေလည်း ဘဝအဖော်မွန် လိုချင်မှာပဲလေ ...

ပြီးတော့ ရွှေးရဲ့အမေကလည်း သူ ချစ်ခင်တဲ့ ဒေါ်နုယဉ်ရဲ့သား အစစ်တစ်ယောက်နဲ့ ဆွေမျိုးတော်ရတာမို့ ဖြေသာနိုင်ပါလိမ့်မယ်"

"ဘယ် ... ဘယ်လို ဒေါ်နုယဉ်ရဲ့သား"

"ကိုယ့်မေမေက ဒေါ်နုယဉ်ပါ"

"ဟယ် ... အန်တီနုယဉ်က ထန့်ရဲ့မေမေ၊ အား ... ဒါကြောင့် ဒီလောက်ရုပ်ချင်း အရမ်းတူနေတာကိုး၊ ကြည့်စမ်း ... ဒါတွေ ရွှေးကို ဘာလို့မပြောပြခဲ့တာလဲ"

"ကိုယ် ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး ရွှေး၊ မေမေ့ကိုတောင် အခုနကမှ ဖုန်းဆက်ပြီး ပြောပြလိုက်တာ၊ သူလည်း တော်တော်အံ့သြနေတယ် ...

ကဲ ... ရွှေးရယ် အခုချိန်မှာ ဒီအကြောင်းတွေ မေးမနေနဲ့ပါနဲ့တော့၊ ရွှေးအတွက် အားလုံးအဆင်ပြေအောင် ကိုယ် ဖန်တီးထားတယ်၊ ရွှေး စိတ်မညစ်စေရဘူး ...

နော် ... ခုချိန်မှာ ဒီအကြောင်းတွေ မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်း ပြောရမှာလဲ"

"ချစ်တဲ့အကြောင်းတွေ ပြောရမှာပေါ့၊ ကိုယ်တို့နှစ်ယောက် ပေါင်းစည်းလိုက်တဲ့အတွက် တခြားလေးနက်တဲ့ အကြောင်း အရာတွေပြောဖို့ အများကြီးရှိတယ် ...

ဒါပေမဲ့ ခုချိန်မှာတော့ မပြောသေးဘူး၊ ခုချိန်မှာတော့ ချစ်တဲ့အကြောင်းပဲ ပြောမယ်၊ ကိုယ်က တော်တော်ပြော ခဲ့ပြီးပြီ၊ ရွှေးက သိပ်မပြောရသေး ဘူး၊ ဒီတော့ ရွှေးက အရင်ပြော"

"ဟယ် ... ရွှေးက ဘာပြောရမှာလဲ"

"မသိဘူး၊ ပြောချင်ရာသာပြောတော့၊ ကိုယ် နားထောင်နေ ပြီ"

သူက ရွှေးရဲ့ပခုံးကို ခေါင်းမှီကာ မော့ကို မကြည့် တော့ချေ၊ မျက်ဝန်းများကို မှေးမှိတ်ထားလျက် ခံစားချက်အပြည့် ဖြင့် စောင့်စားနေသည်။ ရွှေးဟာ တစ်ခါမှ သေချာစွာ စိုက်မကြည့် ရဲခဲ့သော သူ့မျက်နှာကို အခုမှ သေချာစွာကြည့်လျက် ရင်တွေ တဖျက်ဖျက် ခုန်လာသည်။

သူဟာ ရွှေးရဲ့ ချစ်သူသာ မဟုတ်တော့ဘဲ ရွှေးရဲ့ ခင်ပွန်းဖြစ်ခဲ့ပြီ။ သူနှင့်အတူတူ ဘဝတစ်လျှောက်လုံး လက်တွဲ သွားရတော့မည်တဲ့။





"ရွှေး"

သူ့အသံက ခပ်အဲ့အဲ့ဖြင့် စိတ်မရှည်စွာ ထွက်ပေါ် လို့လာလျှင် ရွှေးဟာ သူ့နှာခေါင်းလေးကို ချစ်စနိုးဖြစ်ကာ ဆွဲ လိမ်မိသည်။

"ဟဲ ... ပြောတော့မယ် နားဆင်"

"အင်း"

"ရွှေး ထန့်ကို ချစ်တယ်"

"အင်း"

"ချစ်တဲ့စိတ်အပြင် ယုံလည်း ယုံကြည်တယ်၊ ပြီးတော့ အားကိုးတယ်"

"အင်း"

"အဲဒီအတွက်ကြောင့် ရွှေးကို ဘယ်တော့မှ မထားခဲ့ပါနဲ့ လားလို့"

"ရွှေးရယ်"

သူက အဲဒီစကားလေးကို မချိတင်ကဲ ရေရွတ်ကာ ရွှေးရဲ့ပခုံးကို ခေါင်းမှီလျက်သားမှနေ၍ မျက်ဝန်းများလည်း မဖွင့်ဘဲ ရွှေးရဲ့လက်လေးတွေကို တင်းကျပ်စွာဆုပ်ကိုင်လို့လာ သည်။ ပြီးလျှင် သူ့ရင်ဘတ်မှာ အပ်ထားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်တွေကို ဒီလိုတွဲထားတာဟာ ဒီနေ့ကစပြီး နောက်ဆုံးထွက်သက်ထိပဲ ရွှေး"တဲ့။ ရွှေးဟာ သူ့စကားကို ချမ်းမြေ့စွာဖြင့် ကြည်ကြည်နူးနူးပြုံးကာ ရွှေးပါ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ မျက်ဝန်းတွေ မှေးမှိတ်ထားကြသော်လည်း သူ့ပုံရိပ်တွေက ရွှေးမျက်ဝန်းထဲမှာ ထင်ဟပ်နေဆဲ။

သူလည်း ဒီလိုပဲ ဖြစ်ပါမည်။

စာဖတ်ပရိသတ်များအတွက်

ထာဝရ

25th July. 2007.

12:10 (P.M)

www.burmeseclassic.com